www.burmeseclassic.com

သူရိန်


# ထောင်မှူးကြီးသိန်းဝင်းနှင့်သူရိန်ထွန်း

စီစဉ်သော

## တကောင်းမြို့ဟောင်းကာသမုဒယံပုံပြင်

အပါအဝင်

## အကျဉ်းထောင်သုတ၊ ရသဝတ္ထုတိုများ



BURMESE CLASSIC .com

အငြိမ်းစားထောင်အရာရှိတစ်ဦး၊ ထောင်မှူးကြီးသိန်းဝင်း၊ ပဟိုဇော၊ ဖေမြင့်သျှင်၊ ဝိုးဝေ

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ

ထောင်မှူးကြီးသိန်းဝင်းနှင့်သူရိန်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ▭ ၂၀၁၂၊ အောက်တိုဘာလ
အုပ်ရေ ▭ ၅၀၀
မျက်နှာဖုံး ▭ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ▭ *Maw Maw*
အတွင်းဖလင် ▭ *Quality*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးသူရိန်ထွန်း (ယာယီ)(၁၅၆၄)
သူရိန်ထွန်းစာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ကျပ်


၈၉၅ ․ ၈၃
ကလောင်စုံ
တကောင်းမြို့ဟောင်းကသမုဒယပုံပြင်အပါအဝင် အကျဉ်းထောင်သုတ၊ရသဝတ္ထုတိုများ / ထောင်မှူးကြီးသိန်းဝင်းနှင့်သူရိန်ထွန်း။ –ရန်ကုန်၊ သူရိန်ထွန်းစာပေ၊ ၂၀၁၂။
၂၄၉–စာ ၊ ၁၂စင်တီ × ၁၈စင်တီ။
(၁) တကောင်းမြို့ဟောင်းကသမုဒယပုံပြင်အပါအဝင် အကျဉ်းထောင်သုတ၊ရသဝတ္ထုတိုများ

## မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | တကောင်းမြို့ဟောင်းက သမုဒယပုံပြင်<br>*ထောင်မှူးကြီးသိန်းဝင်း* | ၁ |
| ၂။ | ဂရုမှတစ်ပါး အခြားမရှိ<br>*ဝေယျမင်းသျှင်* | ၄၃ |
| ၃။ | စိန်ခေါ်နေသော ဖြောင့်ချက်များ<br>*ဗဟိုဝေ* | ၉၄ |
| ၄။ | ကံကြမ္မာမာယာ<br>*စိုးငဝ* | ၁၅၃ |
| ၅။ | တစ်ချိန်က မွန္တလေးထောင်<br>*အငြိမ်းစား ထောင်အရာရှိတစ်ဦး* | ၂၀၆ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

| ၁ |

❑

ရှေးအခါက ကသာမြို့ကို ကမ်းသာမြို့ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်ဟု သိရသည်။ ထို့အပြင် ရှမ်းဘာသာစကားဖြင့် ကပ်ဆာဟုလည်း ခေါ်ခဲ့ကြသည်။ ကပ်ဆာ၏အဓိပ္ပာယ်မှာ မိုင်းသာရှေးမြို့ဟု အဓိပ္ပာယ်ရသည်။ ထို့အတူ ကဒူးရာဇဝင်တွင် ကပ်ဆာ (ကျွားမြို့) ဟု ရေးသားထားသေးသည်။

မြန်မာသက္ကရာဇ် ၃၉၅ ခုနှစ်တွင် ပုဂံအနော်ရထာမင်းစောတည်ထောင်ခဲ့သည့် ကင်းမြို့ကြီး (၄၃) မြို့အနက် ကသာမြို့သည်လည်း တစ်မြို့အပါအဝင်ဖြစ်ခဲ့သည်။ ထိုစဉ်က ကင်းမြို့များဖြစ်ကြ





သည့် မိုးတားနှင့် ယင်းခဲတို့သည်လည်း ကသာမြို့နှင့်အတူ ယခုအထိ ရွာများအဖြစ် တည်ရှိနေကြပါသေးသည်။

ကသာမြို့ကို နောက်ခံပြုလျက်၊ ဖက်ဆွတ်တောင်တန်း စိမ်းညို့ညို့ကြီးက မြို့အရေးကို ကလနားသတ်ထားသည်။ ဧရာဝတီမြစ်ကမ်းပါးတွင် တည်ထားသော ကသာမြို့ကြီးကို မြစ်ယံအတွင်းမှ မျှော်ကြည့်လိုက်လျှင် ပို၍ လှပသာယာကြောင်း သတိပြုမိသည်။

မြို့ပတ်ကမ်းနားလမ်းတွင် မြစေတီတော်နှင့် တာဝတိံသာ၊ မဟာအဘယ၊ စေတီတော်တို့ကို ကြည်နူးစဖွယ် တွေ့ရသည်။ ထို့အပြင် ကသာမြို့ဆိပ်ကမ်းတွင် သင်္ဘောများ၊ မော်တော်များ၊ လှေများဖြင့် ဆိုက်ကပ်ထားသည်မှာလည်း ညနေရီဆည်းဆာတွင် စည်ကား၍ လှပလွန်းလှသည်။

ကျွန်တော် ထောင်မှူးပေါက်စဘဝက တာဝန်ကျသည်မှာ ကသာထောင်တွင် ဖြစ်သည်။ အပတ်စဉ်တူ သူငယ်ချင်း ထောင်မှူး မြင့်ဆွေနှင့်အတူဖြစ်သည်။ တာဝန်ခံထောင်ပိုင်မှာ ဦးမောင်ကြီး။ အလွန်အုပ်ချုပ်မှုကောင်းမွန် စေ့စပ်သူဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ အားကိုးရသလို ဖခင်သဖွယ်လည်း လေးစားရပါသည်။

ကသာထောင်မှာ ကသာမြို့ အမှတ် (၃) ရပ်ကွက်၊ တောင်ဘက်ကမ်းနားလမ်းအနီးတွင် တည်ရှိပါသည်။ ထောင်ပိုင်မြေဧရိယာ အကျယ်အဝန်း ၄၃၈ . ၂၆၃ ဧက ကျယ်ဝန်းပြီး၊ ထောင်တွင်းဧရိယာမှာ ၄၀၃ ဧကရှိပြီး၊ ထောင်ပြင်ဧရိယာ ၃၅ . ၂၆၃ ဧက ရှိသဖြင့် အလွန်ကျယ်ဝန်းသော ထောင်ဖြစ်ပေသည်။

(က)အဆင့် အကျဉ်းထောင်ဖြစ်၍ ထောင်တွင်း၌ လူ (၁၀၀၀) ဆန့်သော်လည်း၊ လက်ရှိတွင် လူ(၄၀၀/၅၀၀) ခန့်သာရှိသည်။ သစ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ငန်းထွန်းကားသော မြို့တစ်မြို့ဖြစ်သဖြင့် သစ်မှုများသာ အများအားဖြင့် ဖြစ်ကြပါသည်။

ကသာမြို့မှတ်တမ်းများနှင့် မဟာလေးထပ်ကျောင်းမှ အစဉ်အဆက် ကျောင်းထိုင်လာခဲ့ကြသော ဆရာတော်ဘုရားကြီးများ၏ ဆင့်ပွားမိန့်ကြားချက်များအရ ကသာနှထောင်မှာ မဟာဗောဓိဘုန်းတော်ကြီးကျောင်းဝန်းကို အဓမ္မသိမ်းပိုက်၍ တည်ဆောက်ခြင်းဖြစ်သည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရက၊ အထက်မြန်မာနိုင်ငံအား (၁၈၈၅) ခုနှစ်တွင် သိမ်းပိုက်ပြီး နောက်တစ်နှစ် ၁၈၈၆ ခုနှစ်တွင် တည်ဆောက်ခဲ့ကြောင်းသိရပါသည်။

၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ပြီးဆုံးပြီးနောက် ကသာ-ဝန်းသိုနယ်မှ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ် ခေါင်းဆောင်သော တော်လှန်ရေးသမားများသည် အင်္ဂလိပ်တို့ကို တွန်းလှန်တိုက်ခိုက်လာခဲ့ရာ ကသာမြို့၊ သဖန်းကိုင်းရွာ၊ ယခု ကသာအကျဉ်းထောင်အနီး (၁၀)ရက်ကွက်ကို အခြေပြု၍ စုစည်းတော်လှန်ခဲ့ကြသည်။

ထိုအချိန်က နယ်ချဲ့အင်္ဂလိပ်အစိုးရသည် ကသာနယ်မြေ၌ ရုံးမထိုင်ဘဲ ထီးချိုင့်မြို့နယ်၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ မြဲတောင်အရပ်တွင် ရုံးစိုက်၍ နယ်ချဲ့တော်လှန်ရေးသမားများကို နှိမ်နင်းတိုက်ခိုက်ခဲ့ကြသည်။

နယ်ချဲ့တော်လှန်ရေးသမားများကို ဖမ်းဆီးချုပ်နှောင်ရန်အတွက်လည်း အကျဉ်းထောင်တစ်ခုကို ကသာမြို့တွင် ဆောက်လုပ်ရန် စီစဉ်ခဲ့ပြီး ယခုလက်ရှိ အကျဉ်းထောင်တည်ရှိရာ နေရာဖြစ်သည့် မဟာဗောဓိဘုန်းတော်ကြီးကျောင်းဝန်းကို သိမ်းပိုက်၍ ၁၈၈၆ ခုနှစ်တွင် ကသာအကျဉ်းထောင်ကို စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။





ထို့ကြောင့် ကသာအကျဉ်းထောင်မှာ ယခုနှစ် ၂၀၁၀ ပြည့်နှစ်တွင် (၁၂၄) နှစ်တိတိ သက်တမ်းရှိပေပြီ။ နိုင်ခန့်ကောင်းမွန်သော အုတ်ရိုးကြီးနှင့် သစ်ကောင်း၊ ဝါးကောင်းပေါသော ဒေသဖြစ်၍လည်း အဆောက်အဦးများမှာ နှစ်သက်တမ်းရာကျော်သော်လည်း နိုင်ခန့်ကောင်းမွန်ဆဲပင် ဖြစ်ပါသည်။

☼ ☼ ☼

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ယနေ့ ကျွန်တော်ထံသို့ ကြေးနန်းစာတစ်စောင် ရောက်လာသည်။ ရန်ကုန်မှဖြစ်သည်။ ကျွန်တော်၏ဖခင် လူကြီးရောဂါဖြင့် ဆုံးပါးသွားကြောင်း အမြန်ပြန်လာရန် အကြောင်းကြားစာဖြစ်သည်။ ဖခင်မှာ အသက် (၇၅) နှစ်ရှိပြီဖြစ်၍ အသက်ကြီးလှပေပြီ။

သို့သော်လည်း သားသမီးဝတ္တရား ရှိသည့်အတိုင်း (၇)ရက်မလည်မီ၊ ကျွန်တော် ရန်ကုန်သို့ အမြန်ပြန်ဆင်းရမည်ဖြစ်သည်။ ထို့ကြောင့် ထောင်ပိုင်ကြီးအား သတင်းပို့ပြီး ကျွန်တော် ကိုင်တွယ်ရသော ထောက်ရိက္ခာဌာနအား သူငယ်ချင်း ထောင်မှူး ကိုမြင့်ဆွေကို ယာယီ အလျှင်အမြန် လွှဲပြောင်းပေးရတော့သည်။





ဖခင်ကြီးအလောင်းအား သင်္ဂြိုဟ်ရန် အချိန်မီမည်မဟုတ်သော်လည်း ကျွန်တော် အလျင်အမြန်ပင် နေ့လယ်တွင်ထွက်သော ပပဝင်းဟုအမည်ရှိသည့် အမြန်သင်္ဘောကြီးဖြင့် မန္တလေးသို့ ဆင်းခဲ့ပါသည်။ ရေစုန်ခရီးဖြစ်သဖြင့် မီးရထားဖြင့်သွားသလို မြန်ဆန်လိမ့်မည်ဟု ထင်ပါသည်။

ရေစုန်ခရီးဖြစ်၍ မကြာမီ ထီးချိုင့်မြို့သို့ ရောက်သည်။ အစုန်လက်ဝဲဘက်ကမ်းတွင်လည်း ဧရာဝတီမြစ်ကြီးအတွင်းသို့ စီးဝင်နေသည့် မြစ်ကြီးတစ်မြစ်ကို တွေ့ရသည်။ နာမည်ကျော် ရွှေလီမြစ်ကြီးဖြစ်ပေသည်။ အမိဧရာဝတီမြစ်အတွင်းသို့ တာပိန်မြစ်လက်တက်ပြီးလျှင် ရွှေလီမြစ်လက်တက်က စီးဝင်နေသည်။ ယခုစီးဝင်နေသည်မှာ အင်းရွာအနီးတွင် ဖြစ်သည်။ ကသာမြို့မှ အစုန်ခရီးမိုင် ၂၀ ဝေးကွာသော နေရာတည်း။

ဤရွှေလီမြစ်ကြီးသည် နိုင်ငံတော်၏ အရှေ့မြောက်ပိုင်း၊ ရှမ်းပြည်နယ်အတွင်း အရှေ့တောင်မှ အနောက်အမြောက်ဘက်သို့ ကွေ့ပတ်စီးဆင်းလာပြီး ဧရာဝတီမြစ်ကြီးအတွင်းသို့ စီးဝင်ပေါင်းဆုံခဲ့သည်။

မိုင်ပေါင်း (၁၂၅) မိုင်ခရီးကို ဖြတ်သန်းလာခဲ့ပြီး တောကြိုအုံကြားကို ဖြတ်သန်းလာခဲ့သဖြင့် ရေအရောင်မှာ ညိုမောင်းနေသဖြင့် ရှမ်းဘာ သာစကားဖြင့် ရွှေလီမြစ်ကို နမ့်မာစ်မြစ်၊ သို့မဟုတ် မောမြစ်ဟုလည်း ခေါ်ကြသည်။

ရှေ့က တောင်တန်းပေါ်တွင် ဘုရားတန်ဆောင်း၊ သိမ်ကျောင်းတို့ကို မြင်နေရသည်။ ထီးချိုင့်မြို့ ဖြစ်ပေသည်။ ထီးချိုင့်မြို့သည် ဧရာဝတီမြစ်ကမ်း၊ တောင်တန်းပေါ်တွင် လွန်စွာ သာယာလှ လှပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကသာမြို့၊ ထီးချိုင့်မြို့ခရီးတွင် ဧရာဝတီမြစ်ကမ်းနစ်ဘက်၌ တည်ရှိနေကြသည့် ရေမှတ်ရွာ၊ ညောင်ခြေထောက်ရွာ၊ သပြာရွာ၊ သံပရာရွာ၊ သံပျင်သာရွာ၊ ကလန်ရွာ၊ (ကလုံရွာ၊ ဝမြန်ရွာ)၊ သာဂရရွာ၊ အင်းရွာလေးရွာ၊ မဲဟင်းရွာ၊ ကြက်တစ်ကောင်ရွာ၊ ဒေါင့်ကြီးရွာ၊ အင်းရွာကြီးရွာ၊ ဗှာမ်းနီးရွာတို့ကို တရွေ့ရွေ့ဖြတ်ကျော်ပြီး ထီးချိုင့်မြို့သို့ ဝင်လာခြင်း ဖြစ်လေသည်။

ထီးချိုင့်မြို့နောက်ခံတွင် မြသိန်းတန်တောင်ကြီးက စီးမိုး၍ နေ၏။ တငြိမ့်ငြိမ့် တညင်ညင် စီးဆင်းနေသည့် ဧရာဝတီမြစ်ကြီးကို လှမ်းမျှော်၍ ကြည့်ရှုနေသကဲ့သို့ပင် ထင်ရသည်။ ဧရာဝတီမြစ်၏ တစ်ဖက်ကမ်း မျက်နှာချင်းဆိုင်တွင် မြတောင်ရွာရှိလေသည်။ တောင်ကြီးများပေါ်တွင် မှန်ရောင်တလက်လက်တောက်ပနေသော စေတီများ၊ ထုံးဖြူဖြူဖွေးဖွေး စေတီများက ကြည်နူးစဖွယ် ရှိနေကြသည်။

တောင်ကြီးများပေါ်သို့ ကွေ့ကာကောက်ကာ တည်ဆောက်ထားသည့် ဘုရားတန်ဆောင်းများ၊ ပြာသာဒ်များနှင့် သိမ်ကြီးများသည်လည်း ရှုမငြီးသည့် မြန်မာ့ခလေ့ရှုခင်း ပန်းချီကားကြီးတစ်ချပ်နှယ်ပင်။

ကျွန်တော်တို့စီးလာသော ပပဝင်းသင်္ဘောကြီး၊ ထီးချိုင့်ဆိပ်ကမ်းတွင်ရပ်စဉ် အမျိုးသား၊ အမျိုးသမီးလူငယ်များ၊ ထီးချိုင့်ဆိပ်ကမ်းမှတက်လာကြရာ လိုက်ပါပို့ဆောင်သော လူအုပ်ကြီးက မနည်းလှ။ နောက်မှသိရသည်မှာ ကျေးရွာများတွင် ကွင်းဆင်း၍ လုပ်အားပေးကြသော 'အ' သုံးလုံး ကျောင်းဆရာ၊ ဆရာမများ ဖြစ်ကြလေသည်။

ကျွန်တော် ထီးချိုင့်ဆိပ်ကမ်းကို လှမ်းမျှော်ကြည့်မိတော့မှ





အရေး၊ အဖတ်အတွက် စာမတတ်သူ ပပျောက်ရေး 'အသုံးလုံး' ဆိုင်းဘုတ်ကြီးများကို တွေ့မြင်ရတော့သည်။

ထို့ကြောင့်လည်း ကျွန်တော်တို့ အလုပ်မဝင်မီက ကျောက်ဆည်မြို့နယ်၊ အမရပူရမြို့နယ်၊ မုံရွာ(ဘုတလင်) မြို့နယ်များတွင် 'အသုံးလုံး' ကျောင်းဆရာအဖြစ် လုပ်အားပေးခဲ့သည်တို့ကို ပြန်လည်အောက်မေ့ သတိရမိတော့သည်။

(၄၅)ရက်တာကာလသာ တာဝန်ကျသည့် ရွာများတွင် ပညာဒါန လုပ်အားပေးလှူခဲ့ရခြင်း ဖြစ်သော်လည်း ရွာသူ၊ ရွာသားများနှင့် ဆွေမျိုးရင်းခြာပမာ ဖြစ်ခဲ့ကြရသည်။ မခွဲနိုင်၊ မခွာရက် သံယောဇဉ် အလွန်ကြီးခဲ့ကြရသည်။ ပညာတတ်များဖြစ်ကြသည့် တက္ကသိုလ်ကျောင်းသားများအနေဖြင့် မရောက်ဖူးသေးသော ကျေးလက်တောရွာများတွင် ကျေးလက်သဘာဝကို လေ့လာရင်း၊ ပညာသင်ကြားပေးကြရသည့် အလုပ်မှာ လွန်စွာ မှန်မြတ်လှပါပေသည်။

ထီးချိုင့်မြို့သည် စစ်ကိုင်းတိုင်းမြောက်ပိုင်းတွင် တည်ရှိသည်။ တောင်ဘက်တွင် သပိတ်ကျဉ်းမြို့နယ်၊ မဘိန်းမြို့နယ်တို့ တည်ရှိပြီး မြောက်ဘက်၌ အင်းတော်မြို့နယ်နှင့် ဝန်းသိုမြို့နယ်၊ အနောက်ဘက်တွင် ကောလင်းမြို့နယ်၊ ဝန်းသိုမြို့နယ်နှင့် ကန့်ဘလူမြို့နယ်၊ အရှေ့ဘက်တွင် မိုးမိတ်မြို့နယ်တို့အကြားတွင် တည်ရှိပါသည်။ ကျန်ဒေသတွင် ဧရာဝတီမြစ်ကြီး စီးဆင်းနေပုံမှာလည်း တစ်မျိုးထူးခြားနေပြန်သည်။

မြောက်မှတောင်သို့ စီးဆင်းနေခြင်းမဟုတ် အရှေ့မြောက်ဘက်မှ အနောက်တောင်ဘက်ခြမ်းရှိ မင်းဝံတောင်တန်းကြီး၏ အရှေ့ဘက်မှ ကပ်၍ စီးဆင်းနေခြင်းဖြစ်သည်။ မဲဇာ ရွှေလီသစ်တောကြီးမှ ယခင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အခါက လွန်စွာနက်ရှိုင်းသော တောနက်ကြီးဖြစ်ပေသည်။

ကျွန်တော်တို့ ပပဝင်းသင်္ဘောကြီးသည် နံဘေးနှစ်ဘက်မှ ရေဒလက်ကြီးနှစ်လုံးကို ယက်၍ ခုတ်မောင်းပြီး ထီးချိုင့်ဆိပ်ကမ်းကို နှုတ်ဆက်ထွက်ခွာပြီး၊ ဝဲဘက်ကမ်းရှိ မြတောင်သို့ စုန်လေသည်။

မြတောင်နှင့် ထီးချိုင့်မြို့အကြား ဧရာဝတီမြစ်ကြီးအတွင်း၌ မြေနုကျွန်းကြီးက ကြီးမားစွာ ဖြစ်ထွန်းနေသည်။ မြတောင်သည် တစ်ချိန်က ထီးချိုင့်နှင့်အတူ တည်ခဲ့သော ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်။ အနော်ရထာမင်းစော တည်ခဲ့သော ကင်းမြို့(၄၃)မြို့တွင် တစ်မြို့ဟု ခေါ်တွင်ခဲ့ပါသည်။

မြတောင်ရှိလောင်းကတော့တောင်ယံပေါ်တွင် လောင်းကတော့စေတီ၊ ဖောင်တော်ဦးတောင်ပေါ်တွင် ဖောင်တော်ဦးစေတီနှင့် ရွှေမုဋ္ဌောစေတီ၊ ရွှေဂူကြီးစေတီ၊ နံတော်သင့်စေတီ၊ ဂေါတမစေတီတို့ကို ကြည်ညိုစွာ ဖူးတွေ့ရသည်။ နေလည်း စောင်းချေပြီ။ မြစ်ပြင်တွင် လေနုအေးကလေးက တသုန်သုန် တိုက်ခတ်နေပြီး ကျနေရောင်က တလက်လက် ရောင်ပြန်ဟပ်နေသည်။

တောင်တန်းကြီးများသည် တရွေ့ရွေ့ အနောက်တွင် ကျန်နေခဲ့ပြီဖြစ်သည်။ ပပဝင်းသင်္ဘောကြီးကတော့ ရေစုန်တွင် လျင်မြန်စွာ ပြေးလွှားနေပါသည်။ သင်္ဘောစီးရသည်မှာ ရထားစီးရသလိုမဟုတ်။ လွန်စွာမှ စိတ်ချမ်းသာစဖွယ် ကောင်းလှသည်။

☼ ☼ ☼

[ ၃ ]

မဲဇာမြစ်နှင့် ဧရာဝတီမြစ်ဆုံရာတွင် ညောင်ပင်သာရွာကို တွေ့ရပြန်သည်။ ကျွန်တော်တို့ငယ်စဉ် သင်ကြားခဲ့ရသော လက်ဝဲသုန္ဒရ အမတ်ကြီးအား မဲဇာပို့စဉ်က စပ်ဆိုဆက်သွင်းခဲ့သော ရတုပိုဒ်စုံကို သတိရမိပြန်ပါသည်။

“စီးသွင်ညိုရစ်၊ မဲဇာမြစ်လည်း၊
ထစ်ထစ်ထွန်းဘိ၊ ချုံအတိနှင့်၊
တောကြီးဆိတ်ညံ၊ ဆီးကျုံကျုံဝယ်၊
ရှုဝံမပေါ်၊ မမျှော်ပါရ၊ နေကို တ,လည်း၊
ဘယ်ကရှေ့နောက်၊ ဘယ်တောင်မြောက်ဟု၊
တွေးထောက်မမှန်း၊ ဖန်ဖန်အုံ့ညြ၊ ကြံတိုင်းမောစွာ၊
ဘယ်တော၊ ဘယ်မြိုင် မသိနိုင်ခဲ့ . . .”

သုရိန္ဒစာပေ

www.burmeseclassic.com

www.burmeseclassic.com



အတ္တာလက်ာရနှင့် သဒ္ဒါလင်္ကာရ ပြည့်လျှမ်း၍ အမတ်ကြီး ရေးခဲ့သော မဲဇာတောင်ခြေ၊ အစချီရတုသည် အံ့မခန်းအောင် ရှိခဲ့ရပါသည်။ ဇာတိယ၊ အင်းဝမြို့တည်၊ ဆင်ဖြူရှင်မင်းလက်ထက်တွင် မင်းမျက်သင့်၍ စာဆိုတော်ပညာရှိ အမတ်ကြီး လက်ဝဲသုန္ဒရဦးမြတ်စံအား မဲဇာအရပ်သို့ ပို့ခဲ့သည်။

မဲဇာတော၊ မဲဇာအရပ်တွင် အမတ်ကြီး လက်ဝဲသုန္ဒရသည် ဆင်းရဲငြိုငြင်စွာ နေခဲ့ရသည်။ ထို့နောက် (၄၅)ရက်အကြာတွင် 'မဲဇာတောင်ခြေနှင့် ဝေဠုန်းစန္ဒာ' အစချီ ရတုများကိုဆက်သဖြင့် မင်းအမျက်ပြေကာ ရတနာသိင်္ယ ကုန်းဘောင်နေပြည်တော်သို့ ပြန်ခွင့်ရခဲ့ပါသည်။

ကျွန်တော်တို့ ပပဝင်းသင်္ဘောကြီး မဲဇာမြစ်ကိုကျော်၍ စုန်လာသောအခါ ညနေစောင်းပြီဖြစ်၍ ဧရာဝတီမြစ်ယံပေါ်၌ ရေဘဲများကြိုးကြာငှက်များနှင့် စစ်စလီ၊ တောဘဲ၊ မယ်ညိုငှက်များ အိပ်တန်းမဝင်မီ တက်သုတ်နှင်၍ အစာကောက်နေကြသည်။ ထိုစဉ် ကျွန်တော့်အနီးမှ အဘိုးကြီးတစ်ဦးက မြစ်ယံ၏ လက်ျာဘက်ကို လက်ညှိုးထိုးပြပြီး ...

"ဟော့ဟိုအတွင်းထဲမှာ ချွန်းတောင်းမြို့ဟောင်းရှိတယ်"

ကျွန်တော်က ...

"ချွန်းတောင်းမြို့ဟောင်း ဟုတ်သလား ... အဘ"

"ဟုတ်တယ်လေ ...။ ချွန်းတောင်းမြို့ဟောင်းဆိုတာဟာ ထီးချိုင့်၊ မြတောင်တို့နဲ့ တစ်ချိန်တည်းပေါ်ခဲ့တဲ့ မြို့ဟောင်းပဲ။ စေတီပုထိုးတွေ အလွန်များတာပေါ့။ အခုတော့ ချုံနွယ်ပိတ်ဖုံးပြီး ရှေးဟောင်းမြို့ပျက်ကြီး ဖြစ်နေပါပြီ။ မည်ကာ့မတ္တ၊ ရွာကလေးတော့ရှိတယ်။ ချွန်းတောင်းရွာပေါ့။ ပြုပြင်သူမရှိလေတော့ အလွန်နှမြောစရာ ကောင်း





တယ်။ နှစ်ကြာလေ ပျက်စီးလေပဲပေါ့"

ချွန်းတောင်းမြို့ဟောင်းကို ကျော်တော့ ကျွန်တော်တို့သင်္ဘောကြီး သပိတ်ကျင်းမြို့နယ်ထဲသို့ ဝင်ရောက်လာသည်။ တကောင်းသို့ရောက်တော့မည်ဖြစ်သည်။ သပိတ်ကျင်းမြို့နယ်သည် မန္တလေးတိုင်းအတွင်း၌ ပါဝင်ပါသည်။ တကောင်းမြို့သည် ဧရာဝတီအစုန်ခရီးတွင် ဝေထမဆုံးမြို့နယ်မှ မြို့ဖြစ်ပေသည်။

မန္တလေးတိုင်းအတွင်း၌ ဧရာဝတီမြစ်ကြီး၏ ကမ်းနဖူးပေါ်တွင် စဉ့်ကူးမြို့၊ မန္တလေးအရှေ့တောင် မန္တလေးအရှေ့မြောက်၊ မန္တလေးမြို့၊ ပုဂံ(ညောင်ဦးမြို့)၊ မြင်းခြံမြို့တို့က မေးတင်လျက် ရှိကြသည်။ ဧရာဝတီမြစ်ကြီးနှင့် ထိစပ်နေသည်။ မြို့နယ်များတွင် မတ္တရာမြို့နယ်၊ အမရပူရမြို့နယ်၊ တံတားဦးမြို့နယ်နှင့် တောင်သာမြို့နယ်တို့ ဖြစ်ပါသည်။

တကောင်းမြို့ကို ရှေးယခင်က မြန်မာမင်းများ အစဉ်အဆက် အုပ်စိုးခဲ့ကြသည်။ မြန်မာအစ၊ တကောင်းကဟုပင် မြန်မာသမိုင်းဆရာများက ခြေရာကောက်ခဲ့ကြပေသည်။ ကျွန်တော် ရှေးဟောင်းရာဇဝင်ကို ပြန်ပြောင်းစဉ်းစားနေမိစဉ် ကျွန်တော့်အနီးမှ အဘိုးကြီးက ...

"ဟောဟို ... ညာဘက်ကမ်းမှာ တံငယ်မြို့ဟောင်းလေ။ ကြည့်လိုက်စမ်းပါဦး ... ဆရာလေး၊ ကျုပ်တို့ဒေသမှာတော့ "မြန်မာအစ တကောင်းက၊ တကောင်းအစ တံငယ်ဝ" လို့ အဆိုရှိပါတယ်"

အဘိုးကြီးက တကောင်းမြို့ဟောင်းက ဖြစ်ဟန်ရှိသည်။ အထုပ်အပိုးပြင်ဆင်ရင်း ကျွန်တော့်အား လှမ်းပြောခြင်းဖြစ်သည်။

"ဟုတ်ကဲ့ ... အဘ၊ တံငယ်မြို့ဟောင်းက ညာဘက်မှာ၊ တကောင်းမြို့ဟောင်းက ဧရာဝတီမြစ်ကြီးရဲ့ ဘယ်ဘက်၊ အရှေ့ဘက်ကမ်းမှာ ဘယ်လိုဖြစ်တာလဲ အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ရောဝတီမြစ်ကြီး ရေကြောင်းပြောင်းသွားလို့ နှစ်မြှုပ်ခြိမ်းကွဲသွားတာပါ ဆရာလေး။ နှစ်ပေါင်းက ကြာပြီလေ"

တံ့ငယ်ဝမြို့ဟောင်းနှင့် တကောင်းမှာ အထက်အောက် (၆) မိုင်ခရီးမျှ ကွာဝေးပေသည်။ တံ့ငယ်မြို့ဟောင်းသည် ရောဝတီမြစ်ကြီး၏အရှေ့ဘက် မဲဇာချောင်းဝအနီးတွင် တည်ရှိသည်။

မြို့ဟောင်းသည် တောင်ပူစာကလေးတစ်ခုပေါ်၌ တည်ရှိပြီး တောင်ပူစာကလေးအမြင့်မှာ (၁၀၀)ပေခန့် မြင့်သည်။ တောင်ဘက်နှင့် အနောက်ဘက်တွင် မင်းဝံတောင်တန်းကြီးနှင့် သစ်တောစိမ်းစိမ်းကြီးက တည်ရှိနေသည်။ တံ့ငယ်ဝမြို့ဟောင်းသည် တောင်မူစာကလေးအပေါ်တွင် ကျောက်မြို့ရိုးနှစ်ထပ်က ဝန်းရံထားသည်။

"နှစ်ပေါင်းများစွာ ကြာလာတော့လည်း မတည်မြဲတဲ့ သဘောတရားပါပဲ။ ဒီရောဝတီမြစ်ကြီးဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀) လောက်က အခု တံ့ငယ်ဝရွာအနီးမှာ ကပ်ပြီး စီးဆင်းခဲ့ပါတယ်။ အခု ဇျူပ်အသက် (၇၀) ပြည့်တော့မယ်၊ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပြီ။ တံ့ငယ်ဟာ သမိုင်းဝင်မြို့ဟောင်းပါပဲ"

ဟုတ်ပါလိမ့်မည်။ ရောဝတီမြစ်ကြီးသည် ပထမမြစ်ကျဉ်းနှင့်အပြိုင် မြစ်ကြောင်းပြောင်း၍ စီးဆင်းခဲ့သည့် အထောက်အထားတို့ကို ရွှေကူမြို့နယ်ထဲက ရောဝတီမြစ်ကြောင်းဟောင်းကြီးအား ကျွန်တော် ပြန်လည် သတိရမိပါသည်။

တံ့ငယ်ကို ကာရံထားသည့် ကျောက်မြို့ရိုးနှစ်ထပ်မှာ ပျမ်းမျှအကျယ်ပေ (၂၀)ခန့် ရှိပါလိမ့်မည်။ အထက်ဆင့်အောက်ဆင့် နှစ်ထပ်ပြုလုပ်ထားသည်။ ထိုကျောက်မြို့ရိုးနှစ်ထပ်ကြားတွင် ရှစ်ပေခန့်အကျယ်လမ်းငယ်ယောင်ယောင်တစ်ခုကိုလည်း တွေ့ရသည်။ တံ့ငယ်မြို့ဟောင်း





၏ အရှေ့တောင်ထောင့်ရှိ တောင်မူစာ ခြေရင်းမှသည် ဗိုလ်ကုန်းရွာအထိ နှစ်မိုင်ခန့်ရှိသည်။ ထိုနှစ်မိုင်ခရီးတွင်ဖို့ မြေတာဟောင်းကြီးတစ်ခုကိုလည်း တွေ့ရသည်။

တကောင်းနယ်မြေအတွင်းသို့ သဘောကြီး ချဉ်းကပ်မိသောအခါ ကျွန်တော်တို့ ပတ်ဝန်းကျင်ရှုခင်းကို ရူးရူးစိုက်စိုက် ကြည့်မိကြခြင်းဖြစ်သည်။ တကောင်းမြို့ဟောင်း၏ ဝန်းကျင်တွင် အတိတ်တို့၏ အရိပ်များက စိုးလွှမ်းနေပေတော့သည်။

တကောင်းသည် ရှေးခေတ်ဟောင်းက မြန်မာမင်းနေပြည်တော်ဖြစ်ခဲ့သည်။ သို့သော် ယခုတော့ ဘုရားစေတီဟောင်းများ ကျန်ရှိသော်လည်း မြို့ပင်မဟုတ်တော့။ ရွာကြီးတစ်ရွာအသွင်သာ ကျန်ရစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

တစ်နေကုန် တောက်ပခဲ့သောနေသည် ဆည်းဆာဘက်သို့ လှနေချေပြီ။ ဧရာဝတီမြစ်ယံ၏ လေညင်းကလေးကမူ တသဲ့သဲ့ တိုက်ခတ်နေသည်။ ညိုရောင်သမ်းနေသော ဧရာဝတီမြစ်ရေပြင်ကြီးကို ဆည်းဆာနေရောင်က ရွှေအိုရောင် ဖျန်းထားသည်။

ကျုံး၊ မြို့ရိုးဟောင်းများ၊ ဧရာဝတီမြစ်ကြီးနှင့် မင်းဝံတောင်တန်းကြီးတို့သည် ညနေဆည်းဆာအချိန်တွင် ရှေးဟောင်းတကောင်းမြို့ကို အလှဆင်လျက်ရှိကြသည်။ တကောင်းဟူသော အခေါ်အဝေါ်မှာ ရှမ်းဘာသာစကားဖြစ်သည်။ ကုန်ပစ္စည်းများစုပုံရာ ကူးတို့ဆိပ်ဟု အဓိပ္ပာယ်ရသည်။ တစ်ချိန်က ဧရာဝတီမြစ်ကမ်းမှာ ဆိပ်ကမ်းကောင်းကြီးဖြစ်ပါလိမ့်မည်။





တကောင်းနယ်မြေမှ မောင်ပေါက်ကျိုင်းသည် အိန္ဒိယပြည် တက္ကသီလာသို့ ပညာသင်သွားခဲ့ဖူးသည်။ တက္ကသီလာဆရာကြီး၏ အဆုံးအမဖြစ်သော 'မေးပါများ စကားရ၊ သွားပါများ ခရီးရောက်၊ မအိပ်နေ အသက်ရှည်' ဟူသောစကားကြောင့် ဘုရင်ဖြစ်ခဲ့ရသည်။ ထို့အတူ တကောင်းနယ်မြေမှ ပန်းပဲသမားကြီး မောင်တင့်တယ်၏ အကြောင်းကိုလည်း သတိရမိပြန်ပါသည်။

ပန်းပဲသမားကြီး မောင်တင့်တယ်၊ နှမ မမြတ်လှနှင့် မဒွေးဖြူတို့အကြောင်းဖြစ်သည်။ ရိုးသားကြိုးစားသော မိသားစုဖြစ်သည်။

ထိုကာလ၌က အုပ်စိုးနေသည့် မင်းရောဇ်သည် ပန်းပဲသမားကြီး မောင်တင့်တယ်၏ အင်အားကောင်းမှုကို သတိပြုမိပြီး ထိတ်လန့်သွားခဲ့သည်။ ထို့ကြောင့် ဖမ်းဆီးနှိပ်စက်ခဲ့ရာ ပန်းပဲသမားကြီး မောင်တင့်တယ်တို့၏ မိသားစုဘဝ ပျက်စီးဆုံးရှုံးခဲ့ရလေသည်။

စကားပင်တွင် မောင်တင့်တယ်အား ကြိုးတုတ်၍ မီးရှို့သတ်ရာတွင် နှမများကလည်း ဘုရင်တော်ကောက်မခံဘဲ မီးပုံတွင် ခုန်ဆင်း၍ အဆုံးစီရင်ခဲ့သော ရာဇဝင်ပုံပြင်ဖြစ်သည်။ ထို့ကြောင့်လည်း မီးရောင်ကိုလန့်ပြီး စကားပန်းကို ရှုမှန်းကြောင်း ရှေးလူကြီးသူမများ ပြောစကားကို ကျွန်တော် သတိတရ အမှတ်ရမိနေပြန်ပါသည်။

ကျွန်တော်တို့ငယ်စဉ်က ရွတ်ဆိုခဲ့ကြဖူးသော လင်္ကာကလေးကိုလည်း ပြန်လည်သတိရမိပါသည်။

'မြန်မာအစ တကောင်းက၊
ပြောကြစဉ်အလာ၊
သာကီနွယ်ရင်း၊ ဝင်ရောက်ခြင်း၊
မင်းအဘိရာဇာ''



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဖြစ်သည်။ အဖိုးတန် သင်ခန်းစာများသာမက သမိုင်းအချက်အလက်များသည်လည်း ဒဏ္ဍာရီများတွင် ပါဝင်လေ့ရှိတတ်ပါသည်။ ထို့ကြောင့် တကောင်းသည် ထူးခြားဆန်းပြား ခမ်းနားလှပါသည်။

ဧရာဝတီမြစ်ကမ်းနားတွင် တကောင်းသည် သက်သေထင်ရှားတည်ရှိနေပါသေးသည်။ ဧရာဝတီမြစ်ကြီး တသွင်သွင် စီးဆင်းနေသကဲ့သို့ တကောင်း၏ အတိတ်အကြောင်းများသည်လည်း စုန်ဆင်းပျံ့နှံ့ခဲ့ပါသည်။ ထို့ကြောင့်လည်း မဟာရာဇဝင်ကြီးတွင် တကောင်းမြို့ကြီးအကြောင်း ခန်းနားထည်ဝါစွာ ပါဝင်ဖော်ပြခဲ့ခြင်းဖြစ်သည်။

“ဘော် . . . ဝေါ် . . . ဝေါ် . . ဘူဝီ . . . ဘူဝီ . . .”

ဟူသော ကျွန်တော်တို့စီးလာသော ပပဝင်းသင်္ဘောကြီးမှ ဥသြသံကြီးသည် တကောင်းဆိပ်ကမ်းသို့ ဆိုက်တော့မည်ဖြစ်ကြောင်း အချက်ပေးလိုက်ရာမှ ကျွန်တော်၏အတွေးစများ ပြတ်တောက်သွားတော့သည်။

“တကောင်းကိုရောက်ပြီ . . . ဆရာလေး၊ ကျုပ် ဆင်းတော့မယ်”

အနီးအနားမှ အဘိုးကြီးက နှုတ်ဆက်တော့မှ ကျွန်တော်လည်း ပြန်လည်စကားပြောမိတော့သည်။

“ဟုတ်ကဲ့ . . . အဘ၊ သင်္ဘောကြီးက ဒီမှာညအိပ်မှာလား”

“ညမအိပ်ဘူး . . . ဆရာလေး၊ ခဏပဲနားမှာ။ တကောင်းက ရွာအဆင့်ပဲ။ မြို့မဟုတ်တော့ ခေတ္တပဲနားမှာပါ”

သင်္ဘောကြီး ဆိပ်ကမ်းကပ်တော့ တကောင်းခရီးသည်ကြီး အခြားခရီးသည်များနှင့်အတူ အထုပ်အပိုးများဖြင့် ဆင်းသွားသည်။





သင်္ဘောဖြင့် ပြန်လိုက်မည့် ခရီးသည်များလည်း အထုပ်အပိုးကိုယ်စီဖြင့် အလုအယက် တက်လာကြသည်။ ထို့ကြောင့် တကောင်းဆိပ်ကမ်းမှာ တက်သူဆင်းသူများဖြင့် စည်ဝေသွားတော့သည်။

ကျွန်တော်လည်း ညစာစားရန်အတွက် ထမင်းဝယ်ရန် အောက်ဆင်းမည်အလုပ် ထမင်းသည်များ လာရောင်းကြသဖြင့် မဆင်းတော့ဘဲ ထမင်းတစ်ထုပ် ဝယ်ထားလိုက်သည်။ ကြက်သားဖြင့်ဟု ဆိုသည်။ ထမင်းထုပ်မှာ ဖက်ဖြင့်ထုပ်၍ အပေါ်က သတင်းစာစက္ကူဖြင့် ပတ်ထားသည်။ ပူနွေးဆဲပင်ဖြစ်သည်။ ခရီးသွားစဉ် ထမင်းချိုင့်မယူဘဲ ကရိကထ မများစေရန် ကြုံသလိုစားတတ်သည်မှာ ကျွန်တော်၏ အလေ့အကျင့်ပင်ဖြစ်ပါသည်။

မြစ်ရေကျချိန်ဖြစ်၍ တကောင်းဆိပ်ကမ်း ကမ်းပါးယံကြီးမှာ ပေ ၈၀–၁၀၀ မျှ မြင့်မားနေသည်။ လူသွားလမ်းကလေးအတိုင်း မော့ကြည့်သော် တကောင်းမြို့ဟောင်း အလယ်လမ်းကြောင်းကို တွေ့ရသည်။ လမ်းအလယ်တွင် ဈေးရှိသည်။ သို့သော် ညနေရီဆည်းဆာချိန်ဖြစ်၍ ဈေးအတွင်း၌ ဈေးဝယ်၊ ဈေးသည်များ မရှိကြတော့။ တကောင်းမြို့တွင် မင်းပေါင်း (၃၃) ဆက်တိတိ၊ အုပ်စိုးခဲ့ကြသည်။ တကောင်း၏ သမိုင်းက ရှည်ကြာလှပြီဖြစ်သည်။

အနော်ရထာမင်းစော တည်ခဲ့သော ကင်းမြို့များမှာ ကောင်းစင်၊ ကောင်းတုံ၊ ငရန်း၊ ငရင်း၊ ရွှေကူ၊ ယင်းခဲ၊ မိုးတား၊ ကသာ၊ ထီးချိုင့်နှင့် မြတောင်တို့ဖြစ်ကြသည်။ တကောင်းက မြန်မာ့သမိုင်းအစောပိုင်းကာလနှင့် ဆက်နွယ်ထင်ရှားခဲ့ပါသည်။

တကောင်းမြို့ရိုး၏ ပုံသဏ္ဌာန်သည်၊ ငါးကြင်းမြီးပုံစံရှိသည်ဟု ကျွန်တော် လေ့လာဖူးသည်။ သို့သော် အချို့သမိုင်းဆရာများက



www.burmeseclassic.com

www.burmeseclassic.com



ဘူးသီးပုံသဏ္ဌာန်ဟု ဆိုကြပြန်ပါသည်။ တကောင်းနှင့် ဆက်စပ်နေသော အညာပုဂံမြို့ဟောင်းမှာလည်း ကိုက် (၂၀၀) ခန့်အကွာတွင် တည်ရှိကြောင်း ကျွန်တော် မှတ်သားဖူးပါသည်။

မြန်မာနိုင်ငံရှိ ရှေးမြို့ဟောင်းများသည် ရန်သူမျိုးငါးပါးဘေးရန်ကြောင့် ပျက်စီးခဲ့ကြရသည်။ ပထဝီအနေအထားကြောင့် ဆက်လက်တည်ရှိမနေတော့ဘဲ ပြောင်းလဲခဲ့ကြရပြီး မြို့ဟောင်းကို စွန့်ခွာ၍ နေရာဒေသသစ်တို့တွင် ထီးသစ်၊ နန်းသစ်များ စိုက်ထူကြရသည်။

ထို့ကြောင့် ရှေးမြို့ဟောင်းများသည် လူသူလေးပါး၊ စွန့်ခွာ၍ နှစ်ပရိစ္ဆေဒ ကြာညောင်းလာသောအခါ ပျက်စီးယိုယွင်းပြီး ချုံနွယ်ပိတ်ပေါင်း သစ်ပင်များ ဖုံးအုပ်လာခဲ့တော့သည်။ အဆောက်အအုံဟောင်းများနှင့် စေတီပုထိုးများ ပြိုကျပျက်စီး၍ ကုန်းဂမူများအဖြစ်သာ ကျန်ရစ်တော့သည်။

လွန်ခဲ့သော နှစ်ပေါင်း (၉၀၀) ကျော်က ပုဂံအနော်ရထာမင်းစော တည်ထားခဲ့သည့် ကင်းမြို့များဖြစ်ကြသော ကြည့်ပ၊ ဟသ်ာမော် နှင့် စမွယ်နရိုန် မြို့တို့သည်လည်း၊ သပိတ်ကျဉ်းမြို့နယ်ထဲ၌ ရှိကြသေးသည်။

ယခုအခါ တကောင်းအပါအဝင် ထိုကင်းမြို့များသည် ကျေးရွာအုပ်စုများအဖြစ်သာ ကျန်ရှိနေတော့သည်။ သမိုင်းဆိုသည်မှာ လူတို့၏ ပြောင်းလဲမှုဖြစ်စဉ်ကို မှတ်တမ်းတင်ထားသော တရွေ့ရွေ့ ပြောင်းလဲမှု အကြောင်းအရာသာ ဖြစ်ချေတော့သည်။

❊ ❊ ❊

| ၅ |

❑

"ဘော် ... ဘော် ... ဘော် ဂူ ... ဂူ ... ဂူ ..."

ရှည်လျားကျယ်လောင်လှသော သင်္ဘောဥသြသံကြီးကြောင့် ကျွန်တော် အတွေးရေယာဉ်ကြောမှ လန့်နိုးလာခဲ့သည်။ ခရီးဆက်လက်ထွက်ခွာရန် အချက်ပေးသံကြီး ဖြစ်ပါလိမ့်မည်။

ထိုစဉ် ခရီးသည်အချို့ တကောင်းလမ်းမှ အောက်ဆိပ်ကမ်းဆီသို့ ခပ်သုတ်သုတ် ပြေးဆင်းလာကြပြန်သည်။ နောက်ဆုံးအသုတ်ခရီးသည်များပင် ဖြစ်ကြပါလိမ့်မည်။ သင်္ဘောကြီးပေါ်မှ ကျွန်တော်တို့လည်း ထိုမြင်ကွင်းကို စိတ်ဝင်စားလွန်း၍ ငေးမျှော်ကြည့်နေကြမိသည်။

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအုပ်စုတွင် အမျိုးသမီးရွယ်တစ်ဦးက ရှေ့ဆုံးမှ ဦးဆောင်လာသည်။ ထိုအမျိုးသမီးက နောက်ဘက်မှ အုပ်စုကို လက်တပြပြဖြင့် နှုတ်ဆက်နေသေးသည်။ အမျိုးသမီးရွယ် ကမ်းပါးအောက်ရောက်တော့လည်း ကမ်းပါးပေါ်မှ လူ (၅၀) ခန့်က အော်ဟစ်နှုတ်ဆက်နေကြပြန်သည်။ လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသော မြင်ကွင်းဖြစ်သည်။

ထိုအမျိုးသမီးရွယ်သည် ချိတ်ထမီနှင့် အင်္ကျီလက်ရှည်အဖြူကလေးကို ဝတ်ဆင်ထားသည်။ ယဉ်ကျေးသိမ်မွေ့သော အမူအရာရှိသည်။ သူမနောက်မှ အထုပ်အပိုးထမ်း၍ လိုက်ပါပို့ဆောင်သူကလေးများမှာ လူ (၁၀) ဦးခန့်ရှိသည်။ လူပျို၊ အပျိုပေါက်အရွယ်နှင့် (၁၀) နှစ်ခန့်အရွယ် ကလေးများဖြစ်ကြသည်။

အချို့က သံသေတ္တာကို ထမ်း၏။ အချို့က အိပ်ရာလိပ်ကို ပိုး၏။ အချို့က ထမင်းချိုင့်ကို ဆွဲ၏။ အချို့က လက်ဆွဲခြင်း၊ သနပ်ခါးတုံး အစည်းနှင့် ငှက်ပျောခိုင်ကို ထမ်းကြသည်။ တပျော်တစ်ပါးကြီး လိုက်ပါပို့ဆောင်ကြခြင်းဖြစ်သည်။ ဤရှုခင်းမှာ ကျောင်းဆရာမလေးတစ်ဦးအား၊ တပည့်များက ပြည်တော်ပြန်ခရီးကို လိုက်ပါပို့ဆောင် နှုတ်ဆက်ကြသည့်ပုံစံမျိုး ဖြစ်ပေသည်။

ထိုသူတို့အထဲတွင် အထုပ်တစ်ထုပ်ကို အားရပါးရဆွဲလာသော (၁၂)နှစ်အရွယ်၊ ကျောင်းသားကလေးတစ်ဦးက ထူးခြားနေပြန်သည်။ သူသည် အခြားကလေးများနှင့်မတူ တုတ်တုတ်ခိုင်ခိုင်၊ အရပ်မြင့်မြင့် အရောင်မပေါ်တော့သည့် ဖျင်ကြမ်းအင်္ကျီလက်တိုကလေးနှင့် အကွက်မပေါ်တော့သည် ပုဆိုးတိုတိုကို ဝတ်ဆင်ထားသည်။ လက်တွင် နကန် (နွားကွန်)တစ်ခုလည်း ကိုင်ထားသေးသည်။ တကယ် အားကောင်းမောင်းသန် ကလေးကြီးတစ်ဦးဖြစ်သည်။ နွားကျောင်းရာမှ အပြန်ဆရာမ





ကလေးအား အချိန်မီ လိုက်ပို့ခြင်းဖြစ်ပေလိမ့်မည်။

ကျောင်းသူကလေးတို့မှာ ပါးပါးလှပ်လှပ် ခန္ဓာကိုယ်ရှိကြသည်။ ဆံရစ်ဝိုင်းကလေးများနှင့် ဖြစ်ကြသည်။ အုပ်လုံးသိမ်းထားသည့် မိန်းကလေး (၂) ဦးခန့်လည်း ပါသည်။ ဆရာမ…လေးနှင့် တပည့်တစ်သိုက်သည် သင်္ဘောပေါ်သို့ ခပ်သုတ်သုတ်တက်လာကြသည်။

ကျွန်တော့်အနီး သင်္ဘောအပေါ်ထပ်တွင် ဆရာမကလေးကို နေရာချထားပေးကြပြီး ကျောင်းသူကျောင်းသားတို့သည် သင်္ဘောပေါ်မှ ဆင်း၍ ဆိပ်ကမ်းတွင် စုဝေးနေကြပြန်သည်။ သင်္ဘောကြီးအထွက်တွင် သူတို့သည် ဆရာမကလေးကို အားရပါးရ နှုတ်ဆက်ကြဦးမည် ထင်ပါသည်။

ဆရာမကလေးကလည်း ပစ္စည်းများကို နေရာချပြီးသည်နှင့် အပေါ်ထပ် သင်္ဘောလက်ရန်းကို ကိုင်လျက် မှာစရာရှိသည်တို့ကို မမောတမ်း မှာကြားနေပြန်သည်။ အချို့ကျောင်းသူကလေးများမှာ မျက်နှာငိုမဲ့မဲ့ ဖြစ်နေကြသည်။ ထိုအထဲမှ ထူးခြားသည့် မြင်ကွင်းတစ်ခုကို ကျွန်တော် ရုတ်တရက် မြင်လိုက်ရပြန်သည်။

ကျောင်းသူ၊ ကျောင်းသား လေးငါးဦးသည် မိန်းကလေးတစ်ဦး အနီးတွင် ဝိုင်း၍ အားပေးစကား ပြောနေကြသည်။ ဝိုင်းနေသူများက ဆရာမကလေးကို တစ်လှည့်၊ ထူးခြားသည့် မိန်းကလေးကို တစ်လှည့် ကြည့်နေကြသည်။ မိန်းကလေးမှာ သင်္ဘောကြီးကို ကျောခိုင်းထားပြီး ရွာဘက်သို့လှည့်ရာ၍ ခေါင်းအတွင်တွင်မြန်းကာ ငိုနေခြင်းဖြစ်သည်။

"ဘော် …ဝေါ် …ဝေါ် ..ဘူ …ရူ …ရူ"

ပပဝင်းသင်္ဘောကြီးသည် နောက်ဆုံး ဥသြသံကြီးကို အမြဲတုန်ဟည်းအောင် ဆွဲလိုက်ပြန်သည်။ ကျောင်းသူ၊ ကျောင်းသားကလေး



www.burmeseclassic.com

www.burmeseclassic.com



များက သူတို့၏ ဆရာမကလေးကို အားရပါးရ အော်ဟစ်နှုတ်ဆက်နေကြသည်။ ဉသြသံနှင့် အပြိုင်ပင်ဖြစ်သည်။ ငိုယိုနေသော မိန်းကလေး၏ဘေးတွင် ဝိုင်းရံနေသော အုပ်စုကတော့ အချီအချ စကားပြောကြပြီး ဗျာများ၍ နေကြသည်။ ဆရာမကလေးကလည်း တပည့်များကို အော်ဟစ်နှုတ်ဆက်နေပြန်သေးသည်။

ထိုစဉ် သင်္ဘောကြီးစက်သံက ဟည်း၍ထွက်လာပြီး ကလောင်ကလင် အသံများလည်း ဆူညံလာသည်။ သင်္ဘောကြီး၊ တကောင်းဆိပ်ကမ်းမှ ထွက်ခွာရန် ရှေ့ထိုးနောက်ငင် ပြုလုပ်နေစဉ် အချို့ကျောင်းသူကျောင်းသားများမှာ ငိုကြွေးနေကြပြီဖြစ်သည်။

ထိုအခိုက် အားကောင်းမောင်းသန် ယောကျ်ားကလေးက ..

"ခင်မြတ်လှ ... ခင်မြတ်လှ .. တို့ဆရာမကလေး သင်္ဘောကြီးနဲ့ တို့ကိုခွဲပြီး တကယ်လိုက်သွားတော့မယ်ဟ။ နင် နှုတ်ဆက်လိုက်ပါဦးဟာ"

ရုတ်တရက် ကြေကွဲစရာ အော်ဟစ်ပြောဆိုလိုက်သံသည်။ သင်္ဘောကြီးစက်သံကို ဖောက်ထွင်းကျော်လွှား၍ ကျွန်တော်တို့ နားစည်ထဲသို့ပင် ရိုက်ခတ်လာပြန်ပါသည်။

ထိုစဉ် ကလေးအုပ်စုမှာ ရွဲကနဲ့ ဖြစ်သွားကြပြီး ဆရာမလေးကို အော်ဟစ်လက်ပြ နှုတ်ဆက်နေကြစဉ် ဆရာမလေးကလည်း ပြန်လည်လက်ပြ နှုတ်ဆက်နေသည်။ သင်္ဘောကြီးလည်း ဦးတည်ချက်လမ်းကြောင်းအတိုင်း ရေကြောင်းအတွင်းသို့ တဖြည်းဖြည်း ဝင်ရောက်လေပြီ။ ထိုအခါမှ ကလေးများ၏ အော်ဟစ်နှုတ်ဆက်သံသည် ပိုမိုကျယ်လောင်လာတော့သည်။ ထိုစဉ် ...

"ဆရာမရေ ... ခင်မြတ်လှလည်း ငိုပါပြီ ... ဆရာမရယ်။





ဆရာမကို ကန်တော့ပြီး နှုတ်ဆက်ပါတယ်ရှင်"

"ဟီး ... ဟီး ... ဟီး .... အင့် ... ဟင့်"

မာန်တင်း၍ မျက်နှာလွှဲထားသော ခင်မြတ်လှဆိုသူ တပည့်ကျောင်းသူမကလေးမှာ လက်အုပ်ကလေးချီပြီး ဆို့နစ်စွာ အော်ဟစ်ငိုကြွေးလိုက်ရှာတော့သည်။ ကျွန်တော်တို့သင်္ဘောပေါ်မှ ပွဲကြည့်ပရိတ်သတ်လည်း ထိုမြင်ကွင်းကြောင့် ဆို့နစ်စွာ ခံစားလိုက်ကြရသည်။

သင်္ဘောလက်ရန်းကို အားပြုကိုင်ကာ ရပ်နေသော ဆရာမလေးလည်း ခင်မြတ်လှဆိုသူကလေးကို ကြည့်ပြီး အလွမ်းခါတ် ကူးဆက်ပါဟန်ဖြင့် စို့လာသောမျက်ရည်ကို သုတ်ရင်း မျက်နှာလွှဲလိုက်ရှာတော့သည်။

ပပဝင်းသင်္ဘောကြီးသည် တကောင်းဆိပ်ကမ်းမှ အပြီးအပိုင်ခွာခဲ့သော်လည်း ဆိပ်ကမ်းမှ ကလေးများအသံကတော့ မြစ်ယံကိုဖောက်ထွင်းလျက် သင်္ဘောကြီးအပေါ်သို့ပင် အမီလိုက်လာခဲ့သေးသည်။ ခင်မြတ်လှဆိုသူကလေးကတော့ တစ်သိမ့်သိမ့်ရှိုက်ငိုရင်း လှောက်ပြန်၍ ကျန်ရစ်ရှာသည်။ ဆို့နင့်ကြေကွဲစရာ မြင်ကွင်းဖြစ်၍ ကျွန်တော်တို့လည်း စိတ်မကောင်း ဖြစ်ကြရပါသည်။

ဆရာမလေးလည်း တပည့်များချပေးသွားသော ပစ္စည်းပုံများကြားတွင် ကြေကွဲစွာ ထိုင်ချလိုက်ရင်း တိတ်ဆိတ်ငြိမ်သက်စွာဖြင့် မြစ်ပြင်ကျယ်ကြီးကိုငေးကာ ကြည့်ရှုရင်း ကျွန်တော့်ကို မြင်သည်နှင့် မဲ့ပြုံးကလေး ပြုံးပြရင်း ...

"အားနာပါတယ် ... အစ်ကို၊ ကျွန်မလည်း တပည့်တွေ့သံယောဇဉ်ကြောင့် ပတ်ဝန်းကျင်ကို မေ့လျော့သွားမိပါတယ်။ ကျွန်မက နေရာအကျယ်ကြီး ယူထားမိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အားမနာပါနဲ့ ဆရာမ။ ကျွန်တော့်မှာလည်း ပစ္စည်းပစ္စယ ထူးထူးထွေထွေ မပါပါဘူး။ ခရီးဆောင်လွယ်အိတ်တစ်လုံးနဲ့ ထမင်းထုပ်တစ်ထုပ်ပဲ ပါ,ပါတယ်"

"ဒါနဲ့ ဆရာမက ထရန်စဖာ အပြီးပြောင်းရတာလား"

"ကျွန်မက အသုံးလုံးဆရာမပါ့ရှင်။ တက္ကသိုလ်နောက်ဆုံးနှစ်မှာ ဒီတကောင်းနယ်မှာ တာဝန်ကျတဲ့ လုပ်အားပေးဆရာမပါ။ (၄၅) ရက်သာကြာလို့ တော်ပါသေးရဲ့ရှင်။ တစ်နှစ်လောက်သာ ကြာရင်တော့ ကျွန်မတို့သံယောဇဉ်ဟာ ရင်ကွဲပြီး သေလောက်မယ်ထင်ပါရဲ့။ ဒါနဲ့ အစ်ကိုကရော အသုံးလုံး ဆရာပဲလား"

"မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော်က ကသာအကျဉ်းထောင်မှာ တာဝန်ကျတဲ့ ထောင်မှူးတစ်ဦးပါ။ ရန်ကုန်မှာ အဖေဆုံးတယ်လို့ ကြေးနန်းစာရလို့ ရန်ကုန်ပြန်တဲ့ခရီးပါ။ ကျွန်တော်တို့ တက္ကသိုလ်တက်စဉ်ကလည်း ကျောက်ဆည်၊ အမရပူရ၊ မုံရွာ၊ ဘုတလင်မြို့နယ်တွေမှာ အ,သုံးလုံး လုပ်အားပေးခဲ့ဖူးလို့ ဆရာမကို ကိုယ်ချင်းစာမိပါတယ်။ မြန်မာကျေးလက်တောရွာတွေမှာ နေကြသူတွေက အလွန်အင်မတန် သံယောဇဉ်ရှိကြတာကလားဗျာ"

"ဟုတ်ပါ့ ... အစ်ကိုရယ်၊ ကျွန်မလည်း အရင်က မကြုံဖူးခဲ့ပါဘူး။ ငိုကျန်နေရစ်ခဲ့တဲ့ ခင်မြတ်လှနဲ့ ဟိုထွားထွားကောင်ကလေးက ကျွန်မတည်းခဲ့တဲ့အိမ်က သူကြီးသားနဲ့ သူကြီးသမီးပါ။ အလွန်ဖော်ရွေယဉ်ကျေးပြီး ကျွန်မကိုလည်း အစ်မအရင်းသဖွယ် ချစ်ခင်တွယ်တာကြပါတယ်။ လိုလေသေးမရှိအောင်လည်း ပြုစုကြတယ်။ ကျွန်မပြန်ရင်လည်း မငိုကြဖို့ သူတို့မောင်နှမ တိုင်ပင်ထားကြတယ်။

ကျွန်မကလည်း ကျောင်းပြီးတာနဲ့ ဆရာမအဖြစ် တကောင်း





ကို အလုပ်လျှောက်ပြီး အပြီးပြောင်းလာမယ်လို့ သူတို့ကို ကတိပေးထားတာ။ အခုတော့ အစ်ကိုရယ် ... အင့် ... ဟင်း ... အင့်"

"တိတ်ပါ ဆရာမရယ်။ ယံယောဇဉ်ဆိုတာ ဒီလိုပါပဲ။ မြန်မာပြည်တွင်း နေကြသူအချင်းချင်းပဲ။ ဒါနဲ့ ဆရာမက ဘယ်မြို့မှာနေတာပါလဲ"

"ကျွန်မက မန္တလေးမှာနေတာပါ။ ဒါပေမဲ့ ဒီတကောင်းဘက်ကိုလာဖို့တော့ မလွယ်ဘူးရှင့်။ အိမ်ကမိဘတွေက ရေလမ်းခရီးဆိုတော့ စိတ်ချမှာ မဟုတ်ဘူး။ အလုပ်နဲ့ ပြောင်းလာရရင်တော့ တစ်မျိုးပေါ့ အစ်ကိုရယ်"

"ဘွဲ့ရပြီးရင် ကြိုးစားပေါ့ဗျာ။ ဒီဘက်ပိုင်းတွေကို ဆရာမ လုပ်ဖို့လျှောက်ရင်တော့ လွယ်မယ်ထင်ပါတယ်"

"ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်မ ရအောင်လျှောက်မှာပါ။ ကျွန်မ ခင်မြတ်လှတို့မောင်နှမကို ကတိပေးခဲ့ပြီးပြီလေ။ ကျွန်မလည်း မန္တလေး မြို့ပြီး မိဘတွေနဲ့ အတူနေရပေမဲ့ တကောင်းကိုတော့ တစ်သက်လုံး မမေ့ပါဘူးရှင့်။ အခုလည်း ပေးလိုက်ကြတာ မနိုင်မနင်းပါပဲ"

"ဒါထက် ဟိုထွားထွား ကလေးကလေးနာမည်က ဘယ်သူတဲ့လဲ ဆရာမ။ သူ့အသက်နဲ့ မလိုက်အောင် ထွားကျိုင်းသန်မာတယ်နော်။ မိန်ကလေးနာမည်ကလည်း ခင်မြတ်လှဆိုတော့ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရတယ်။ ဒီတကောင်းနယ်နဲ့ ပတ်သက်ပြီး ရှေးယခင် ရာဇဝင်ထဲက နာမည်ကြီးတွေနဲ့များ ပတ်သက်နေသလားလို့"

"အင်း ... အစ်ကိုပြောတာကို ကျွန်မ သဘောပေါက်ပါတယ်။ ကျွန်မနာမည်ကလည်း တိုက်တိုက်ဆိုင်ဆိုင်ပါပဲရှင်။ မဒွေးမြို့တော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ မထွေးထွေးဖြူပါ။ ကောင်ကလေးနာမည်ကလည်း မောင်တင့်တယ် မဟုတ်ပါဘူး၊ မောင်တင့်လွင်ပါ။

ဒါပေမဲ့ အခု ငယ်စဉ်ကတည်းက ကျားကျားလျှားလျှား ရှိခ တယ်။ သူတို့မောင်နှမကိုတော့ လူဝင်စားတွေလို့ တစ်ရွာလုံးက အသ အမှတ်ပြုထားကြတယ်။ ကျွန်မနဲ့လည်း ဘယ်လိုသံယောဇဉ်မှန်း မသ ပါဘူးရှင်။ မြင်မြင်ခြင်း ချစ်ခင်တွယ်တာကြတာပါပဲ''

ကျွန်တော်တို့စကားပြော ခေတ္တရပ်သွားကြသည်။ တကောင် ဒဏ္ဍာရီပုံပြင်မဟုတ်သော ပညာရေးလောကမှ အလုတစ်ကွက်ဖြစ်သည် သမုဒယဇာတ်လမ်းတစ်ပုဒ်ကို တကယ်ပင် ကျွန်တော်တို့အား ပြော ခဲ့ခြင်းဖြစ်ပေသည်။

နေလုံးနီနီကြီးသည် မြစ်ရေပြင်သို့ ထိတော့မည်။ ညဦးယံ ရှေ့ပြေး လေပြေကလေးသည်။ မြစ်ရေပြင်ကို လျှပ်တိုက်ပြေးလွှားသေ သည်။ မိုးယံပေါ်တွင်မူ ငှက်ဖျိုင်းဖြူအုပ်တို့ တန်းစီလျက် လှပစွာ ပျံသန် နေကြသည်။ အိပ်တန်းရှိရာသို့ ပျံသန်းနေကြခြင်းဖြစ်သည်။ ကျွန်တော် ပတ်ဝန်းကျင်သဘာဝအလှကို ခံစားရင်း ငေးမောနေမိစဉ် ...

''အစ်ကို ... ညီမတို့ မမှောင်ခင် ညစာ ထမင်းစားကြ အောင်လေ။ ညီမမှာ ထမင်းတွေရော ဟင်းတွေပါ လေးဆင့်ချိုင့်ကြ တစ်လုံး အပြည့်ပါတယ်''

''စားပါ ... ညီမရယ်။ အစ်ကို့မှာ ထမင်းထုပ်ရှိပါတယ်။ စာ နှင့်ပါ''

''လာပါ ... အစ်ကိုရယ်၊ ညီမလည်း အဖော်ရအောင်ပါ ညီမတစ်ယောက်တည်းလည်း စားလို့ မကုန်နိုင်ပါဘူး''

''အေးကွယ် ... အေး ... အေး ...''





သူမက ချိုင့်ဖုံးကလေးအတွင်း လက်ဆေးရန် ရေပုလင်းထဲမှ ရေကို သွန်ထည့်ပေးသဖြင့် ကျွန်တော်လည်း အသင့်လက်ဆေးပြီး ထမင်းချိုင့်တစ်လုံးနှင့် စားရတော့သည်။ ဟင်းများကလည်း စုံလင်လှသည်။ မြစ်ငါးတန်ဟင်း၊ ပုစွန်ထုပ်ဟင်းနှင့် ငါးကျီးကြော် မန်ကျည်းသီးထောင်းတို့ဖြစ်သည်။

ကျွန်တော်ဝယ်ထားသည့် ကြက်သားထမင်းထုပ်ကလေးကို အထုပ်ဖြည်၍ ဖွင့်ထားသော်လည်း မျက်နှာငယ်စွာ ယောင်လို့ပင် မနိုက်ဖြစ်တော့ပါ။ လက်ဆုံစားသည်ဟူသော အဓိပ္ပာယ်မှာ ရင်းနှီးခင်မင်ခြင်းကို ပြပေသည်။ ကျွန်တော်နှင့် ဆရာမလေး မထွေးထွေးဖြူတို့ ထမင်းလက်ဆုံစားကြရင်း ပိုမိုရင်းနှီးမှုရရှိပြီး အခေါ်အပြောများလည်း ပြောင်းလဲခဲ့ကြသည်။

ကျွန်တော်တို့ စားသောက်အပြီး ဆရာမလေးက ဒိမ်းဆည်းနေစဉ် သင်္ဘောကြီးက ဥသြဆွဲပြန်သည်။ ဘေးမှခရီးသည် ပြောစကားအရ မလည်ဆိပ်ကမ်းသို့ သင်္ဘောကြီး ဝင်ရောက်လာခြင်းဖြစ်သည်။ ဆရာမလေးက ညစာစားအပြီး စားရန် အသင့်ပါလာသော လက်ဆွဲခြင်းထဲမှ လက်ဖက်ကိုသုတ်နေပြီး ရေနွေးခတ်ဗူးကိုလည်း ချပေးနေပြန်ပါသည်။

ထို့ကြောင့်လည်း အမျိုးသမီးများ ခရီးသွားရာတွင် ကရိကထများခြင်း ဖြစ်ပေလိမ့်မည်လားမသိပါ။

''အစ်ကိုရေ ... တကောင်းဇာတ်လမ်းက မပြီးသေးဘူး။ မောင်တင့်လွင်က သိတတ်စအရွယ်မှာပဲ ရတနာတွေမြှုပ်ထားတဲ့ ရွှေအိုးကို ညွှန်ပြလို့ မိဘတွေရှုကြပြီး ချမ်းသာကြတာ။ ခင်မြတ်လုကတော့ မီးကို အရမ်းမုန်းပြီး စကားပန်းမှန်သမျှ အနံ့တောင် မခံနိုင်ဘူး။ အကုန်



www.burmeseclassic.com

www.burmeseclassic.com

မုန်းတယ်''

''ဒါနဲ့ ညီမကရောဟင်''

''ညီမကတော့ ကြောင်းကျိုးဆီလျှောင်အောင် သုံးသပ်တတ်လို့ထင်ပါရဲ့ အဲဒီလို အစွဲအလမ်း မဖြစ်မိပါဘူး။ ဒါပေမဲ့ တကောင်းကို တာဝန်နဲ့ရောက်တော့လည်း ယခင်ရောက်ဖူးခဲ့သလို ဘုရားစေတီပုထိုးတော်တွေကို အကုန်မှတ်မိနေတာ ထူးဆန်းနေပြန်တယ်''

''အင်းပေါ့ ...ညီမရယ်၊ အတိတ်ဆိုတာ အရိပ်လို ကျန်ခဲ့တယ်ဆိုပေမဲ့ ဇာတိဿရဉာဏ် ရသူများအတွက်တော့ ရှေးဘဝ (၇) ဆက်ကိုတောင် မှတ်မိသိရှိနိုင်တယ်လို့ အဆိုရှိတာပဲ။ ပဋ္ဌာန်းဆက်တွေ နီးကြလို့ ဖြစ်ပုံရပါတယ်။

ဒါကြောင့်လည်း လူတစ်ဦးနဲ့တစ်ဦးဟာ ရှေ့ဘဝအဆက်က အမျိုးဖော်ခဲ့ကြတာချည်းပဲလို့ လူကြီးသူမများ အဆိုရှိခဲ့ကြတာပါပဲ။ အခုပဲ ကြည့်လေ ...။ ညီမနဲ့ အစ်ကိုတို့ အရင်က မမြင်ဖူး မခင်ဖူးခဲ့ကြပေမဲ့ အခု ဒီပပဝင်းသင်္ဘောကြီးပေါ်မှာ လာဆုံဆည်းခဲ့ကြပြီး ခင်မင်နေကြတာလေ။ အဲ့ဒါလည်း ရှေးဘဝတွေက ပဋ္ဌာန်းဆက်ဆွေမျိုးတွေ ဖြစ်ခဲ့ကြလို့နေမှာပေါ့''

''ဟုတ်ပါရဲ့ ...အစ်ကိုရယ်၊ ညီမလည်း အခုမှ သဘောပေါက်မိတော့တယ်။ လူတိုင်းဟာ ရှေးက ပဋ္ဌာန်းဆက်တွေပေါ့နော်။ ပဋ္ဌာန်းဆက်နီးရင် ခင်မင်ရလွယ်တယ်၊ ပဋ္ဌာန်းဆက်ဝေးရင်တော့ တစိမ်းဆန်တာပေါ့။ ဒီလိုညီမတွေးခေါ်တာ မှန်တယ်မဟုတ်လား အစ်ကို''

''အဲဒါ အမှန်ဆုံးပဲ ...ညီမရေ။ မွေးတယ်၊ ကြီးပြင်းတယ်၊ သေဆုံးတယ်ဆိုတာ အနိစ္စ ...ဒုက္ခ ...အနတ္တ သံသရာကြီးပဲ။ သံသရာကြီး ကျယ်ပြန့်သရွေ့ လျင်မြန်စွာ ပြောင်းလဲနေသရွေ့၊ ရွေ့လျားနေသရွေ့ စက်ဝိုင်းလို၊ တစ်နေရာရာမှာ ပြန်လည်ဆုံတွေ့ကြမှာပါပဲ။ အဲဒါ လူ့ဘဝပေါ့ ညီမရယ်''

''ဟုတ်ပါ့ ...အစ်ကိုရယ်။ ညီမလည်း သဘောပေါက်လာခဲ့ပြီ''

''မဒွေးဖြူနဲ့ မထွေးထွေးဖြူ နာမည်ချင်းတော့ အဆင်သား။ ဒါပေမဲ့ အစွဲအလမ်းတော့ မထားနဲ့ပေါ့ကွယ်။ အစွဲအလမ်းဆိုတာ စိတ်နဲ့ ခန္ဓာကိုယ်ကို နှိပ်စက်ပြီး ဒုက္ခပေးတတ်တယ်။ အသိတရားလေးနဲ့ ဆင်ခြင်ပေါ့ကွယ်''

''ဟုတ်ကဲ့ပါ ...အစ်ကို၊ ညီမမှာ ဆင်ခြင်တုံတရား ရှိပါတယ်။ ဒါပေမဲ့ ဒီ (၄၅) ရက်ဆိုတဲ့ ရက်တိုကလေးအတွင်းမှာ သူတို့ခင်မင်မှုက မယုံနိုင်စရာကောင်းလှတယ်။ ဒီမှာ ညီမကို သူတို့လက်ဆောင်ပေးတဲ့ ရှေးဟောင်း ပန်းလက်ကောက်တစ်ရံနဲ့ ဆွဲကြိုးတစ်ကုံး။ လက်စွပ် (၂) ကွင်းဟာ ရှေးဟောင်းပစ္စည်းတွေပဲ အစ်ကို။

ကြည့်ပါဦး ...။ ညီမ အတန်တန်ငြင်းဆန်ပေမဲ့ အတင်းပေးကြတာ။ သူတို့မိဘတွေကလည်း သဘောတူ ကြည်ဖြူကြတယ်။ ညီမပြန်လာရင် ထပ်ပေးဦးမယ်လို့လည်း ဆိုကြပါတယ်''

''အင်း ...ရွှေအစစ်တွေပါပဲ။ တော်ရုံသံယောဇဉ်တော့ မဟုတ်ဘူး။ ဒါကြောင့် ခင်မြတ်လှကလေး ချုံးပွဲချငိုနေတာ ထင်ပါရဲ့နော်''

''ဟုတ်တယ် ...အစ်ကို၊ ခင်မြတ်လှကလေးက သူတို့ရွာကလေးမှာ သူကြီးသမီးဆိုတော့ မာနလည်းကြီးတယ်။ ဒါပေမဲ့ ညီမကိုတော့ အစ်မရင်းတစ်ယောက်လို တအားခင်တာ။ မနက်ညသန့်ခါး သွေးပေးတယ်။ အဝတ်လျှော်ပေးတယ်၊ ထမင်းခူးပေးတယ်၊ အရမ်း





သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အနွံအတာ ခံတာ။ မောင်တင့်လွင်ကလေးကတော့ မာန်မာနမရှိရှာပါဘူး။ သူကြီးသားဆိုပေမဲ့ အိမ်မှုကိစ္စတွေကို အောက်ခြေသိမ်းလုပ်တယ်။ ညီမအတွက် ချိုးရေကအစ မြစ်ထဲက ခပ်ပေးတာ''

''အေးကွယ် ... အံ့ဩလောက်စရာပါပဲ။ အစ်ကိုတို့လည်း အသုံးလုံးဆရာအဖြစ် ဒီလိုအတွေ့အကြုံမျိုးကို ကြုံဖူးခဲ့ပေမဲ့ ညီမလောက်တော့ သံယောဇဉ် မဖြစ်ခဲ့ကြပါဘူး။ ညီမက မိန်းကလေးဆိုတော့ ပိုပြီး တွယ်တာကြဟန် တူပါတယ်။ ညီမတို့ ပဋ္ဌာန်းဆက်မောင်နှမတွေ အမြန်ဆုံး ပြန်လည်ဆုံဆည်းနိုင်ကြဖို့ အစ်ကို ဆုတောင်းပါတယ်''

''ကျေးဇူးတင်ပါတယ် ... အစ်ကို။ တကောင်းက လက်ဖက်ကလေးကိုလည်း စားကြည့်ပါဦး။ အညွန့်အဖူးကလေးတွေပါ။ ပဲဆီကလည်း စစ်တော့ အီနေတာပါပဲ''

မလည်ဆိပ်ကမ်းတွင် ဝါးပုံကြီးများက နေရာအနှံ့ပြန့်နေသည်။ သင်္ဘောကြီးက မလည်ဆိပ်ကမ်းတွင် ခေတ္တသာရပ်သည်။ လူပစ္စည်း အတင်အချ လုပ်ပြီးသည်နှင့် ဆက်လက်ထွက်ခွာလာသည်။ မလည်ဆိပ်ကမ်းတွင် မီးများလင်းလက်လာသလို သင်္ဘောကြီးပေါ်၌လည်း မီးများ လင်းထိန်လာပါသည်။

''ဘော် ... ဘူး ... ဝေါ် ... ဝေါ် ... ဝူ ... ဝူ ...''

မလယ်ရွာဆိပ်ကမ်းအနီး ရွှေတောင်ဦးကုန်းတော်ပေါ်တွင် ရွှေမုဋ္ဌောစေတီရှိသည်။ ကုန်းတော်ပေါ်၌ ဇရပ်၊ တန်ဆောင်း၊ သိမ်ကျောင်းတို့ဖြင့် တင့်တယ်နေသည်။ ဘုရားပရိဝုဏ်ထဲ၌ အရွက်ဖားဖား သန်စွမ်းလှသည့် စကားဝါပန်းပင်များ ပေါက်ရောက်နေကြရာ လေအသင်းတွင် စကားဝါပန်းရနံ့က ကျွန်တော်တို့ သင်္ဘောကြီးပေါ်အထိ လွင့်ပါးလာသည်။





ကျွန်တော်က ပန်းရနံ့ကို တစ်ဝကြီး ရှူရှိုက်လိုက်ရာ ဆရာမလေးက နားလည်မှုရှိစွာဖြင့် ပြုံးနေရာမှ မျက်နှာညှိုးငယ်သွားပြန်သည်။ ခင်မြတ်လှက စကားဝါပန်းကို မုန်းသည်ဟု သူမဆိုခဲ့ဖူးလေသည်။

ရွှေတောင်ဦးကုန်းတော်သည် ရေကျချိန်ဖြစ်၍ ဧရာဝတီမြစ်ပြင်မှ ပေ(၃၀၀)ခန့် မြင့်မားနေသည်။ ဧရာဝတီမြစ်ပြင်ပေါ်၌ လှေနှင့်သမ္ဗာန်ကလေးများ၊ တစ်ဘက်ကမ်း စမ္မာယ်နဂိုရ်ရွာသို့ ကူးချေသန်းချေသွားလာနေကြသည်။

''ဟိုအေးလွှဲ့ယ်ခုတ်မှာ မှုန်ဝါးဝါးမြင်နေရတဲ့ တောင်ဟာ သိမ်းတောင်ပေါ့ အစ်ကို။ ဧရာဝတီရဲ့ တတိယမြစ်ကျဉ်း ပထမဆုံး အဝင်နေရာပေါ့။ စုပ်ဝဲကြီး ရှိတယ်၊ အလွန်အန္တရာယ်များတဲ့ နေရာပေါ့။ ရေတက်ချိန်မှာ ကမ်းပါးကပ်ပြီး သွားလို့ရပေမဲ့ အခုလို ရေကျချိန်မှာတော့ စုတ်ဝဲကြီးနဲ့ မလွတ်တလွတ် ခုတ်မောင်းရတာတယ်။ သတိထားနော် အစ်ကို''

''အေးပါကွယ် ... အေး ... အေး ...''

သိမ်းတောင်ကြီးအနီးရောက်တော့ စုတ်ဝဲကြီးအသံကို တဟဲဟဲ တဝေါဝေါ ကြားလာရသည်။ သင်္ဘောဆလင်၏ အင်ဂျင်ခန်းသို့ အချက်ပေးသံများ ကလင် ... ကလင်နှင့် ဆူညံစွာ မြည်အပြီးနောက် သင်္ဘောကြီး၏ စက်သံကလည်း တရှန်းရှန်း မြည်ဟီးလာသည်။ တော်ပါသေးသည် သင်္ဘောဆလင်၏ ကျွမ်းကျင်မှုကြောင့် သင်္ဘောကြီး၏ သာဘက်ရေရဟတ်ဘီးကြီး သိမ့်ခနဲ တုတ်လှုပ်သွားပြီးနောက် ...

''လွတ်သွားပြီဟေ့ ... တော်ပါသေးရဲ့''

ဟူသော ခရီးသည်အမျိုးသားကြီး တစ်ဦးထံမှ အော်သံကြား



www.burmeseclassic.com

www.burmeseclassic.com



ရပြီးနောက် သင်္ဘောကြီးမှာ စက်သံမှန်မှန်ဖြင့် ဆက်လက်ခုတ်မောင်းနေပြန်သည်။ ဆရာမလေးမှာ မျက်နှာငယ်ကလေးဖြင့် ကျွန်တော့်အနားကပ်ပြီး တုန်လှုပ်နေရာမှ . . .

"တော်ပါသေးရဲ့ . . . အစ်ကိုရယ်၊ ဒီသိမ်းတောင်စုပ်ဝဲကြီးက ရေကျချိန်မှာ အလွန်အန္တရာယ်များတာ လူလည်း စားတယ်။ သစ်ဖောင်၊ ဝါးဖောင်နဲ့ လှေတွေ၊ မော်တော်တွေလည်း သူစုပ်ယူပြီး စားထားတာ တစ်နှစ်တစ်နှစ်ကို နည်းတာမဟုတ်ဘူး"

မြစ်တို့၏ ရေကြောင်းခရီးတွင် ရေဝဲဟူ၍ ရှိသည်။ ထိုရေဝဲတွင် စုပ်ဝဲ၊ မှုတ်ဝဲဟူ၍ ရှိပြန်သည်။ စုတ်ဝဲမှာ အတွင်းသို့ တဝီဝီလည်ပြီး အလယ်သို့စု၍မွှေ့ကာ ရေအောက်သို့ ဆွဲနှစ်ယူခြင်းဖြစ်သည်။ မှုတ်ဝဲမှာ အပြင်ခွင်သို့ တဖွားဖွား တွန်းပြီးမွှေ၍ ကန်ထုတ်ခြင်းဖြစ်သည်။ မြစ်ရေပြင်မှ ပဟေဠိတစ်ပုဒ်ပင်ဖြစ်ပါသည်။

ကျန် တတိယမြစ်ကျဉ်းမှ သိမ်းတောင်ဝဲသည် စုပ်ဝဲကြီးဖြစ်သည်။ စုပ်ဝဲမှာ မှုတ်ဝဲထက် အန္တရာယ် အလွန်ကြီးများလှသည်။ ပပဝင်းသင်္ဘောကြီး၏ဆလင်က သွားလာနေကြ ကျွမ်းကျင်သော ရေကြောင်းခရီးဖြစ်၍သာ အန္တရာယ်ကင်းစွာ ဖြတ်သန်းနိုင်ခြင်း ဖြစ်လေတော့သည်။

ကျွန်တော်တို့သင်္ဘောကြီး ဆက်လက်စုန်ဆင်းလာရာ ဟိုအဝေးတွင် မှိုင်းပျပျ တောင်တန်းကြီးကို မြင်နေရသည်။ သပိတ်ကျဉ်းမြို့၏ အဓိကရ ရွှေဥဒေါင်းတောင်ကြီးဖြစ်သည်။ အရှေ့ဘက်နှင့် မြောက်ဘက်စွန်းတစ်လျှောက်တွင် အင်းနက်တောင်၊ မတောင်းတောင်နှင့် ရွှေဥတောင်တို့ရှိကြသည်။ ထိုတောင်ကြော အစွန်းတောင်စွယ်ပေါ်၌ သပိတ်ကျဉ်းမြို့ကလေးက တည်ရှိနေသည်။ ကျွန်တော်တို့ သင်္ဘောကြီးသည် ဧရာဝတီ၏ တတိယမြစ်ကျဉ်းခွင်အတွင်းသို့ ရောက်ရှိနေခြင်း





ဖြစ်သည်။

တတိယမြစ်ကျဉ်းသည် မလည်၊ သိမ်းတောင်မှ ကျောက်မြောင်းအထိ ရှည်လျားပေသည်။ ဧရာဝတီမြစ်ကြီး၏ ပထမမြစ်ကျဉ်း ဒုတိယမြစ်ကျဉ်းနှင့် တတိယမြစ်ကျဉ်းတို့သည် ကျယ်ပြန့်လှသော ဧရာဝတီမြစ်ကြီးအတွင်း၌ ထင်ရှားသော ဝိသေသများဖြစ်ကြသည်။ တတိယမြစ်ကျဉ်းမှာ ပထမနှင့် ဒုတိယမြစ်ကျဉ်းတို့နှင့် စာလျှင် မကျဉ်းမြောင်းလှပေ။ ပထမမြစ်ကျဉ်းသည်သာ အကျဉ်းဆုံး ဖြစ်ချေသည်။

ကျွန်ုပ်တို့သည် တောင်စွယ် တောင်ရိုးအပေါ်မှ သပိတ်ကျဉ်းမြို့ကလေးကို လှမ်းမျှော်ကြည့်မိသည်။ ဆိပ်ကမ်းမှာ ရေကျချိန်ဖြစ်၍ ပေ(၄၀)ခန့် မြင့်မားနေသည်။ လက်ဖက်ရည်ဆိုင်နှင့် ထမင်းဆိုင်များက ဆိပ်ကမ်းတွင် နေရာယူထားသည်။ ဆိပ်ကမ်းတွင် လှေသမ္ဗန်နှင့် မော်တော်များ ဆိုက်ကပ်ထားသဖြင့် စည်ကားနေပါသည်။

"ညီမ . . . အိပ်ချင် အိပ်လေ။ မအိပ်ချင်ရင်တော့ အစ်ကိုဆိပ်ကမ်းဆင်းပြီး လက်ဖက်ရည်ချို ဝယ်လိုက်မယ်"

"ဟုတ်ကဲ့ . . . အစ်ကို၊ လက်ဖက်ရည်ချိုမသောက်ရတာ ကြာပြီပဲ။ အိပ်ငိုက်ပြေ သောက်ကြတာပေါ့"

ထို့ကြောင့် ပပဝင်းသင်္ဘောကြီး ဥဩသံပေး၍ သပိတ်ကျဉ်းဆိပ်ကမ်းကပ်သည်နှင့် ကျွန်တော် ဆင်း၍ လက်ဖက်ရည်အချိုနှင့် အကြော်များ ဝယ်ခဲ့သည်။ ပဲဆီသန့်ဖြင့်ကြော်ထားသော အကြော်မျိုးစုံမှာ ပူနွေးပြီး မွှေးကြိုင်နေသည်။

သပိတ်ကျဉ်းဆိပ်ကမ်းတွင် ခရီးသည် အဆင်းအတက် နည်းသဖြင့် သင်္ဘောကြီးမှာ (၁၅)မိနစ်ခန့်သာ ကမ်းကပ်နားပြီး ဆက်လက်ထွက်ခွာလာခဲ့ပါသည်။ အချိန်က ည (၈) နာရီကျော်ခန့်သာ ရှိပါသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

သဘော်ကြီး ဆက်လက်ထွက်ခွာလာရာ ဧရာဝတီမြစ်၏ ဝဲဘက်ကမ်း ကျောက်ဆောင်ပေါ်တွင် ရွှေရောင်တဝင်းဝင်းနှင့် အညာသီဟတော်ဘုရားကို ဖူးမြော်ရသည်။ ဆရာမလေးမှာ လက်ဖက်ရည်သောက်၊ မုန့်စားရင်း အညာသီဟတော်ဘုရားအား ပုဆစ်တုပ်ထိုင်၍ ရိုကျိုးစွာ ရှိခိုးပူဇော်နေပါသည်။

ကျွန်တော်တို့၏ ရှေ့ခရီးရေစုန်တွင် ကြောလေးချောင်းနှင့် ကြောလေးဝဲတို့ ရှိကြပြန်သည်။ ထို့အတူ ရေကြီးလျှင် လွန်စွာ ကြောက်စရာကောင်းသည့် ကျော်ရဲလေးကျောက်ဆောင်နှင့် ကျော်ရဲကြီးကျောက်ဆောင်တို့သည် အစုန်ခရီး လက်ျာကမ်း၌ ရှိကြပြန်သေးသည်။

မိုးရာသီတွင် လွန်စွာ အန္တရာယ်များပြီး ကြောက်စရာကောင်းသော နေရာများ ဖြစ်ကြသည်။ ထိုနေရာတွင် ဧရာဝတီမြစ်ကြီး၏ လက်ဝဲလက်ယာတို့တွင် တောင်ကြီးနှစ်လုံးကို တွေ့ရပြီး မြစ်ကြောင်းမှာလည်း ကျဉ်းမြောင်းသွားသည်။

တောင်နှစ်လုံးကြား မြစ်ရေမှာ ပြာလွင်၍ ကြည်စင်နေသည်။ တောင်ကြားရေလမ်းမှာ၊ လွန်စွာနက်ရှိုင်းဟန် တူသည်။ လက်ယာဘက်က တောင်ကြီးမှာ ဘိုးဖြူတောင်ကြီးဖြစ်၍ လက်ဝဲဘက်က တောင်မှာ မယ်ဖြူတောင်ဖြစ်သည်။ သာယာသောကောင်းကင်ယံတွင် ကြယ်ရောင်ကလေးများ လင်းလက်နေသဖြင့် တောင်ကြီးများကို ထင်ရှားစွာ မြင်နေရသည်။ ထိုစဉ် ဆရာမလေးက . . .

"အစ်ကို . . . ဒီတောင်ကြီးနှစ်လုံးကို ဘိုးဖြူတောင်နဲ့ မယ်ဖြူတောင်လို့ ခေါ်တယ်။ မောင်ပေါက်ကျိုင်းတို့ အဖေနဲ့အမေကို ရည်ညွှန်းပြီး ခေါ်တာလို့ တကောင်းကလူတွေက ပြောကြတယ်"





အော် . . . တကောင်းပုံပြင်များက ဆရာမလေးစိတ်ထဲတွင် စွဲလမ်းနေတုန်း ဖြစ်ပုံရသည်။ ကျွန်တော်လည်း စဉ်းစားတွေးတောနေရင်း အဆိုတော် ဒေါ်မာမာအေး၏ မောင်ပေါက်ကျိုင်းသီချင်းကို သတိရမိသည်။

ကျွန်တော်တို့လည်း မေးပါများ စကားရ၍ သွားပါများ ခရီးပေါက်ခဲ့ချေပြီ။ အချိန်ကလည်း ညသန်းကောင်ကျော်ပါပြီ။ မီးတထိန်ထွန်းထားသော ကျွန်တော်တို့ ပပဝင်းသဘော်ကြီးကတော့ မောင်ပေါက်ကျိုင်းရာဇဝင်လို မအိပ်မနေ စုန်ဆင်းဆဲပင် ဖြစ်ပါသည်။

သဘော်ကြီးသည် ရွှေကျင်စခန်းကြီးကို ကျော်၊ ကတွက်ကျေးရွာကိုဖြတ်ပြီး ကျောက်မြောင်းသို့ စုန်ဆင်းနေပြန်သည်။ ကျောက်မြောင်းသည် သာမညမဟုတ်ပါ။ ကုန်းဘောင်ခေတ်ကို တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ သက္ကရာဇ် (၁၁၁၇) ခုနှစ်တွင် တည်ထောင်ခဲ့သော ရွှေဘိုမြို့ ဆိပ်ကမ်းကောင်းတစ်ခုဖြစ်ပေသည်။ အလောင်းမင်းတရားကြီး၏ ကုန်းဘောင်ရေတပ်ကြီး အခြေစိုက်ခဲ့သော နေရာလည်းဖြစ်သည်။ ရွှေဘိုမြို့ကြီး၏ တစ်ခုတည်းသော ရေကြောင်း ဆိပ်ကမ်းထွက်ပေါက်တစ်ခုလည်း ဖြစ်သည်။

တကယ်တော့ ဤဒေသသည် ပူပြင်းခြောက်သွေ့သော ဒေသတစ်ခုသာဖြစ်သည်။ ဧရာဝတီမြစ်ကြီးနှင့် မူးမြစ်၊ ချောင်းရိုး၊ မြောင်းရိုးများကို အခြေတည်ပြီး ဆည်တမံ၊ ဆောက်လုပ်ခဲ့ခြင်းကြောင့် ဤနယ်မြေတစ်ခွင်တွင် စိမ်းလန်းစိုပြေပြီး စပါးအထွက်ကောင်းခဲ့သည်။ ရွှေဘိုခွံနီစပါးသည် ယခုအချိန်ထိ နိုင်ငံကျော် ဖြစ်ချေသည်။

"ဘော် . . . ဘော် . . . ဝေါ် . . . ဝေါ် . . . ဝူး . . . ဝူး . . ."

ကျောက်မြောင်းကို သဘော်ကြီး နှုတ်ဆက်ပြီး ထွက်ခွာလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြန်ရာ မနက်အရုဏ်ဦးသို့ပင် တိုင်ခဲ့ချေပြီ။ ဆရာမလေးက မအိပ်ဘဲ ငုတ်တုတ်ထိုင်နေသလို ကျွန်တော်လည်း ငုတ်တုတ် မိုးလင်းခဲ့ရပါတော့သည်။ ရေစုန်ခရီးဖြစ်၍ သင်္ဘောကြီးမှာ အလွန်မြန်သည်။

အရုဏ်ဦး လင်းရောင်ခြည်ကြောင့် ဧရာဝတီမြစ်ကမ်းနှစ်ဘက်ကို မြင်သာထင်သာ ရှိလာသည်။ စဉ့်ကူးမင်းမြို့သို့ ရောက်သောအခါ နေထွက်လာလေပြီ။ ကမ်းပါးပေါ်တွင် စဉ့်ကူးမင်းခေါင်းလောင်းကြီးကို လှမ်း၍ မြင်ရသည်။ ခြင်္သေ့ကြီးနှစ်ကောင်မှာ ငုတ်တုတ်ပင်။

အမတ်ကြီးဦးပေါ်ဦး ပြောခဲ့သလို ဧရာဝတီမြစ်ကြီးအတွင်း ခုန်ချတော့မည့် အတိုင်းပင်။ ကျွန်တော်တို့ သင်္ဘောကြီးသည် ခက်သင်၊ ဆီသည်၊ ထုံးကြီး၊ သစ်ဆိမ့်ကြီး၊ ဟသ်ာကြီး၊ ရှိမ်းမကားနှင့် စဉ့်ကိုင်တို့ကို ကျော်လာသောအခါ စစ်ကိုင်းတောင်ရိုးကြီးကို လက်ယာဘက်ကမ်းတွင် လှမ်းမြင်ရပြီး ဘုရားစေတီ အဆူဆူတို့အား ပူဇော်ရသည်။

လက်ဝဲဘက်အဝေးတွင် မန္တလေးတောင်ကြီးကို လှမ်းမြင်ရပေပြီ။ မင်းကွန်းအရပ်ကို ဖြတ်ကျော်ပြီး သင်္ဘောကြီးသည် ရတနာပုံ၊ မန္တလေးမြို့တော်ကြီးသို့ ဦးတည်ခုတ်မောင်းနေပြန်ပါသည်။

ဟိုးအဝေး လက်ဝဲဘက်ကမ်းပေါ်တွင် မန္တလေးတောင်ကြီးမှာ ပြာလဲ့လဲ့ရှိနေရာမှ အစိမ်းရောင်သမ်းလာသည်။ မန္တလေးတောင်ပေါ်မှ စေတီပုထိုးတော်တို့ကိုလည်း ထင်ရှားစွာ ဖူးမြင်လာရသည်။ သင်္ဘောကြီးအနောက်တွင် စစ်ကိုင်းတောင်ရိုးကြီးက တရိပ်ရိပ် ကျန်ရစ်ခဲ့တော့သည်။

"အစ်ကို ... ညီမတို့ဂေါ်ဝိန်ဆိပ် ရောက်တော့မယ်။ ညီမတို့အိမ်မှာ ခေတ္တခဏ တည်းပါဦးလား ဟင်"

"မတည်းတော့ပါဘူး ... ညီမ။ အစ်ကိုက ဖခင်ကြီးနာရေး





ရှိတော့ မိလို့မီငြား ကြုံရာရထားနဲ့ ရန်ကုန်ပြန်ရဦးမယ်။ ဒါပေမဲ့ ညီမရဲ့ပစ္စည်းတွေက များတော့ အစ်ကို ညီမတို့အိမ်အထိ ကားငှားပြီး လိုက်ပို့ပေးပါမယ်။ အစ်ကိုပြန်တက်လာတော့မှ ညီမတို့အိမ်မှာ စိတ်အေးလက်အေး တည်းခိုပါ့မယ်"

"ဟုတ်ကဲ့ပါ ... အစ်ကို"

သင်္ဘောကြီးမှ ဥသြအရှည်ကြီးဆွဲ၍ မန္တလေးဂေါ်ဝိန်ဆိပ်ကမ်းသို့ တဖြည်းဖြည်း ချဉ်းကပ်နေပြီဖြစ်သည်။ သင်္ဘောကြီး ဆိပ်ကမ်းကပ်သည်နှင့် ကျွန်တော့်မှာ ဆရာမလေး၏ ပစ္စည်းများအား ကားငှား၍ အခေါက်ခေါက်အခါခါ တင်ရသည်ပြီးမှ ကျွန်တော်တို့ ဆရာမလေးတို့အိမ်ရှိရာ မန္တလေးဈေးချိုအနီးသို့ သွားကြသည်။

သူမ၏ မိဘများနှင့် ကျွန်တော့်အား မိတ်ဆက်ပေးရာ အလွန်ဖော်ရွေသော မန္တလာသားများ ဖြစ်ကြ၍ နေ့လယ်စာ၊ အတင်းကျွေးသဖြင့် ရေမိုးချိုးပြီး နေ့လယ်စာ စားရပြန်သည်။

ကျွန်တော် ဘူတာကြီးဆင်းတော့ ဆရာမလေးအပြင် သူ၏မိဘများကလည်း အငှားကားငှား၍ ဘူတာအထိ လိုက်ပို့ပြန်ပါသည်။ နေ့လယ်ရထားရ၍ အဆင်ပြေပါသည်။ ရထားစောင့်ရင်း လက်ဖက်ရည်ဆိုင်ထိုင်ကြစဉ် ဆရာမလေးက ...

"အစ်ကို .... အပြန်ကျရင် ညီမတို့အိမ်ကို ဆက်ဆက်ဝင်ဖြစ်အောင် ဝင်ပါနော်။ လိပ်စာပေးထားတာပဲ။ စာကြို့ရေးပါ။ ညီမစောင့်မျှော်နေမယ်။ အစ်ကို ကသာပြန်ရင် သင်္ဘောကြီးနဲ့ပဲပြန်ပါ။ ညီမအစ်ကိုနဲ့အတူ တကောင်းကို သွားလည်ချင်သေးတယ်။ အဖေနဲ့အမေဆီမှာလည်း ခွင့်တောင်းပြီးပါပြီ"

"အေးပါကွယ် ... အေးပါ ... အစ်ကိုလည်း ရန်ကုန်မှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လောက်ပဲ ကြာမှာပါ။ တာဝန်ကြီး တစ်ဖက်နဲ့ဆိုတော့ အမြန်ဆုံး ပြန်လာရမှာပါပဲ။ တကောင်းကိုသွားလည်ရင် အဒေါ်တို့ ဦးလေးတို့လည်း လိုက်ခဲ့ကြပေါ့။ ပြီးမှ ကျွန်တော်တာဝန်ကျရာ ကသာမြို့အထိ လိုက်လည်ကြပြီးမှ ပြန်ကြတာပေါ့နော်"

"ကောင်းပါပြီကွယ် ... သားရယ်"

"ဝေး ... ဟေး .. ဟေ ... အဲ့ဒါမှတို့ ... အစ်ကိုကွ။ ပျော်လိုက်တာနော်"

ပီတိ ကလေးငယ်တစ်ယောက်လို ရွှင်မြူးနေသော ဆရာမကလေး မထွေးထွေးဖြူကို ကြည့်ရင်း ကျွန်တော်လည်း ပီတိအပျော်များ ကူးစက်မိတော့သည်။ ရှေးဟောင်းမြို့တော် တကောင်းမြို့ဟောင်းက ပဌာန်းဆက်သံယောဇဉ်များမှာ ကျွန်တော့်နှလုံးသားထဲအထိ ဝင်ရောက်နေရာယူနေပြီဖြစ်သည်ကို ယခုမှ သဘောပေါက်နားလည်ခဲ့ရပါတော့သတည်း။

☼ ☼ ☼

**ထောင်မှုန်ကြီးသိန်းဝင်း**



www.burmeseclassic.com

| ၁ |

❑

"ဟော့ . . . နီဂရိုးမ . . . မင့်မှာ ဆေးလိပ်ကျန်သေးရင် အဘကို တစ်ဖွာနှစ်ဖွာရှူရအောင် ခဏပေးစမ်းဦးလကွာ"

အဘဦးဖဲသာကြီးဆီက အဲဒီလို မီးခိုးလိုင်းကိစ္စကို စကားစလာပြီး သူထိုင်နေကျ ဘာယာတန်းဘေးက သစ်ပျဉ်းကြီးတွေ ငေါ်ထွက်နေတဲ့ တိုင်မကြီးကို ခြေဆင်းလဲလူ ထိုင်ချလိုက်ပြီဆိုရင် သိလိုက်ပေတော့။ အဲဒါ 'အချိန်ကျပဟေ့' လို့ အခါတော်ပေးတဲ့ အဘဦးဖဲသာကြီးရဲ့ ထောင်ခရုသင်းမှုတ်သံပဲလို့လေ။

ဒီအချိန်ဆိုရင် မတ္တရာဘက်ထွက်တဲ့အချိန်မှန် လော်ကယ်လေးကမှ တိမ်းတိမ်းပွေပွေ မိနစ်ပိုင်းလောက် နောက်ကျကောင်း နောက်ကျလိမ့်ဦးမယ်။ အဘဦးဖဲသာကြီးကတော့ အချိန်ကို မှန်လို့။ 'ရိုက်တိုင်း' ပဲ။





နော့ . . . ဒီလိုညည့်ပိုင်း အိပ်ချိန်ပေး 'လိုက်ဒေါင်း' မီးကြီး ...သေးခင်အချိန်ရယ်လို့ လောက်လောက်လားလားက ဘာရှိသေးလို့ ...

တွက်ကြည့်လေ။

ညနေ ငါးနာရီဆိုရင် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ကိုယ့်အိပ်...ာင်၊ ကိုယ့်တိုက်ခန်းတွေထဲကို အလျှိုလျှို ကိုယ်စီကိုယ်ငှ ဝင်ကြရ... ကျုပ်တို့ရွာက နွားမခြံတွေထဲ နွားအုပ်တွေကို အစာဝအောင့်လွှတ်...ာင်း။

ရေချိုးပြီးရင် အုပ်လိုက်ပြန်မောင်းသွင်း၊ ဆူးစည်းရိုးကြီးနဲ့ ...အခြောက်။ ကိုယ့်ခြေလေးချောင်းစာ ခွာရာချုန့်နေရာမှာပဲ လေး...က်ပစ်စုံ ရပ်နေလိုက်ကြသလို။ အဲ . . . အဲသလိုပါပဲဗျာ။ ထောင်...တန်းစီတော့မှာကိုးလေ . . . နော့။

နောက်ကျလို့ မဖြစ်ဘူးရယ်။

ကိုယ်က ထောင်နေသား, ထောင်သက်ကလေးကသာ လေး, ...ခြောက်နှစ်။ ဘာအကောင်, ပလောင်၊ ဘာဆရာကြီး ဘာခေါင်းကြီး ...ထဲမှာမှ နောက်မြီးလေးကတောင် စာရင်းပါတာ မဟုတ်ဘဲကိုး။ ...ရာ၊ စည်းကမ်းထိန်း၊ တန်းစီး၊ အခန်းလူကြီး၊ ဝေးပဝေးပ။ ကိုယ်နဲ့ ...ဆိုင်သလဲ ဆိုတာတွေချည်းပဲ။ နော့ . . .။

ကိုယ့်ခြေထောင်အောက် ငုံကြည့်လို့မှ မြေကြီးပဲရှိတဲ့ ကျုပ်...လို ဘောက်ဆင်းတွေ၊ ချက်ဘုတ်တွေဆိုတာ ထောင်ထဲမှာ ပြေး...သွားနိုင်လွန်းမှ အရိုက်လွှတ် အသားနာ လွှတ်တတ်တာမျိုးကိုး။ ...တောင် ကိုယ်က အပိုးကျိုးအောင် နေတတ်လွန်းလို့။

ဆိုသမျှ၊ ဆဲသမျှ၊ အော်သမျှ၊ ငေါက်သမျှ နားမရှိသလို



www.burmeseclassic.com

www.burmeseclassic.com



သဘောထား။ 'မအေ, နှမ'၊ တစ်ဆွေတစ်မျိုးလုံး ကိုင်တုတ်လည်
ပန်းနဲ့ပေါက်နေတာလို အမျက်အအီ တစ်စမရှိ။ ဖြိုးစပ်ဖြိုးစပ် ပြုံးတုံး
ပြုံးတုံးနဲ့ ရှုးချင်ယောင် ဆောင်တတ်ခဲ့လွန်းလို့။

အဲ ... ထောင်ပိတ်တယ်ဆိုတာကလည်း ဖေတစ်ရာဖေတေ
ထောင်မသားတွေ စုနေတဲ့ အရပ်ဆိုတော့ ဆူဆူဆဲဆဲ 'ငါဟယ် လူဟယ်
လုပ်နေတဲ့ထဲကကို တော်တော်နဲ့ မပြီးနိုင်ဘူး။

ဟိုဝေ့ဒီဝေ့၊ ဟိုလိုအကြောင်းပေါ် ဒီလိုအကြောင်းပေါ်နဲ့ဟ
အိပ်ထောင်ပိတ်တန်းအပ်မယ့် ဆရာကြီးဦးလှရွှေသာ ရောက်လာကရော
မရှုသဝါစာ ဆဲဆိုကြိမ်းမောင်း နည်းမျိုးစုံ ကျမ်းကြီးပေါက်ရွက်လို့သ
ပြီးကရော။ အဆင်ချောတယ်ရယ်လို့ကို တစ်ရက်ကမှမရှိ။ အဟုတ်
အဟုတ်ပြောတာ။

ထောင်ပိတ်လူပေါင်း ကိုက်တော့ရော ပြီးပလားတဲ့။

ဘယ် ... ဝေးသေး။ အိပ်ထောင်ပိတ်အဖွဲ့တွေဟာ တစ်
ထောင်လုံးက အကျ,အချုပ်၊ ယောကျ်ား,မိန်းမ၊ အိပ်ဆောင်, တိုက်ခန်း
စုံတကာစေ့အောင် စာရင်းပေါင်း။ အဲဒီစာရင်းနဲ့ တကယ့်လူဦးရေ
ကိုက်အောင်ဆိုတာ တမေ့တမောကြီး စောင့်ကြရဦးမှာ။

အဘိုးကြီး ဘိုးလွန်းပြေဆို 'သံဗုဒ္ဓေ' ပုတီးပတ်တောင်သတ်
စေ့ စိပ်လို့ရတတ်သတဲ့။ 'ဒေါင် ... ဒေါင် ... ဒေါင် ...' ဆိုတဲ့
'လူပေါင်းကိုက်ပြီ၊ တန်းဖြုတ်လိုက်တော့' ဆိုသယောင်ယောင်၊ မင်္ဂလာ
ရှိလွန်းလှတဲ့ အိပ်ထောင်ပိတ်အခါတော်ပေး သံချောင်းခေါက်သံကို
စောင့်ရင်း ဘုရားကု, ကုနေတာလေ။ သူက ထောင်ပိုင်ကျန်ရက်ကျ
ရင် လွတ်တော့မှာကိုး။

ပေါက်စီတို့၊ အိုက်တူးတို့၊ အူစမန်တို့၊ ဘောကျော်, ဘောသော





တို့ မျောက်လောင်းတွေကတော့ အခန်းလူကြီးထားပြီး စာရွက်လှန်တမ်း
ကစားနေလိုက်ကြတာများ 'သံချောင်းခေါက်တာက ဒီကနေ့မှ မြန်နေ
သလိုပဲ' ဆိုပါရောလား။ ကဲ ... ဟိုဘက်တစ်ခြမ်းက ပိုက်ဆံပါလား။
တစ်သိုက်ကတော့ အိပ်ငိုက်တဲ့သူက ငိုက်၊ သံချောင်းခေါက်လိုက်တာ
နဲ့ တန်းပြီး ညနေစာ 'ဝါးတီးပေး' ကြရအောင်ဟာ ခိုးဝှက်ပြီး ပြင်ကြ
ဆင်ကြ၊ ချိုးချိုးချွတ်ချွတ်။

ကျုပ်တို့ 'ပွဲမောင်ကြီး' ကတော့ ထုံးစံအတိုင်း 'လေထိုး
လေအောင့်လို့' လို့ အခန်းလူကြီး အမိန့်ခံပြီး ကုန်းကုန်းကြီး အိပ်နေ
လိုက်ပလေသာ။ တဲ့စ်ချီတစ်ချီ ဟောက်သံတွေတောင် ထွက်လာ
လိုက်သေးရဲ့။ ဟုတ်နေတာပဲ။

ခင်မောင်သောင်းနဲ့ ကျော်သန်းက သူတို့ကွမ်းယာထုပ်နဲ့
ဆေးလိပ်တွေကို လက်ဆင့်ကမ်းစနစ်နဲ့ ကျော်သန်းက သူတို့ကွမ်းယာ
ထုပ်နဲ့ ကုလားချစ်မောင်တို့ ခိုင်းရေပြောတို့၊ နဝရက်တို့ မိလ္လာအဖွဲ့က
သူတို့ရဲ့ ကော်ဇလုံ, ကော်ခွက်, ဂျိုင်ပတ်တတွေကို တီးခတ်ပြီး သီကြ
ဆိုကြမဲ့ 'ဆည်းဆာ' တီးဝိုင်းအတွက် အစီအစဉ် ညှိနေတာလည်း
မပြီးနိုင်မစီးနိုင်။

ဦးလေးကြွားတို့ ဓားပြအုပ် လေး,ငါး ဆယ်ယောက်ကတော့
နောက်ပြန်ပတ်လက်ကြီးတွေ အိပ်လို့၊ သူတို့က အုပ်တောင့်တယ်။ ဘယ်
ဆာရာ၊ ဘယ်တန်းစီးကမှလည်း သူတို့ကို မျက်မွေးထော်လို့ မော်
ကြည့်ရဲကြဘူး။ ကြည့်မိရုံနဲ့တင် မီးပွင့်မယ့် မောင်တွေကိုး။ သင်းတို့
က။

အဲ ... အဲဒီအချိန်မှာဗျာ ... ကျုပ်တို့တန်းစီး ကိုကံချွန်ကြီး
က အိပ်ဆောင်စည်းကမ်း၊ ထောင်စည်းကမ်းတွေကို ကရွတ်ကင်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီ။ ကျုပ်ထောင်သက် လေး,ငါးနှစ်မှာ နားရည်ဝပြီး အလွတ်ရနေပြီဖြစ်တဲ့ အဲဒါကြီးတွေကို လှည့်စာမထည့်ထားမိတဲ့ လှည်းပဒေါင်းအီသံကြီးနဲ့ 'တအီအီ' ရွက်နေလိုက်တာများဟာ ကျုပ်နားထဲမတော့ ကျုပ်အမေကြီး အသုဘတုန်းက 'ဖောင်ကျင်း' က ငိုချင်းသည် 'ဒေါ်ခဲကြီး' စိတ်မပါလက်မပါ 'အီ' နေသံကြီးနဲ့ တူချက်ဗျာ။ တကယ် … တကယ်။

ဝတ္ထုရေးရှိလို့သာ သူ့ဘာသာသူ လျှောက်ပြောနေတာပါ ခင်ဗျား ဘယ်သူမှလည်း သူ့စကားတွေကို 'တန်းစီး' ဟဲ့လို့ အရေးတယူ ဂရုတစိုက် မရှိကြပါဘူး။ ကိုယ်နေချင်သလို နေ့,နေကြတာပဲဟာ။ ကျုပ်တို့ရွာက အရှူးခက်ဖေ ရွာရိုးကိုးပေါက် အချိန်မတော် သီချင်းအော်ဆိုနေတာမျိုးကိုတောင် 'ဟေ့ … ဟဲ့' လို့ ဆီးမဲ့တားမဲ့၊ ဟန့်မဲ့သူ ပေါ်လာချင်သေးရဲ့။

ကျုပ်တို့တန်းစီး ကိုကံချွန်ကြီးကိုတော့ဖြင့် သူ့လေသူထိုး ပဲခူးရောက်ရောက် ပေယျာလကန်ကြီး ပစ်ကိုထားလိုက်ကြတော့တာ။ သင်းကြီးကလည်း ရခဲတုံး။ သူပြောစရာ ကုန်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ''ကိုင်း … အဲဒါပဲ။ တန်းဖြုတ်ကြတော့' လို့ တိခနဲ တရားချပြီး ပွဲသိမ်းပစ်လိုက်ကရော။

နော့ … ဒီကနေ့ ထောင်ဝင်စာလာလေသမျှ အဆောင်သားတွေ ပူဇော်ပ,သထားတဲ့ ထမင်းဖြူ၊ ဟင်းစုံ၊ ချိုချိုချဉ်ချဉ် ဖွယ်ဖွယ်ရာရာကလေးများနဲ့ လျှာရင်းမြတ်မြက် ပွဲတော်တည်ဖို့က ရှိနေပေသေးတာကိုး။ ဟင်း … ဟင်း … ဟင်း … ကျုပ်တို့ထောင်ထဲမှာလည်း အဲဒီလို 'ဩကာသ' ကိစ္စမျိုးတွေက ရှိသေးဗျ။ အဟုတ်ရယ် …။ ပျောက်နိုင်သေးဘူး။





ကဲ … တန်းစီးက 'တန်းဖြုတ်တော့' လို့ပါးစပ်လည်း ဟ, လိုက်ကရော တစ်ခန်းလုံး ကသုတ်ကရက်၊ ဖြုန်းဖြုန်းဖြင်းဖြင်းနဲ့ 'စားမဟဲ့ … ဝါးမဟဲ့' ပြင်လိုက်ကြ၊ ဆင်လိုက်ကြပုံများတော့ ဝေသာလီပြည် ဘီလူးကျတာသာ မှန်းကြည့်ပေရော့။

ထောင်ကျလာတဲ့ဘဝမှာ ညပိုင်း တန်းဖြုတ်အပြီး စိတ်အေးလက်အေး ရခဲတုံးဖင်ခုထိုင်ပြီး ပုံစံထမင်း၊ ပုံစံဟင်းပဲဖြစ်ပစေ၊ စိမ်ပြေနပြေ အရသာခံ့ဝါးရတဲ့ အဲဒီအချိန်ဟာ ကျက်သရေမင်္ဂလာ အရှိဆုံးပဲ။ နိဗ္ဗာန်ပဲ။ ထောင်ပုံစံ တာလပေါ်ဟင်းရည်ကျဲကို တောင်ယာဘက်က ခိုးခူးထားတဲ့ ငြုပ်သီးစိမ်းတောင့်လေး၊ ပင်စိမ်းရွက်ကလေး၊ ပူစီနံကလေး မြုပ်မြုပ်ပြီး စားရတာတောင်မှပဲ မြိန်လှချည်ဗျာ။

အဘဦးလွန်းပြောကတောင် … 'သိန်းမောင်ရယ် … နင့်ဟာ ဖုတ်များ ဝင်နေသလားဟဲ့။ ဒယ်ကျီးစောင်လိုလို၊ သံချေးစော်လိုလို သရိုးသရီနံ့လွန်းလို့ ငါတောင် တစ်ဇွန်းမှခပ်မမြည်းဖြစ်ခဲ့တဲ့ ချဉ်ပေါင်ရည်ကျဲကိုများ နတ်သုဒ္ဓါ စားနေရတဲ့အတိုင်း။ ရော့ … ရော့ … အဲဒီမယ် ငါ့ပုံစံထမင်းတစ်ဝက်နဲ့ ပုံစံငပိကြော် ပလီစိချောက်ချက်၊ ထောင်ဝင်စာ ဗာလချောင်ကြော် အကြွင်းအကျန် အိုးကပ်ခွက်ကပ် လချီးတဲ့မှ …' လို့ ကရုဏာဒေါသော ဆူချင်သေးဗျား။ အဲဒါက … နေ့တိုင်း၊ ညတိုင်း။

အင်း … ကျုပ်မလည်း ဒီဘိုးကြီးအိုတစ်ယောက် ထောက်ထောက်ခံခံ ရှိနေပေလို့သာ။ နို့မို့ဆို … ကျုပ်စားလုံးကြီးပုံမျိုးနဲ့ဆို အာဠာဝကကြီး ပြိတ္တာဖြစ်သလို နေတော့မှာပဲ။ ဟား … ဟား … ဟား …။

အောင်မယ်လေး … အဲဒီအချိန် သူ့အစုနဲ့သူ၊ သူ့အုပ်နဲ့သူ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့စားအိုးတွဲနဲ့သူ ဝိုင်းဖွဲ့ပြီး စားနေသောက်နေလိုက်ကြတာများဟာ အဲဒီအချိန်သာ လာကြည့်လှည့်။ ဘယ်သူက ထောင်ကျလို့ စိတ်ညစ်နေကြတဲ့ လူတွေလို့ ထင်မိမှာတုန်း။

တောအလှူက ထမင်းရုံထဲမှာ တိုးတိုးခွေ့ခွေ့ အလှူထမင်း အလှူဟင်း ကျွေးလွေးနေကြတဲ့ စတုဒီသာပွဲတော်ကြီးပဲ မှတ်မှာ။ ရယ်သံမောသံ၊ တောင်းသံရမ်းသံ၊ ဝေသံမျှသံ၊ ဆူညံဆူညံ၊ ကြွက်စီကြွက်စီ ခင်မောင်သောင်းလို အမေမွေးကတည်းက ရုက်ကြောပြတ်လာတဲ့ ကျောက်ကျောရေပတ် အကြောပြောင်ဆိုရင် ခန်းလုံးပတ်လည် ဘေးမဲ့ ဈေးနွှားကြီးလို ဟိုဝိုင်းဝင် ဒီဝိုင်းတောင်းနဲ့ ခွေးဘုရားပွဲတွေ့ ဖြစ်နေတာ။ သူ့ကော်ဇလုံကြီးဆို လျှံလို့မောက်လို့။

အဲ ... ဒါပေတဲ့ ... သူတစ်ယောက်တည်း လျှာမထိအာမထိ စားသောက်ပစ်တာတော့ဖြင့်လည်း မဟုတ်ရှာပါဘူး။ ဦးဖဲသာကြီးတို့၊ ဘိုးမိုးတို့၊ ဘိုးအေးဖေတို့၊ ဘိုးကြီးအိုတွေကို 'ရော့ ... အင့်' ဖဲ့ပေးစိတ်ပေးရသေးတာ။ မောင်မင်းကြီးသားက ဒါမျိုးကျ တော်ရှာပေတယ်။

အဲ ... ဗိုက်ကလေးပြည့်လို့ ကိုယ်အိပ်ရာကလေးကို ကိုယ်အသင့်ပြင်။ ထမင်းလုံးစီဖို့ကြံရင်း သေချင်းဆိုးဂျပိုးနဲ့ စီချင်းထိုးကြရပြန်ရောဗျို့။ သင်းတို့ကလည်း ထုနဲ့ထည်နဲ့။ နေ့တိုင်းညတိုင်း တွေ့တိုင်းလည်း လူတိုင်းက သတ်ကြ၊ ကပ္ပိပစ်ကြပါရဲ့။ ဒီအထဲကကို ကိုရွှေဂျပိုးများကလည်း ကျုပ်တို့ဒုက္ခကောင်တွေရဲ့ သွေးကိုသောက်ပြီး မျိုးပွားမြန်လိုက်လေသလား မပြောနဲ့။ သတ်လို့ကို မကုန်နိုင်ဘူး။

နော့ ... နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိတဲ့ ဒီထောင်အို ထောင်မင်းကြီးမှာ ဘယ်ထောင်မှူး၊ ထောင်ပိုင်၊ အကျဉ်းသား





ချုပ်သားမှ မနှိမ်နိုင်ခဲ့တဲ့ 'ဆရာမနိုင်၊ နှစ်ဆောင်ပြိုင်' ဆိုလို့ သင်းတို့ မျိုးတွေပဲ ရှိတာကိုး ... အဟုတ်။ အိပ်လို့သာ အိပ်လိုက်ရ၊ မနက်လင်း လို့ထလိုက်ပါပြီဆိုရင် တစ်ကိုယ်လုံးကို ပွထူနေရော။ အဖုတွေ အပိန့်တွေဆိုတာ အပ်ချစရာတောင် နေရာမရှိချင်ဘူးရယ်။

အဲဒီအခိုက် ... ကြားလိုက်ရတာပဲ။

"ဟေ့နိုဂရိုးမ ... မင့်မှာ ဆေးလိပ်ကျန်သေးရင် အဘကို တစ်ဖွာနှစ်ဖွာရှူရအောင် ခဏပေးစမ်းဦးလ,ကွာ" ... တဲ့။

အချိန်မှန် လော်ကယ်ရထားကြီး ဆိုက်လာတာလေ။

အဘဦးဖဲသာကြီးကို ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ဦးဖဲသာဆိုလို့ ဟော့ဒီမန္တလေးထောင်ကြီးမှာ တစ်ခေတ်တာ တုန်းက ဟုန်းဟုန်းထဲခဲ့ဖူးတဲ့ မူလလက်ဟောင်းဦးဖဲသာကြီးများ မမှ လိုက်လေနဲ့။ အဲ ... အဲဒီဦးဖဲသာကြီးက ကြိုးစင်နဲ့ ကြိုးတိုက်ဘေး 'ဦးဖဲသာဘုရား' လို့ ကိုးတောင်ပြည့်စေတီကလေးရဲ့ ဘုရားဒါယက ဟိုးလွန်ခဲ့တဲ့ ၁၉၅၀နှစ်တစ်ပိုက်က ကြိုးတိုက်တန်းစီး။ ခါးပြလူသတ် နဲ့ ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျလာခဲ့တဲ့ လူမိုက်ပဂေး အဓိပ ကြီး။

သူ့ကြိုးတိုက်က ကြိုးသမားတွေ ကြိုးပေးခံရဖို့ ကြိုးစင် တက်ခါနီး လူ့ဘဝရဲ့- နောက်ဆုံးအချိန်ကလေးများမှာ 'ဗုဒ္ဓ နုဿ ဘာဝနာ'မှ ဖြစ်ပါစေတော့၊ ဘဝကူးကလေးမှ ကောင်းပါစေတော့





အသန္တကဲဖောကလေးမှ ကြည်ပါစေတော့ရယ်လို့ ထူးထူးမြတ်မြတ် သဒ္ဒါ ပေါက်ပြီး ကြိုးတိုက်နဲ့ ကြိုးစင်အကြား လမ်းခုလတ်မှာ ကိုးတောင်ပြည့် မြေပေါက်စေတီကလေးတည်ထား၊ ဒါနပြုထားခဲ့တဲ့ အာဂကျဉ်းသားကြီး ခင်ဗျ။

ထောင်ကျဆောင်နဲ့ ၁–တိုက်၊ ၂–တိုက်အကြား အုန်းပင် နှစ်ဆယ်အစိတ်လောက်ရှိတဲ့ အုန်းပင်တန်းရှည် တစ်လျှောက်က ထောင် ဈေးတန်းကလေးမှာ ဆေးလိပ်၊ ကွမ်းယာ၊ မုန့်ပဲသွားရည်စာကလေး ရောင်းပြီး ရလာတဲ့ အမြတ်ကလေးနဲ့ ထုံးဝယ်၊ သဲဝယ်၊ အုတ်ဝယ်။ နှစ်ပေါက်အောင် ကိုယ်ထူကိုယ်ထ ကိုယ့်သံလက် ကိုယ်ကိုင်တည်ခဲ့ တာတဲ့ဗျား။

ကျုပ်တို့လူ အဘဦးဖဲသာက အဲဒီဦးဖဲသာကြီး မဟုတ်ရပါ ဘူး။

အိုကြီးအိုမ လူသတ်မှုနဲ့ကြိုးကျပြီး (၂/၈၀)လွတ်ငြိမ်းချမ်းသာ ပေးတဲ့အခါ တစ်သက်တစ်ကျွန်း ထောင်ဒဏ်ပြောင်းလာခဲ့တဲ့ ဦးဖဲသာ ပါ။ သတ်ခဲ့တာကလည်း ဘယ်သူတွေကို တုန်းလို့မေးများလည်း မေး ကြည့်ဦး။

သူ့အရင်ပထမမယားကြီးနဲ့ မွေးခဲ့တဲ့ သူ့သားအရင်းနဲ့ သူ့ နောက်မယားကိုတဲ့ ... ဗျာရေ။ ဟုတ်ပ ... ဘာရှိရဦးမလဲ။ 'အိုးချင်း ထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ'ခဲ့ကြတဲ့ 'ဒု,သ,န,သော' မသူတော် ဇာတ်ရှုပ်ဇာတ်ထုပ်ပဲနေမှာပေါ့။

အင်း ... အဘိုးကြီးက ရိုးပုံရိုးလက်ကြီးပါ။ သဘောဖြူအေးပင်း ကြီးရယ်။ ပြောတာဆိုတာ နေတာထိုင်တာကအစ တုတ်ထိုးအိုးပေါက် ဘွင်းဘွင်းကြီး။ 'ရေးကုသိုလ်ကြမ္မာငွေ့ကြောင့်' လို့ သူပြောပြောနေသ



www.burmeseclassic.com

www.burmeseclassic.com



လိုပေါ့။ နော့ . . . ဒီထောင်ကြီးထဲ ရောက်လာလာလေသမျှ အပြစ်သား၊ ထောင်ကျသားတွေအားလုံး သတ္တုချလိုက်ရင် 'ဘူးသီးပိတ် . . . နွားနှင်း' ဖြစ်ခဲ့ရတဲ့သူက ခပ်များများ မဟုတ်လား။

အဟုတ်တကယ် . . . မိုက်စား ဆိုးစားပေရော့လို့ ကိုယ့်မအေ ကိုယ့်ဖအေက လက်သပ်ကိုယ်ကျွတ် မွေးပေးလိုက်တဲ့ မွေးရာပါ လူဆိုး လူမိုက်ရယ်လို့ ဘယ်မှာရှိလို့တုန်း။ ရောကောသောကော ပါလာခဲ့တယ်ဆိုရင်တောင် တစ်ရာတစ်ယောက် ရှားမှရှား၊ ခေါင်ခေါင်ခါးခါး ကြီးရယ်။

ပြောချင်တာက ဦးဖဲသာဆိုတဲ့ အဲဒီအဘိုးကြီးအိုဟာ ယောင်ယောင်ကန်းကန်း ကြမ္မာသည်တွေထဲမှာမှ 'အင်း . . . ခင်ဗျားကြီး၊ ဒီလောက် ရိုးလွန်းအ,လွန်းတာဟာဖြင့် ထောင်ကျတာတောင် နည်းသေး' လို့ ကရုဏာဒေါသောနဲ့ ဩဘာပေးချင်စရာ လူမျိုးလို့။ အဲသလို ပြောပစ်လိုက်ချင်တာ။

"ဟေ . . . ငါပြောတာ ဘယ့်နှာတုန်း . . . မောင်ရင် မြက်လျှော့ရဲ့"

ဟော . . . လုပ်ချလိုက်ပြီ။ ဒီနာမည်ပျက်ကြီးကို ခေါ်တာ မကြိုက်ပါဘူး ဆိုနေမှ။ သူ့ကို စကားပြန်မပေးဘဲ တုံ့ကိုဘောလုပ်နေမိလို့ တမင်အရွဲ့တိုက်ပြီး ခေါ်တာ။ ကျူပ်ဘာသာ အသားမည်းပြောင်၊ သပိတ်ရောင်ထနေလို့ 'နီးဂရိုးမ' လို့ ခေါ်တာထားပါ။

ထောင်မှာ နာမည်ကောင်းဆိုတာ ဘယ်သူ့ဘယ်သူမှာမှ ရှိမှ မရှိကြပဲဟာ။ ဥတုသုံးပါးစလုံး နှာရည်တရွှဲရွှဲနဲ့ နှာခေါင်းကလေး တရှုံ့ရှုံ့ လုပ်နေတတ်တဲ့ လန်ကားအုန်းမောင်ကို 'နှမ်ချေး'၊ မိုးလင်းမိုးချုပ် မျက်ချေးခွာလိုက် မျက်စိပွတ်လိုက်လုပ်နေတတ်တဲ့ မောင်မြင့်ကို





'မျက်ချေး'၊ ဘယ်တော့ဘယ်အခါမှ ရေမချိုး မိုးမချိုး နံနံစော်စော် အမြဲဖြစ်နေတဲ့ ဘိန်းစားအာခိတက် ကိုမောင်ကြီးကို 'ငပိ၊ ရှေ့သွား နှစ်ချောင်းရဲကန်လို့ ကျိုးနေတဲ့ စက်ဘီးသူခိုး ကျော်မိုးကို 'သွားကျိုး'၊ မုဒိမ်းမှုနဲ့ ထောင်ကျလာတဲ့သန်းဝင်းကို 'အလိုမတူ'၊ ခြေကလေး လိန်ဖယ်နဲ့ မားပြသန်းရင်ကို 'ခွာလိမ်'၊ ကဲ . . . ဘာကောင်းတာ ရှိသေးတုန်း။

ကျုပ်ကျတော့ ကျူပ်ရှေ့မှာ လက်ဝှေ့ကျော် နှစ်ကြီးကျ ယောကျ်ားဘသ်ား 'မြွေပွေးသိန်းမောင်' ကြီးက ရှိပြီးသားမို့၊ အဆိပ် မရှိ 'မြက်လျှောသိန်းမောင်' တဲ့။ ထောင်ဘူးဝတံခါးကြီးက ဝင်လာလို့မှ ညမကူးလိုက်ရဘူး။

'မင်းက ဘာသိန်းမောင်လဲ . . . မြွေဟောက်လား၊ ငန်းတော် ကျားလား။ ပုံကဖြင့် ခပ်တုံးတုံးနဲ့ မြက်လျှောပဲနေမှာပါ' ဆိုတဲ့ တံခါး ထောင်မှူး ဦးထွန်းဟန်ကြီးရဲ့ စကားနဲ့တင် 'မြက်လျှော' ကို လုံးလုံး ဖြစ်ကရော။ သိက္ခာကျ နံနိမ့်လွန်းလို့ မခေါ်ပါနဲ့လို့ ရှိခိုးဦးတင်ပြော လည်း မရဘူး၊ ခက်ဘူးလား။

"ရော့ဗျာ . . . ငွေနဂါး ထက်ပိုင်းကျိုး။ ကျုပ်မှာလည်း အဲဒါပဲ ရှိတော့တယ်။ စောစောလေးက 'ဆင်ဆင်' တစ်လိပ်တော့ ချန်ထားခဲ့သေးသား။ မြွေပွေးကြီး ခုနကပဲ ဝင်ဆွဲသွားလို့"

ကျွဲမြီးတိုတိုနဲ့ သောက်လက်စ 'ငွေနဂါး' အတိုကိုပဲ လက်ကမ်း ပေးလိုက်မိတော့တယ်။ မှန်တာများပြောရင်လည်း ချမ်းသာရပါစေ့။ ပုံစံပုဆိုးခေါက်ထဲမှာ မြင်းခြံ 'ဆင်ဆင်' အသစ်နှစ်လိပ်ဖြင့် အရှိသား။ ပေးမပေးချင်တော့လို့။ စေတနာ 'ကန်း' လွန်းလို့။

"ဟော . . . အဘ . . . လာပလား။ လာထိုင် . . . လူစုံမှ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်မယ်လို့ မှန်းထားတာ။ ဒီကနေ့ အိမ်က 'သန်းရင်မ' ထောင်ဝင်စာ လာသွားသလေ။ အရိုးတောင်း ကြက်ခြေနီသုပ်ကလေးနဲ့ အုန်းထမင်း လျက်ကလေး။ ကဲ ... စားကြဦး။

ဟောဒီရေဘူးထဲမှာတော့ ဖယန်းကြီးလက်ဖက်ခြောက် မွှေး မွှေးကလေးခပ်ပြီး နှပ်ထားတဲ့ ရေနွေးကြမ်းခါးခါးတဲ့ဗျား။ ပူတုန်းရှိ သေးတယ်။ ပုဆိုးပိုင်းနဲ့ ပတ်ထားခဲ့တာလေ။ မွတ်ဆလင်ဖို ချစ်စုကြီး က တောင်းထားတဲ့ ရေနွေးဟာကော၊ ကောင်းကောင်း ဆူပ,ပွက်ပ ရေနွေးကြမ်းပေတဲ့ မကျက်ပြန်ရင် နံ့ချင်ချင်ရယ်''

နှပ်ချေးအုန်းမောင်က ရှိတာလေးတွေ ထုတ်ကျွေးလာတယ်။ ဟုတ်ပါရဲ့ ...။ သင်းရဲ့ ထောင်ဝင်စာထုပ်က နည်းတာကြီး မဟုတ်ပါ ကလား။ ထောင်အလုပ်ရုံလက်ဖြစ် ကြိမ်အူခြင်းတောင်းကလေးနဲ့ တစ်လုံး အပြည့်အသိပ်။

''နိပ်ဟ ... စားရချည်သေး။ ဩော် ... ဒါနဲ့ ... ဟေ့ကောင် နှပ်ချေး ... ဒီနေ့ ထောင်ဝင်စာလာတွေ့တဲ့ နင့်ကြက်မကြီးရဲ့နောက် မှာ ပြီတီတီ ကြာကူလီရုပ်နဲ့ ငနဲတစ်ကောင် ကပ်ပါလာသေးတယ်ဆို။ ထောင်ဝင်စာဘုတ်ကိုင် 'ခွာလိမ်' က လူကြားသူကြား လျှောက်ဖွနေ လေရဲ့ မောင့်''

''ဖွတ် ... မင်းကတော့ တိုရေရှားရေထားမိတဲ့ စေတနာ ကလေးတောင် ခြောက်ခမ်းအောင်လုပ်လာပြီ။ မင့်အပေါက်ကြီးထဲ တစ်ခုခုထည့်ထားပြီး ဝါးနေစမ်းပါကွာ 'အလိုမတူ' ရာ''

''အေးလေ ... မင်းကိုက အလိုက်ကန်းဆိုးမသိ။ အယ် ... ဟုတ်ပ ...။ မင့်ထောင်ဝင်စာထုပ်ကြီးက တကယ် အယ်စတုံကြီးပါ မင့်ကလား ... ကောင်ရ။ အင်း ... ကေနွတော့ ... ကေနွပဲဟေ့။





ထောင်ဝင်စာတွေ့တဲ့ ရက်ကလည်း စိပ်သထက်စိပ်လာ၊ လာတိုင်းလည်း အထုပ်ကြီးက ဟည်းဟည်းထနေရင်တော့ မဟုတ်မှ လွဲရော့ထဲကပဲ ကောင်''

''လာပြန်ပြီ ... ဒီမျောက်လောင်းက နောက်တစ်မျိုး''

''စေတနာနဲ့ ပါနှပ်ချေးရာ .. ဒါမျိုးဆိုတာ ကိုယ်တွေ့မကြုံဖူး ခံရဖူးသေးရင် ဘေးကဘီက ဘာပြောပြော၊ မင်းလိုမျိုးပဲ အလကား အချောက်တိုက်ပြီး 'ဝင်' 'ကလိ' တယ်ပဲ ထင်တတ်ကြတာ''

''ကဲကွာ ... မင်းတို့ စကားကောင်းပြောကြမှာလား။ ငါ ကျွေးတာမွေးတာကို ပါးဖြန်းဖြန်းစားပြီး ငါ့ကို နှလုံးနောက်အောင် လုပ် ကြမှာလား။ ကဲ ... ပြော ...။ ငါ့စေတနာ အဟောသိကံ မဖြစ်ရ လေအောင်ဟာ ဒါတွေကို ပြန်သိမ်းထားလိုက်တာ ကောင်းလိမ့်မယ်''

''ဟိုးထား ... ဆရာ ... ဟိုးထား။ လှူတယ်တန်းတယ် ဆိုတာ စိတ်ထားတတ်မှ မြတ်သတဲ့ ... ကောင်ရ။ စေတနာတွန့်ရင် အကျိုးပေးလည်း ဆွံ့တတ်သတဲ့ဟ။ ကုသိုလ်ရှင် ဒါနကလေးမှမြောက် ပါစေတော့လို့ တို့က ပါရမီဖြည့်ပေးမလို့ဟာကို ... ဟုတ်ဖူးလားကွာ နှံပြား''

''ဟုတ်ပ ... ဟုတ်ပ ... ဟဲ ... ဟဲ ... ဟဲ ...''

''ဟဲ ... ဟဲ ... ဟဲ ...''

''အေပေးတွေ ... ရော့ .. မျိုကြ, အပင်းလွှိုကြ၊ သောက်ပင်း ဆို့ကြ''

''ဟီး ... ဟီး ... ဟီး ...''

ဒီလိုပါပဲ ...။ ထောင်နံ့ရုံတံတိုင်းကြီးရဲ့ အပြင်ဖက်က ဖဲဟဲ့ ဖဟဲ့ဆွေတွေမျိုးတွေ သားမယား ဇနီးခင်ပွန်းတွေဆိုတာဟာ ဆွေရင်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးခြာတွေ ဆိုပေတယ်လို့ ဒီအချိန်မှာဖြင့် ကိုယ့်မျက်စိတစ်ကမ်း လက်တစ်လှမ်းက ဒီလူဒီလူတွေလောက် အားကိုးရတာ၊ အဖော်သဟဲ ဖြစ်တာမှ မဟုတ်တာ။

နေ့နေ့ညည ဒုက္ခခံဖော်ခံဖက်၊ ထောင်ပုံစံ ဟင်းတစ်ဖတ်ကို တောင် ဖွန်းမားနဲ့ အစိတ်စိတ်လှီးဖြတ်ပြီး ဝေမျှစားဖော်စားဖက် ဒီထောင်ကြီးပျော်တွေလောက် အနွံအနာခံနိုင်ကြတာမှ မဟုတ်တာက လား။ စကားပြော အပေါက်အလမ်းမတည့်လည်း ခဏပဲ။ တစ်အောင့် တစ်နေဖြတ်ရင် တဟီးဟီး ... တဟားဟားနဲ့ ထွေးလုံးရစ်ပတ် 'ဟီး လားတိုက်' နေကြပြန်တော့တာပဲ။ ဒါဘဝ၊ ဒါထောင်လောက၊ ဒါ ကျုပ်တို့ရဲ့ နိစ္စဓူဝလေ ... နော့။

"မိန်းမဖျက်က
ပြည်ပျက်တတ်စွာ၊ ဆိုရိုးမှာရှင့်
မေတ္တာမမြဲ ... သစ္စာလွဲ၍
ဖောက်လွဲရွေလွယ်၊ လေသဖွယ်နှင့်

အကယ်မယွင်း၊ အာလွန်မြင်းသို့တဲ့ မောင်အုန်းမောင်ရဲ့ စာလာ ပေလာကတော့ အဲသလိုရှိတယ်။ တို့များ မန်လည်ဆရာတော်ဘုရားကြီး က ဖဃဒေဝလင်္ကာသစ်မှာ အဲသလို ရေးစပ်ဆုံးမ ထားတော်မူခဲ့ဖူး လေရဲ့"

ကိုင်း ... လာပါပြီဗျာ။

ကျုပ်တို့တွေ နေရာထိုင်ခင်းကလေးများလည်း အခြေကျ၊ စာရေးသောက်တာကလေးများကလည်း ကာရံသင့်၊ ဆေးလိပ်မီးခိုးတွေ များလည်း နှာခေါင်းကြပ်ခိုး စွဲလောက်အောင် ထောင်းထောင်းထပြီး ပွဲစည်လာတဲ့အချိန် မျှော်လင့်တုန်း ကြော့ဆုံးလာခဲ့ချေပေါ့။ သောင်





မတိုက်ဘဲ ဘယ်မှာ ကမ်းဆိုက်နိုင်ပါ့

ဘယ်သူရှိရဦးမှာလဲ။

ကျုပ်တို့မင်းသားကြီး အဘဦးဖဲသာပေါ့။

ကျုပ် ပြောခဲ့ပြီကောလေ။ လူရိုးလူအေး လူဖြောင့်ကြီးပါဆို တာ။ အဲ ... အခုတော့ တစ်ခုထပ်ဖြည့်ပြောလိုက်ရဦးမယ် ဗဟုသုတ အကြားအမြင်မှာကလည်း လွှတ်ပြည့်စုံတဲ့လူကြီး ထောင်သက်ကလည်း ရှည်ပြီ။ ကြိုးသမားဘဝလို ဟာမျိုးကိုတောင် ကြုံခဲ့ဖူး မြည်းစမ်းခဲ့ ဖူးပြီးပြီ ဆိုမှတော့ ခံစားချက်တွေ၊ ဘဝအတွေ့အကြုံတွေဆိုတာကို စားမြုံ့ပြန်ရဦးမှုလား။

ထောင်ထဲမှာ လူပေါ်လူဇော် ထွန်းခဲ့ပေါ်ခဲ့ဖူးသမျှ လူ့မိုက်ခဲ တွေအကြောင်းကို အထုပ်ဖြေပြရမလား။ ထောင်ပိုင်ကြီးတွေ၊ ထောင် ပိုင်ကလေးတွေ၊ ထောင်မှူးကြီး၊ ထောင်မှူးလေးတွေနဲ့ ထောင်ဝန်ထမ်း တွေအကြောင်း သူတွေ့သူကြုံတွေကို နုတ်သံနှောရမှာလား။

အဲ ... ဒီထောင်မှာ ဖြစ်ဖူးခဲ့တဲ့ ထူးထူးလည်လည် ထောင် ဇာတ်လမ်း၊ ထောင်ပုံပြင် သဗ္ဗန်ပေါင်းတွေကို ဖောက်သည်ချရမလား။ သူမကြုံမတွေ့ခဲ့ရသည့်တိုင် သူဖတ်ဖူးခဲ့တဲ့ 'ထောင်မင်းသားဦးဖိုးထော်' လို ဇာတ်လမ်းမျိုးတွေကိုများ မရိုးမအီရလေအောင် ပြောရဦးမလား။ တစ်ရက်မှမထပ်အောင် နားထောင်ရတဲ့သူတွေ မငြီးအောင် မနားတမ်း ပြောပြနိုင်ပါပေရဲ့။

အဲ ... ကျုပ်တို့အိပ်ရာနားမှာ ညတိုင်းညတိုင်း အဲဒီအချိန် မျိုးဆို လူတွေကို ဝိုင်းလို့။ အဘဦးဖဲသာကြီးရဲ့ စကားတွေကို အားပေး ကြ၊ သွားရည်ယိုကြတဲ့ သူတွေလေ။

ကျုပ်တို့လူကြီးက သူတစ်ခုခုပြောတော့မယ် စကားပျိုးတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် အဲသလို စာသံပေသံကလေးက အရင်ပေးလာတော့တာ။ သူစ,လာတဲ့ လေသံနားထောင်လိုက်ရင်ကို ဒီကနေ့ည သူဘာပြောတော့မယ်ဆိုတာ မှန်းလို့ခန့်လို့ရပြီးသားပ။ အပွေးမြင် အပင်သိဆိုတယ် မဟုတ်လား။

နို့ပေတဲ့ . . . ဒီကနေ့ ချီလာပုံကြီးက တစ်မျိုးရယ်။

နားထောင်ကြည့်ဦး။

'ချစ်ဟောင်းကိုရှဲ၊ ချစ်သစ်လဲ၍၊ သေပွဲသွင်းကာ၊ မိသာမာသို့၊ ကြင်နာကင်းမဲ့၊ ချစ်မငဲ့ဘူး၊ ကိုးဆယ့်ကိုးဇာတ်၊ လင်ကိုသတ်သား၊ မမြတ်ယုတ်မာ၊ ကျမ်းနိုက်လာခဲ့' . . . တဲ့ဗျာ။ မိန်းမများ ဆိုးပြီဟော့ဆို ရှေ့မကြည့်နောက်မကြည့် အဟုတ်ကိုဆိုးတာ။ ဘယ်လိုမှကို ယုံစားလို့ မရဘူးဗျား။ ဘာတဲ့ . . .

'မိန်းမတို့ဇာတ်၊ သည်တိုင်းမှတ်လော့၊ မတ်နှင့်တစ်သွန်၊ ကျွန်နှင်ကြုံခိုက်၊ တွေ့ရာကြိုက်၍၊ ကြုံကြိုက်သမျှ၊ မိပါဖတို့၊ ကြုံကြမစောင်း၊ မကောင်းမွေဟောက်၊ ပြန်ကာပေါက်သို့၊ စိတ်ကောက်ဝင်ကာ၊ ပျက်သစ္စာနှင့်၊ မေတ္တာသွေပြောင်း၊ သတ်ခွင့်ချောင်းလျှက်၊ သေကြောင်းကိုသာ၊ ကြံတတ်စွာ၏၊ ကိလေသာဟူ၊ သဘောမထင်၊ မဆင်ခြင်ခဲ့' . . . တဲ့ဗျာ။

မိန်းမတို့သဘောကို ဆရာတော်ကြီးက အဲသလိုကို ပစ်ပစ်ခါခါ ချေချွတ်ဆုံးမခဲ့တော်မူတာ။ အင်း . . . ပညာရှိစကားများ တယ်မှန်ကိုး။ ပြေးကြည့်စရာမလိုဘူး . . . တွေးကြည့်ရုံနဲ့ သိသတဲ့။ အင်း . . . အင်း . . . ကိုရင်တို့ရေ . . . အဲဒီ သူတော်ကောင်းကြီးတွေ စကားများ မယုံမရှိလိုက်ကြလေနဲ့။ ကိုယ်တွေ့ပဲဟေ . . . ကိုယ်တွေ့ဟ''

ဒီဘိုးကြီးအို ဒီကနေ့ည ပြောပုံဆိုပုံ ထူးလှချည့်။





စကားသံတွေက ရင်ထဲကလာတဲ့ ခံစားချက်တွေအပြည့်နဲ့ လေးလေးလံလံကြီး။ ခါတိုင်း ရယ်ရွှန်းဖတ်ရွှန်းသောက ပြောချင်စရာ ဗိုလ်ပတ်စတွေကိုမှ ရွေးပြောရင်း ကွင်းဖွင့်နေကျပါ။ ဒီကနေ့မှပဲ ရုပ်တည်ကြီးနဲ့။

''ဘယ်နှယ် . . . အဘဦးဖဲသာကြီး . . . ကျုပ်တို့ ရင်လေးနေမိကြတာက နှပ်ချေးမိန်းမနဲ့ သူ့ထောင်ဝင်စာထုပ်ကိစ္စ။ အဲဒါကို ဘယ်လိုဘယ်လို အဘက မိန်းမမုန်းလေသံကြီးနဲ့ မယ်မင်းကြီးမတွေ အကြောင်းကို ဘသိုင်းကြီး ဖွတ်ဝင်ကြိတ်နေရပြန်တာတုန်း။ အလကား နေရင်း မာန်တွေ တက်နေရပြန်တာတုန်း။ အေးရာအေးကြောင်း အချိန်ကလေးမှာ ရင်ပူအောင်တော့ မဖန်တီးနဲ့နော်။ အုန်းထန်းလျက်ကလေး တောင် မချိုနိုင်ဘူး ဖြစ်သွားဦးမယ်''

''ဟုတ်တယ် . . . ဘကြီးဖဲသာ၊ ဒါကလေးတွေကို အရင် ရေနွေးကလေးနဲ့ မြှောချလိုက်ပါရစေဦး''

''အဘိုးကြီး ကြည့်ရတာ သုမနကျောမှာ ဒဏ်ရာတွေနဲ့ ဆိုသလိုထင်ရဲ့ဗျာ . . . ဟုတ်စ''

''အဘဦးဖဲသာကြီး ဒဏ်ရာဟောင်းတွေ ပြန်ပေါ်လာပြန်ပြီလား''

လူငယ်တွေပဲလေ။ ထုံးစံအတိုင်း အဘိုးကြီးကို ဝိုင်းစကြနောက်ကြ၊ ကလိကြငြိကြပေါ့။ အဲ . . . ဒါပေမဲ့၊ ဒီကနေ့တော့ ထူးကို ထူးသဗျ။ ခါတိုင်း ဒီတူအရွယ်သားအရွယ် ဒုက္ခဖော်တစ်သိုက်နဲ့ ထိပ်ပုတ်ခေါင်းရိုက် ဟေးလားနေနေကျ အဘိုးကြီးဦးဖဲသာဟာ ခုများဖြင့် ငြိမ်လို့ကုပ်လို့။ ရုပ်က သိပ်မရွှင်ဘူး။ ဦးဖဲသာကြီးကသာ ငြိမ်နေတာ။ မငြိမ်တဲ့သတ္တဝါတွေက မငြိမ်ပေါင်။ ပြောင်းဆန်လို့။



www.burmeseclassic.com

www.burmeseclassic.com



လက်ဆယ်ချောင်းပါတယ်ဆိုတဲ့ ကာလီမန် မယ်တော်ကြီးတောင်မှ 'အလိုမတူ' တို့၊ 'မျက်ချေး' တို့၊ 'သွားကျိုး' တို့လက်တွေကို မီလိမ့်မယ်မထင်။ ဂျပ်အင်ဂျင် အငှားတပ်ထားသလား ထင်ရပ။

ဘာကြာတုံး ... နှပ်ချေးအုန်းမောင်ရဲ့ သဒ္ဒါဆွမ်းပွဲကလေးဟာ တက်တက်စင် ပြောင်ကရော။ ကော်ပန်ကန်ပြားမှာ ကပ်နေတဲ့ အနှစ်ကလေး၊ ဆီကျန်ကလေးတွေကိုတောင် အိုက်တူးက ပုံစံထမင်းကျန်နဲ့ လူးနယ်ပြီး ပါးဖြဲနားဖြဲ တုပ်နေလေရဲ့။

အဲ ... အဲဒီအထိ၊ ကျုပ်တို့လူကြီးက ပုံမပျက်ချင်သေးဘူး။ ငြိမ်ကောင်းတုန်း။

အင်း ... သည်လိုပုံစံနဲ့တော့၊ ခါတိုင်းလို အဘိုးကြီးအိုဆီက 'ထောင်မင်းသားဘိုးထော်' တို့၊ ကပ္ပလီကျွန်းရောက်တဲ့ 'ဗိုလ်ရာညွန့်' တို့၊ မြင်ကွန်းကိုယ်တော်ကြီးတို့ အကြောင်းတွေဟာ ဟ,မှ လာဖြစ်ပါဦးတော့ မလားမသိ။ ကျုပ်တို့တွေ စိတ် 'ဆာ' နေကြရပြီ။

"အဘ ... နေကောင်းရဲ့လား"

"အင်း ..."

"ငြိမ်ချက်သား ကောင်းလွန်းလို့။ ပြီးတော့ စကားထူး စကားဆန်းတွေကိုလည်း ပြောလိုပြော"

"ရှော့ ... အဘ ... ဆေးပေါ့လိပ် ..."

ဒါနဲ့ပဲ ... ငုက်ထားတဲ့ 'ဆင်ဆင်' ကလေး တစ်လိပ်ကို သဒ္ဒါဒေးယျ ထုတ်ပေးဖြစ်လိုက်ရတော့တယ်။ နော့ ... အဘိုးကြီး ကြည့်ရတာ ဘယ့်နှယ်ကြီးမှန်းမှ မသိ။ သူ့ကိုကြည့်ရတာ ရင်ထဲမှာ တမျိုးကြီး။ 'စိတ်ထင်လို့ များလား' ဆိုပေတဲ့ ... ကြည့်လေ ... ကြည့်လေ ... အဖိုးကြီးမျက်နှာက ခါတိုင်းထက်ပိုပြီး ထူးထူးလည်





လည် ချုံးကျ၊ အိုစနာကျလာလေ။

"အင်း ... ငါစဉ်းစားနေတာ"

"ရော် ... ဘာများဖြစ်လို့တုန်း လို့။ ကိုင်း ... ထားပါဦး၊ ရွှေတောင့်ရှားပါး တိုရေရှားရေ ထောင်ဝင်စာ လာပို့ထားတာကလေးများကို လက်နဲ့တောင် မတို့ဖြစ်ရအောင်ဟာ ဘယ်လောက်အရေးကြီးတဲ့ ကိစ္စမို့လို့လဲ"

"အင်း ... သွားရှာလေသူ ငါ့သားနဲ့ ငါ့မယား၊ အမိုက်မနဲ့ အမိုက်ကောင် တို့စ်ရှဉ်းက ဟောဒီ အရိုးတောင်း ကြက်ခြေနီသုတ်ဆို သိပ်ကြိုက်ကြရှာတာကိုး။ အဲဒါမြင်တော့ သင်းတို့ကို သတိရရလာသကွယ်"

"ဟောဗျ ..."

ကျုပ်တို့တွေ လျှာတစ်လစ်ကလေးတွေနဲ့ ဖျတ်ခနဲ ဇက်ကလေးတွေ ပုသွားကြရသဗျ။ ဟုတ်ပ ... ကျုပ်တို့ဘိုးတော်ကြီးက 'ဟတ်ထိ' နေရှာပေတာကိုး။ နို့ ... သိမှမသိကြဘဲ။

"အုန်းမောင်ကြီးရဲ့ လက်ဖက်သုပ်ကို မြင်တော့မှ ငါလည်း အတွေးတွေ ပွထလာသကွ။ ဟိုရောက်လိုက် ... ဒီရောက်လိုက်ကြီးကိုပဲ ပြောတော့ဗျာ။ အဲဒါကြီးက စိတ်ဝင်စားဖို့ လွတ်ကောင်းဦးမှာဆိုတာ ကျုပ် ပြောရဲတယ်"

"အောင်မယ်မင်း ... မျက်ချေးရယ် ... မင်းက တစ်မှောင့်"

"အေး ... အေး ... ဒီလိုကွ"

အဲဒီ 'ဒီလိုကွ' ကြီးကို ပြောပြီးလို့ တော်တော်ကြာတာတောင် အသံကနောက်က ထပ်ကြပ်ပါလာတာ မဟုတ်ဘူး။

ကျုပ်တို့မှာ ဇက်ကြောတွေများ တင်းလို့တောင့်လို့။ ဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



အို 'ဘာပြောမှာတုန်း' လို့ 'သူ့ 'ဒီလိုကွ' ကြီးကို 'မျှော်မော' မောနေ ရတာလေ . . . တကာတည်း။

''အဲဒီကိစ္စမှာ အစပိုင်းက မှားသလား၊ အဆုံးပိုင်းရောက်မှ မှားသွားတာလား၊ ဘယ်အချိန်ကစပြီး မှားလိုက်မိလေသလဲဆိုတာကို ငါက စဉ်းစားနေခဲ့မိတာ။ ဒါပေတဲ့ . . . ဒီကနေ့အထိ ရေရေရာရာကို မရှိသေးဘူး။ ဇဝေဇဝါကြီးပဲ''

ဟောဗျာ . . . 'ဘုရားဒကာ ဦးတုတ်ကို ဘုရားတုတ်' လို့ ဖွတ်ကြီး လုပ်ချလိုက်ပြီ၊ သူ့စကားတုံးတိကြီးက အစမရှိ၊ အဆုံးမရှိ။ ကျုပ်တို့တွေ ငါ့သူကြည့်၊ သူ့ငါကြည့် ဖြစ်ကုန်ကြရော။ ဖြတ်တော့ မမေးရဲဘူးဗျ။ စကားပြောပြတ်သွားရင် 'မောကြော' ရယ်။

''ဒီလိုကွာ . . . ငါစဉ်းစားနေတာက ငါ နောက်အိမ်ထောင် ပြုလိုက်မိတာကများ စပြီး မှားသွားတာလားလို့''

''ဟာ . . . ဘကြီးဖဲကလည်း ဘယ်လိုက ဘယ်လိုဆိုတာ သေချာလိမ့်ပတ်လည်အောင် အရင်ပြောဦးမှပေါ့ဗျ။ ဦးဘိုးတော်ကြီးရဲ့ ဇာတ်လမ်းလို အချိတ်ကလေး၊ အဆတ်ကလေးနဲ့ 'ဟင်ခနဲ . . ဟာခနဲ' ကလေးတွေနဲ့ လုပ်စမ်းပါ''

သူ့ကိုယ်သူဖောက်ထွင်းဝိဇ္ဇာပါလို့ အာဝါသနေတဲ့တုံချိ(ခ) ကျော်မြင့်ပု ကဝင်, လောတယ်။ ဟုတ်တယ်လေ၊ သူကဒီဝိုင်းမှာ ဒီလို ပြောကြဆိုကြတဲ့ဇာတ်လမ်းတွေကို အာရုံစွဲအောင်နားထောင်၊ ပြီးရင် သူ့စိတ်ကူးနဲ့ လိုတိုးပိုလျှော့ အဆင်အသွေးတွေပြောင်း၊ ဇာတ်ကောင် သစ်တွေထပ်ဖြည့်၊ ဝေဝေဆာဆာ ဖြစ်ပြီဆိုတော့ရင် နေ့ခင်းဘက် သူ့ တောင်ယာက ဘောက်ဆင်းယောင်ကျ လူသစ်ကျသစ် ကလေးတွေကို ဆေးပေါ့လိပ်တန်သည်၊ ကာဖီမစ်ထုပ်တန်သည်၊ အကြော်အလှော်





ကလေး စသည့် 'ဆက်ကြေးကောက်' ပြီး ပြန်ပြန် ချေးခြောက်ရေနှုး ပုံပြောစားရဦးမှာကိုး။ နော့ . . . သူ့မှာ ထောင်ဝင်စာမရှိ . . . ဘာမရှိ။ ဒီလိုပဲ 'အာဖန်တီး' ပြီး လျှာဦးစိုနေရတာပဲ မဟုတ်လား။

''ဟုတ်တယ် . . . အဘ၊ အဘရဲ့ဇာတ်လမ်းကို အစကနေ သေချာ ဂဃနဏများလည်း ပြောစမ်းပါဦး။ ရော့ . . . ဟောဒီမယ် . . ပဲကြမ်းကြော်နဲ့ပဲ စိမ်းနှစ်ပြန်ကြော်လေး''

နှပ်ချေးက ဘိုးကြီးအိုကို စကားကုလားဖန်ထိုးရင်း လောကွတ်တွေ ပိုလာမြှုန်တယ်။

ကျုပ်တို့အားလုံးက သူ့ထောင်ဝင်စာထုပ်ကြီးကို ဝိုင်းပြီး အနံ့ခံ မျက်စောင်းထိုးကြသေးပေတဲ့၊ နှပ်ချေးက . . . လူပါး။ ယောင်ပေ ယောင်ပေ မသိကျိုးကျွံလုပ်ပြီး သူ့အိပ်ရာခေါင်းရင်းဘက်ကို အသာရွှေ့ တဲ့လို့ပုံစံ ပုဆိုးစုတ်နဲ့ အုပ်ထားလိုက်လေရဲ့။ နိဗ္ဗိကိုကံကရော။

''အေးလေကွာ . . . အဟောင်းတွေ အသစ်ဖြစ်လွန်းလို့ တွေး တောင် မတွေးဖြစ်ခဲ့တာကြာပေါ့။ အခုက အုန်းမောင်ကြီးကိစ္စ ကြား လိုက်မိလို့ ဆင်အိပ်ရာ ဆိတ်နှိုးဖြစ်ရတော့တာ။ ကောင်းတော့လည်း မကောင်းပါဘူး။ မကောင်းပေတဲ့ ပြောတော့ ပြောခဲ့ရဦးမယ်။

အဲဒါမှ မင်းတို့လူငယ်တွေလည်း ကြားဖူးနားဝ ရှိကြမယ်။ ငါ့ရင်ထဲက ဆူးတစ်ချောင်းကိုလည်း သူ့အလိုလို နှုတ်ပြီးသားဖြစ်မယ်။ ဒီတစ်ခါပြောတာဟာ ငါ့ဘဝအတွက် နောက်ဆုံးပဲ''

ဟောဗျ . . . အဘိုးကြီးက အဟုတ်ကြီးကို ပျစ်ပျစ်နှစ်နှစ်ကြီး ပြောနေတာဗျို့။

ကျုပ်တို့နားထောင်နေတဲ့ လူတွေတောင် ဘာမှန်းမသိရသေးဘဲ ဘာဂလိုလိုကြီးတွေ ဖြစ်လာမိကြတော့တယ်။ ရင်တုန်ပန်းတုန်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် . . . အဲသလိုမျိုးကြီး။

"ဘာအကြောင်းတွေမှန်းမျှားလဲ ဘကြီးဖဲရယ် . . . မထိတ်သာ မလန့်သာရှိလိုက်တာ။ ဘကြီးဟာကြီးက . . ."

"မီးဟေ့ . . . မီး . . . မီး . . . မီးအကြောင်း"

"ဗျာ . . . ဘာရယ်"

"မီး . . . အကြောင်းပါဆို . . . လစ္စီးတဲ့မှ"

"မီး . . ."

"အေး . . . ဟုတ်တယ် . . . မီး"

ကိုင်းဗျာ . . . 'မီး' အကြောင်းတဲ့။

☼ ☼ ☼

| ၇ |

❑

အင်း . . . ဖွဲ့ဆော်ဦးစ, မှားမိတာက 'ပဋိရူပဒေသဝါသောစ' ဆိုတဲ့ မိုဒိုရာအရပ် ဝန်းကျင်ကောင်း အရွေးမှားခဲ့မိတာနဲ့ 'သမ္မာအာဇီဝ' ဆိုတဲ့ အသက်မွေးစင်ကြယ်တဲ့ အလုပ်မျိုးကို မရှာဘဲ ငွေဖြစ်လွယ်တဲ့ မိစ္ဆာဇီဝ အလုပ်မျိုးကိုမှ ရေစုန်မျောပြီး လုပ်မိခဲ့တာက စ, တယ်လို့ ပြောရမှာပဲကွာ။ ငါတို့က တောင်ရိုးလို့ခေါ်တဲ့ ရှမ်းအနွယ်ထဲကကွ။ ဗုဒ္ဓဘာသာကို ခင်ခင်မွတ်မွတ် အရိုးစွဲကိုးကွယ်တတ်တဲ့ လူမျိုးတွေရယ်။

ကျောက်ဆည်အရှေ့ဘက် ရှမ်းပြည်နယ်၊ ရွာငံဘက်ကိုတက်တဲ့လမ်းမှာ မြို့ကြီးဆိုတာ နယ်ခြားမြို့ကလေးပေါ့။ ရေသာမိုးသာ



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုကောင်း၊ မြေဆီဩဇာကောင်းဆိုတော့ တောင်သူလယ်လုပ်တွေပဲများကြပါရဲ့။

အဲ . . . သရက်ခြံ၊ မာကလာခြံ၊ သဘော်၊ သံပုရာ စတဲ့ သစ်သီးဝလံ ခြံတွေများလည်း ရှိပေါ့။ သရက်သီးကတော့ဖြင့် ဟံမြင်းမို၊ တောင်တော်၊ သံရွာ၊ မြို့ကြီး အဲဒီလမ်းတစ်ကြောက အောတိုက်ပြီးကို ထွက်တာ။ သောင်သောင်သာသာတွေချည်းပါ မောင်ရာ။ ချို့ချိုငံငံ ပစ္စုဒွေရဆိုတာများဖြင့် မရှိပေါင် မကြားခဲ့ဖူးပေါင်။

ငါ့ပထမမိန်းမက ဝါနုတဲ့။

ခနုမကလေးပေါ့။ လဲမှို့ဝါဂွမ်းကလေးလို ဖွေးဥနုညံ့နေလွန်းလို့ 'ဝါနု' လို့ နာမည်ပေးထားတာတဲ့။ နာမည်နဲ့လည်း သိုက်ဖက်ပါ မောင်ရာ။ ရုပ်လှသလို စိတ်ကလည်း ကောင်းလှချည့်ဗျား။ ဘာသာတရား ကိုင်းရှိုင်းလိုက်ပုံကလည်း တကယ့်အထက်ဘုံ အထက်ဘဝက ချက်ချင်းစုတေပြီး ကူးလာခဲ့တဲ့အတိုင်းပဲ ဟော့ . . . တကယ် . . . တကယ်။

အဲ . . . ဝါနုနဲ့ သားကလေးတစ်ယောက် ရတယ်။ 'ကံဦးမောင်' လို့ အမည်ပေးထားခဲ့ကြတာပေါ့။ ကောင်းတဲ့ကံ၊ ကောင်းတဲ့ အကျိုးပေးတွေ ဦးဦးဖျားဖျား ရပါစေပလကွာ။ အေး . . . မိဘဆိုတာကတော့ ကိုယ့်ရင်သွေး၊ ကိုယ့်သား ကိုယ်သမီးလေးတွေအပေါ်ကို ဒီလိုပဲ စေတနာသက်တတ်ကြတာ မွေတာကိုးဟ။ နောက်မှနောက် သူ့ဘာသာဖြစ်လာတာတွေကတော့ ရောက်ရားပ။ ဟုတ်ဘူးလား။

အင်း . . . အဲဒီကောင် 'ကံဦးမောင်' တစ်ယောက်ပဲ ဖြစ်ဖြစ်မြောက်မြောက် ထွန်းကားခဲ့ကြတာ။ တစ်ဦးတည်းသောသားပဲ ပြောပါတော့။ ဟုတ်တယ် . . . ဟုတ်တယ် . . . မင်းတို့တွေးသလို ထုံးစံအတိုင်း





ပဲ။

အမိအဘက သည်းသည်းလှုပ် ငုံထားမတတ် ချစ်ကြပြီဆိုမှဖြင့် ဒီကလေး ဘယ်လာကောင်းနိုင်တော့မလဲ။ ပျက်စီးပြီပေါ့။ 'တာတေလံ' ဆိုးပြီပေါ့။ ဟုတ်ပ . . . ဘာမဆို သူဖြစ်ချင်တာ ဖြစ်လိုက်ရမှ၊ နို့မဟုတ်ရင် ကမ္ဘာပျက်တော့မတတ်ပဲ . . . တကယ့်ကောင်။

ဒါပေတဲ့ . . . ခမျာ ကံကောင်းသက်ကလေးက မရှည်ကြလိုက်ရရှာဘူး။

သူ့အမေ 'ဝါနု' က သူ့အသက် ခုနစ်နှစ်သား၊ ရှင်ပြုပေးမယ့်ဆဲဆဲမှာ ငါ့ရှိတဲ့ကြက်သွန်ခင်းကို ထမင်းပို့လာရင်းကနေ ပိုးထိလို့ ဆုံးရှာပါရောလား။ ဘာရှိရဦးမလဲ။ သင်းကလေးဆုံးတော့ အသက်မှ အစိတ်သာသာကလေး ရှိရှာသေးတဲ့ဟာ။ အရွယ်ကောင်းကလေးမှာ ပျက်စီးခဲ့ရရှာတာ။

အင်း . . . ငါလည်း၊ အဲဒီ လယ်ယာချောင်းမြောင်း တောအလုပ်တွေကို စိတ်နာသွားလိုက်တာဟာ ရှိသမျှလယ်ပွဲတွေ အကုန်ထုခွဲရောင်းချပစ်ပြီး မိထဆိုးသားကလေး 'ကံဦးမောင်' ကိုလက်ဆွဲ၊ စိတ်ကူးတည့်ရာ လျှောက်သွားတော့တာပဲ။ အလေလိုက်တယ် ပြောချင်ပြော၊ ဝါနုဆုံးပြီး တစ်နှစ်လောက်ဟာ ခြေဖွေပေါက်နေကရော။

သစ်ပင်သစ်ကိုင်းက ပြုတ်ကျတဲ့ သစ်ရွက်ကြွေကလေး လေနှင်ရာ ဟိုးပြေးဒီပြေး လျှောက်ပြေးနေသလို တို့သားအဖလည်း စိတ်စွဲရာ၊ အာရုံတန်းရာကို ခြာလည်လှည့် သွားနေလိုက်ကြတာ။

မြစ်သား၊ ကျောက်ဆည်၊ မန္တလေး၊ ပြင်ဦးလွင်။ နောက် . . . ပင်းဒယ၊ ပင်လောင်း၊ ညောင်ရွှေ၊ တောင်ကြီး၊ နမ့်စမ် . . . အဲ . . . အဲ . . . အဲ့သလိုပလေ . . . ဝါနုနဲ့ သွားခဲ့လာခဲ့ဖူးသမျှ နေရာတိုင်းကို



www.burmeseclassic.com

သူ့သားကလေး လက်ဆွဲပြီး လေလွင့်နေလိုက်တော့တာလေ။

တစ်နှစ်လောက်ရှိတော့ ပင်းဒယ၊ လွယ်မွေ့ဘက်ကို ရောက်နေတဲ့ ငါ့အစ်ကိုအကြီး ကိုဖဲဝါ ငါတို့ဆီကိုလိုက်လာတယ်။ 'ဒီလောက်ဆိုတော်ရောပ။ သေသွားတဲ့ လူတစ်ယောက်အတွက် အသက်ရှင်နေသေးတဲ့ မင်းတို့သားအဖနှစ်ယောက်က ဖြစ်ချင်ရာဖြစ် ပစ်စလက်ခတ်ဖြစ်နေကြတာကြီးဟာ တောလောက်ရောပ ...' တဲ့။

'ဖဲသာ ... မင်းအတွက်က ဘာအရေးတုန်းဆိုပေတဲ့၊ ကံဦးမောင်ကလေးရဲ့ ရှေ့ရေးက ရှိသေးတယ်လေ။ ဘာလဲ ... မင်းက ကလေးရဲ့ဘဝကိုပါ ဒီလိုပုံဒီလိုနည်းနဲ့ အညွန့်ချိုးပစ်လိုက်တော့မလို့လား' ... တဲ့။

'ဝါနုများ အသက်ရှင်ရက်နဲ့ ငုတ်တုတ်ရှိနေခဲ့ရင် မင်းတို့သားအဖ ဖြစ်နေကြပုံကြီးကို ဒီအတိုင်းတိုင်း လက်ပိုက်ကြည့်နေလိမ့်မယ်လို့ မင်းထင်သလား။ သူ့အသက်လောက်ချစ်တဲ့ သူ့ရဲ့သားကလေးကို မှုဆိုးမအိမ်ကစားလို စားမတိုစားတုံးဖြစ်အောင် လုပ်နေတာကြီးကို ငြိမ်နေလိမ့်မယ်လို့ ထင်သလား' ... တဲ့။

ငါ့ကွာ ... ငါ့ခေါင်းကို မိုးကြိုးကြီးပစ်ချလိုက်သလို ဖြုန်းခနဲ မျက်စိတွေပြာ ... လျှပ်စီးတွေလက်ပြီး၊ ကမ္ဘာကြီး ခြာခြာလည်သွားတော့တာပဲ။ အဲဒီတော့မှ ငါ့အတွေး ငါ့စိတ်ကူးတွေနဲ့ ငါလမ်းမှားကြီးထဲ ကျွံနေနစ်နေခဲ့မိတာကို အလန့်တကြား သိလိုက်ရတော့တယ်။

ပြီးတော့ ... ငါ့သားကလေး၊ ကံဦးမောင်။ ဒင်းကလေးဟာ နေ့နေ့ညည ဖအေ့လက်ဆွဲပြီး ဖအေ့မျက်နှာတစ်ရှာလုပ်လို့ လျှောက်လိုက်နေခဲ့ရှာတာ နှစ်တစ်ပတ်လည်ခဲ့ပြီ၊ အသက်သာ ရှစ်နှစ်ရောက်လာလို့ လူကောင် ကြီးထွားလာခဲ့ပေတဲ့ စာတစ်လုံးတောင်မှ မတတ်





သေးဘူး။ 'ကကြီး' ပုတ်လောက် ရေးပြတာတောင် 'ဘာကြီးလဲဟ' လုပ်ရမယ့် ဘဝ။ ကြာရင် လူဖြစ်အရှုံးကြီး အရှုံးရတော့မှာ။

''ဖဲသာ ... ငါ့ညီ၊ မင်းလည်း ရှာရိပ်ရှာခြေကို ပြန်ကပ်ပြီး ကိုယ့်ကိုယ်ကို ပြန်အဖတ်ဆယ်ဖို့ သင့်ပြီ။ ဘဝဆိုတာ ဒီလိုလက်လွှတ်စပယ် နေရတာမျိုးမဟုတ်ဘူး။ ကလေးကိုတော့ ငါခေါ်သွားမယ်။ ငါတို့မှာလည်း သမီးကလေးနှစ်ယောက်ပဲမွေးပြီး သားယောကျ်ားလေးမထွန်းကားလို့ သားရှူးရှူးနေကြရတာ။

မင်းအိမ်မကြီးကလည်း မင်းကသာ ခွင့်ပြုရင် 'ကံဦးမောင်' ကို အမွေစားအမွေခံအဖြစ် မွေးဖို့ပဲတဲ့။ ပညာတတ်အောင်သင်ပြီး ဝါနုကလေးဖြစ်ချင်သလို လူတစ်လုံး သူတစ်လုံးဖြစ်အောင် ပြုစုပေးမတဲ့။ အဲဒါ ... အခုကလေးကို ငါလာခေါ်တာ။ မင်းလိုက်ချင်လည်း ငါတို့နဲ့ တစ်ပါတည်းလိုက်ခဲ့။ မလိုက်ချင်သေးလည်း နေချင်နေခဲ့ဦး။ အေး ... ကလေးကိုတော့ ငါခေါ်သွားရလိမ့်မယ်''

ငါ ဘယ်လိုငြင်းမလဲ။

အစ်ကိုကြီးကိုဖဲဝါစကားတွေက သွေးထက်အောင်မှန်တဲ့ အမှန်တွေချည်းပဲဟာ။

ဒီလိုနဲ့ 'ကံဦးမောင်' ကလေးကို အစ်ကိုကြီး ကိုဖဲဝါလက်အပ်လိုက်တယ်။ 'ဂွတ်မယ်ထင်ရင် ဒူးသာဒူးပ,လကွာ'။ နော့ ... ဒါပဲရှိတော့တာကိုး။ ငါကတော့ သေကွဲနဲ့ရှင်ကွဲ အကွဲနှစ်ခုကြားမှာ အရက်ကိုအဖော်လုပ်ပြီး ကြုံသလိုကျသလို ဘဝရေစီးထဲ ပက်လက်မျောက်လျက်မျောချင်သလို မျောနေပစ်လိုက်တော့တာပဲ။

အဲ ... နောက်တော့၊ ဒီအတိုင်း ဖြစ်သေးပါဘူးဆိုပြီး ကျန်ရစ်သေးသမျှ ငွေကလေး၊ အတွင်းပစ္စည်းကလေးတွေကို ထုခွဲပြီး

www.burmeseclassic.com



ရန်ကုန်–မန္တလေး ကားလမ်းနဘေးက ကူမဲလမ်းဆုံမှာ 'အေးရိပ်' ဆိုပြီး ထမင်းဆိုင်ကလေးနဲ့ အိပ်စရာ၊ စားစရာပေး တည်းခိုစရာ ရိပ်သာ သဘောမျိုးလေးတစ်ခု ဖွင့်ဖြစ်ခဲ့တယ်။ 'ဟော်တယ်' ဟုတ်ရပေါင်ကွာ။

လူကလေး လေး,ငါး,ဆယ်ယောက်လောက်ကို အိပ်စရာနေစရာ နေရာထိုင်ခင်းကလေးပေး၊ ည,မနက် ထမင်းကျွေး၊ အဲ ... အဲသလို ဝန်ဆောင်မှုပေးရတဲ့ ... ဘာတဲ့ ...' /ဘာ' ... တဲ့ ဟုတ်တယ် ... 'အင်း' ကလေးသာသာပါ။ ဆိုင်ကလည်း သေးသေးပါပဲ။

ဘာလုပ်မလဲ ငါ့အတွက် နေစရာရှိမယ်၊ စားစရာရမယ်၊ သောက်စရာအသင့်၊ လုပ်စရာအလုပ်က လက်နဲ့မပြတ် တော်ပြီပေါ့ ဟာ။ သူဌေးဖြစ်ဖို့ မလိုပါဘူး။ မသေဖြစ်သေးခင် စိတ်အေးလက်အေး နေရတော်ပေါ့ ... ဟုတ်စ။

နို့ပေတဲ့ ... အကျိုးပေးရာ အကြောင်းထင်သတဲ့ မောင်ရေ။

ဒီ 'အေးရိပ်' ဆိုတဲ့ ထမင်းဆိုင် ပေါက်စနီးပေါက်စနကလေးနဲ့ တည်းခိုခန်း ချွတ်ကလေးကပေးတဲ့ အကျိုးပေးတော့ အတော်သန်သား။ လမ်းကလည်း လမ်းဆုံ၊ ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ တောင်ကြီး၊ ပင်းဒယ၊ ပင်လောင်း ဘယ်ဖက်တက်တက် ဆုံရပ်ဖြစ်နေတဲ့အတွက် ကားသမား၊ အရောင်းအဝယ်သမား၊ စီးပွားရေးသမားတွေ ဥဒဟို ဝင်ထွက်နေကြတာကိုး။

ပြီးတော့ ... ငါ့အကြောင်းလည်း မင်းတို့အသိ။

ငါ့ရဲ့ ဘဝပါရမီကိုက အချက်အပြုတ်၊ အကြော်အလှော်နဲ့ သူတစ်ပါးကို စားဟဲ့သောက်ဟဲ့ ပျော်ရွှင်ချမ်းမြေ့အောင် စီမံဆောင်ကြဉ်းပေးရတာမျိုးမှာ လွှတ်အာရုံတန်းတာ။





အချက်အပြုတ်ကို ဘယ်လောက်များ ဝါသနာကြီးခဲ့သလဲဆိုရင် မန္တလေးမြို့ပေါ်က နာမည်ကြီးစားတော်ဆက်တစ်ခုရဲ့ စားဖိုမှူးကြီး 'အဝိန်' ဆီ ကျွန်ခံပြီးကို သင်ခဲ့တာ။ မှတ်ကရော ...။ တရုတ်ကေရာဇ်တွေရဲ့ နန်းတော်ကို ဆက်ရတဲ့ စားတော်ပွဲမှန်သမျှ 'ဇီရှုမ်' နဲ့ 'နန်းကင်း' က စားတော်ကဲကြီးတဲ့။

ကိုယ့်စီးပွားကိုယ်ရှာဖို့ ရှေ့ကြည့်ရာ မြက်နုရာရှာရင်း မန္တလေးမှာ လာကြီးပွားနေတာ။ အဲတော့ ... ငါက ငါ့ဆရာ 'အဝိန်' ရဲ့ လက်ကျ တစ်ထိပ်တည်းနီးပါး ရခဲ့တယ်။ သူ့ဆီကနေ ထွက်လာတော့ 'အဝိန်' ဆိုတာမျိုး ယောကျ်ားကြီးတန်မဲ့ မျက်ရည်တောင် ကျရှာပါရော ...။

ပြောကြစို့ကွယ်။

ငါရဲ့ 'အေးရိပ်' ဟာ သူနဲ့ မလှမ်းမကမ်းမှာ နှစ်ကေလောက်ကျယ်တဲ့ သရက်ခြံကြီးတစ်ခြံကို ဝယ်ပြီး နောက်ထပ် 'အေးရိပ်–၂' ဆိုတဲ့ စားသောက်ဆိုင်ကြီးနဲ့ ပတ်ကားတည်းခိုခန်းကြီး ဖွင့်ဖြစ်အောင်ကို ကြီးပွားလာခဲ့သဟေ့။

အေး ... နို့ပေတဲ့ ... ငါက တောသားတွေးပဲ တွေးတယ်။ 'အရိုးပေါ် အရွက်မဖုံးစေနဲ့' တဲ့ .. ဟုတ်စ။ ငါ့ဆရာ 'အဝိန်' ကလည်း အမြဲတမ်း ငါ့ခေါင်းကို သံယောင်းမနဲ့နှက်နှက်ပြီး ပြောတတ်တယ်။ 'ရိုးရိုးလေးဟေ့ ... ရိုးရိုးလေး (Every simple, be simple)' တဲ့။

အဲတော့ ... ငါ့ရဲ့ 'အေးရိပ်–၂' ကိုလည်း နွေသား၊ စကားဝါ၊ စံကားစိမ်း၊ သက်နန်း၊ ပိတောက်၊ ယမနေ သစ်ကောင်းတွေနဲ့ချည်း ပျဉ်းမိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ မြန်မာဆန်ဆန် ရိုးရိုးသေးသေး လှံချွင်း အိမ်ကလေးတွေချည်း ဆောက်ထားလိုက်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခြံကိုလည်း ငါ့ရွာက ဆွေနီးမျိုးစပ် 'ဂျင်ပု' ဆိုတဲ့ လက်ဆိပ်ကောင်းကောင်း ဥယျာဉ်သမားတစ်ယောက်ခေါ်ပြီး တကယ့် တောပန်းတောင်ပန်းတွေနဲ့ ပြုစုခိုင်းထားတာ။ 'အေးရိပ်'မှာတုန်းက ငါလက်ထပ်ပြီး သင်ပေးထားတဲ့ 'လူမောင်'၊ 'အိုက်ပန်း'၊ 'အန်းကူ' ဆိုတဲ့ တပည့်ကလေးများကလည်း လက်စွမ်း ခပ်ထက်ထက်တွေဆိုတော့ 'အေးရိပ်သာ-၂' ဟာ စိတ်အေးနားအေး နားချင်ခိုချင်သူတွေ မျက်စိကျချင်တိုင်းကျပြီး လူပြည့်လူလျှံပ,လကွာ။

အေး ... ကံဦးမောင်ကလည်း သွားချည်တစ်ခါ ပြန်ချည်တစ်လှည့် ပေါက်ပေါက်တော့ ရောက်လာရှာသား။ ငါ့သားမို့ ငါပြောတာမဟုတ်ဘူးနော်။ ဒီအကောင်ဟာ သူ့အမေ 'ဝါနု' ရဲ့ရုပ်ရည်ကို အမွေရထားတဲ့ ငါ့သားလို့ပြောရင် လူတွေက ရယ်စရာပြောတယ်ပဲ ထင်ကြတာ။

သူ့ဘကြီးဦးဖဲဝါနဲ့ ဘွားကြီးဒေါ်ကံမြတို့ကလည်း ယောကျ်ားလေး ဒီတစ်ယောက်ပဲဆိုပြီး ဆင်ထားလိုက်တာများ ညွတ်လို့။ ပြင်ဦးလွင်မှာ ကျောင်းထားဆိုလားပဲ။ ဆယ်တန်းအောင်ရင် တောင်ကြီးကောလိပ်မှာ သွားတက်ရမှာတဲ့။ ငါ့ကွာ ... သွားရှာလေသူ 'ဝါနု'ကိုတ,တပြီး မျက်ရည် ကျမိခဲ့ပါသေးရဲ့။ မရှက်ပါဘူး။ တကယ်ငိုမိခဲ့တာ။ ဝမ်းသာလို့။

ဒါပေမဲ့ ... သားကလည်း ခဏလာကိုယ်ထင်ပြတဲ့ ဖျောက်ဆိပ်ကြွယ်လိုပါပဲကွာ။ ရုတ်ကနဲ့ဝမ်းသာ ကပျာကယာဝမ်းနည်း ဖြစ်ရတာပဲ အဖတ်တင်တယ်။ နေ့ကူးအောင်ကလေးများတောင် မနေဘူးဗျာ။ မျက်နှာကလေးပြပြီး ပြန်သွားရော။ အေး ... ဟုတ်တယ် ... ငါကုန်းကျူးရှာထားဖွေထားတဲ့ ပိုက်ဆံတွေတော့ အထပ်လိုက် သင်း





ကလေးနဲ့ ပါသွားကရော ... ကဲ။

အေးလေ ... ငါကိုက ပေးချင်လွန်းလို့ ညိုမြလုပ်နေမိခဲ့တာလည်း ပါသပေါ့။ မိဘကိုး ... ကွ။ ဒီမိတဆိုးသားကလေးကို မြင်ရင်သနားလွန်းလို့မှ ရင်ကို ဆို့နေရော။ သုံးစမ်းပလေ့စေ၊ ဖြုန်းစမ်းပလေ့စေ။

အင်း ... ဒီလိုနဲ့ ...။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

❑

အင်း …ဒီလိုနဲ့ …ဘဝကံ အလှည့်အပြောင်းတစ်ခုက မထင်မှတ်ဘဲနဲ့ ဗုန်းခနဲ ဒိုင်းခနဲ ငါ့ရှေ့ကို ရောက်ချလာရော။

'ခင်စိန်' နဲ့ တွေ့ခဲ့ရတာလေ …။

တွေ့ခဲ့ကြရပုံက ဘာမှတော့ဖြင့် စာဖွဲ့ရလောက်အောင် မဆန်းလှပါဘူး။ အများသူတကာတွေ ကြုံကြရသလိုဖြစ်ရိုး ဖြစ်စဉ်ပါပဲ။ ခင်စိန်ဆိုတာကလည်း မိုးပေါ်ကျ နတ်ဒေဝီတစ်ပါးမဟုတ်။ တစ်ခုလပ် တစ်လင်ကွာ. လက်သပ်ကိုယ်ကျွတ်. ကုန်ပို့ကုန်သယ်လုပ်ရရှိနေတဲ့ သစ်သီးဝလံ 'တောဒိုင်' လေးပါ။ ငါထက်တော့ ဆယ့်လေး,ငါးနှစ် ငယ်လိမ့်မယ်။

အင်း …သူလည်း ရှမ်းစပ်တယ်။ ရှမ်းသွေး မကင်းချင်ဘူး။ ရုပ်ရည်ကတော့ ရှက်ကြမ်းရေကျိုထက် နည်းနည်းကလေးသာတယ်။ သနားကမားထဲကပါ။ ရှမ်းစပ်တော့လည်း အသားအရည်တော့ လှပေတာပေါ့။ ဝင်းအိနေတာပဲ။ အမှတ်တမဲ့များ ကြည့်မိလိုက်ရင် 'ဝါနု' ကလေးများလားပေါ့ …အင်း …ခပ်ဆင်ဆင်ပဲ ဆိုကြပါစို့ရဲ့။

ခက်တော့ ခက်သားလားကွာ။

လူတွေရဲ့ ဥပါဒါန်ဆိုတာလေ။ တစ်သက်လုံး တစ်သောင်လုံး မြင်မိမြင်ရာတွေ မြင်၊ ထင်မိထင်ရာတွေ ထင်၊ စွဲမိစွဲရာတွေ စွဲ။ အဲ အဲဒီ အထင်အမြင်, အစွဲအလမ်းတွေနဲ့, မုန့်လုံးစက္ကူပ်ဖြစ်ပြီး လုံးခြာ





…တ်တောလည်၊ အချိန်တန်တော့ အဲဒီဥပါဒါန်ကြီးတွေ တိုးလို့တွဲလန်း …လိတ္တဲပိုး တွယ်ပြီး သေကြ။ ဒီလိုချည်းပဲနဲ့ တူပါရဲ့ကွာ။ ချီးတဲ့မှ။

ငါ့အဖြစ်ကို ပြောပါတယ်။

ခင်စိန်က မကြာခဏ 'အေးရိပ်' မှာ လာလာစား၊ လာလာ…ည်း တတ်တယ်။ အေး …ဟုတ်တယ်။ မူလ 'အေးရိပ်' မှာပဲပေါ့။ …ာက်အသစ်ဖွင့်တဲ့ 'အေးရိပ် –၂' က ညပိုင်းမှပဲ ထိုင်ဖြစ်တာ။ …ခင်းဆို ငါ့ချည်တိုင်က 'အေးရိပ်' မှာပဲ။ ချက်ပြုတ်ကြော်လှော် … …စရာရှိ စီမံ။ အဲ …ယမကာလေးတမြမြနဲ့ …ဒီလိုကိုး။

နီစွေရှုဝတွေ့ကို ယစ်ရွှေရည်ထဲမှာ အရည်ဖျော် မျှောချပစ်…တာပေါ့။ တစ်နေ့ထွက် တစ်နေ့ဝင်၊ တစ်မိုးသောက် …ဟော၊ …ကြာခင် သေမင်းတံခါးဝ ရောက်ကရော့။ မသေခင်တော့ဖြင့် ပျော်ပျော်…ပါးပေါ့ …နော့။

အဲဒီမှာ ခင်စိန်နဲ့က ဇာတ်လမ်း စ,တာ။

ကလေးမကငယ်ပေတဲ့ ဘဝစုံ, အတွေ့အကြုံစုံတဲ့ သူမို့နဲ့ …ရဲ့။ အတွေးအမြင်ကလေးက ရင့်ရင့်ကျက်ကျက် ရှိရှာတယ်။ နောက်၊ …နေအထိုင်ကလေးလည်း တတ်တယ်။ ပိပိပြားပြား သေသေခွေခွေ …လေး။ ငါ့အပေါ်လည်း စေတနာကလေး၊ သံယောဇဉ်ကလေး ရှိပုံရ…ရဲ့၊ ဟိုလူပြော ဒီလူပြောနဲ့ဟာ ငါနဲ့ ငါ့ 'အေးရိပ်' ရဲ့ဇာတ်လမ်းက …ားတစ်ခွင် မသိသူ မရှိလောက်အောင်ကိုး။ ငါ့ခမျာမှာလည်း သနား…ာ သတ္တဝါကြီးတစ်ကောင်လိုကို ဖြစ်လို့။

အင်း …အင်း …ဟုတ်တယ်။ ခင်စိန်ကလည်း အဲဒီလို …င်စိတ်ကလေးနဲ့၊ ကရုဏာဒေါသောလေးနဲ့ အရက်လျှော့သောက်ဖို့ …ာကကိုဖြေဖို့၊ လူ့ဘဝကလေး ဒုလ္လဘကို ရသခိုက် လူဖြစ်ကျိုးနပ်



www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်စရာတွေ အများကြီး ရှိသေးတဲ့အကြောင်း၊ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် ကြိုးစားရင် ကြီးပွားဖြစ်နိုင်တဲ့အကြောင်း … အို … သဗ္ဗန့်ပေါင်းတွေ စုံတကာကို စေ့ရောဟော့ … နားကို ပူက ရော။

သူ့ ပထမယောကျ်ားက ကားသမားတဲ့။ အရက်ပုလင်းထဲ ချည်းခေါင်းစိုက်နေလို့ ဒီဘဝဖြင့် လူမွေးလူတောင် ပြောင်မထင်တော့ ပါဘူးဆိုပြီး ကွာပစ်ခဲ့တာဆိုတဲ့ ဇာတ်လမ်းကပါသေး။ အံမယ်လေး မယ်မင်းကြီးမကို သနရှုပ္ပလေးမို့ စကားကလေးများ ညှိယောက်ခံ နားထောင်လိုက်မိပါတယ်။

ဟော့ကောင်ရေ့ … မီးခိုးမဆုံး မိုးမဆုံး ဩဝါဒတွေ လွှတ် တာများ ငါ့မှသောက်ထားတဲ့ အရက်တွေတောင် နှမျောလှချေရဲ့။ ဘယ် အရသာရှိရှိ … ဖိမ်ရှိရှိ မူးရယစ်ရတော့လို့တုန်း။ ကဲ … ဒီလောက် တောင်ရှိလှ မယ်မင်းကြီးမတော့ အငေါ်တူးလိုက်ဦးမဟဲ့လို့ စိတ်ချဉ် ပေါက်ပေါက်နဲ့ ငါက ဖိုးခနဲပက်ခနဲ ပြောချပစ်လိုက်ရော။ နည်းနည်း လည်း မူးနေတာကိုး … နော့။

"ခင်စိန်ရယ် … နင်ဒီလောက်တောင် ငါ့ကို ဆရာကြီးလုပ် ပြီး ငါ့ဘဝကို ပြုပြင်ချင်နေရင် ဒီလိုလုပ်၊ နင်ငါ့ကို တစ်ခါတည်း လင်လုပ်ပြီး ယူထားလိုက်ပေတော့၊ ဟုတ်လား … ကဲ"

လွှတ်ခနဲ ပြောချလိုက်မိပြီးမှ ငါ့မှာ မျက်နှာပူ, အားနာလိုက် တာကွာ။ ကိုယ့်နှမသားချင်း အရွယ်ပေကိုး။ ခမျာက ကိုယ့်အကျိုး ကျေးဇူး ရှိရာရှိကြောင်း စေတနာနဲ့ ပြောပေတာကိုး။

ဒီတော့ … ဘယ်လိုပြန်စကားဆယ်ရရင် ကောင်းပါ့မတုန်း လို့ စဉ်းစားနေတုန်း၊ မြုန်းဆို မယ်မင်းကြီးမက တုံးတိကြီးတစ်ခွန်း





တည်း ပြောသဗျာ။

'ခင်စိန်ပြောချင်တာက အဲတာပဲ … အစ်ကိုကြီး' … တဲ့။

'ခင်စိန်က မိန်းမဈေးချတယ် ပြောလည်း ခံရုံပဲ။ အစ်ကိုကြီး ကို မေတ္တာရှိနေတာကြာပေါ့' … တဲ့၊ ကိုင်း …။

အဲ … အဲဒီတင်၊ ငါနဲ့ခင်စိန် ညားကြလေသတည်းပေါ့ကွာ။ အဲ … ဟဲ … ဟဲ …။

www.burmeseclassic.com

www.burmeseclassic.com

❑

ကံဦးမောင်ကလား ...॥

ဘာပြောမှာတုန်း။ သူ့အမေ 'ဝါနု'ဆုံးစက ငါဘယ်လောက် ထိခိုက်ခံစားပြီး အရူးတစ်ပိုင်း ဖြစ်ခဲ့ရတာကိုသူ အသိဆုံးကို။ သူ့အပြင် ဘယ်သူက ပိုသိကြဦးမှာတုန်း။ သင်းကလေးလက်ဆွဲပြီး ရွာနီးကိုးပေါက် ကိုးကုန်းကိုးကျင်း လှည့်နေတုန်းကတည်းက သူ့အမေကို ငါဘယ်လောက်ချစ်သလဲဆိုတာ သင်းကလေး သိပြီးသားပဲဥစ္စာ။

နောက် ... ဒီကောင်က ငယ်ငယ်တုန်းက ကံဦးမောင်မဟုတ်တော့ဘူးဟ။ ၁၈, ၁၉, ၂၀ ကြီးကောင်ဝင်လာခဲ့ပြီ။ လူငယ်သဘာဝ သူ့အလုပ်တွေနဲ့သူ ရှုပ်လို့။ သုံးတဲ့ဖြုန်းတဲ့ ပေါပေါပဲပဲ အလုပ်တွေထဲမှာ ဝဲလည်ခတ်နေတာရယ် ...॥

'အံမယ် ... တို့အဘကပေတဲ့ မိန်းမတော့ အရှာကောင်းသား။ အန်တီလေးက အချောပဲ' တဲ့။ သင်းက ဒီတစ်ခွန်းပဲပြောတယ်။





ဖြူတယ်မည်းတယ် ဘာညာသာရကာဘာမှ မပြောရှာဘူး။ ထုံးစံအတိုင်း သုံးဖို့စွဲဖို့ လှန်လှော ရှာယူပြီး ပြန်တာပါပဲ။

ဒါပေတဲ့ ... ဒီကောင်ကပေမင့် အပါးသား ... မောင်ရ။ ခါတိုင်းလို 'အေးရိပ်' က ငါထိုင်နေကျ ကောင်တာစားပွဲကြီးထဲက အံဆွဲကို လှစ်ခနဲဆွဲဖွင့်ပြီး ပိုးခနဲပတ်ခနဲ ယူသွားမယ်များ မှတ်သလား။ အကျဲသားပဲ။ ခင်စိန်ကို လှမ်းကြည့်တဲ့ပြီး ...

"အန်တီလေး ... ကံဦးမောင်ကို မုန့်ဖိုးပေးပါ။ ကံဦးမောင်က အရွယ်ရောက်လာပြီဆိုတော့ အဖေကြီး၊ အမေကြီးတို့ဆီ အားအားရှိတိုင်း လက်ဝါးဖြန့်မနေချင်တော့ဘူးရယ်။ အစ်မကြီးမွှန်မွှန်က ဘာမှ မဖြစ်ပေမယ့် အစ်မငယ်သည်းသည်းက မျက်နှာညိုချင်တယ်။

တစ်ခါကဆို နင့်အဖေ ချမ်းသာနေပြီပဲ ... တဲ့၊ နင့်အဖေဆီ နင်ပြန်တောင်းပါလားလို့ကို ပြောတာ။ အမေကြီးဆိုတာ စိတ်ဆိုးသွန်းလို့ မူးလဲပါရော။ အဲဒီကတည်းက ကံဦးမောင် သူများရှေ့မှာ လက်မဖြန့်ချင်တော့ဘူး။ နော် ... အန်တီလေး"

ကဲ ... ကြည့်။ ငါအဖေတစ်ယောက်လုံးကို ကျော်ပြီး သူ့မိထွေးကို သူကပ်ပလီလိုက်တာလေ။ လူလည် လူပါး,ပါခို။

'ခင်စိန်' ပါတဲ့ မောင်ရာ။

သားချင်းဆွေမျိုးမရှိ၊ ဥတစ်လုံးတစ်ကောက်ကြွက်ဘဝမှာအိမ်ထောင်ကျြး အိမ်ထောင်ပျက်ဘဝက လာရရှာတဲ့ခမျာပဲ။ သူ့ကို အလေးတမူ 'အမိအရာ' ထားသဟဲ့ရယ်လို့ အရှည်ပျော်ဆင်းသွားလိုက်တာများဟာ ရေခဲ့တုံး အရေပျော်တာကမှ နှေးသေး။

ရော့ ... သူ့ဘာသာ ယူသွားပေ့ာဆိုခဲ့ရင်တောင် ဒီကောင် ဒီလောက်ရလိုက်မှာ ယူရဲမှာ မဟုတ်ဘူး။ ခင်စိန့်ပါးစပ်က 'မောင်ဦး



www.burmeseclassic.com

www.burmeseclassic.com



မောင်ဦး' မချတော့သလို နှစ်ယောက်သား တကယ့် သားအမိတွေ အတိုင်း နှုတ်ခမ်းချင်းလိမ်နေလိုက်ကြတာ သင်းလက်ထဲ ငါးရာတန်တွေ အထပ်လိုက် တွေ့လိုက်ရတာပဲ နောက်ဆုံး မြင်လိုက်ရတော့တယ်။ ဘယ် လောက် ဘယ်ရွေ့ပါသွားမှန်းကို မသိလိုက်တော့ပါဘူး။

''ဒီတစ်ခါတော့ ကံဦးမောင်ပြန်လာရင် အန်တီလေးစားဖို့ အရိုးတောင်း ကြက်ခြေနီသုပ်နဲ့ 'ဒေါ်ရှိ' နှမ်းမနဲ့တွေ ဝယ်လာခဲ့ဦး မယ်''

ငနဲက လာလာချွဲသေး။

ပြန်ခါနီး ငါနဲ့ခင်စိန်ကို ထိုင်ကန်တော့ရင်း သူ့အန်တီလေးကို မက်လုံးပေးပစ်ခဲ့သေးတာလေ။

ခင်စိန်ဆိုတာ တရှုပ်ရှုပ်နဲ့ ငိုပါလေရော။

သူ့ဘဝမှာ လူဖြစ်လာကတည်းက အမိရယ်၊ အစ်မရယ်လို့ အရေးအရာထားပြီး အကန်တော့ခံရဖူးတာဟာ ဒါ ပထမဆုံးပဲတဲ့။ သူ့လမ်းသူလျှောက်ရင်း သူ့ကိုယ်စိုးကိုယ်ပိုင်ဘဝမှာ အပျော်ရဆုံးအချိန် ဟာလည်း ခုမှပဲ ရတော့သတဲ့။

အင်း ... ပျော်တာတော့ ပျော်ခဲ့ကြရတာပဲလေ။

ငါရော ... ခင်စိန်ရော ... ငါ့သားကံဦးမောင်ရော ...။

နော့ ... လူတစ်ယောက်ဟာ တစ်သက်တာတစ်ဘဝမှာ ပျော်စရာအချိန်ကလေး တစ်ချိန်တော့ရှိခဲ့ဖူးဦးမှ လူဖြစ်လာရကျိုးနပ်ပေမှာ ကိုး။ ငါလည်း ပျော်မိခဲ့ပါရဲ့။

'ဝါနု' ဆုံးပါပြီးတဲ့နောက် ငါ့ရဲ့ရယ်သံကို အဲဒီနေ့ကမှ ငါပြန် ကြားခဲ့ရတာ။ အဟုတ်။

ကြမ္မာဆိုးဆိုတာဟာ သူချည်းသက်သက် မလာတတ်ဘူး။





အဖော်နဲ့အပေါင်းနဲ့၊ အသိုင်းအဝိုင်းနဲ့ အုံကျင်းဖွဲ့ပြီး လာတတ် မြဲဆိုတာ အစစ်ပဲကောင်ရေ့။

မယုံမရှိနဲ့ ကိုယ်တွေ့။

'ကံဦးမောင်' ဟာ အရွယ်ကလေးရလာတော့ ငယ်ငယ် တုန်းကလို သန္ဓေကောင်းကလေး မဟုတ်တော့ဘဲ တောင်တောင်အီအီ တွေ ဗွေဖောက်လာတယ်။ အသုံးအဖြုန်းလည်း ကြီးလာတယ်။ သောက် သောက်စားစား လူ့မင်းသားပုံဖမ်းလာတယ်။ ဆိုးတာက လောင်းကစား နဲ့ထဲ ကျွံနစ်လာတာပဲ။ အဲဒီသတင်းတွေကို ဟိုကဒီက ကြားနေရပေ တဲ့ ဖအေမှီလား။ ကိုယ့်သားမကောင်းသတင်းကို ဘယ်ယုံရက်မှာတဲ့ လဲ။

အင်း ... 'အေးရိပ်' ကိုတော့ မကြာမကြာ ပေါက်,ပေါက် လာတတ်ပါရဲ့။ လာတိုင်းလည်း သူ့အန်တီလေးခင်စိန်ဆီက ငွေကို မရ, ရအောင်ချူပြီး ပြေးပြန်တော့တာပဲ။ ဖင်ပူအောင် မနေဖူးဘူး။ လာရင် လည်း ဘီယာသောက်လာသလိုလို၊ ထန်းရည်သောက်လာသလိုလို အမြဲ မူးတွေမူးတွေနဲ့။ သူ့အန်တီလေး ခင်စိန်ဆိုရင် သူလာပြီး ပြန်သွားတဲ့ အခါတိုင်း မျက်ရည်နဲ့မျက်ခွက်။

''အစ်ကိုကြီးရယ် ... မောင်ဦးရဲ့ ရုပ်ရည်ကိုလည်း ကြည့် စမ်းပါဦး။ အရင်တုန်းကပုံနဲ့ တူသေးရဲ့လားလို့။ ပစ္စုပ္ပန္နရကို ဖြစ်နေ ပြီ။ ညှင်းသိုးသိုး ပိန်တိပိန်ချောင်နဲ့။ ဆေးတွေဘာတွေများ စွဲနေပြီ လားမသိဘူး။ နည်းနည်းကလေးများ ကလေးကို ကြည့်ပြောပါဦး ..။ ဟိန်းတန်တာဟိန်း ဟောက်တန်တာဟောက်ပ။ ဒီအတိုင်းတိုင်း လွှတ် ထားလိုက်ရင် ဒီကလေး ရေစုန်မျောသွားလိမ့်မယ်''

ခင်စိန် ပြောခဲ့တာတွေလေ။



www.burmeseclassic.com

www.burmeseclassic.com



ခမျာမလည်း ကံဦးမောင်ကို သားကလေးလို၊ မောင်ကလေးလို အရိပ်တကြည့်ကြည့်ကိုး။ သံယောဇဉ် တွယ်ရှာပေတာကိုး။

ငါလည်း ပြောဖို့တော့ဖြင့် ကြိုးစားကြည့်ခဲ့ပါသေးရဲ့။ ရပါဘူးကွာ။ ဒင်းကလေးကို ပြောမဟဲ့ပြုမဟဲ့ ကြံလိုက်တိုင်း သွားလေသူ သူ့အမေ 'ဝါနု' ရဲ့ မျက်နှာကလေးက ပေါ်ပေါ်လာရော။ ပြောဖြင့် တော့မယ့် နှုတ်က ဘယ်လိုမှ ဟ, မရတော့ဘူး။ အာခေါင်ထည့်ထားသ သလို လေးသွားရော။ 'ကိုင်းကွာ ... နေစမ်းဟာ' ဆိုပြီး အရက်ကိုပဲ ဖိပြီးမဲပြီး သောက်ချ။ အမူးသောက် ... အမှောက်သောက်ပ,လကွာ။ ခွေးသောက်နွားသောက်ပ။

"ဖဲသာရေ ... ငါ့ညီ၊ လူကလေးကို ဒီလိုထားလို့တော့ဖြင့် မဖြစ်လောက်တော့ဘူးဟ။ သူ့အစ်မကြီးတွေ စကားကိုလည်း နား မထောင်တဲ့အပြင် တစ်ခွန်းမခံ ပြန်ပြန်ပက်, တတ်လာတယ်။ ဆိုးတာ က ... ကိုယ့်ညီအစ်ကိုချင်းပဲကွာ၊ ဘွင်းဘွင်းပြောရရင် မင်းကောင် က ခြေဆော့လက်ဆော့ လုပ်တတ်လာတယ်ဟ။

ငွေကလေး နည်းနည်းပါးပါးကနေ စ, လိုက်တာ။ အားလုံး မိသားစုတွေက မသိကျိုးကျွံ ပြုထားရင်းနဲ့ပဲ သူ့အမေကြီးရဲ့ ရွှေခြေ ကျင်းတစ်စုံလုံး ပျောက်သွားတဲ့နေ့ကဆို မကံမြဲခမျာ ပစ္စည်းဆုံးရတာ ထက် သူကျွေးမွေးပြုစုလာခဲ့ရတဲ့ ဒီကလေးရဲ့ အကျင့်စာရိတ္တ ဆုံးရှုံးရ လေခြင်းဆိုပြီး အိပ်ရာထဲ ဘုန်းဘုန်းကိုလဲရော။ ဖဲသာရေ ... မင့်သား ကို တစ်ခုခုတော့ လုပ်ကြမှပဲ"

တစ်နေ့ကပဲ အစ်ကိုကြီး ကိုဖဲဝါဆီက ဖုန်းဆက်ပြီး အတိုင်အ လိုက်ရသေးတယ်။ အဲဒီအိမ်မှာလည်း မနေတော့ဘူးတဲ့။ သူငယ်ချင်း တွေအိမ်မှာလိုလို၊ ဘော်ဒါဆောင်မှာ နေသလိုလို။





ကဲ ... အဲဒီလိုနဲ့ တစ်ညသားမှာ ကြမ္မာဆိုးဟာ 'အေးရိပ်' ကို ခြေဖွေပေါက်ပြီး ဒုတ်ဒုတ်ထိ ရောက်လာခဲ့တော့တယ်။

"အဘ ... အဘ ... အန်တီလေး ..."

"ဟင် ... သား ... ကံဦးမောင် ..."

"ဟဲ့ ... ဟဲ့ ... မောင်ဦး ... ဘာဖြစ်လာတာတုန်း။ မျက်လုံးပြူး မျက်ဆံထွက်နဲ့ ... ဟင်။ နှုတ်ခမ်းမှာလည်း သွေးတွေ မောင်ဦး ... မောင်ဦး ... မင်း ဘာဖြစ်လာသတုန်း။ ပြောစမ်း ... အန်တီလေးကို။ အံမလေး ... ရင်တုန်ပန်းတုန် ရှိလိုက်ပဟယ်"

"ကံဦးမောင် ရန်ဖြစ်လာခဲ့တယ် အန်တီလေး။ ဒီကိုလာရင်း နဲ့ လမ်းမှာ ခပ်ဖြိုင်ဖြိုင်လာလုပ်တဲ့ ငနဲသုံးကောင်နဲ့ ဖိုက်လာခဲ့တယ်။ သုံး ယောက်တစ်ယောက် ချကြတာပဲ။ ဒီကောင်တွေကိုတော့ ခြံစည်းရိုး တိုင်ဖြုတ်ပြီး ကောက်ရိုက်ပစ်ခဲ့တာ သုံးကောင်လုံး မှောက်နေခဲ့လေ ရဲ့။ သေကုန်ကြပြီလားတောင် မသိဘူး"

"အံမယ်လေးလေး မောင်ဦးရယ်"

ငါ့ရင်ထဲမလည်း မီးပုံကြီးပေါက်လို့။

ဘာတွေဖြစ်ကြဦးမလဲ မသိသေးဘူး။ တော်သေးတယ် ... ငါ့သားကံဦးမောင် ဒဏ်ရာအသင့်အတင့် ရလာခဲ့တာကလွဲရင် ဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်ခဲ့လို့။

"ကဲ ... မိန်းကလေး၊ ညည်းကံဦးမောင်ကို ဆိုင်ကယ်နဲ့ ခြံ ထဲခေါ်သွားပြီး ဆေးကလေးဘာလေး ထည့်ပေး။ ထမင်းမစားရသေး ရင် ကျွေးပြီး ငါတို့အိမ်ပေါ်မှာပဲ ခေါ်ထားလိုက်။ 'အေးရိပ်-၂' မှာ သွားမထားနဲ့။ ဒီကောင် ခြေတစ်ဆုံးလက်တစ်ဆုံး လုပ်ပစ်ခဲ့တဲ့ကိစ္စက တော်တော်နဲ့ ငြိမ်းမှာသေမှာ မဟုတ်ဘူးရယ်။ ငါဒီမှာ ရှင်းပြီးမှ လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တော့မယ်''

''အစ်ကိုကြီးကလည်း ရန်ပွဲဆက်မနေနဲ့ဦးနော်''

''အေးပါကွယ် ... စိတ်ချသွားပါ။ ငါ လုပ်တတ်ကိုင်တတ်ပါတယ်။ ဥက္ကဋ္ဌကိုခေါ်ပြီး တောင်းပန်တိုးလျှိုး၊ ဆေးဖိုးဝါးခပေး၊ လျှော်တန်တာလျှော်ပေါ့။ သား ... ကံဦးမောင် မင်းအန်တီလေးနဲ့ လိုက်သွား။

ဟွန်း ... သောက်ထားလိုက်တာများကလည်း မွှန်ထွန်နေပါရောလားဟ။ သေတော့မှာပဲ ... မင်းဆိုင်ကယ်ကို မမောင်းနဲ့တော့။ မင်းအန်တီလေးပဲ မောင်းလိမ့်မယ်။ မင်းနောက်ကပဲ ထိုင်လိုက်။ ကြားလား''

''ဟုတ်''

ဒီကောင် တုန်နေရှာတယ်။

ကြောက်ရှာလို့ပဲလား၊ စိတ်လှုပ်ရှားလွန်းလို့လား၊ သားမျက်နှာကလေးကိုကြည့်ပြီး 'ဝါနုရေ ... ငါ တာဝန်မကျေခဲ့ဘူးကွယ်။ ငါ့သားကို ရွှေတွေ, ငွေတွေပြည့်စုံအောင် ဆင်နိုင်ခဲ့ပေတဲ့ အသိဉာဏ်,ပညာ၊ ဆင်ခြင်တုံတရားတွေ သင်မပေးနိုင်ခဲ့ဘူး။ သင်းကလေး ... ငါ့ကြောင့် ပျက်စီးရတာ' လို့ မချိတင်ကဲ အော်ဟစ်နေမိတော့တယ်။ ယူကျုံးမရလည်း ဖြစ်မိပါရဲ့။

''သွားပြီ ... အစ်ကိုကြီး''

''ဟူး ...''

ဆိုင်ကယ်ဘဲခေါင်းစိမ်းလေးကလေး ညို့ကလွှတ်တဲ့ မြင်းလို ပြေးထွက်သွားတယ်။ 'အေးရိပ်' ဆီကို ပြေးလာနေကြတဲ့ ဆူဆူညံညံ လူအုပ်တွေရဲ့ အသံကိုလည်း ကြားရရဲ့။ အန္တရာယ်ရဲ့ ခြေသံတွေလေ။





'သတ်မဟာ ... ဖြတ်မဟာ' တွေပဲပေါ့။

ငါ့မှာ အဲဒါတွေကို စိတ်ထဲ မထည့်အားသေးဘူး။

အမြင်မတင့်တယ်တဲ့ မြင်ကွင်းက ငါ့ကို ဗလောင်ဆူအောင် ဖန်နေတယ်။

ဟိုမှာလေ ... ဆိုင်ကယ်မောင်းသွားတဲ့ ခင်စိန်ရဲ့ခါးကိုဖက်ပြီး ဆိုင်ကယ်နောက်က ကားရားခွပါသွားတဲ့ ငါ့သားတော်မောင် ... ကံဦးမောင်လေ။ အမူးလွန်နေသလား မသိ။ သူ့ခေါင်းကို ခင်စိန့်ပခုံးပေါ်တောင် မှီထားလိုက်သေး။

ငါ့မှာ အာခေါင်တွေ အလိုလို ခြောက်လာတယ်။

ဟုတ်တယ် ... ငါ့အကြောင်း ... ငါနဲ့ခင်စိန်အကြောင်း ငါ့တို့နှစ်ယောက်ပဲ သိထားကြတာကိုး။

ဘာလဲ ... ဟုတ်စ။ အေးလေ ... ပြောပါမယ်။ အဲဒါကို ထည့်ပြောမှလည်း 'မီး' ဆိုတာ ဘာလဲလို့ မင်းတို့ တဝိတဝ်အဝ်အဝ် သိကြမှာပေါ့။ နေဦး ... ဒီလိုဟေ့။ ခင်စိန်နဲ့ ငါနဲ့က အများတကာ အမြင်မှာ အကြင်လင်မယားအဖြစ် မြင်နေကြရပေတဲ့ တို့နှစ်ယောက် သားဟာဖြင့် ဒီကနေ့အထိ လင်ခန်းမယားခန်း မြောက်ကြသေးတာ မဟုတ်ဘူးရယ်။

ဘာကြောင့်လဲ။ ဟက် ... ဟက်။

ရှက်လည်း ရှက်ပါရဲ့။ မရှက်လည်း မရှက်တော့ပါဘူး။

'ဝါနု' ဆုံးသွားပြီးကတည်းက ငါ့စိတ်ရော, ရုပ်ရောပြီး လေလွင့်သွားလိုက်တာဟာ နောက်ပိုင်း စိတ်ရောရုပ်ရောပြန် 'လူ' လာခဲ့တယ်ဆိုပေတဲ့ ... အင်း ... ယောက်ျားစိတ်၊ ယောက်ျားမာန်တော့ ကုန်သွား တုံးသွားခဲ့ရသလေ။ ဟုတ်တယ် ... ဟုတ်တယ်။ 'မုန်း သေ'



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တာ။ ဘယ်လိုကုက ... ပြန်ကောင်းမလာခဲ့တော့ဘူး။

အဲဒီတော့ ကံဦးမောင်ရဲ့ ဒီလိုပိုင်စိုးပိုင်းနင်း အထိအတွေ့တွေဟာ ... ဟော့ကောင်ရေ ... ငါ ဆက်မတွေးရဲတော့ဘူး။

'မိး' ဟာ ငါ့ရင်ကို အဲဒီမြင်ကွင်းနဲ့စ, ပြီးလောင်မြိုက်လာစေခဲ့တာပဲ။ တမြည့်မြည့်နဲ့ပေါ့။

☼ ☼ ☼

❑

'အိုးချင်းထားတော့ အိုးချင်းထိ၊ ကြိုးချင်းထားတော့ ကြိုးချင်းငြိ' တဲ့။

တို့ မြန်မာစကားပုံရှိခဲ့ပြီးသား။

ဒါပေတဲ့ ... တကယ်တမ်း အိုးပိုင်ရှင်၊ ကြိုးပိုင်ရှင်တွေ အနေနဲ့တော့ 'မဖြစ်တန်ကောင်းပါဘူးလေ' လို့ပဲ လျှော့တွက်ထားလေ့ ရှိတတ်ကြစမြဲကိုး။ အိုးချင်းထားရင်းက ထိရုံမက တိုက်ကြီးခွပ်ကွဲပြီဆိုမှ၊ ကြိုးချင်းငြိပြီး ဖြည်မရရှင်းမရအောင် ရှုပ်ကုန်ပြီဆိုမှ 'ဟုတ်ပေသားပဲ' လို့ ရင်ကျိုးမတတ် နောင်တရတတ်ကြတာ။ ဟုတ်တယ်ဟုတ်။

အင်း ... အဲဒီလိုပဲလို့သာ ပြောပါရစေတော့။

ထင်လည်း မထင်ရက်ခဲ့ဘူး။

ထင်ကောင်းစရာလည်း မဟုတ်ဘူး။

ခင်စိန်က ငါ့မယား။ ကံဦးမောင်က ငါ့သား။ ကဲ ... ဒီလိုဖြစ်စရာလား။

ငါ့တပည့်တပန်းတွေ၊ မိတ်ဆွေသင်္ဂဟတွေကလည်း ငါ့အရိပ်အကဲကိုကြည့်ပြီး စကားမဟရဲကြဘူး။ စိတ်မကောင်းတဲ့ မျက်နှာတွေနဲ့ပဲ ကြည့်နေကြတယ်။ 'ဖြစ်မှဖြစ်ရပလေကွယ်။ ဒီလူနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ဆိုးပ' ဆိုတဲ့ အဲဒီအကြည့်မျိုး။ မျက်နှာပေါက်မျိုးတွေကို မြင်ဖူးလှပေါ့။ 'ဝါနု' ဆုံးပြီးစ ငါလေလွင့်တဲ့ အချိန်တုန်းက အကြည့်မျိုးတွေ။

ဆိုကြပါစို့ကွယ် . . .။

အဲဒီနောက်ပိုင်း ငါကလည်း အရက်မူးနေတဲ့အချိန်က ခပ်များများ။ နေ့ . . . မူးနေတော့ဘာမှ မတွေးမိ၊ မစဉ်းစားမိတော့ဘူး မဟုတ်လား။

"ဖဲသာရေ . . . ငါ့ညီ။ မပြောမပြီး မတီးမပြည် ရှေ့မျက်နှာနောက်ထားပြီး ပြောရဦးတော့မှာပဲ။ ကံဦးမောင်နဲ့ မင့်မိန်းမ နေပုံထိုင်ပုံတွေ အကဲမရလှဘူးလို့ အတော်များများက ပြောနေကြပြီကွ။ တစ်မြေတစ်ရပ်ခြားမှာနေတဲ့ ငါတို့နားတွေအထိတောင် ပေါက်လာမှဖြင့် မင်းတို့ဝန်းကျင်မှာ လှျံနေရောပေါ့။

မင်း ဘယ်လောက် စိတ်ဆင်းရဲနေလိုက်လေမလဲလို့ အစ်ကိုကြီး တွေးကြည့်ပါတယ်။ တွေးရင်းနဲ့တောင် ရှူးလိုက်ချင်ရဲ့ကွာ။ မင်းဘာလုပ်မလဲ။ သင့်တော်တာ တစ်ခုခုတော့ဖြင့် လုပ်ကြရတော့မှာပဲ။ မင်းရဲ့ အိမ်တွေ၊ ခြံတွေ၊ လုပ်ငန်းတွေကို မငဲ့မကွက်ပဲ ရောင်းထုတ်ပစ်ခဲ့ပြီး အစ်ကိုကြီးတို့ဆီ လာပေါင်းနေလှည့်တော့။

ကံဦးမောင်ကိုတော့ဖြင့် သင့်တော်တဲ့သူရှာပြီး တောင်ကြီးမှာပဲ အခြေချပလေ့စေ . . .။ ကဲ . . . ဖဲသာရေ . . . ငါ့ညီလေး၊ ကြုံလာဖြစ်လာမှဖြင့် မြွေမသေတုတ်မကျိုး မီးစင်ကြည့်က, တတ်ရလိမ့်မယ်ဟေ့။ မင်းလည်း အသက်ကြီးပြီ၊ အရက်တွေချည်း ဖိသောက်နေတာကို ရပ်တော့။ 'ဝါနု' များ ရှိနေသေးရင် ရင်ကျိုးရချေရဲ့ကွာ"

အစ်ကိုကြီး ကိုဖဲဝါက တတန်တက စာရေးလာခဲ့တယ်။





အစ်ကိုကြီးရဲ့စာကို ဖတ်ပြီး ငါ့မှာ ငိုလိုက်ရတာလေ။ တိုက်တိုက်ဆိုင်ဆိုင် ဖန်တီးလာတဲ့ ဘဝကြမ္မာကိုလည်း အံ့ဩမိရဲ့။ ဆိုးလှတဲ့ ငါ့ကံကိုလည်း ဩချမိရဲ့။ မီးပုံထဲ ခုန်ဆင်းနေကြတဲ့ အမိုက်ကလေးနှစ်ကောင်ကိုလည်း သနားမိရဲ့။

ယောက်ျားကြီးတန်မဲ့ 'ဝါနု' ကို တ,တပြီး ဟီးတိုက်ငိုမိတော့တယ်။ အဲ . . . အားရအောင် ငိုပြီးတဲ့အခါ ငါ ဆုံးဖြတ်ချက်ချလိုက်ပြီ။ အစ်ကိုကြီးကိုဖဲ့ဝါ ပြောတဲ့အတိုင်းပဲ စီစဉ်တော့မယ်လို့လေ။ ကောင်ကလေး ကံဦးမောင်ကိုတော့ ဖြူတယ်, မဲတယ် မပြောတော့ဘူး။

ခင်စိန်ကိုတော့ ပြောသင့်တာဖွင့်ပြောပြီး ပွင့်ပွင့်လင်းလင်းတားဆီးရတော့မယ်။ ခမျာမှာလည်း တဏှာဖြစ်နေပေလို့သာကိုး။ ရေခံမြေခံစိတ်ခံက ကောင်းပြီးသားပဲဟာ။ ငါစီမံတဲ့အတိုင်း နာခံရှာမှာပါပဲ။

အဲသလိုလည်း တုံးတုံးချလိုက်ကရော ရင်ထဲ ပေါ့သွားလိုက်တာများဟာလေ။ ဝမ်းစကလေး လေထဲလွင့်နေသလိုပဲ။ စိတ်ကို အေးလို့၊ ကြည်လို့။

ဒီလိုနဲ့ . . . ဝမ်းမြောက်ဝမ်းသာ မန္တလေးရမ်ကလေး သုံးပက်လောက် ဝမ်းထဲကိုထည့်ပြီး 'အေးရိပ်' ကနေ ငါ့ဝဲ့ခြံဖက်ဆီလမ်းလျှောက်ပြန်လာခဲ့မိတယ်။

ရင်ထဲမလည်း 'ဝါနု' က နိုလို့ပ, လေ။

နို့ပေတဲ့ . . . ကြမ္မာရှိုင်းက ဒီတစ်ချီလည်း အနိုင်ပိုင်းလိုက်ပြန်တာပဲဟေ့။ အင်း . . . ဒီတစ်ချီတော့ဖြင့် အမြစ်အရင်းက ကျွတ်ထွက်ပြီး မြေပေါ်ကို ဒုတ်ဒုတ်ထိ ဘုန်းဘုန်းပစ်လဲရတဲ့ ညောင်ပင်အိုကြီးလိုပဲ . . . တစ်ခါတည်း ကိစ္စကိုပြတ်ကရော . . .။



www.burmeseclassic.com

www.burmeseclassic.com



အေးပါ . . . အေးပါ . . . ပြောမှာပါ။

နိဂုံးလည်းချုပ် စကားစလည်း သိမ်းကာနီးပါပြီ။

'အေးရိပ်–၂' ခြံထဲက ငါတို့အိမ်က ခြံထောင့်မှာ သီးသီးသန့်သန့်ကလေးရယ်။ သစ်သားလုံးချင်းရိပ်သာ အိမ်ကလေးတွေနဲ့ရော၊ စားသောက်ဆိုင်နဲ့ရော လှမ်းတယ်။ နားအေးပါးအေး နေရအောင်ကို ကားလမ်းမကြီးနဲ့ဝေးတဲ့ ခြံနောက်ဖေးမှာ တမင်ဆောက်ခဲ့တာ။

ငါ့အိမ်ဘက်ဆို ဘယ်သူမှလည်း သိပ်လာလေ့လာထ မရှိကြဘူး။ ခုမှမဟုတ်ဘူး။ ဟိုအရင်တုန်းကတည်းက ငါက ခပ်အေးအေး ငြိမ်းငြိမ်းနေတတ်တာ သိထားကြတော့ အလိုက်တသိ နေပေးကြတာလေ။

အချိန်ကလည်း ညဆယ်နာရီခွဲ၊ ဆယ့်တစ်နာရီ။

အိမ်ထဲမလည်း မီးတွေအားလုံး မှိတ်ထားကြပြီလေ။

ခြံကလေးရော၊ အိမ်ရော၊ သရက်ပင်တွေရော၊ ပန်းဥယျာဉ်ကလေးရော အမှောင်ထဲမှာ စုံးစုံးနစ်လို့။

အိမ်အောက်က ဒန်းပေါ်မှာ ခဏထိုင်ပြီး နားရင်း လက်ထဲက ရမ်ပုလင်းပြားကလေးကို ထုတ်၊ နှစ်ကျိုက် မော့ချလိုက်မိသေးတယ်။ လည်းချောင်းထဲကို ပူပြီးဆင်းသွားတာပဲ။ မီးတွေလေ . . . မီးတွေ။

ဟော . . . အဲဒီအချိန်မှာပဲ အိမ်အပေါ်ထပ် ငါတို့အိပ်ခန်းဘက်ဆီက ခင်စိန်နဲ့ ကံဦးမောင်တို့ရဲ့ ရယ်သံတွေကို ကြားရတယ်။ ကြည်ကြည်နူးနူးရယ်နေကြတဲ့ အဲဒီရယ်သံတွေဟာ သေချာနားစိုက်ကြည့်မှ ကြားသာရုံရှိမှာပါ။

ဒါပေတဲ့ . . . ငါ့နားထဲ ငါ့ရင်ထဲမှာဖြင့် ဗုံးတစ်လုံးကွဲသလို





မြည်လွန်းဟိန်းလွန်းလှတယ်။ နောက် . . . ငါ့ရင်ထဲမှာ မီးလျှံမီးညွန့်တွေ တဟုန်းဟုန်းတောက်လို့။ အသိတရားတွေ၊ ဆင်ခြင်မှုတွေ အားလုံး ပျောက်သွားတယ်။ မီးတွေ၊ မီးတွေကိုချည်းပဲ မြင်နေရတော့တယ်။

လက်ထဲက လက်ကျန်ရမ်အရက်တွေကို အကုန်မော့ချ။

နောက်ဖေးပြတင်းပေါက်ကို အသာတွန်းဖွင့်၊ ထင်းခွဲတဲ့ ဓားမကြီးနဲ့ လင်းကင်းဓားကြီးကို ဘယ်ညာကိုင်၊ အိပ်ခန်းထဲမှာ အခြေပျက်နေတဲ့ အမိုက်သားနှစ်ကောင်ကို အတင်းတွန်းခုတ်မိတော့တာပဲ။

နှစ်ယောက်စလုံး သွေးအိုင်ထဲမှာ ငြိမ်ကျသွားပြီဆိုတော့မှ အောက်ထပ်ပြန်ဆင်းလာပြီး ရေနံဆီပုလင်းကိုယူ၊ နံရံတွေကို ပက်ဖျန်းပြီးနဲ့ တင်ရှူးပစ်လိုက်တော့တယ်။

အိမ်ကြီး မီးဟုန်းဟုန်းလောင်နေတာကို ခြေပစ်လက်ပစ် ထိုင်ကြည့်ပြီး ငါလည်း အရူးကြီးလို တဟီးဟီးနဲ့ ထိုင်ငိုနေမိတာပါပဲကွာ။

ငါတင့်ပဲလားတဲ့။

မဟုတ်နိုင်ဘူး . . . မဟုတ်လောက်ဘူး။

ငါနဲ့အတူ 'ဝါန' လည်း ငိုနေရှာမှာပဲ။ သေချာတယ်။

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

အဘဦးဖဲသာကြီး စကားလည်းဆုံးရော ကျုပ်တို့တစ်ဝိုင်းလုံ ငြိမ်တိတ်လို့။ မျက်နှာသေကလေးတွေနဲ့။ ကိုးနာရီ အိပ်ချိန်ပေးတဲ့ သံချောင်းကြီးလည်း ခေါက်ပြီးသွားလို့ ၃ မောင်းသာသာတောင် ရှိ ပြီ။

ဟောဗျ ...။ တန်းစိ ကိုကံချွန်ကြီးနဲ့ ဘာရာငနိုးရယ်၊ လက် ပွားသန်းမြင့်ရယ် ကျုပ်တို့ဝိုင်းဘေးမှာ မတ်တတ်ကြီးတွေ ရပ်ရင်းေ နေလေရဲ့။

အဲဒီနောက်တော့ ထောင်ထဲမှာ ကျုပ်တို့အိပ်ဆောင်ခန်းနဲ ပတ်သက်ပြီး ပြောစမှတ်ပြုစရာတွေက တိုးလာခဲ့ပြန်ပါရောလား။

အဲဒီညတုန်းက အဘိုးကြီး ဦးဖဲသာ အပြောကောင်းလိုက်တ ဟာ နှပ်ချေးအုန်းမောင်တစ်ယောက် သူ သံယောဇဉ်တကြီး သိမ်





ဆည်းထားတဲ့ ထောင်ဝင်စာထုပ်ကြီးကို ဝေသန္တရာ လုပ်ပစ်လိုက်တာ ပြောင်ရော။ သံဝေဂရလို့တဲ့။ အကုန် ချကျွေးပစ်လိုက်တော့တာလေ။

နောက် ... သိပ်မကြာခင် ထောင်ဝင်စာ သုံး,လေးခေါက် သား ... လာလိုက်ရသေးသတဲ့ နှပ်ချေးအုန်းမောင်ဖြင့် သူ့မိန်းမကို ထောင်မှူးကြီး ရုံးခန်းထဲမှာ ကွာရှင်းလက်မှတ် ထိုးပေးလိုက်ရတော့ တာပဲလေ။ သူနဲ့အတူ ပါပါလာတဲ့ ငနဲနဲ့ ယူကြတော့မယ်ဆိုလို့ နှပ်ချေး က တစ်သက်တွစ်ကျွန်း ကျလာခဲ့တာဆိုတော့ သူ့မိန်းမက မစောင့်နိုင် တော့ဘူးတဲ့ ...ကွဲ။

အဲ ...ရှမ့်တော့ဦးမလို့။

သူ့ဇာတ်လမ်းကို အိပ်သွန်ဖာမှောက် ပြောပြပြီးတဲ့ နောက် နောက်မှာ အဘိုးကြီးဦးဖဲသာတစ်ယောက် သူ့အိပ်ရာထဲတင် သေနေ ရှာပါရော။ အိပ်ထောင်ဖွင့်မှပဲ အားလုံး သိကြရတာ။ ထောင်ဆရာဝန် ကတော့ နှလုံးရောဂါလို့ ပြောတာပဲတဲ့။ တန်းစီး ကိုကံချွန်ကတော့ 'ရင်ကွဲနာကျသွားရှာတာကွ' လို့ တပ်အပ်ကြီးပြောတယ်။

ဘာပဲဖြစ်ဖြစ်လေ၊ ညအိပ်ဆောင်ပိတ် ထမင်းစားပြီးကြလို့ ဆေးလိပ်ကလေးဖွာရင်း ထမင်းလုံးစိချိန် ရောက်ပြီဆိုရင် အဘဦးဖဲ သာကြီးကို လွမ်းမိကြတာတော့ဖြင့် ကျုပ်တို့ တစ်ခန်းလုံးပဲ။

နော့ ... လွမ်းစရာကြီးကိုး။

☼ ☼ ☼

မေတ္တာဖြင့်
**ဇေယျမင်းသျှင်**

www.burmeseclassic.com

www.burmeseclassic.com




| ၁ |

❑

မှုခင်းတစ်ရပ် ဖြစ်လာပြီဆိုလျှင် ဝန်ခံဖြောင့်ချက်ပေးသော ရားခံက မရှိသလောက် ရှားတတ်သည်။ ထိုရှားပါးတတ်သော တရားခံ များပင် တရားခွင်ရှေ့မှောက်သို့ ရောက်သောအခါ ယင်းတို့ကိုယ်တိုင် အလိုအလျောက် ပေးခဲ့ပြီးဖြစ်သော ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်း၍ အမှန်တရားကို ဖုံးကွယ်ရန် ကြိုးစားတတ်ကြပြန်ပါသည်။

ယင်းသို့ ဖြစ်ရခြင်းမှာ ပြစ်မှုကျူးလွန်စဉ်က ဒေါသမီး၊ လောဘ မီး လောင်မြိုက်ကာ မောဟအမှောင် ဖုံးလွှမ်းနေသဖြင့် သတိလက် လွတ် ကျူးလွန်မိခဲ့ကြသော်လည်း ရဲစခန်း၊ အကျဉ်းထောင်၊ တရားရုံး တို့သို့ ရောက်လာချိန်တွင်ကား သွေးအေးနေပြီဖြစ်သဖြင့် ကြောက် စိတ်များ တဖွားဖွား ပေါ်လာကြ၍ပင်။

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ ကြောက်စိတ်ဖြင့် အသက်ရှင်နေရသော လူဆိုသည့် အတွသားကောင်၏ အဆုံးမရှိသော နိယာမတရားသာတည်း။

လုပ်ရဲရင် ခံရဲရမည်ဟူသော သံမဏိစိတ်ဓာတ်ဖြင့် ဒဏ်ခံရမည်ကို မကြောက်ရွံ့ဘဲ ဝန်ခံဖြောင့်ချက်ပေးတတ်သော တရားခံကား ရှားပါးမြဲ ရှားပါးနေဦးမှာသာဖြစ်၏။ တစ်ထောင်မှာ တစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက်၊ တစ်သိန်းမှာ တစ်ယောက်ပင် ရှိနိုင်အံ့မထင်။

သို့တစေ ...

ကျွန်ုပ်၏ လုပ်သက်တစ်လျှောက်လုံးတွင် တွေ့ကြုံခဲ့ရသော ဖြောင့်ချက်တရားခံနှစ်ဦး၏ အဖြစ်မှာကား မယုံနိုင်လောက်အောင် ဆန်းကြယ်လွန်းလှသည်။ သူတို့နှစ်ဦးမှာ လူရွယ်တစ်ဦး အသတ်ခံရမှုတွင် တရားခံများအဖြစ် ကျွန်ုပ်တာဝန်ကျရာ အကျဉ်းထောင်သို့ ရောက်လာခဲ့ကြခြင်းဖြစ်၏။

ထူးခြားသည်မှာ ၎င်းတို့နှစ်ဦးတွင် တစ်ဦးက ယောက်ျားလေးဖြစ်ကာ ကျန်တစ်ဦးမှာ မိန်းကလေးဖြစ်နေကာ တစ်အူတုံဆင်း မောင်နှမရင်းချာများ ဖြစ်ခြင်းပင်။

ထို့ထက်ပို၍ ထူးခြားသည်မှာ ၎င်းတို့နှစ်ဦးသည် သာမန်မောင်နှမမျိုးမဟုတ်ဘဲ တစ်ယောက်နှင့်တစ်ယောက် အချိန် ၅ မိနစ်မျှသာခြား၍ မွေးဖွားလာသော အမြွှာမောင်နှမ ဖြစ်နေခြင်းပင်။

ထို့ထက်ထို့ထက်ပို၍ ထူးခြားသည်မှာ လူသတ်မှုနှင့် ပတ်သက်၍ တစ်ဦးတစ်ယောက်မှ ကွယ်ဝှက်ငြင်းဆိုခြင်း မရှိသည်ကိုသာမက နှစ်ယောက်စလုံးကပင် သူသတ်ခဲ့သည်၊ ငါသတ်ခဲ့သည်ဆိုကာ အပြိုင်အဆိုင် ဝန်ခံဖြောင့်ချက် ပေးနေခြင်းပင်တည်း။

အချင်းဖြစ်နေရာတွင် ခိုင်မာသော မျက်မြင်သက်သေများ

သူရိန်စာပေ



သဖြင့် အမှုမှာ ထင်ရှား၍ ရှင်းလင်းစွာ ပေါ်လွင်နေရမည် ဖြစ်ခဲ့သော်လည်း မောင်နှမနှစ်ယောက်၏ ခွဲမရအောင် တူနေသော ရုပ်ညီများကြောင့်သာမက တစ်သွေးတည်း၊ တစ်ရောင်တည်း ဖြစ်နေသော ဝတ်စားဆင်ယင်မှုကြောင့် မျက်မြင်သက်သေများကိုယ်တိုင် မျက်စိသည်ခဲ့ရသော ဖြစ်ရပ်ဆန်းတစ်ခု ဖြစ်ပေသည်။

ဤအဖြစ်အပျက်သည် ဖော်ဖော်နှင့် မော်မော်မည်သော အမြွှာမောင်နှမနှစ်ယောက်နှင့် တင်မောင်လတ်ဆိုသော လူရွယ်တစ်ဦးတို့၏ ခါးသီးနာကြည်းဖွယ်ရာ နှလုံးသားဝေဒနာမှ ပေါက်ဖွားခဲ့ရခြင်းဖြစ်၏။

စစ်တွေမြို့၊ ကုလားတန်မြစ် ကမ်းခြေတစ်နေရာမှ ငွေသောင်ယံပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သော်လည်း ဤဇာတ်လမ်း၏ မြစ်ဖျားခံရာကား ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံနယ်မြေမှ ဖြစ်ပါလေသည်။

တောင့်တင်းခိုင်မာလှသော ဥပဒေ၏ သံမဏိကွင်းဆက်များကို ခွဲယမ်းကိုင်လှုပ်ပစ်ခဲ့ကာ အမှန်တရားကိုပင် စိန်ခေါ်ခဲ့သော အမြွှာမောင်နှမနှစ်ဦး၏ အနိုင်းမဲ့ သံယောဇဉ်လွန်ပွဲ၏ ပြယုဂ်သည်ကား ဆယ်စုနှစ်သုံးစုပင် ကျော်လွန်ခဲ့ပါလေပြီ။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ကိုမောင်မောင်စိုးတစ်ယောက် အနေးနှင့်အမြန် ရောက်ရှိလာတော့မည်ကို ကျွန်ုပ် ကြို၍ သိနှင့်နေပါသည်။

ကိုမောင်မောင်စိုးမှာ စစ်တွေအကျဉ်းထောင်အနီးရှိ ပြည်ထောင်စုရိပ်သာ (National Housing Board) တိုက်ခန်းတွင် နေထိုင်သော လူဝင်မှုကြီးကြပ်ရေးဌာနမှ အရာရှိတစ်ဦးဖြစ်၏ ရုပ်ရည်သန့်ပြန့်၍ ကိုယ်ခန္ဓာကြံ့ခိုင်သည့် အသက် ၃၅ နှစ်ခန့် လူချောလူခန့်တစ်ဦးဖြစ်သော်လည်း ခုချိန်ထိ အိမ်ထောင်ပြုရန် စိတ်မကူးသေးသည့် လူပျိုကြီးတစ်ယောက်ပါပေ။

ကျွန်ုပ်နှင့် ကိုမောင်မောင်စိုးမှာ အလွန်ရင်းနှီးခင်မင်ကြသူများတော့မဟုတ်။ ပြည်ထောင်စုရိပ်သာ တင်းနစ်ကွင်း၌ မကြာခဏ





ဆုံတွေ့ဖူး၍ အတန်အသင့် မျက်မှန်းတမ်းမိခဲ့သူဖြစ်၏။

လွန်ခဲ့သော သုံးပတ်ခန့်က ထင်သည်။ ကိုမောင်မောင်စိုး၏ တူနှင့်တူမ နှစ်ဦးဖြစ်သော အမြွှာမောင်နှမ ဇော်ဇော်နှင့် မော်မော်တို့ကို တင်းနစ်ကွင်း၌ စတင်မြင်ဖူးခဲ့မိသည်။ ဇော်ဇော်က အစ်ကို၊ မော်မော်က ညီမ။

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် ဒုတိယနှစ် တက်ရောက်နေသူများဖြစ်ကာ ကျောင်းပိတ်ရက်ဖြစ်၍ ဦးလေးဖြစ်သူ တာဝန်ထမ်းဆောင်ရာ စစ်တွေမြို့သို့ အလည်အပတ် ရောက်ရှိနေကြခြင်းဖြစ်ကြောင်း သိရ၏။

သူတို့နှစ်ဦးမှာ အမြွှာမောင်နှမပီပီ ရုပ်ရည်မှာ ရုတ်တရက် ခွဲခြား၍မရအောင် ချွတ်စွပ်တူလွန်းလှ၏။ တင်းနစ်ကွင်းသို့ လာရောက်တိုင်း အားကစားဝတ်စုံ (Jrack Suit) ကို တစ်ရောင်တည်း၊ တစ်ထပ်တည်း ဝတ်လာတတ်သဖြင့် ခပ်လှမ်းလှမ်းမှ ကြည့်လျှင် ဇော်ဇော်လား၊ မော်မော်လားဟု ကိုမောင်မောင်ပင် တစ်ခါတစ်ရံ ရုတ်တရက် မပြောနိုင်ပေ။

ယင်းသို့ ဖြစ်ရခြင်းမှာ ညီမဖြစ်သူ မောင်မော်၏ ဆံပင်ပုံစံကြောင့် ဖြစ်ပေသည်။

မော်မော်မှာမူ ချောမွေ့သော မိန်းကလေးတစ်ဦးတော့ မှန်၏။ မိန်းကလေးတို့တွင် ရှိအပ်သော အလှအပများကို ပိုင်ဆိုင်ထားသူလည်း မှန်ပါ၏။ သို့သော် သူမ၏ဆံကေသာမှာကား အများတကာ မိန်းကလေးတို့လို မဟုတ်။ အစ်ကိုဖြစ်သူ၏ ဘိုကေပုံစံနှင့်တူအောင် တစ်ထေရာတည်း ညှပ်ထား၏။

ထို့ကြောင့်လည်း မသိသူများက သူမအား ယောကျ်ားလေး



www.burmeseclassic.com

www.burmeseclassic.com



လား၊ မိန်းကလေးလား ခွဲခြားရန် ခက်လှသည်။ ပို၍ဆိုးသည်မှာ မော်မော်က သူ့ကိုယ်သူ 'ကျွန်တော်' ဟု ပြောတတ်ခြင်းပင်။

ပြီးခဲ့သော ဧပြီလ ၁၃ ရက် သင်္ကြန်အကြိုနေ့က ဖြစ်၏။ ထိုနေ့နံနက်ပိုင်းက ထူးခြားဖြစ်စဉ်တစ်ခု ဖြစ်ပေါ်ခဲ့သည်။

ကုလားတန်မြစ်ကမ်းခြေ၊ မင်းကြီးကျောက်တန်း၏ သဲသောင်စပ်တွင် ဓားတန်းလန်းနှင့် သေဆုံးနေသော အလောင်းတစ်လောင်းကို သက်ဆိုင်ရာမှ တွေ့ရှိရသော သတင်းဆိုးတစ်ခု ထွက်ပေါ်လာသည်။

သေဆုံးသူမှာ ဤမြို့မှမဟုတ်ဘဲ မသေမီနှစ်ရက်ကမှ ရန်ကုန်မှ ရောက်လာသော တက္ကသိုလ်ကျောင်းသား တင်မောင်လတ်ဆိုသူဖြစ်ကြောင်း ကြားသိရသည်။ တစ်ဆက်တည်းမှာပင် မမျှော်လင့်သော သတင်းဆိုးတစ်ခု ထပ်ဆင့်ကြားရပြန်သည်။

ကိုမောင်မောင်စိုး၏ တူနှင့်တူမဖြစ်သည့် ဖော်ဖော်နှင့် မော်မော်တို့အား ထိုလူသတ်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ ဖမ်းဆီးအရေးယူထားခြင်းပင်။

နောက်တစ်နေ့ ညနေပိုင်းတွင် အမြွှာမောင်နှမနှစ်ဦး အချုပ်တရားခံများအဖြစ် အကျဉ်းထောင်သို့ ရောက်လာကြသည်။ ရိုးရိုးအချုပ်တရားခံများတော့ မဟုတ်။ သူတို့ကျူးလွန်ခဲ့သော ပြစ်မှုအတွက် စက်ရှင်တရားသူကြီးရှေ့မှောက်၌ ဝန်ခံချက်ပေးခဲ့ကြသော ဖြောင့်ချက်တရားခံများအနေဖြင့် ရောက်လာကြခြင်းဖြစ်၏။

သို့ဖြစ်၍လည်း ကိုမောင်မောင်စိုးတစ်ယောက် အနေးနှင့်အမြန် ရောက်လာတော့မည်ကို ကျွန်ုပ် ကြို၍ သိနေခဲ့ခြင်းပင်ဖြစ်ပါသည်။

"ဩော် ... လာ ... ကိုမောင်မောင်စိုး၊ ထိုင်ပါ"





အကျဉ်းထောင်ဘူးဝရှိ ကျွန်ုပ်၏ရုံးခန်းသို့ မျက်နှာမသာမယာဖြင့် ရောက်လာသော ကိုမောင်မောင်စိုးအား ခရီးဦးကြို ပြုလိုက်ရ၏။ ကိုမောင်မောင်စိုးက တစ်ဖက်တစ်လုံးစီ ဆွဲကိုင်လာသော ပလတ်စတစ်အိတ်နှစ်လုံးကို ကုလားထိုင်ပေါ်တင်ရင်းက လေးတွဲ့သော အမူအရာဖြင့် ဝင်ထိုင်သည်။

ကျွန်ုပ်က ...

"ခင်ဗျား တူနဲ့တူမလေးတို့ သတင်းကြားရတာ ကျွန်တော် စိတ်မကောင်းလိုက်တာဗျာ"

ကိုမောင်မောင်စိုးက နွမ်းလျစွာ ခေါင်းညိတ်ပြသည်။

"ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်ရတယ်။ ကျွန်တော်က ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေးအေးနေချင်တဲ့လူပါ။ ခုတော့ ပြဿနာက အိမ်ပေါ်တက်လာသလို ဖြစ်နေတယ်။ ဘယ့်နှယ်လုပ်မလဲ ... ဆရာ၊ ကျွန်တော့်ဆီမှာ ဖြစ်တော့လည်း ကျွန်တော့်တာဝန်ပေါ့လေ"

"ဖော်ဖော်နှင့် မော်မော်က ဘယ်သူ့ဘက်က တော်ကြတာလဲဗျ"

"ကျွန်တော့်အစ်မအရင်းက မွေးတဲ့ ကလေးတွေပါ။ တစ်ယောက်နဲ့တစ်ယောက် အချိန် ၅ မိနစ်စီပဲခြားပြီး မွေးလာကြတဲ့ အမြွှာမောင်နှမပေါ့ ဆရာ။ အစ်မမှာလည်း ဒီသားသမီးနှစ်ယောက်တည်း ရှိတာဆိုတော့ ကျွန်တော့်ထက် ပိုခံစားရမှာပေါ့။ အစ်မကိုးသာရာရဲ့။

ဒီကိစ္စသိသိချင်း ရန်ကုန်ကို လှမ်းကြေးနန်းရိုက်ထားတယ်။ သူတို့ မကြာခင် ရောက်လာကြတော့မှာပါ။ အဲဒါ ကလေးတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားနဲ့ စားစရာတွေ လာပို့ရင်း သူတို့နဲ့လည်း တွေ့ရအောင်လို့ ကျွန်တော် လာခဲ့တာပါ''

ကျွန်နိုပ်က သက်ပြင်းတစ်ချက် ရှိုက်ထုတ်လိုက်ကာ . . .

''မနေ့ညနေက ခင်ဗျားရဲ့ တူနဲ့တူမ ရောက်လာတော့ ကျွန်တော် ရီမန်တွေကို စစ်ကြည့်တယ်။ ရာဇသတ်ကြီးပုဒ်မ ၃၀၂ တပ်ထားတာ တွေ့ရတယ်။ ပြီးတော့ ဖြောင့်ချက်တရားခံတွေဖြစ်လို့ ရီမန်မကုန်မချင်း သီးခြားချုပ်ထားဖို့ စက်ရှင်တရားသူကြီးရဲ့ မင်နီနီနဲ့ မှတ်ချက်ပါလာတာ တွေ့ရတယ်ဗျ''

ကိုမောင်မောင်စိုး မျက်ခုံးနှစ်ဖက် မြင့်တက်သွားကြသည်။

''ဒါ ဘာကိုဆိုလိုတာလဲ ဆရာ''

''ဆိုလိုတာကတော့ သူတို့ကို ဘယ်သူနဲ့မှ တွေ့ခွင့်မပြုဘူး ဆိုတဲ့ သဘောပါပဲ''

''ဟင် . . . ဒါ . . . ဒါဖြင့် ကျွန်တော် ကလေးတွေနဲ့ ထောင်ဝင်စာတောင် တွေ့လို့မရဘူးပေါ့။ ဟုတ်လား . . . ဆရာ''

ကျွန်နိုပ်က အသာအယာ ခေါင်းညိတ်ပြလိုက်သည်။ ကိုမောင်မောင်စိုးက စိတ်ပျက်သွားဟန် ခဏမျှ တွေဝေနေပြီးမှ ကုလားထိုင်ပေါ်ရှိ ပလတ်စတစ်အိတ်များကို လက်ညှိုးထိုးပြသည်။

''ဒါဖြင့် ဒီပစ္စည်းတွေကိုကော ဆရာ''

''ဒါတွေတော့ ထားခဲ့ပါ။ ကျွန်တော် ကြည့်စီစဉ်ပေးလိုက်ပါ့မယ်။ ဒီလောက်တော့ ကူညီရမှာပေါ့ဗျာ''

''ကျေးဇူးပါပဲ ဆရာ''

''ဒါနဲ့ ကိုမောင်မောင်စိုး . . . ဇော်ဇော်နဲ့ မော်မော်က ဘယ်လိုဖြစ်ကြတာလဲဗျ''





ကိုမောင်မောင်စိုးက ခေါင်းခါ၍ ပင့်သက်တစ်လုံး ရှူထုတ်ကာ ကုလားထိုင်တွင် ကျောမှီ၍ ပြင်ထိုင်လိုက်သည်။

''ပြဿနာက ခပ်ရှုပ်ရှုပ်ပါ ဆရာ။ ပြောတောင် မပြောချင်တော့ဘူး။ ရုပ်ဖို့လည်း သိပ်ကောင်းတယ်၊ နာကြည်းစရာလည်း ကောင်းတယ် ဆရာ။ အင်းပေါ့လေ . . . ဒါကြောင့်လည်း လူသတ်တဲ့ အထိတောင် ဖြစ်လာရတာပဲ။

ခက်တာက ရန်ကုန်မှာ သူတို့ ဘာတွေဖြစ်လာခဲ့ကြတယ်ဆိုတာ ကျွန်တော့်ကို ဘာမှပြောမပြဘူး။ ကျောင်းပိတ်လို့ အလည်သက်သက်လာကြတယ် ထင်နေတာ။ ဒါကြောင့် ဒီလူသတ်မှု သတင်းကြားကြားချင်း ကျွန်တော်တောင် အံ့အားသင့်မိတယ်။ ကိုယ့်နားတောင် ကိုယ်မယုံချင်မိဘူး။ ဘယ့်နှယ်ဗျာ . . . ဒီကိုရောက်လို့မှ သုံးပတ်တောင် မပြည့်တတ်သေးဘူး ဒီလောက်ကြီးကျယ်တဲ့လူသတ်မှု လာဖြစ်ရတယ်လို့ ဆရာရယ်''

''ဩော် . . . ဒါနဲ့ အသတ်ခံရတဲ့ ကောင်လေးက ရန်ကုန်က တက္ကသိုလ်ကျောင်းသားလို့ ပြောကြတယ်။ ဟုတ်လားဗျ''

''ဟုတ်ပါတယ် ဆရာ။ ရန်ကုန် ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်က တတိယနှစ်ကျောင်းသားပါ။ သူ့နာမည်က တင်မောင်လတ်တဲ့။ ဒါကိုတောင် ရဲဌာနရောက်မှ ဇော်ဇော်ပြောပြလို့ သိရတာပါ''

''ဒါဆို ခင်ဗျား ရဲဌာနမှာ ဇော်ဇော်နဲ့ စကားပြောခဲ့ရသေးတာပေါ့''

''ဟုတ်တယ် . . . ဆရာ၊ သတင်းကြားကြားချင်း ရဲဌာနကို လိုက်သွားတော့ ဇော်ဇော်နဲ့ပဲ တွေ့ခွင့်ရတော့တယ်။ မော်မော်ကိုတော့ ဖြောင့်ချက်ယူဖို့ တရားရုံး ခေါ်သွားကြပြီ။ ဇော်ဇော်နဲ့က ဖြောင့်ချက်



www.burmeseclassic.com

www.burmeseclassic.com



မယူရသေးခင်လေး ခဏ တွေ့ခဲ့ရတာပါ"

"ဆိုပါဦး . . . ဇော်ဇော်တို့ ဘယ်လိုဖြစ်ကြတာတဲ့လဲ"

ကိုမောင်မောင်စိုးက ချောင်းတစ်ချက်ဟန့်၍ လည်ချောင်းရှင်းလိုက်သည်။

"ဒီလိုပါဆရာ . . . ဇော်ဇော်တို့အဖေ ဦးခင်မောင်ကြီးနဲ့ သေသွားတဲ့ တင်မောင်လတ်တို့အဖေ ဦးသိန်းလွင်တို့ဟာ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတွေ ဆိုပါတော့။ နှစ်ယောက်စလုံးကလည်း ရှေ့နေကြီးတွေဆိုတော့ လုပ်ငန်းချင်းကလည်း ဆက်စပ်နေတယ်လေ။

ဆွေမျိုးရင်းချာလို့ တစ်ယောက်အိမ်တစ်ယောက် ဝင်ထွက်နေကြတဲ့ နှစ်ပေါင်းကလည်း မနည်းတော့ဘူးဗျ။ တစ်နေ့တော့ ဦးသိန်းလွင်က သူ့သားတင်မောင်လတ်နဲ့ မော်မော်ကို နေရာချပေးချင်တယ်လို့ ကမ်းလှမ်းလာတယ်။

မိသားစုချင်းက အလွန်ရင်းနှီးနေတော့လည်း ဦးခင်မောင်ကြီးတို့ဘက်က မငြင်းသာဘူးပေါ့။ ဒါပေမဲ့ ပညာတစ်ပိုင်းတစ်စနဲ့မို့လို့ ကျောင်းပြီးမှပဲ စီစဉ်ပေးဖို့ အကြံပြုကြည့်တယ်။ ဒါကို ဦးသိန်းလွင်က သဘောတူပေမယ့်လို့ စေ့စပ်ကြောင်းလမ်းထားရင် မကောင်းဘူးလားလို့ အဆိုပြုလာတယ်။

နောက်ဆုံးတော့ နှစ်ဖက်မိဘ သဘောတူလို့ မနှစ်က အောက်တိုဘာလကုန်လောက်မှာ ကလေးနှစ်ယောက်လို့ စေ့စပ်ကြောင်းလမ်းပေးခဲ့ကြတယ်။ ဒါပေမဲ့ စေ့စပ်ပွဲပြီးလို့ တစ်လတောင် မကြာသေးဘူး။ တင်မောင်လတ်ပေါ့ ဆရာ . . . သူတို့အရပ်ထဲက ကောင်မလေးတစ်ယောက်ကို ခိုးပြေးသွားတယ်တဲ့"

"ဟာ . . . အတော်ဆိုးတဲ့ သူငယ်ပါလား"

---





"ပြဿနာက ဒီမှာတင်ရပ်သွားရင် တော်သေးတာပေါ့ ဆရာ။ စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းကြောင်း ကြေညာပြီး တစ်ခန်းရပ်ဇာတ်သိမ်းလိုက်ရုံပေါ့။ ဒီလိုဆိုးဝါးတဲ့ အဖြစ်ဆိုးမျိုးတွေ ဘယ်ပေါ်လာနိုင်တော့မလဲ ဆရာ။ ခုတော့ သူတို့အဖြစ်က တစ်မျိုးဗျ"

"ဟုတ်လား . . . ဘယ်လိုတွေ ထပ်ဖြစ်လာလို့လဲ"

"တင်မောင်လတ်က အဲဒီကောင်မလေးကို နှစ်လလောက်ပဲ ပေါင်းပြီး ကွာရှင်းပစ်ခဲ့တယ်။ ပြီးတော့ မိဘတွေအိမ်ကို ခပ်ကုပ်ကုပ် ပြန်လာတယ်။ ရောက်ရောက်ချင်းတော့ ဝိုင်းပြီး ထုံးစံအတိုင်း ဆူကြပူကြတာပေါ့လေ။

ဒါပေမဲ့ ဒါမျိုးက ခဏပဲပေါ့။ တောင်းဆိုးပလုံးဆိုးမှ မဟုတ်တာပဲဟာ။ တင်မောင်လတ်ကလည်း သူ့အပြစ်နဲ့သူမို့ ပထမတော့ အသာငြိမ်နေသေးတယ်။ မကြာပါဘူး . . . မော်မော့်ဆီ ပြန်ပြီး ချဉ်းကပ်လာတယ်တဲ့ ဆရာ"

"ဟာ . . . ဒီကောင် တကယ့်ကောင်ပါလား။ ဒါနဲ့ စေ့စပ်ကြောင်းလမ်းထားတာ မပျက်သေးဘူးလားဗျာ"

"မပျက်ဘဲ နေပါ့မလား ဆရာရယ်။ တင်မောင်လတ် ဟိုကောင်မလေးကို ခိုးပြေးတဲ့နေ့မှာပဲ ဦးခင်မောင်ကြီးနဲ့ ဦးသိန်းလွင်တို့ အကြီးအကျယ် စကားများလို့ ဖျက်သိမ်းပစ်ခဲ့ပြီတဲ့။ မော်မော်ဆိုတာ ရှက်လွန်းလို့ ခေါင်းတောင် မဖော်ဝံ့အောင် ဖြစ်ခဲ့ရတယ်။

နောက်မှ မိဘတွေက ချော့မော့ပြီး စာမေးပွဲတော့ ပြီးအောင်ဖြေနိုင်းလို့ ကျောင်းပြန်တက်ခဲ့ရတယ်။ အဲဒီမှာတင် တင်မောင်လတ်က မော်မော့်နောက် တကောက်ကောက်လိုက်ပြီး တောက်တဲ့ကပ်အောင်တော့တာကိုး ဆရာ"

---



www.burmeseclassic.com

www.burmeseclassic.com



"ခြော် ..."

"အဲဒီအကြောင်းတွေ သိသွားတဲ့ တစ်နေ့မှာတော့ ဇော်ဇော်က သူ့ညီမကို အရှက်ခွဲရမလားဆိုပြီး တင်မောင်လတ်ကို ဝင်ရိုက်ပစ်လိုက်လို့ ခေါင်းမှာ နှစ်ချက်ချုပ်လိုက်ရသတဲ့။ ဒီသတင်းဟာ တက္ကသိုလ်နယ်မြေမှာတော့ ဟိုးလေးတကြော် ဖြစ်သွားတာပေ့ါ။

ဦးသိန်းလွင်အနေနဲ့ သူ့သား အနေမတတ်လို့ ခံရမှန်းသိတော့ ရုံးရောက်ဂါတ်ရောက်အထိတော့ မဖြစ်ခဲ့ကြဘူး။ ဒါပေမဲ့ ဦးခင်မောင်ကြီးက စိတ်မချနိုင်ဘူး။ အကျယ်အကျယ် မငြိမ်းဖွယ်တွေ ထပ်ဖြစ်လာမှာစိုးတယ်နဲ့ တူပါတယ်။ စာမေးပွဲပြီးတာနဲ့ ဇော်ဇော်နဲ့ မော်မော်ကို ကျွန်တော့်ဆီ ပို့ထားလိုက်တော့တာပါပဲ ဆရာ"

"အင်း ... ဒီအကြောင်းတွေကို ဇော်ဇော် အချုပ်ထဲရောက်မှ ခင်ဗျားသိရတော့တာပေ့ါ။ ဟုတ်လား ...။ ဒါနဲ့ တင်မောင်လတ်က စစ်တွေထိအောင် ဘာလို့ လိုက်လာရတာလဲ။ ဇော်ဇော်နဲ့ မော်မော်တို့ကရော တင်မောင်လတ် စစ်တွေရောက်နေမှန်း ဘယ်လိုကြောင့် သိသွားရတာလဲဗျ"

ကိုမောင်မောင်စိုးက ချက်ချင်းပြန်မဖြေသေးဘဲ အနည်းငယ်မောသွားဟန်ဖြင့် နဖူးမှ ချွေးစများကို လက်ကိုင်ပဝါထုတ်ကာ သုတ်နေသည်။ စစ်တွေမြို့၏ နွေရာသီက အိုက်စပ်စပ်၊ ပူလောင်လောင်ရှိလှသည်။ အတန်ငယ်ကြာမှ ဇာတ်လမ်းကို ဆက်ပြောသည်။

ထိုနေ့က ကိုမောင်မောင်စိုး အိမ်တွင်မရှိ။ အရေးကြီးသော ရုံးလုပ်ငန်းများရှိနေ၍ ဧပြီလ(၁၂)ရက် နံနက်ပိုင်းကပင် ခရိုင် လ.ဝ.က ရုံးသို့ ရောက်နေခဲ့သည်။ ထိုညတွင် အိပ်ပြန်မအိပ်နိုင်ဘဲ ညလုံးပေါက်အချိန်ပို ဆင်းခဲ့ရသည်။ သူ့အိမ်တွင် ဇော်ဇော်နှင့်မော်မော် နှစ်ယောက်





တည်း ကျန်ရစ်ခဲ့သည်။

သူတို့မောင်နှမသည် နံနက်တိုင်း စက်ဘီးကိုယ်စီဖြင့် မြို့တစ်ပတ်ပတ်ကာ လေ့ကျင့်ခန်း ဆင်းလေ့ရှိသည်။ ဧပြီလ (၁၂) ရက်နေ့နံနက်ကလည်း ခါတိုင်းနေ့များလို စက်ဘီးစီး ထွက်ခဲ့ကြသည်။ ထိုအချိန်အထိ ဘာမှအကြောင်းထူး မရှိသေး။

ဇော်ဇော်၏ ပြောပြချက်အရ ထိုနေ့ နေ့ခင်းလောက်ကစ၍ မော်မော်၏ အမူအယာ ခါတိုင်းနှင့်မတူ။ မရွှင်မပျနှင့် တွေတွေဝေဝေ ဖြစ်နေသလို ထင်မိသည်။ တစ်ခါတစ်ရံ အံတင်းတင်းကြိတ်၍ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတောနေဟန် တွေ့ရသည်။ မေးကြည့်တော့လည်း ဘာမှမဖြစ်သလို စကားလမ်းကြောင်း လွှဲပစ်တတ်သည်။

ဇော်ဇော့်စိတ်ထဲ သံသယမကင်း ဖြစ်လာသည်။ မော်မော် တစ်ခုခုဖြစ်နေပြီဟု တွက်ဆမိသည်။ ထို့ကြောင့် ထိုနေ့ညနေပိုင်း မော်မော် ရေချိုးခန်းဝင်နေခိုက် သူမ၏ အခန်းထဲသို့ အလစ်ဝင်ကာ တစ်စုံတစ်ခု တွေ့လိုတွေ့ငြား စူးစမ်းရှာဖွေကြည့်မိသည်။

မော်မော်၏ ခေါင်းအုံးကိုလှန်ကြည့်တော့ စာရွက်ခေါက်တစ်ခု တွေ့ရသဖြင့် ကမန်းကတန်း ယူ၍ ဖွင့်ဖတ်ကြည့်သည်။ လက်ရေးနှင့် လက်မှတ်ကို မြင်လိုက်သည်နှင့် ဇော်ဇော် မျက်လုံးပြူးသွားသည်။

ဇော်ဇော် ကောင်းကောင်းမှတ်မိသည်။ လက်ရေးက တင်မောင်လတ် လက်ရေး။ လက်မှတ်ကလည်း တင်မောင်လတ်၏ ထိုးမြဲလက်မှတ်ပင်။ စာပါအကြောင်းအရာက မော်မော့်ကို လေပြေထိုး၍ တောင်းပန်ထားသံ ပါနေသည်။ အောက်ကျို့၍ အသနားခံထားဟန်ပါ တွေ့ရသည်။ စာက များများမဟုတ်။ စာတစ်မျက်နှာခန့်သာ။



www.burmeseclassic.com

www.burmeseclassic.com



"အသည်းနှစ်အောင် ချစ်ရတဲ့ မော်ရေ ...

မော့်မျက်နှာလေးကို နေ့တိုင်း ဖူးတွေ့နေရတုန်းကတော့ ကိုယ့် ကိုယ်ကိုယ် မသိခဲ့မိဘူး။ မော် ခုလို ကိုယ်နဲ့ အလွန်ဝေးကွာတဲ့ တစ်နေ တကျေးကို ရောက်သွားတော့မှပဲ ညည အိပ်မပျော်နိုင်လောက်အောင် နှလုံးသားဝေဒနာကို ခံစားနေရပါပြီကွယ်။

ဒီတော့မှ ကိုယ်ဟာ မော့်ကို တစ်နေ့တာခြား မမြင်ရရင် မနေ နိုင်မှန်း ကိုယ့်ကိုယ်ကိုယ် နားလည်မိတော့တယ်။ အဲဒါကြောင့်လည်း မော်ရှိရာကို စွန့်စားပြီး လိုက်လာရတာပါ။ ဟိုတုန်းက ကိုယ်မှားခဲ့တာ ကို ဝန်ခံပါတယ်။ တောင်းလည်း တောင်းပန်ပါတယ် မော်။

အဲဒီစကားတွေကို မော်ကျေနပ်တဲ့အထိ တောင်းပန်ချင်လို့ မနက်ဖြန်မနက် ၆ နာရီမှာ စာတိုက်ကြီးနောက်က မင်းကြီးကျောက်တန်း မှာ ကိုယ် စောင့်မျှော်နေမယ်။ ကိုယ့်ကို လာဖြစ်အောင် လာတွေ့ပေး ဖို့လည်း အနူးအညွတ် ထပ်ဆင့်တောင်းပန်ပါရစေ။ အရေးကြီးတာက ဒီကိစ္စကို ဖော်ဖော်မသိဖို့ပဲမော်။

ချစ်တဲ့ မောင်လတ်

ထိုစာကို ဖတ်ပြီး ဖော်ဖော့်ရင်ထဲ ဒိန်းခနဲမြည်ကာ ဦးနှောက် တစ်ခုလုံး ဆူဆူဝေဝေ ဖြစ်သွားသည်။ စာဖတ်နေခိုက်မှာပင် ဒေါသ စိတ်ကြောင့် လက်ချောင်းများ တဆတ်ဆတ် တုန်ယင်နေသည်။ ရုတ် တရက်တော့ မော်မော့်ကို မျက်နှာချင်းဆိုင်ခေါ်ကာ စာရင်းရှင်းပစ်လို ချင်စိတ် ပေါက်မိသည်။ နောက်မှ အတွေးတစ်မျိုးပြောင်းသွားကာ စာ ကို ခေါင်းအုံးအောက်တွင် အနေအထားမပျက် ပြန်ထား၍ အမြန်ပြေး ထွက်လာခဲ့သည်။

သူရိန်စာပေ



ဖော်ဖော် ည္သေ့ခန်းရှိ စာကြည့်စားပွဲတွင် ဝင်ထိုင်လိုက်စဉ် ရေချိုးခန်းတံခါး ပွင့်လာကာ မော်မော် ပြန်ထွက်လာသံ ကြားရ၏။ သူ က ဒေါသစိတ်ကို မျိုသိပ်ကာ သတင်းစာဖတ်ချင်ယောင် ဆောင်နေ လိုက်သည်။ မေးရိုးနှစ်ဖက်က ထွက်လာသည်အထိ အံတင်းတင်းကြိတ် ကာ တွေးနေမိသည်။

ဤပြဿနာကို မည်သို့ ရှင်းရပါမည်နည်း။

ထိုခဏတွင် ဖော်ဖော်၏ မျက်လုံးများ စာအုပ်စင်ထောင့် နားသို့ ရောက်သွားသည်။ အညိုရင့်ရောင် သားရေအိတ်ဖြင့် စွပ်ထား သော ဓားမြှောင်တစ်ချောင်းကို နံရံတွင် ချိတ်လျက်သား တွေ့ရ၏။ ဦးလေးမောင်မောင်စိုးပိုင် ဓားဖြစ်ပေမည်။ အသွားချည်း ခြောက်လက်မ ခန့်ရှိမည် ထင်သည်။

ဖော်ဖော်သည် ဓားမြှောင်ကို စူးစိုက်ကြည့်နေစဉ် တင်မောင် လတ်၏စာကို သတိရလာသည်။ မနက်ဖြန်မနက် ၆ နာရီ၊ စာတိုက် ကြီးနောက်က မင်းကြီးကျောက်တန်းတွင် စောင့်နေမည်' ဆိုသော စာ လုံးများ အစီအရီပေါ်လာသည်။ အောက်နှုတ်ခမ်းကို အပေါ်သွားများ ဖြင့် ပေါက်လုမတတ် ဖိကိုက်ထားမိသည်။ တစ်ချိန်တည်းမှာပင် ဆုံး ဖြတ်ချက်တစ်ခုကိုပါ အခိုင်အမာချပြီး ဖြစ်နေသည်။

ညီမဖြစ်သူ မော်မော်၏ အရှက်နှင့် မိသားစုတစ်စုလုံး၏ ဂုဏ် သိက္ခာကို အဖတ်ဆယ်ရန်မှာ ဤဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ရန် မှတစ်ပါး အခြားမရှိတော့ဟု ထင်သည်။ ဤပြဿနာကို ကြိုးရှည်ရှည် လှန်ထားသရွေ့ ပြဿနာတို့ တစ်ခုပြီးတစ်ခု အတောမသတ် ဝင်လာ နေလိမ့်ဦးမည်။ အားလုံးအတွက် အမြန်ဆုံး ဒုက္ခငြိမ်းသွားရန်မှာ သူ၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန်သာ ရှိတော့သည်။

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်မနက်တွင် တင်မောင်လတ်ကို အပြတ်ရှင်းပစ်ရမည်။

ထိုညက ဇော်ဇော် အိပ်ရာစောစောဝင်ခဲ့သည်။ မော်မော့်အခန်းကတော့ မီးလင်းနေဆဲ။ စာဖတ်နေခြင်းပဲဖြစ်မည်။ ကောင်းသည်။ ဒါမှ မော်မော် မနက်အိပ်ရာထ နောက်ကျတော့မည်။

သူ နံနက်အိပ်ရာက နိုးနိုးချင်း နာရီကြည့်လိုက်တော့ နံနက် (၅း၄၀) နာရီ။ သူ ကမန်းကတန်း အိပ်ရာမှထ၍ အစိမ်းရင့်ရောင် အားကစားဝတ်စုံ (Track Suit) ကို ဝတ်သည်။ မော်မော်၏အခန်း တံခါး ပိတ်ထားဆဲ။ နိုးသေးဟန်မတူ။ သူ့မစက်ဘီးလည်း ရှိနေသေးသည်။

ဇော်ဇော် ညောင်ခန်းနံရံရှိ ဓားမြှောင်ကို ဓားအိမ်မှ ဆွဲထုတ်ကာ ခါးကြားတွင် ထိုးထည့်သည်။ တံခါးမင်းတုံးကို အသံမမြည်အောင် ဖွင့်ကာ သူ စက်ဘီးကို အိမ်အပြင်သို့ အသာ မ,ထုတ်သည်။ ပြီးမှ အောက်မင်းတုံးကို ထောင့်စွန်း၌ တင်ရုံလေးထားကာ တံခါးအသာ တွန်း ပြန်ပိတ်လိုက်သည်။ အတွင်းဘက်မှ မင်းတုံးကျသံသဲ့သဲ့ ကြားရသည်။

စက်ဘီးကို ပြည်ထောင်စုရိပ်သာ လမ်းအတိုင်း လမ်းမကြီးဘက် နင်းခဲ့သည်။ လမ်းမကြီးအတိုင်း မြို့ထဲဘက်သို့ ဆက်နင်းလာခဲ့သည်။ စက်ရှင်တရားသူကြီး ရုံးလွန်သည်နှင့် ညာဘက်သို့ ချိုးကွေ့လိုက်သည်။ ပြည်သူ့ဆေးရုံကြီး ရှေ့လမ်းအတိုင်း တရွေ့ရွေ့ ဖြတ်ကျော်လာသည်။ စာတိုက်ကြီးနှင့် တဖြည်းဖြည်း နီးကပ်လာသည်။

စာတိုက်ကြီးအလွန် မင်းကြီးကျောက်တန်း ကမ်းနဖူးပေါ်တွင် စက်ဘီးတစ်စီး ထောင်လျက်သား တွေ့ရ၏။ ဇော်ဇော်က ထိုစက်ဘီးနှင့် ယှဉ်၍ရပ်ကာ အောက်ဘက်ကမ်းစပ်ဆီသို့ ငုံ့ကြည့်လိုက်သည်။





ကမ်းစပ်ရှိ ကျောက်တုံးကြီး တစ်ခုပေါ်တွင် မတ်တတ်ရပ်လျက် သူ့ထံ လှမ်းမျှော်ကြည့်နေသော တင်မောင်လတ်ကို တွေ့လိုက်ရ၏။

ဇော်ဇော်က အောက်ဘက်သို့ ခုန်ဆင်းကာ ကျောက်တုံးများကို တစ်တုံးပြီးတစ်တုံး ကျော်ဖြတ်ကာ တင်မောင်လတ်ရှိရာသို့ ကူးသွားသည်။ တင်မောင်လတ်က ပထမတွင် မော်မော်ရောက်လာပြီအထင်နှင့် ဝမ်းသာအားရ ဆီးကြိုရန် နှစ်လှမ်းသုံးလှမ်းမျှ ရှေ့သို့ တိုးလာသေးသည်။ အနီးကပ်ရောက်မှ ဇော်ဇော်ဖြစ်နေမှန်း သိလိုက်သည်နှင့် နောက်ဘက်သို့ မြန်းခနဲလှည့်ကာ သောင်ပြင်ဆီသို့ တစ်ချိုးတည်း ဆင်းပြေးလေတော့၏။

ဇော်ဇော်က သောင်ပြင်ပေါ်ဆင်းကာ နောက်မှ အတင်းကပ်လိုက်လာသည်။ လူချင်း ပူးကပ်မိသည်နှင့် ဇော်ဇော်က တင်မောင်လတ်ကို နောက်ဘက်မှ သိုင်း၍ ချုပ်ထားသည်။ တင်မောင်လတ်က အတင်းရုန်းရုန်းသည်။ ဇော်ဇော်က တစ်တောင်ဆစ်တစ်ဖက် ကွေးညွှတ်ကာ တင်မောင်လတ် ရုန်းမထွက်နိုင်အောင် လည်ပင်းကို နောက်မှဆွဲညှစ်ထားသည်။ တင်မောင်လတ်က မရ။ ဇော်ဇော်၏လက်များကို အတင်းရုန်း၍ ဆွဲဖယ်ထုတ်နေသည်။

ယင်းအခိုက် ဇော်ဇော်က ခါးကြားထဲမှ ဓားမြှောင်ကို ဆွဲထုတ်ကာ နောက်မှပိုက်လျက် တင်မောင်လတ်၏ ရင်အုံဆီသို့ ထိုးစိုက်ချလိုက်တော့၏။ အားခနဲ မချိမဆန့်အော်သံနှင့်အတူ တင်မောင်လတ်မှာ သူ့ရင်တွင် စိုက်ဝင်နေသော ဓားကို ဆုပ်ကိုင်ရင်း အရုပ်ကြိုးပြတ်ပဲကျသွားလေသည်။

ဇော်ဇော်က ချက်ချင်း နောက်ကြောင်းပြန်လှည့်ကာ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



တုံးများကို ဖြတ်ကျော်လျက် ကမ်းနဖူးဆီသို့ အပြေး ပြန်တက်လာခဲ့ သည်။ စက်ဘီးကို မင်းကြီးကျောက်တန်းလမ်းအတိုင်း မြို့တွင်းဘက် သို့ ခပ်သွက်သွက် နင်းလာခဲ့၏။ မြို့လယ် နာရီစင်ရှေ့မှ ပြန်လှည့်၍ လမ်းမကြီးအတိုင်း ဆက်နင်းလာကာ ဦးဥတ္တမပန်းခြံအနီးရှိ မေနီ လက် ဖက်ရည်ဆိုင်ရောက်မှ စက်ဘီးထောင်၍ ဝင်လာခဲ့သည်။

လက်ဖက်ရည်တစ်ခွက်နှင့် ကောက်ညှင်းထုပ် မှာစားကာ စီးကရက်ကို နွားဝတ်ရေကျ ဖွာရှိုက်နေသည်။ တဒိန်းဒိန်းမြည်နေသော ရင်ခုန်သံကို ပြန်တည်ငြိမ်သွားအောင် ဆောက်တည့်နေခြင်းပါပေ စီးကရက် သုံးလိပ်တိတိကုန်မှ ငွေရှင်းကာ ပြည်ထောင်စုရိပ်သာအိမ်ရာ ဘက်သို့ ပြန်နင်းလာခဲ့သည်။

အိမ်ပြန်ရောက်တော့ မော်မော့်ကို မတွေ့ရ။ တင်မောင်လတ် ချိန်းဆိုထားရာ မင်းကြီးကျောက်တန်းသို့ သွားနေသည်ပဲ ဖြစ်မည် သူ တင်မောင်လတ်နှင့် စကားပြောနိုင်တော့မည် မဟုတ်။ သက်မဲ့နေ သော တင်မောင်လတ်၏ အလောင်းကိုသာ တွေ့ရပေတော့မည်။

ထိုအခါ ဇော်ဇော်၏လက်ချက်ဖြစ်ကြောင်း မော်မော် ရိပ်မိ မှာမလွဲ။ ဒါက ကိစ္စမရှိလှ။ မော်မော်ပြန်လာမှ အကျိုးအကြောင်းရှင်း ပြကာ ရေငုံနှုတ်ပိတ်ထားရန် ပြောရမည်။ သူတို့မောင်နှမမှာ ဤမြို့ တွင် သူစိမ်းသက်သက်သာ ဖြစ်၏။ မည်သူမှ သူတို့၏ နောက်ကြောင်း ရာဇဝင်ကို သိရှိနိုင်မည် မဟုတ်ချေ။

ထိုစဉ် တံခါးခေါက်သံသဲ့သဲ့ ကြားရသည်။ မော်မော်ပြန်လာ သည်ပဲဖြစ်မည်။ မော်မော်၏ မျက်နှာအမူအရာကို မြင်ချင်ဇောဖြင့် တံခါး အမြန်ဖွင့်ပေးလိုက်မိသည်။ တစ်ကိုယ်လုံးရှိ သွေးလည်ပတ်မှု ရုတ်ခြည်း ရပ်တန့်သွားသလို ခံစားလိုက်ရကာ ခေါင်းနားပန်း ကြီးသွား





မိသည်။

သူမြင်လိုက်ရသည်မှာ မော်မော်မဟုတ်။ ယူနီဖောင်း ကိုယ်စီ ဝတ်ထားသော ရဲတပ်ဖွဲ့ဝင်များ ဖြစ်နေသည်။

ရှေ့ဆုံးမှရပ်နေသော ရဲဌာနအုပ်ဖြစ်ဟန်ရှိသူက ဇော်ဇော့် ကို ခြေဆုံးခေါင်းဆုံး အကဲခတ်သည်။ ပြီးမှ သူတို့နောက်တွင် ပါလာသော အရပ်ဝတ်နှင့်လူကို မေးထိုး၍ လှမ်းမေးသည်။ ထိုလူက ခေါင်းနှစ် ချက်ဆင့်ညိတ်၍ ဖြေသည်။ ရဲဌာနအုပ်က အချက်ပြလိုက်သည်နှင့် ရဲကြပ်တစ်ယောက်က ဇော်ဇော်၏လက်နှစ်ဖက်ကို ပူးကာ ချောက်ခနဲ လက်ထိတ်ခတ်လိုက်တော့၏။

"ဟင် ... ဒါ ... ဒါ ဘာလုပ်ကြတာလဲဗျ။ ကျွန် ... ကျွန် တော့်မှာ ဘာအပြစ်ရှိလို့လဲ"

ဇော်ဇော်က မျက်လုံးဝိုင်းကြီးဖြင့် မေးသည်။

"အေး ... ဟိုကျမှ ရှင်းတာပေါ့။ ကဲ ... သူ့ကို ခေါ်ခဲ့ကြ တော့"

ဇော်ဇော်ရဲဌာနရောက်တော့ နောက်ထပ် အရပ်ဝတ်နှင့် လူကြီး တစ်ယောက် တွေ့ရပြန်သည်။ အသက်ငါးဆယ်ခန့်ရှိမည်။ လူကြီးက ဇော်ဇော့်တစ်ကိုယ်လုံးကို သေသေချာချာကြည့်ပြီး ရဲဌာနအုပ်အား ခေါင်း တညိတ်ညိတ် လုပ်ပြပြန်လေသည်။

"ကဲ ... ဇော်ဇော် ... မင်း တင်မောင်လတ်ကို ဓားနဲ့ထိုး သတ်ခဲ့တယ်ဆိုတာ တို့မှာ မျက်မြင်သက်သေ အခိုင်အလုံရှိနေပြီ။ မင်း ဘာမှ ငြင်းမနေနဲ့တော့။ စောစောဝန်ခံထားမှ သက်သာမှာနော်"

ဌာနအုပ်က အသံမာမာဖြင့် ပြောသည်။

"ဗျာ ... ဘယ်က တင်မောင်လတ်လဲ။ ကျွန်တော် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



သိလည်း မသိဘူး၊ သတ်လည်း မသတ်ဘူး''

ဇော်ဇော်က ဝန်မခံ။ ငြင်းသည်။ ဘူးခံသည်။

ထိုအခိုက် ရဲဌာနရှေ့မှ ဆူဆူညံညံအသံများ ကြားလိုက်ရသည်။ ရဲတပ်ကြပ်တစ်ယောက် ရုံးခန်းထဲဝင်လာကာ အလေးပြုလိုက်သည်။ သူ့နောက်ဘက်တွင် အားကစားဝတ်စုံ (Track Suit) အစိမ်းရင့်ရောင်ဝတ်ထားသူတစ်ဦး ပါလာသည်။

''ဟင် ... မော်မော်''

ဇော်ဇော့်နှုတ်မှ လွှတ်ခနဲ ထွက်သွား၏ ရဲတပ်ကြပ်က ဘာမှ သတင်းမပို့ရသေးမီ မော်မော်က ဌာနအုပ်ဆီသို့ အတင်းပြေးဝင်လာကာ ...

''ဦးတို့ ... လူမှားနေကြပြီ။ ကိုကို့မှာ ဘာအပြစ်မှရှိတာ မဟုတ်ဘူး။ တင်မောင်လတ်ကို ဓားနဲ့ထိုးသတ်ခဲ့တာ ကျွန်တော်ပါ။ ကိုကို့ကို လွှတ်လိုက်ကြပါ။ ကျွန်တော့်ကိုသာ ဖမ်းကြပါ''

မော်မော်က သူမ၏လက်နှစ်ဖက်ကို အတင်းထိုးပေးသည်။ ဌာနအုပ်က မော်မော့်ကိုကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ဇော်ဇော်နှင့် မော်မော့်ကို တစ်လှည့်စီ အပြန်အလှန် စူးစိုက်အကဲခတ်နေသည်။

အလွန်အမင်း အံ့အားသင့်နေသော အရိပ်အယောင်များ သူ၏ မျက်နှာတွင် အထင်းသား ပေါ်နေသည်။ ခဏအကြာတွင် ဌာနအုပ်က ရဲတပ်ကြပ်ဘက်လှည့်ကာ ...

''ဟိုလူနှစ်ယောက်ကို အမြန်ပြန်ခေါ်လာခဲ့စမ်းဟေ့''

''ဟုတ်ကဲ့ ဆရာ''

မကြာမီ ဇော်ဇော့်အား ခေါင်းညိတ်ပြခဲ့သော အရပ်သားနှစ်





ယောက် ရုံးခန်းထဲ ဝင်လာကြသည်။

''ကဲ ... ကြည့်ကြစမ်းပါဦးဗျ။ ခင်ဗျားတို့နှစ်ယောက် သေသေချာချာ မြင်ခဲ့တယ်ဆိုတာ ဘယ်သူလဲ''

ဌာနအုပ်က မေးသည်။

''ဟုတ်ကဲ့ ဌာနအုပ်ကြီး''

အရပ်သားနှစ်ယောက်က ဇော်ဇော်နှင့် မော်မော်ကို ယှဉ်တွဲမြင်လိုက်ရသည်နှင့် 'ဟာခနဲ' 'ဟင်ခနဲ' ဖြစ်ကာ မျက်လုံးများ ပြူးကျယ်သွားကြသည်။ သူတို့က ဇော်ဇော်တို့မောင်နှမအား အချိန်အတန်ကြာသည်အထိ အံ့အားတသြ စူးစိုက်ကြည့်၍ မပြီးနိုင်ကြသေး။ ကြာတော့ ဌာနအုပ်က စိတ်မရှည်နိုင်တော့ဘဲ ...

''ကဲ ... ပြောကြလေဗျာ။ ခင်ဗျားတို့မြင်ခဲ့ကြတာ ဘယ်သူလဲဆိုတာကို''

အရပ်သားတစ်ယောက်က ခေါင်းကုတ်လိုက်ကာ ...

''သူတို့နှစ်ယောက်က ရုပ်ရည်ရော၊ အဝတ်အစားပါ တစ်ထေရာတည်း တူနေတော့ ပြောရခက်ပါတယ် ဌာနအုပ်ကြီး။ ဟိုလေ သူတို့နှစ်ယောက်ထဲက တစ်ယောက်ဆိုတာတော့ သေချာပါတယ်''

ကျန်အရပ်သား တစ်ယောက်ကလည်း ပုဆိုးပြင်ဝတ်ရင်း ခေါင်းညိတ်ထောက်ခံသည်။

''ဟုတ်ပါတယ် ... ဌာနအုပ်ကြီး။ သူတို့နှစ်ယောက်ထဲက တစ်ယောက်ကတော့ သေချာပါတယ်''

ဌာနအုပ်၏မျက်နှာ ရှုံ့မဲ့သွားကာ သူ့လက်ဝါးကြီးဖြင့် စားပွဲကို ဖြန်းခနဲမြည်အောင် ရိုက်ချလိုက်သည်။

''တော်ကြစမ်းပါဗျာ ... နှစ်ယောက်ထဲက တစ်ယောက်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ခင်ဗျားတို့ပြောမှလား။ အလကားလူတွေ။ ကျုပ်ကို ဒုက္ခပေးဖို့ပဲ တတ်ကြတယ်။ သွား . . . သွား . . . သွားကြ . . . ခုချက်ချင်း ထွက်သွားကြစမ်း''

ဌာနအုပ်ကြီး ကျွဲမြီးတိုလေပြီ။ အရပ်သားနှစ်ယောက်က ကတုန်ကယင်ဖြင့် ခပ်သုတ်သုတ် ပြန်ထွက်သွားကြသည်။

ဌာနအုပ်က အံဆွဲကို အသာဖွင့်ကာ ဆေးပြင်းလိပ်တစ်လိပ် ထုတ်ပြီး အချိန်အတော်ကြာအောင် မီးညှိနေသည်။ ပြီး မီးခိုးငွေ့များ ကြားမှ စူးရှတောက်ပြောင်နေသော မျက်လုံးများဖြင့် ဇော်ဇော်နှင့် မော်မော်တို့၏ မျက်နှာများကို ခေါက်တုံ့ခေါက်ပြန် စူးစိုက်ကြည့်နေသည်။

အတန်ကြာမှ မီးခိုးတန်းတစ်ခုကို ဇော်ဇော်၏မျက်နှာဆီသို့ မှုတ်ထုတ်လိုက်သည်။ သူ့မျက်လုံးများကမူ မော်မော်၏မျက်နှာပေါ် ရောက်နေသည်။

''ဦးရဲ့ အမှုထမ်းလုပ်သက်ဟာ ဟိုး . . . အင်္ဂလိပ်ခေတ် ပုလိပ်သားဘဝကနေ ဌာနအုပ် ဖြစ်လာတဲ့အထိဆိုရင် နှစ်ပေါင်း သုံးဆယ်ကျော်ခဲ့ပြီကွယ့်။ သက်သေကို အကဲခတ်တတ်တယ်။ တရားခံကိုလည်း အကဲဖြတ်တတ်တယ်။ မြင်လိုက်တာနဲ့ ဘယ်သူက အစစ်၊ ဘယ်သူက အတုဆိုတာ တန်းသိနေတယ်။ ဒါကြောင့်မို့ ခုကိစ္စမှာ သမီးအနေနဲ့ မဖြစ်နိုင်တာမှာ ဝင်မပါဖို့ ဦး ပြောပါရစေ။ ပြန်ပါသမီး . . . ပြန်ပါ''

ဇော်ဇော်က ခေါင်းတစ်ချက် ဆတ်ခနဲညိတ်ပြကာ မော်မော့်အား လှည့်ကြည့်လိုက်သည်။

''ဟုတ်တယ် . . . ညီမလေး၊ ဦးပြောတာ သိပ်မှန်တယ်။ တင်မောင်လတ်ကို ကိုကိုကိုယ်တိုင် သတ်ပစ်ခဲ့တာပါ။ ဒါကို ညီမလေး သိနေမှာပါ။ အဲဒါကြောင့် ဒီကဦးပြောသလို ပြန်ပါညီမလေး။





ဇော်ဇော်က တစ်ဆက်တည်း ဌာနအုပ်ဘက်လှည့်ကာ . . .

''အင်း . . . ခုမှတော့ အကြောင်းမထူးတော့ပါဘူးလေ . . . ယောက်ျားလေးပဲ . . . ကျွန်တော် ဝန်ခံပါတော့မယ် ဦး။ ကျွန်တော်ကိုယ်တိုင် တင်မောင်လတ်ကို ဓားနဲ့ ထိုးသတ်ခဲ့တာပါ ခင်ဗျား။ ညီမလေးနဲ့ ဘာမှမဆိုင်ပါဘူး။ သူ့ကို ပြန်လွှတ်လိုက်ပါ ဦး''

မော်မော်က ဇော်ဇော်၏မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

''ကြည့်စမ်း . . . ကိုကိုဟာလေ . . . ခုထက်ထိ ငယ်ငယ်က အကျင့်ကို မဖျောက်နိုင်သေးပါဘူး။ ဘယ်တုန်းကများ ကိုကိုက စကားတစ်လုံး မှန်မှန်ကန်ကန် ပြောဖူးလို့လဲ။ သူများတွေ မျက်စိလည်အောင် မလိမ့်တစ်ပတ် လုပ်လိုက်ရမှ၊ ညာလိုက်ရမှ ကျေနပ်တဲ့လူမျိုးဆိုတာ ကျွန်တော် အသိဆုံးပါ ကိုကိုရယ်''

မော်မော်က ဌာနအုပ်ကြီးအား . . .

''ဒီမယ် . . . ဦး၊ ဦးဟာဦး လုပ်သက် ဘယ်လောက်ကြာကြာ၊ သက်သေတွေ တရားခံတွေကို ဘယ်လိုအကဲခတ်တတ်တတ် . . . ဒါတွေ ကျွန်တော်နားမလည်ဘူး။ တင်မောင်လတ်ရဲ့ ဘယ်ဘက်ရင်အုံပေါ်ကို ဓားမြှောင်သွား တစ်ဝက်တိတိ မြုပ်ဝင်သွားအောင် အသေထိုးသတ်ပစ်ခဲ့တာ ကျွန်တော်ပါ။ မော်မော်ဆိုတဲ့ မိန်းကလေးပါ။ ရော့ . . မယုံရင် ဒီစာကို ဖတ်ကြည့်။ တင်မောင်လတ်ကိုယ်တိုင် ကျွန်တော့်ကို ချိန်းတဲ့စာလေ''

မော်မော်ပြောလိုက်သော စကားများက လုပ်သက်ရင့် ဌာနအုပ်၏ မျက်ခုံးနှစ်ဘက်ကို သိသိသာသာ မြင့်တက်သွားစေသည်။ မျက်တောင်ခတ်ရန်ပင် သတိမရနိုင်ဘဲ မော်မော်၏မျက်နှာကို ငေးသက်မိ



www.burmeseclassic.com

www.burmeseclassic.com



သလို အတန်ကြာ စူးစိုက်ကြည့်နေလေသည်။

ပြီးမှ မော်မော်ပေးသော စာရွက်ခေါက်ကို လှမ်းယူလိုက်ကာ ဆေးပြင်းလိပ်ကို ပါးစောင်တွင်ခဲလျက် စာရွက်ကို ဖွင့်ဖတ်သည်။ စာဖတ်နေသော ဦးနုအုပ်၏ မျက်မှောင်နှစ်ဖက် တဖြည်းဖြည်း ကျုံ့ဝင်လာသည်။ စာကြည့်မျက်မှန် ထူကြီးနောက်မှ မျက်လုံးများမှာ တလဲ့လဲ့တောက်ပလျက် အရောင်တစ်မျိုးပြီးတစ်မျိုး ပြောင်းနေသလို ထင်မှတ်ရသည်။

တစ်မျက်နှာပင် မပြည့်တတ်သော စာရွက်ကို ဖတ်နေသည်မှာ ဆယ်မိနစ်ပင်မကတော့။ ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခေါက် အာရုံစိုက်၍ ပြန်ဖတ်နေသည်မသိ။ ပါးစောင်တွင်ခဲထားသော ဆေးပြင်းလိပ် မီးခိုးမထွက်တော့မှန်း သိမှ သတိပြန်ဝင်လာတော့သည်။

ဦးနုအုပ်က ဆေးပြင်းလိပ်ကို ပြာခံခွက်ထဲ ပစ်ထည့်လိုက်ပြီးမှ အရောင်တဖျတ်ဖျတ် လက်နေသော မျက်လုံးများဖြင့် ဇော်ဇော်နှင့် မော်မော်တို့အား အတန်ကြာအောင် စူးစူးရဲရဲ စိုက်ကြည့်နေသည်။ ပြီးမှ သက်ပြင်းတစ်လုံးကို မသိမသာ ရှိုက်ထုတ်ရင်း စားပွဲပေါ်ရှိ လူခေါ်ခေါင်းလောင်းကို သုံးချက်တိတိ နှိပ်လိုက်သည်။

ခေါင်းလောင်းသံကြောင့် ပြေးဝင်လာသော ရဲတပ်ကြပ်အား မာကြောသောလေသံဖြင့် အမိန့်ပေးလိုက်သည်။

''သူတို့နှစ်ယောက်ကို အချုပ်ခန်းထဲ ပို့လိုက်''

ထိုအခါ ဇော်ဇော်နှင့် မော်မော်တို့ အချုပ်ခန်းများဆီ ရောက်ရှိသွားပါတော့၏။

''ကျွန်တော့်ကို ဇော်ဇော်ပြန်ပြောပြလို့ သိရတာ ဒီလောက်ပါပဲဆရာ''





ကိုမောင်မောင်စိုးက သူ၏စကားကို အဆုံးသတ်လိုက်သည်။

''အဲဒီနောက်တော့ ဇော်ဇော့်ကို ဖြောင့်ချက်ယူဖို့ တရားရုံးကို ခေါ်သွားကြတော့တာပါပဲ။ မော်မော်နဲ့တော့ လုံးဝ မတွေ့ခဲ့ရဘူး ဆရာ''

''အင်း ... ဇော်ဇော်ကတော့ အခု ခင်ဗျားကို ပြောပြတဲ့အတိုင်း ဖြောင့်ချက်ပေးလိမ့်မယ် ထင်တယ်။ မော်မော်ရဲ့ ဖြောင့်ချက်ကိုသာ သိရရင် တင်မောင်လတ်ကို ဘယ်သူတကယ်သတ်ခဲ့တယ် ဆိုတာကို ခန့်မှန်းနိုင်ကောင်းပါရဲ့။

အေးဗျာ ... လူသတ်မှုတစ်ခုဖြစ်လာရင် ဝန်ခံဖြောင့်ချက်ပေးတဲ့ တရားခံက အရှားသားကလား။ ခုဟာက အမြွှာမောင်နှမနှစ်ယောက်က သူသတ်ပါတယ်၊ ငါသတ်ပါတယ်ဆိုပြီး အပြိုင်အဆိုင် ဖြောင့်ချက်ပေးနေကြတာကတော့ ကျွန်တော်တွေ့ခဲ့သမျှ လူသတ်မှုတွေထဲမှာ ထူးခြားဆန်းကြယ်လွန်းတဲ့ အမှုပဲဗျ။ ပြီးတော့ ဒီအမှုရဲ့ လက်သည်တရားခံ အစစ်အမှန်ကို ဥပဒေနဲ့အညီ ဖော်ထုတ်ဖို့ကလည်း အတော်ခက်ခဲလိမ့်မယ် ထင်ပါရဲ့။

ထိုစဉ် ကိုမောင်မောင်စိုးက နေရာမှ ရုတ်တရက် ထရပ်လိုက်သည်။

''စကားပြောကောင်းနေတာနဲ့ လေယာဉ်ကွင်းသွားဖို့ ခုမှ သတိရတော့တယ်။ အစ်မဆီ လူကြုံနဲ့ စာပေးလိုက်ချင်လို့ပါ။ ဒီအထုပ်ကိုတော့ ထားခဲ့မယ်နော် ဆရာ''

''ထားခဲ့ပါဗျာ''

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

မေး – သင်သည် ကျွန်ုပ် ဘယ်သူဆိုတာ သိသလား။

ဖြေ – စစ်တွေမြို့ စက်ရှင်တရားသူကြီးဖြစ်ကြောင်း ဖြေ
ပြလို့ သိပါတယ်။

မေး – သင်သည် ကျွန်ုပ်ရှေ့သို့ ဘာကိစ္စနှင့် လာသလဲ။

ဖြေ – ကျွန်တော် ဖြောင့်ချက်ပေးရန် လာပါသည်။

မေး – သင်သည် မိန်းကလေးတစ်ယောက်ဖြစ်သည် မဟုတ်
လား။

ဖြေ – ဟုတ်ပါတယ်။

မေး – မိန်းကလေးဖြစ်ပါလျက် ဘာကြောင့် 'ကျွန်မ' ဟု
မပြောဘဲ 'ကျွန်တော်' ဟု ပြောရသလဲ။

သူရိန်စာပေ



ဖြေ – ကျွန်တော် ကိုကိုပြောသည့်အတိုင်း လိုက်ပြောမိရာ
က အကျင့်ဖြစ်ကာ နှုတ်ကျိုးနေ၍ ဖြစ်ပါသည်။

မေး – သင့်အား တစ်စုံတစ်ယောက်သော သူက ရိုက်နှက်
ခြင်း၊ ညှဉ်းပန်းခြင်း၊ သွေးယောင်ဖျားယောင်းခြင်း
ကြောင့် ဖြောင့်ချက်ပေးလိုတာလား။

ဖြေ – မဟုတ်ပါ။

မေး – သင့်အား တစ်စုံတစ်ယောက်သော သူက အမှုမှ
သက်သာစေမည်ဟု ကတိပေးခြင်းကြောင့် ဖြောင့်
ချက်ပေးလိုတာလား။

ဖြေ – မဟုတ်ပါ။

မေး – သင် ဖြောင့်ချက်ပေးလျှင် အမှုမှ သက်သာခွင့်ရမည်
ထင်လို့ ဖြောင့်ချက်ပေးလိုတာလား။

ဖြေ – မဟုတ်ပါ။

မေး – သင်သည် ဖြောင့်ချက်ပေးလိုမှ ပေးနိုင်သည်။ မပေး
လိုက နေနိုင်သည်။ သင့်ကို ဘယ်သူကမှ မတိုက်
တွန်းနိုင်ကြောင်းကို သိပါသလား။

ဖြေ – ပြောပြသဖြင့် ကျွန်တော် သိပါသည်။

မေး – သင့်ဖြောင့်ချက်ကို သင့်အပေါ်တွင် သက်သေခံအဖြစ်
အသုံးပြုနိုင်သည်ကို သိသလား။
သက်သေခံအဖြစ် အသုံးပြုနိုင်သည်ဆိုသည်မှာ သင့်
ဖြောင့်ချက်နှင့် သင့်ကို ပြန်လည်အပြစ်ပေးနိုင်သည်
ကို သိပါသလား။

ဖြေ – ပြောပြလို့ သိပါသည်။

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မေး – သင်သည် ရဲဌာနကို ဘယ်တုန်းက ရောက်သလဲ။

ဖြေ – ယနေ့နံနက်က ရောက်ပါတယ်။

မေး – သင့်ကိုယ်တွင် ဒဏ်ရာများ ရှိသလား။

ဖြေ – မရှိပါ။

မေး – သင့်ကို နံနက် ၁၀ နာရီ ၂၀ မိနစ်မှ ၁၁ နာရီ ၃၀ မိနစ်အထိ စဉ်းစားရန် အချိန်ပေးခဲ့ပြီး မဟုတ်လား။

ဖြေ – ဟုတ်ပါတယ်။

မေး – သင် စဉ်းစားပြီးပြီလား။

ဖြေ – စဉ်းစားပြီးပါပြီ။

မေး – ဒါဖြင့်ရင် သင် ဖြောင့်ချက်ပေးလိုသော ဆန္ဒရှိသေးသလား။

ဖြေ – ဖြောင့်ချက်ပေးလိုသော ဆန္ဒ ရှိပါသည်။

မေး – သင်၏သဘောအတိုင်း အလိုအလျောက် ဖြောင့်ချက်ပေးလိုသလား။

ဖြေ – ကျွန်တော်၏ သဘောနှင့် ဖြောင့်ချက်ပေးလိုတာပါ။

မေး – ကဲ . . . ကောင်းပြီ၊ သေသူတင်မောင်လတ်နှင့် ပတ်သက်ခဲ့သည့် အကြောင်းကို စပြောပါ။

ဖြေ – သေသူတင်မောင်လတ်သည် လူကြီးများ၏ သဘောတူညီချက်အရ ကျွန်တော်နှင့် စေ့စပ်ကြောင်းလမ်းခဲ့သူ ဖြစ်ပါသည်။ သေသူတင်မောင်လတ်သည် စေ့စပ်ကြောင်းလမ်းပြီးမှ တခြားမိန်းကလေးတစ်ယောက်ကို ခိုးယူပေါင်းသင်းခဲ့သည့်အတွက် လူကြီးချင်းစကားများကာ စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်း





ထားပြီးသူဖြစ်ပါတယ်။ ထိုကိစ္စကြောင့် ကျွန်တော်၏ မိသားစု အလွန် သိက္ခာကျခဲ့ရပါတယ်။ ကျွန်တော်လည်း ရှက်လွန်း၍ ကျောင်းထွက်ရန်အထိပင် စိတ်ကူးခဲ့မိသော်လည်း ဖေဖေနှင့် မေမေတို့က စာမေးပွဲပြီးအောင်တော့ ဖြေဆိုရန် တိုက်တွန်းကြသဖြင့် ကျောင်းပြန်တက်ခဲ့ရပါတယ်။ တင်မောင်လတ်သည် အဆိုပါ မိန်းကလေးအား နှစ်လသာ ပေါင်းသင်းပြီးနောက် ကွာရှင်းလိုက်သည်ဟု ကြားသိရပါသည်။ ယန်းကိစ္စကြောင့် တင်မောင်လတ်အား သစ္စာမရှိသူ၊ ယောကျ်ားမပီသသူအဖြစ် ကျွန်တော် နားလည်စိတ်ဖြင့် အလွန်ပင် မုန်းတီးရွံရှာမိပါသည်။ ကျောင်းစာသင်ခန်းများတွင် သူနှင့် မျက်နှာချင်းမဆိုင်မိအောင် ရှောင်ရတိမ်းရသည့် စိတ်ဒုက္ခ ကြီးလှပါတယ်။ သို့သော် တင်မောင်လတ်ဆိုသူမှ ဩချယူရလောက်အောင် အရှက်ကင်းမဲ့သူဖြစ်သည်ကို မကြာမီ ကျွန်တော် သိလာရပါတယ်။ တစ်နေ့တွင် တင်မောင်လတ်ဆိုသူ ကျွန်တော့်ထံ မမျှော်လင့်ဘဲ ရောက်လာကာ သူ၏ တစ်ကြိမ်တစ်ခါ မှားယွင်းမှုကို အပြစ်မယူဘဲ ခွင့်လွှတ်ကျေအေးသင့်ကြောင်း၊ သူနှင့် စေ့စပ်ကြောင်းလမ်းထားခြင်းကို အရင်စလို မဖျက်သိမ်းသင့်ကြောင်း၊ သူသည် ကျွန်တော့်အား ငယ်စဉ်ကတည်းကပင် မေတ္တာသက်ဝင်လာခဲ့သူဖြစ်ကြောင်းတို့ကို တတွတ်တွတ် လာပြောပါသည်။ သူ့အခံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရသည်နှင့်ပင် ကျွန်တော့်မှာ တစ်ကိုယ်လုံး ဒေါ
စိတ်ဖြင့် တဆန်ဆတ် တုန်လာသဖြင့် တင်မော
လတ်အား ကျွန်တော်နှင့် ပတ်သက်စရာအကြော
လုံးဝမရှိတော့၍ နောက်နောင် မည်သည့်အခါမှ လို
၍ မနှောင့်ယှက်သင့်တော့ကြောင်း၊ အရှက်မရှိသေ
သူ၏မျက်နှာကို တစ်စက်မျှပင် ကြည့်ချင်စိတ်
တော့သည်ကို နားလည်ရန်လိုကြောင်း၊ ယောက်
ကောင်းမဆန်သော သူ၏အပြုအမူကြောင့် ကျွန်တေ
သာမက ကျွန်တော်၏ မိသားစုဝင်အားလုံး အရှ
ရခဲ့ကြောင်းဖြင့် ပြတ်ပြတ်သားသား ပြန်ပြောပ
ပါတယ်။ သို့သော်လည်း အံ့အားသင့်ဖွယ်ကော
သည်ကား တင်မောင်လတ်မှာ ကျွန်တော် အထ
တန် တားနေသည့်ကြားမှ ကျွန်တော့်နောက်သို့ လို
မြဲလိုက်ကာ နှောင့်ယှက်လာပြန်သည်။ ပထမတ
ဤကိစ္စကို ကျွန်တော်၏ကိုကို မရိပ်မိခဲ့သော်လည
မကြာမီ သိရှိသွားသဖြင့် ကိုကိုက တင်မောင်လ
အား ထိုးကြိတ်ရိုက်နှက်သည်အထိ ပြဿနာ
ထွားလာပါတယ်။ ထိုကိစ္စကြောင့် ရန်ကုန်မှာ ဆ
နေပါက မလိုလားအပ်သော ပြဿနာများ ထ
ဖြစ်ပွားလာမည်စိုးသဖြင့် မိဘများက စာမေးပွဲ
သည်နှင့် ကျွန်တော်တို့ မောင်နှမနှစ်ယောက်ကို
လေးရှိရာ စစ်တွေမြို့သို့ ပို့လိုက်သဖြင့် ရောက်
ရခြင်း ဖြစ်ပါတယ်။

---

သူရိန်စာပေ



မေး – နောက် ဘာဖြစ်သလဲ။

ဖြေ – စစ်တွေမြို့သို့ ရောက်ပြီး၍ ရက်သတ္တပတ် သုံးပတ်ခန့်အကြာ ဧပြီလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ယခုနေထိုင်လျက်ရှိသော ပြည်ထောင်စုရိပ်သာ တိုက်ခန်း၏ ပြတင်းပေါက်ပေါင်ပေါ်တွင် မည်သူလာထားသွားသည်မသိသော စာအိတ်တစ်လုံးကို တွေ့ရပါတယ်။ ကျွန်တော်၏နာမည်ဖြင့် လိပ်မူထားသဖြင့် ဖောက်၍ ဖွင့်ဖတ်ကြည့်ရာ အထက်ကဆိုခဲ့သော တင်မောင်လတ်၏စာ ဖြစ်နေပါတယ်။ စာအိတ်ပေါ်တွင် စာတိုက်တံဆိပ် ရိုက်နှိပ်ထားခြင်းမရှိဘဲ စာပို့တံဆိပ်ခေါင်းလည်း ကပ်ထားခြင်းမရှိသဖြင့် တင်မောင်လတ် စစ်တွေမြို့သို့ ရောက်နေကြောင်း သိရှိရပါတယ်။ သူ့စာထဲတွင် မနက်ဖြန်မနက် ၆ နာရီ စာတိုက်ကြီးနောက်ဘက်က မင်းကြီးကျောက်တန်းတွင် စောင့်နေမည်ဖြစ်၍ လာဖြစ်အောင်လာဖို့ ချိန်းဆိုထားသည်ကို တွေ့ရပါသည်။ စာတစ်စောင်လုံး ကျွန်တော့်ကို သူ့အပြစ်အတွက် တောင်းပန်ထားသည်ကိုလည်း ဖတ်ရပါတယ်။ ထိုကိစ္စ ကိုကိုမသိရန် အရေးကြီးကြောင်း ရေးထား၏။ ကျွန်တော် တစ်ခုက်ကောင်းသွားသည်မှာ ထိုစာရသည့်အချိန်တွင် အိမ်၌ ကိုကိုရှိမနေခြင်းပင် ဖြစ်ပါတယ်။ ကိုကိုသာ သိသွားပါက ဒေါသဖြစ်မည်ကို စိုးရိမ်သဖြင့် ထိုစာကို ကျွန်တော့်အခန်းထဲ ဝှက်ထားခဲ့ပါတယ်။

---

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက် ။ (ထိုစာကို ရုံးတော်သို့ သက်သေခံအဖြစ် တင်ပြထား
သည်။ ထိုစာမှာ တင်မောင်လတ်၏ လက်ရေးနှင့်
လက်မှတ်ဖြစ်ကြောင်း မော်မော်က ထွက်ဆိုထား
သည်)

မေး – နောက် ဆက်ပြောပါ။

ဖြေ – ကျွန်တော် ထိုနေ့က တစ်နေ့ကုန် အခန်းအောင်း
မည်သို့လုပ်ရမည်ကို အလေးအနက် စဉ်းစားနေခဲ့
မိပါတယ်။ ကျွန်တော်ရှိရာ စစ်တွေမြို့ထိ တင်မောင်
လတ် လိုက်လာခဲ့ခြင်းမှာ ကောင်းသောလာခြင်းတော့
မဖြစ်နိုင်။ သူ၏ မေတ္တာဆိုသည်ကိုလည်း ယုံကြည်
ရန် အကြောင်းလုံးဝမရှိပါ။ သူများသားသမီးကို
ယူပေါင်းသင်း၍ မကြာခင်မှာပဲ စွန့်ပစ်ကန်ထုတ်ပ
ခဲ့သော သစ္စာမဲ့လူယုတ်တို့၏ စကားသာဖြစ်မှာပါ
သို့ဖြစ်၍ သူရောက်လာခြင်းမှာ ကျွန်တော့်အား တ
ရှက်မှ နှစ်ရှက်ခွဲရုံမှလွဲ၍ တခြား မရှိနိုင်ပါဟု ထ
လာမိသည်။ အကယ်၍ သူချိန်းဆိုထားသည့်နေရ
သို့ မသွားရောက်ခဲ့ပါကလည်း ပြဿနာက ဆုံးခ
တိုင်သွားမည် မဟုတ်ပါ။ တစ်ဆင့်တက်ပြီး အိမ်န
တွင် ရစ်သီရစ်သီ လုပ်နေပါက ကိုကိုနှင့် ထိပ်တို
တွေ့ကာ ခြေလွန်လက်လွန်အထိ ဖြစ်သွားနိုင်
တယ်။ ယခုပင် အိမ်အနားထိ အရဲစွန့်ရောက်လာက
စာပေးထားခဲ့ပြီ မဟုတ်ပါလား။ ကျွန်တော်၏ ကို
ရေးကိုယ်တာကိစ္စကြောင့် ကိုကို့ဘဝ နှစ်မွန်း၍ ဒု





ရောက်ရမည်ကို ကျွန်တော် လုံးဝ အဖြစ်မခံနိုင်ပါ။
မည်သည့်ဘက်ကပဲကြည့်ကြည့် ဤလောက၌ တင်
မောင်လတ်ဆိုသူ ရှိနေသရွေ့ ကျွန်တော်နှင့် ကျွန်
တော့်မိသားစုအတွက် ဆူးညှောင့်ခလုတ်တစ်ခု
သဖွယ် အန္တရာယ်ကောင်သဖွယ် ဖြစ်နေပါလိမ့်မည်။
ထို့ကြောင့် အကောင်းဆုံးသောနည်း မည်သူမှ မသိ
ခင် တင်မောင်လတ်အား ဥပါယ်တံမျဉ်ဖြင့် အဆုံး
စီရင်ပစ်ရန် ကျွန်တော် ဆုံးဖြတ်မိပါတော့သည်။

မေး – နောက်ထပ် ဆက်ပြောပါ။

ဖြေ – ယနေ့နံနက် ၅း၃၀ နာရီတွင် ကျွန်တော် အိပ်ရာမှ
ထကာ ကိုကိုမကြားအောင် တိတ်တဆိတ် အဝတ်
အစားလဲပြီးသည်နှင့် စာအုပ်စင်နောက်ဘက် နံရံပေါ်
တွင် ဓားမြှောင်ကို ဓားအိမ်မှဆွဲထုတ်ကာ ခါးကြားထဲ
ထည့်ဝှက်ခဲ့ပါတယ်။ ကိုကိုသိသွားမည်စိုး၍ စက်ဘီးကို
မယူတော့ဘဲ အပြေးလေ့ကျင့်သူထင်စေရန် အား
ကစားဝတ်စုံ (Track Suit) အစိမ်းရင့်ရောင်ကို အပေါ်
ကထပ်ဝတ်ပြီး တံခါးကို အသံမကြားအောင် အသာ
အယာဖြင့် ပြန်စေ့ထားခဲ့ပါတယ်။ နံနက်စောစော
ဖြစ်၍ လမ်းပေါ်တွင် လူတစ်ယောက်စ, နှစ်ယောက်စ
တွေ့ရပြီး တစ်ခါတစ်ရံ ကားတစ်စီးနှစ်စီးခန့်သာ
ဖြတ်သန်းသွားသည်ကို တွေ့ရပါတယ်။ ကျွန်တော်
က အပြေးလေ့ကျင့်သူလို ခပ်မှန်မှန်ပြေးရင်း မင်းကြီး
ကျောက်တန်းရောက်အောင် သွားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေး – နောက်ထပ် ဆက်ပြောပါ။

ဖြေ – စာတိုက်ကြီးအရှေ့ဘက် မင်းကြီးကျောက်တန်း က
နဖူးပေါ်ရောက်တော့ တင်မောင်လတ်ကို ကမ်း
ကျောက်တုံးတစ်တုံးပေါ်တွင် အသင့်ထိုင်စောင့်
သည်ကို လှမ်းမြင်ရပါတယ်။ ကျွန်တော် သူ့အနာ
ရောက်တော့ ဟန်ဆောင်ပြုံးပြပြီး သူ့ကို သောင်ပြ
ဘက်သို့ မသိမသာ မျှားခေါ်သွားခဲ့ပါတယ်။ ပ
ဝန်းကျင်ကို အသာလှည့်ကြည့်တော့ အနီးအပါးတွ
မည်သူမျှ မတွေ့ရပါ။ သောင်စပ်နားရောက်တေ
ကျွန်တော်က တင်မောင်လတ်၏အလိုသို့ လိုက်လေ
ဟန်ဖြင့် သူ၏ကိုယ်လုံးအား နောက်မှနေ၍ သို
ဖက်ထားလိုက်ပါတယ်။ တင်မောင်လတ်က ကျွန်တေ
၏အပြုအမူကို ကျေနပ်ဟန်ဖြင့် ငြိမ်ခံနေပါတယ်
ကျွန်တော်က ထိုအခွင့်ကောင်းကို လက်မလွှတ်စေ
ခါးကြားမှ ဓားမြှောင်ကိုဆွဲထုတ်ထားလိုက်ပြီး သူ
လည်ပင်းကို တစ်တောင်ဆစ်တစ်ဖက်ဖြင့် ရုတ်
ရက် ဆွဲထုတ်ထားလိုက်ပါတယ်။ သူ အံ့အားသင့်
စဉ် ဓားမြှောင်ကိုင်ထားသော လက်ကို အပေါ်
မြှောင်ကာ သူ့ဘယ်ဘက်ရင်အုံပေါ်သို့ ဝိုက်၍ တအ
ထိုးစိုက်ချလိုက်ပါတယ်။ တင်မောင်လတ်ထံမှ အ
ခနဲ နာကျင်စွာအော်လိုက်သံ တစ်ချက်ကြားလိုက်
ပြီး သောင်ပြင်ပေါ်တွင် ပက်လက်အနေအထားဖြ
လဲကျနေသော တင်မောင်လတ်၏ ဘယ်ဘက်ရင်





တွင်းသို့ ဓားမြှောင်သွား သုံးလက်မခန့် စိုက်ဝင်နေ
သည်ကို သတိပြုလိုက်မိပါတယ်။

မေး – နောက် ဆက်ပြောပါ။

ဖြေ – ထို့နောက် ကျွန်တော် မင်းကြီးကျောက်တန်း ကမ်း
နဖူးပေါ်သို့ အမြန် ပြန်ပြေးတက်ကာ ကမ်းနားလမ်း
အတိုင်း မြို့တွင်းဘက်သို့ ကြောက်ကြောက်နှင့်
လျှောက်ပြေးနေခဲ့ပါတယ်။ မြို့လယ်ခေါင်နာရီစင်အနီး
ရောက်မှ တရုတ်လက်ဖက်ရည်ဆိုင်ထဲဝင်ကာ လက်
ဖက်ရည်နှင့် ပေါက်စီမှာစားရင် အမောဖြေနေခဲ့ပါ
တယ်။ အမောပြေလောက်မှ အိမ်ဘက်သို့ ပုံမှန်ပြန်
ပြေးလာခဲ့ပါတယ်။

မေး – နောက် ဆက်ပြောပါ။

ဖြေ – အိမ်ပြန်ရောက်သောအခါ ကိုကို့ကို ရဲများလာဖမ်း
သွားကြောင်း ကြားသိရသဖြင့် ရဲဌာနသို့ ချက်ချင်း
လိုက်သွားခဲ့ပါတယ်။ ရဲဌာနရောက်တော့ ဌာနအုပ်
ရှေ့မှာ တင်မောင်လတ်ကို သတ်ခဲ့သူမှာ ကျွန်တော်
အမှန်ဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ယခုကဲ့သို့
တရားရုံးတွင် ဖြောင့်ချင်လာပေးရခြင်း ဖြစ်ပါတယ်။

မေး – နောက်ထပ် ဘာပြောရန် ရှိသေးလဲ''

ဖြေ – ကိုကိုနှင့် ကျွန်တော်မှာ အချိန် ၅ မိနစ်သာခြား၍
မွေးလာသော အမြွှာမောင်နှမ ဖြစ်ကြပါတယ်။ ကိုကို
သည် ကျွန်တော့်အား မျိုးထားမတတ် ချစ်သူဖြစ်
သဖြင့် ငယ်စဉ်ကစ၍ ကျွန်တော့်အပေါ် အလွန်အလို



www.burmeseclassic.com

www.burmeseclassic.com



လိုက်၍ အနစ်နာခံခဲ့သူ ဖြစ်ပါတယ်။ ကျွန်တေ
အတွက်ဆို အမြဲရှေ့က မားမားရပ်၍ အကာအကွ
ပေးခဲ့သော ယောကျ်ားကောင်း၊ အစ်ကိုကောင်းတ
ယောက်လည်း ဖြစ်ပါတယ်။ ကိုကို၏ အကျင့်
တစ်ခုမှာ စကားတစ်လုံးကို မှန်မှန်ကန်ကန်မပြေ
တတ်ဘဲ အစဉ်အမြဲ လိမ်တတ်ညာတတ်သူသာဖြ
ကာ ကျွန်တော့်အတွက်ဖြစ်ပါက ပို၍ပင် ယိမ်ညာ
တတ်သူဖြစ်ပါတယ်။ ကိုကို့မှာ ကျွန်တော် ရဲဌာ
ရောက်သွားသည်အထိ လုံးဝ ဝန်ခံခြင်းမရှိသေး
ကျွန်တော်က အမှန်အတိုင်း ဖွင့်ဟဝန်ခံပြီးသည
နောက်တွင်မှ ရောယောင်၍ သူကိုယ်တိုင် ပြစ်မှုက
လွန်ခဲ့သူလို့ မမှန်မကန် လိမ်ညာထွက်ဆိုခဲ့ခြင်းသ
ဖြစ်ပါတယ်။ ထို့ကြောင့် ကိုကိုထွက်ဆိုမည့်ဖြောင့်ချ
မှာလည်း အမှန်တရားကို မျက်စိလည်စေရန် ဖြေ
ဆိုမည့် ဖြောင့်ချက်အတုသာဖြစ်ပါကြောင်း ကြိုတ
အသိပေးအပ်ပါတယ်။ ယခုအမှုတွင် တင်မော
လတ်အား ဓားဖြင့်ထိုးသတ်ပစ်ခဲ့သူမှာ ကျွန်တေ
မော်မော်သာဖြစ်၍ ကိုကိုဇော်ဇော်မှာ လုံးဝ အပြ
ရှိသူမဟုတ်ပါ။ သို့ပါ၍ လူသတ်တရားခံ အစစ်အမှ
ဖြစ်သော ကျွန်တော် မော်မော့်ကိုသာ အပြစ်ပေး
မည့်အကြောင်း ရုံးတော်သို့ ပြောကြားလိုပါတယ်။

မေး – နောက်ထပ် ဘာပြောရန် ရှိသေးလဲ။

ဖြေ – မရှိတော့ပါ။

သူရိန်စာပေ



မော်မော်၏ ဖြောင့်ချက် ဤနေရာတွင် ပြီးဆုံးသွားသည်။ ကျွန်ုပ်က အမှုတွဲကိုပိတ်ကာ သူမ၏ဖခင် ရှေ့နေကြီး ဦးခင်မောင်ကြီးအား လှမ်းပေးလိုက်၏။ ဦးခင်မောင်ကြီးက အမှုတွဲကို လှမ်းယူရင်း ကျွန်ုပ်မျက်နှာကို အကဲခတ်သလို ကြည့်နေသည်။ အနီး ကိုမောင်မောင်စိုးကလည်း ကျွန်ုပ်ကို စောင့်ကြည့်နေသလိုပင်။

ကျွန်ုပ်က ...

"ဖြောင့်ချက်တွေကို ဖတ်ကြည့်ရတာ မောင်နှမနှစ်ယောက်ရဲ့ အတွင်းစိတ်အချင်းချင်း ဆက်သွယ်မိနေကြသလားလို့တောင် ထင်မိတယ်ဗျ။ အင်း ... ဓားဒဏ်ရာက တစ်ချက်ထဲမို့လို့သာပေါ့။ နှစ်ချက်သာဖြစ်နေလို့ကတော့ ဇော်ဇော်နဲ့ မော်မော် တစ်ယောက်တစ်လှည့်သွားပြီး တစ်ယောက်တစ်ချက်စီ ထိုးခဲ့တယ်လို့တောင် စွပ်စွဲချင်စရာကောင်းနေတယ်။ အမှန်တော့ သတ်ခဲ့တာက တစ်ယောက်တည်းပဲဖြစ်မှာပါ"

ဦးခင်မောင်ကြီးက ခေါင်းညိတ်ပြသည်။

"အဲဒီတစ်ယောက်က ဘယ်သူဆိုတာ တရားလိုဘက်က သက်သေပြနိုင်မယ် မထင်ဘူးဆရာ"

"ဘာဖြစ်လို့လဲဗျ"

"မျက်မြင်သက်သေလေ ... ဆရာ။ ဇော်ဇော်ပြောတယ်မဟုတ်လား။ ရဲဌာနမှာတုန်းက သူတို့နှစ်ယောက်ကို ဘယ်သက်သေကမှ ခွဲခြားမပြနိုင်လို့ ဌာနအုပ်ကတောင် ဒေါ်ပွပွနဲ့ မောင်းထုတ်လိုက်တယ် ဆိုတာလေ"

"ဒါက ရဲရှေ့မှာ ပြောခဲ့တဲ့စကားတွေပါ။ တရားခွင့်မှာမှ မစစ်ရသေးဘဲ ဦးခင်မောင်ကြီးရဲ့"

ကိုမောင်မောင်စိုးက ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကျွန်တော်မသိလို့ မေးပါရစေ ဆရာ။ ဖော်ဖော့်စကားအရ ဌာနအုပ်က ဖော်ဖော်သတ်တယ်လို့ သေချာပေါက် ယူဆနေပုံပါပဲ။ ဒီတော့ မျက်မြင်သက်သေတွေကို တရားခွင်ကျရင် သူတို့မြင်ခဲ့တဲ့သူဟာ ဖော်ဖော်ပါပဲဆိုပြီး တစ်သံတည်း ထွက်ဆိုကြဖို့ ဌာနအုပ်က သင်ပေးထားရင် မဖြစ်နိုင်ဘူးလား"

ကျွန်ုပ်က ပြုံး၍ ခေါင်းခါယမ်းပြလိုက်သည်။

"ဒါတော့ မဖြစ်နိုင်ဘူး ... ကိုမောင်မောင်စိုး။ ဒီပုဂ္ဂိုလ်အကြောင်း ကျွန်တော် ကောင်းကောင်းသိပါတယ်။ တရားဥပဒေကို အလွန်လေးစားတဲ့လူပါ။ ဒီလို မတရားလုပ်တတ်တဲ့လူမျိုး မဟုတ်ပါဘူး"

ဦးခင်မောင်ကြီးက ...

"တကယ်လို့ ဒီလို သင်ထားပေးဦးတော့ ကျွန်တော် ပြန်လှန်မေးခွန်းထုတ်လိုက်တာနဲ့ သူတို့ထွက်ချက်တွေ သုံးမရအောင် ပြိုလဲပျက်စီးသွားမှာပါ။ ကျွန်တော် ဒီလိုလုပ်ဖို့ စိတ်ကူးမိတယ် ဆရာ"

"ဘယ်လိုများလဲ ဦးခင်မောင်ကြီး"

"ဆရာ့ကို ရင်းရင်းနှီးနှီးနဲ့ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ကလေးတွေကို သူတို့ပေးထားတဲ့ ဖြောင့်ချက်တွေကို ပြန်ရုပ်သိမ်းခိုင်းမယ်ဆရာ"

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်လို့လည်းဆိုတော့ တရားလိုဘက်က မျက်မြင်သက်သေ တိတိကျကျ မတင်ပြနိုင်ပေမယ့်လည်း သူတို့ပေးထားတဲ့ ဖြောင့်ချက်နဲ့ သူတို့ကို ပြန်အပြစ်ပေးနိုင်လို့ပဲ ဆရာ"

"အင်း ... ခုချိန်အထိတော့ ဦးခင်မောင်ကြီးပြောတာ မမှား





ပါဘူး။ ဒါပေမဲ့ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေက တရားခွင်မှာ ဘယ်လို ထွက်ဆိုကြမယ်ဆိုတာ မသိသေးဘူးမဟုတ်လား"

ကိုမောင်မောင်စိုးက ...

"ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ဆိုတာ ..."

"ပါရဂူတွေပေါ့ဗျာ။ မှုခင်းဆရာဝန်တို့၊ လက်ဗွေပါရဂူတို့ ဆိုပါတော့။ တကယ်လို့များ သက်သေခံဓားမြှောင်ပေါ်မှာ တစ်ယောက်ယောက်ရဲ့ လက်ဗွေရာကိုသာ အထင်အရှား တွေ့လိုက်မယ်ဆိုရင် သိကြားမင်းဆင်းကယ်တောင် လွတ်နိုင်တော့မှာ မဟုတ်ဘူးဗျ"

ကိုမောင်မောင်စိုးကပင် ဆက်မေးသည်။

"ဒါဖြင့် သက်သေခံဓားမြှောင်ပေါ်မှာ ဘယ်သူ့လက်ဗွေရာမှ မတွေ့ဘူးဆိုရင် သူတို့နှစ်ယောက်လုံး ဒီအမှုက လွတ်သွားနိုင်တာပေါ့ ဆရာ"

ကျွန်ုပ်က ခပ်ယဲ့ယဲ့ ပြုံးပြလိုက်ကာ ...

"ဒါကတော့ တရားရုံးတော်ရဲ့ ဆင်ခြင်တုံတရားပေါ်မှာ မူတည်နေတယ်ဗျ ... ကိုမောင်မောင်စိုးရဲ့"

ထိုအခိုက် ဝန်ထမ်းတစ်ဦး ရုံးခန်းထဲ ဝင်လာသည်။

"ဖော်ဖော်နဲ့ မော်မော်တို့ ရောက်နေကြပါပြီ ဆရာ"

ကျွန်ုပ်က ခေါင်းညိတ်လျက် ...

"ကဲ ... ဦးခင်မောင်ကြီးတို့ သွားတွေ့လိုက်ကြပါဦး"

ဦးခင်မောင်ကြီးနှင့် ကိုမောင်မောင်စိုးတို့ နေရာမှ ထကာ သီးသန့်ရုံးခန်းတွင်း ဝင်သွားကြသည်။ ဦးခင်မောင်ကြီးမှ ဧပြီလ(၁၇)နှစ်ဆန်းတစ်ရက်နေ့တွင် လေယာဉ်ဖြင့် ရောက်လာပြီး နောက်တစ်နေ့ ရုံးဖွင့်ရက်၌ စက်ရှင်တရားရုံးတော်တွင် ဖြောင့်ချက်မိတ္တူများ ကူးယူ



www.burmeseclassic.com

www.burmeseclassic.com



ရန် လျှောက်ထားခဲ့ကြ၏။ ယနေ့နံနက်ပိုင်းက တရားရုံးတော်မှ ဖြောင့်ချက်မိတ္တူများ ထုတ်ပေးလိုက်ကာ ဇော်ဇော်နှင့် မော်မော်တို့အား တွေ့ဆုံခွင့်ပေးလိုက်သဖြင့် အကျဉ်းထောင်သို့ ရောက်လာကြခြင်းဖြစ်၏။

ဦးခင်မောင်ကြီး၏ ဇနီးဖြစ်သူ ဇော်ဇော်နှင့် မော်မော်တို့၏ မိခင်မှာ မကျန်းမာသဖြင့် စစ်တွေမြို့သို့ လိုက်မလာနိုင်ဘဲ ဦးခင်မောင်ကြီးတစ်ယောက်တည်းသာ ရောက်ရှိလာခြင်းဖြစ်၏။

ထိုနေ့က ဦးခင်မောင်ကြီး၏ အကြံအစည် မအောင်မြင်ခဲ့ပါချေ။ ဇော်ဇော်ရော မော်မော်ပါ သူတို့၏ ဖခင်လည်းဖြစ်၍၊ သူတို့၏ ရှေ့နေလည်းဖြစ်သော ဦးခင်မောင်ကြီးအား သူတို့၏ ဖြောင့်ချက်များကို ပြန်လည်ရုပ်သိမ်းရန် အသီးသီး ငြင်းဆိုလိုက်ကြ၍ ဖြစ်လေသည်။

ဧပြီလ ၂၁ ရက် ရုံးဖွင့်ရက်တွင် စက်ရှင်တရားသူကြီး ရုံးတော်၌ ဤအမှုကို စတင်စစ်ဆေးခဲ့သည်။ ရုံးချိန်း လေးကြိမ်ခန့်အကြာတွင် တရားလိုပြသက်သေများ စစ်ဆေးပြီးဆုံးသွားပြီး ဇော်ဇော်နှင့် မော်တော်တို့အား ရာဇဝတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ စွဲချက်တင်ခဲ့သည်။

ဦးခင်မောင်ကြီးသည် ရုံးချိန်းမရှိသော ကြားရက်များတွင် အကျဉ်းထောင်သို့ လာကာ သားနှင့်သမီးအား ဖြောင့်ချက်များကို ပြန်လည်ရုပ်သိမ်းပေးကြရန် နည်းအမျိုးမျိုး စည်းရုံးသိမ်းသွင်းခဲ့သေးသည်။ သို့တစေ အမြွှာမောင်နှမနှစ်ယောက်က သူတို့၏ခေါင်းများကိုသာ တွင်တွင် ခါယမ်း၍ ပြကြသည်။

တရားခွင့်ရှေ့မှောက်တွင် ကိုယ်တိုင် အစစ်ခံရသောအခါတွင်လည်း ဇော်ဇော်နှင့် မော်မော်မှာ သူတို့၏ မူလဖြောင့်ချက်ပါအတိုင်းပင် မတွန့်မဆုတ် မပြောင်းမလဲ ထွက်ဆိုခဲ့ကြလေသည်။





သားနှင့်သမီးတို့၏ တုနှိုင်းရန်ပင် ခက်လှသော သံယောဇဉ်လွန်ပွဲတွင် ဦးခင်မောင်ကြီးတစ်ယောက် မည်သို့မှ မတတ်နိုင်ဘဲ လက်မြှောက်အရှုံးပေးလိုက်ရလေပြီ။

တရားဘက်မှ တင်ပြရန် သက်သေမရှိခဲ့ပါ။ နောက်ရုံးချိန်းသည်ကား နှစ်ဖက်သော ရှေ့နေကြီးများ၏ ဥပဒေပညာကို ရွက်ကုန်ဖွင့်၍ အပြိုင်ကြဲကြမည့် အပြီးသတ် လျှောက်လဲချက်ပေးရမည့်နေ့ပင်တည်း။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

❑

ထိုနေ့က ကျွန်ုပ် စက်ရှင်တရားရုံးတော်သို့ သွားရောက်နားထောင်ခဲ့သည်။

ကျွန်ုပ် ရောက်ရှိသွားချိန်တွင် တရားရုံး အတွင်းရော အပြင်ပါ ပရိသတ်များဖြင့် ပြည့်လျှံနေပါလေပြီ။ ဒေသခံများအနေနှင့် သူတို့မြို့ခံ တရားခံများမဟုတ်သော်လည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ခွဲခြားမရအောင် တူလွန်းသည်ဆိုသော အမြွှာမောင်နှမကို တွေ့လိုမြင်လိုကြ၍ လာရောက်ကြသူများက ပို၍များပေသည်။

မကြာမီ စက်ရှင်တရားသူကြီး ဦးအောင်သာကျော် တရားခွင်ပေါ် တက်လာသည်နှင့် အားလုံး မတ်တတ်ရပ်လိုက်ကြသည်။ တရားသူကြီးနေရာယူပြီးမှ နှစ်ဖက်သော ရှေ့နေကြီးများနှင့် ပရိသတ်များ





ပြန်ထိုင်လိုက်ကြသည်။ ဇော်ဇော်နှင့် မော်မော်တို့ကို ဝက်ခြံထဲ၌ ငြိမ်သက်စွာရပ်နေသည်ကို တွေ့ရ၏။

တရားသူကြီးက နှစ်ဖက်သော ရှေ့နေကြီးများထံ မျက်လုံးဝေ့ဝဲ၍ အကဲခတ်လိုက်ပြီးနောက် တရားခံဘက်သို့ ခေါင်းညိတ်ပြလိုက်သည်။

သနပ်ခါးရောင် မောင့်ကျက်သရေခေါင်းပေါင်းနှင့် ဝတ်စုံနက်ကို စနစ်တကျ ခြုံထားသော တရားခံများ၏ ရှေ့နေကြီး ဦးခင်မောင်ကြီးက အောင်မြင်သောအသံဖြင့် စတင်လျှောက်လဲချက် ပေးသည်။

သူ၏ လျှောက်လဲချက်များမှာ ရှည်လျားသလောက် အချက်အလက်များ ပြည့်စုံလှသည်။ မြန်မာနိုင်ငံမှ စီရင်ထုံးများကိုသာမက ယခုအမှုနှင့် သက်ဆိုင်သော နိုင်ငံတကာ တရားရုံးများမှ စီရင်ထုံးများကိုပါ ကိုးကား၍ တင်ပြသည်။ ဦးခင်မောင်ကြီး အဓိကထား၍ အလေးပေးတင်ပြသော အချက်များမှာ ..........................

..................................................

..................................................

................................ တရားခံ မောင်ဇော်ဇော်နှင့် တရားခံ မမော်မော်တို့ နှစ်ဦးစလုံး ဖြောင့်ချက်အသီးသီး ပေးခဲ့ကြခြင်းကို မငြင်းနိုင်ပါသော်လည်း ယင်းဖြောင့်ချက်များကို ထောက်ခံသည့် ခိုင်လုံသော သက်သေခံချက်များကို တရားလိုဘက်မှ မတင်ပြနိုင်ခဲ့ကြောင်း ပေါ်လွင်ထင်ရှားလျက် ရှိနေပါသည်။

"သေသူ တင်မောင်လတ်ကို ဓားဖြင့်ထိုးသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့သူနှစ်ဦး တင်ပြနိုင်ခဲ့သော်လည်း အဆိုပါ မျက်မြင်သက်သေများအနက် တစ်ဦးတစ်ယောက်မျှ တင်မောင်လတ်ကို ဓားမြှောင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုးသတ်ခဲ့သူမှာ တရားခံ မောင်ဇော်ဇော်ဖြစ်သည်ဟုလည်းကောင်း၊ တရားခံ မမော်မော် ဖြစ်သည်ဟုလည်းကောင်း တစ်ထစ်ချကောက်ယူနိုင်သော သက်သေခံချက်ကို ထွက်ဆိုနိုင်ခဲ့ခြင်း မရှိခဲ့ပါ။

"ရုံးမင်းခင်ဗျား ...

"(လိုပြ–၆) လက်ဗွေပါရဂူ၏ အစစ်ခံချက်တွင် သက်သေခံဓားမြှောင်ပေါ်တွင် သေသူ တင်မောင်လတ်၏ လက်ဗွေရာများကိုသာ တွေ့ရှိရပြီး အခြား မည်သည့်လက်ဗွေရာကိုမျှ မတွေ့ရကြောင်း ဆိုထားချက်အရ သက်သေခံဓားမြှောင်ပေါ်၌ ရုံးရှေ့ရှိ တရားခံနှစ်ဦးစလုံး၏ လက်ဗွေရာများ အလျှဉ်းမရှိခဲ့ကြောင်း ထင်ရှားနေပြီဖြစ်ပါသည်။ ဤအချက်ပေါ် ထပ်ဆင့်ခြင်ကြည့်မည်ဆိုပါက သေသူ တင်မောင်လတ်သည် မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်းမဟုတ်ဟု မဆိုနိုင်သော အခြေအနေတွင် ရှိနေပါသည်။

"အကယ်၍ ရုံးတော်အနေနှင့် တရားခံတစ်ဦးဦးသော် လည်းကောင်း၊ တရားခံ နှစ်ဦးစလုံးကိုသော်လည်းကောင်း သေသူတင်မောင်လတ်အား ဓားမြှောင်ဖြင့် ထိုးသတ်ခဲ့သူများအဖြစ် သံသယရှိမည်ဆိုပါလျှင်လည်း သံသယ၏အကျိုးကို ခံစားထိုက်သူမှာ တရားခံများသာဖြစ်ပါသဖြင့် တရားခံများအား အမှုမှ အပြီးအပြတ် လွှတ်ပေးသင့်ပါကြောင်း လေးစားစွာ တင်ပြလျှောက်လဲအပ်ပါသည်။"

ဆက်လက်၍ အစိုးရရှေ့နေကြီးမှာလည်း ဥပဒေအကိုးအကား ဝေဝေဆာဆာဖြင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ လျှောက်လဲတင်ပြပြန်သည်။ အစိုးရရှေ့နေကြီး အဓိကအားပြုထားသော တင်ပြချက်များမှာ ..............

..................................................

.............................. ပညာရှိ တရားခံရှေ့နေကြီးက





သက်သေခံဓားမြှောင်ပေါ်တွင် တရားခံနှစ်ဦး၏ လက်ဗွေရာ မတွေ့ရသည့်အချက်ကို ထောက်ပြကာ သေသူတင်မောင်လတ်သည် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခြင်း ပြုခဲ့လေဟန်ဖြင့် အမှုလမ်းကြောင်းကို လွှဲချော်အောင် ဖန်တီးကာ တရားခံများ လွတ်ရာလွတ်ကြောင်း တင်ပြသွားခဲ့ပါသည်။

"ရုံးမင်းခင်ဗျား ...

"(လိုပြ–၂) ဦး ဦးမောင်မောင်စိုးက သက်သေခံဓားမြှောင်မှာ ၎င်းအိမ်မှ ၎င်းပိုင်ဓားမြှောင်ဖြစ်သည်မှာ မှန်ကြောင်း၊ ထို့အတူ ၎င်းအိမ်မှ သိမ်းဆည်းခဲ့သော ဓားအိမ်မှာလည်း သက်သေခံဓားမြှောင်နှင့် အံဝင်ခွင်ကျဖြစ်ကြောင်းတို့ကို ထောက်ရှုပါက သေသူတင်မောင်လတ်သည် ထိုဓားမြှောင်ဖြင့် သူ့ကိုယ်သူ သတ်သေရန်မှာ အကြောင်းသတ္တိ လုံးဝမရှိနိုင်တော့ပါ။

"(လိုပြ–၆) လက်ဗွေပါရဂူ၏ ထွက်ဆိုချက်အရ သက်သေခံဓားမြှောင်ပေါ်တွင် တရားခံနှစ်ဦးတို့၏ လက်ဗွေရာရှိမနေသော်လည်း သူတို့နေအိမ်မှ သိမ်းဆည်းခဲ့သော သက်သေခံဓားအိမ်တွင်မူ တရားခံနှစ်ဦးစလုံး၏ လက်ဗွေရာများ တွေ့ရှိရကြောင်း ထွက်ဆိုထားချက်ကို ထောက်ရှု၍လည်းကောင်း၊ သေသူတင်မောင်လတ်ကိုယ်တိုင် ရေးခဲ့သော သက်သေခံစာပါ အကြောင်းအရာများကို ထောက်ရှု၍လည်းကောင်း၊ တရားခံနှစ်ဦးတို့၏ အလိုအလျောက်ပေးခဲ့သော ဖြောင့်ချက်အသီးသီးကို ထောက်ရှု၍လည်းကောင်း၊ ယခုအမှုတွင် သေသူတင်မောင်လတ်အား ရုံးရှေ့ရှိ တရားခံနှစ်ဦးမှ အကြံတူဖြင့် ပူးပေါင်းသတ်ဖြတ်ခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

"သို့ပါ၍ တရားခံ ဇော်ဇော်နှင့် တရားခံ မော်မော်တို့အား



www.burmeseclassic.com

www.burmeseclassic.com



ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ ပြစ်ဒဏ်အသီးသီး ချမှတ်သ
ပါကြောင်း လေးစားစွာ တင်ပြလျှောက်လဲအပ်ပါသည်။”

နှစ်ဖက်လျှောက်လဲချက်များ တင်ပြပြီးလျှင် လုပ်ရိုးလုပ်စ
အတိုင်း စီရင်ချက်ချမည့်နေ့ကို ကြေညာရမည်ဖြစ်သော်လည်း တရား
သူကြီးသည် တစ်စုံတစ်ခုကို အလေးအနက် တွေးတောနေဟန်ဖြ
တရားခွင်ပေါ်တွင် ငြိမ်သက်စွာ ထိုင်နေသေးသည်ကို တွေ့ကြရလေ
၏။

တရားသူကြီးက အမှုတွဲတွင်းရှိ တရားခံနှစ်ဦးတို့၏ ဖြော
ချက်များကို ပြန်ဖတ်နေကာ တချို့နေရာများတွင် မျက်မှောင်များကြေ
ညွတ်လာသည်အထိ လှန်လှောဖတ်ရှုနေသည်ကို တွေ့ရလေသည်။

တရားခွင်တစ်ခုလုံး အပ်ကျသံပင် ကြားရမတတ် ငြိမ်သက်
တိတ်ဆိတ်လွန်းနေသည်။ မျက်လုံးပေါင်းများစွာ၏ အကြည့်များက
တရားသူကြီးထံသို့သာ စုပြုံကျရောက်နေလေသည်။

အချိန်အတန်ငယ်အကြာတွင် တရားသူကြီး ခေါင်းပြန်မော့
လာကာ စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် ဝက်ခြံထဲရှိ ဇော်
ဇော်နှင့် မော်မော်တို့အား စူးစိုက်ကြည့်နေပြန်သည်။ ပြီးမှ ရှေ့ဖတ်
စာရေးအား စာရွက်လွတ်နှစ်ရွက်နှင့် ဖောင်တိန်နှစ်ချောင်း ယူလာစေ
သည်။ ထို့နောက် တရားသူကြီးက အမှုတွဲထဲမှ သက်သေခံစာရွက်
တစ်ရွက်ကို ဖြုတ်ယူကာ စားပွဲပေါ် တင်ထားလိုက်သည်။ အားလုံးပြီးမှ
ဝက်ခြံဆီသို့ ပြန်ကြည့်လိုက်ကာ ...

“ကဲ ... တရားခံနှစ်ယောက်လုံး ဒီရှေ့ကို လာခဲ့ကြစမ်း”

ဇော်ဇော်နှင့် မော်မော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်
လှမ်းကြည့်ရင်း ဝက်ခြံတွင်းမှထွက်ကာ တရားသူကြီးရှေ့ သွားရပ်နေ





ဆိုက်ကြ၏။

“ကဲ ... ဒီစာရွက်ကို မင်းတို့ သိကြတယ်မဟုတ်လားကွယ့်”

တရားသူကြီးက စောစောက အမှုတွဲထဲမှ ဖြုတ်ယူထားသော
ရွက်ကို ထောင်ပြ၍ မေးသည်။

“အဲဒါ တင်မောင်လတ် ကျွန်တော့်ဆီကို ပေးတဲ့စာပါ”

မော်မော်က စာရွက်ကိုကြည့်ကာ ဖြေ၏။

“အေး ... ဟုတ်တယ်၊ အဲဒါကို ဟောဒီက စာရွက်လွတ်နှစ်
ရွက်မှာ မင်းတို့လက်ရေးနဲ့ ရေးကူးထည့်ပေးကြစမ်း”

တရားသူကြီးက တင်မောင်လတ်စာနှင့် စာရွက်လွတ်များကို
ရှေ့သို့ တိုးရွှေ့ပေးရင်း ပြောသည်။ ဇော်ဇော်နှင့် မော်မော်တို့ တစ်ယောက်
ကိုတစ်ယောက် လှမ်းကြည့်ရင်းက တရားသူကြီး ခိုင်းသည့်အတိုင်း
ဖောင်တိန်ကို ကောက်ကိုင်ကာ တစ်ယောက်တစ်ရွက်စီ စတင်ကူးရေး
ကြသည်။

ကျွန်ုပ်က တရားသူကြီး၏ အပြုအမူကို အလေးအနက်ထား
၍ တွေးကြည့်မိသည်။ တင်မောင်လတ်က မော်မော်အား ချိန်းဆိုတာ
ကို အဘယ်ကြောင့် မောင်နှမနှစ်ယောက်လုံးအား ကူးရေးခိုင်းနေရပါ
သနည်း။

တစ်ခုတော့ ရှိသည်။ ဤအမှုတွင် ထိုစာကို သက်သေခံ
အဖြစ် တင်ပြထားသော်လည်း သေသူတင်မောင်လတ်၏ လက်ရေး
အစစ်အမှန် ဟုတ်မဟုတ်ကိုကား လက်ရေးကျွမ်းကျင်သူမှ နှိုင်းယှဉ်
ပြထားခြင်း မရှိခဲ့ပေ။

သို့ဖြစ်ရာ တရားသူကြီးအနေနှင့် ထိုစာကို ဇော်ဇော်နှင့် မော်
မော် တစ်ဦးဦးက လုပ်ကြံရေးသားခဲ့သည်ဟု သံသယဝင်နေ၍ သူတို့



www.burmeseclassic.com

လက်ရေးများနှင့် တူမတူ ကူးရေးခိုင်းနေခြင်းပေလော။ ကျွန်ုပ်စိတ် ထဲ၌မူ သူတို့နှစ်ယောက် ထိုသို့ လုပ်ကြံဖန်တီးရေးသားရန် အကြောင်း လုံးဝမရှိဟု ယူဆနေမိသည်။

ခဏအကြာတွင် ဇော်ဇော်နှင့် မော်မော် ဝက်ခြံဆီသို့ ပြန်လာ ကြသည်ကို တွေ့ရ၏။ တရားသူကြီးသည် တင်မောင်လတ်၏ စာကို လည်းကောင်း၊ ဇော်ဇော်နှင့် မော်မော်တို့ ကူးရေးထားသော စာရွက် များကိုလည်းကောင်း လုံးဝ ကိုင်မကြည့်ဘဲ ရှေ့ဖက်စာရေးအားသာ အမှုတွဲ တွဲထားရန် ပြောသည်။ ထို့နောက် တရားသူကြီးက စီရင်ချက် ချမည့်နေ့ကို ကြေညာလိုက်ကာ တရားခွင်ပေါ်မှ ဆင်းသွားတော့သည်။

တရားရုံးမှအပြန်တွင် ဦးခင်မောင်ကြီး၏ ဖိတ်ခေါ်ချက်အရ ပြည်ထောင်စုရိပ်သာအိမ်ရာရှိ ကိုမောင်မောင်စိုး၏ နေအိမ်သို့ ခဏဝင် ခဲ့ရ၏။

"တရားသူကြီးက တင်မောင်လတ်ရဲ့စာကို ကူးရေးခိုင်းတာနဲ့ ပတ်သက်ပြီး ဆရာ ဘယ်လိုယူဆလဲ"

ဦးခင်မောင်ကြီးက မေးသည်။

"ကျွန်တော်လည်း အဲဒါကို စဉ်းစားနေတာပဲ။ တွေးရတော့ ခပ်ခက်ခက်ပဲဗျ"

ကျွန်ုပ်က မယုတ်မလွန် ဖြေလိုက်သည်။

"ကျွန်တော့်စိတ်ထင်တော့ လက်ရေးနဲ့များ ဆိုင်နေမလားလို့ပါ"

ဦးခင်မောင်ကြီးက တွေးတွေးဆဆ ပြောသည်။ ကျွန်ုပ်က ခေါင်းခါယမ်းပြသည်။

"ကဲ ... ဒီစာကို ဇော်ဇော်နဲ့ မော်မော် တစ်ယောက်က လုပ် ကြံရေးဖို့ အကြောင်းမရှိနိုင်ဘူးဗျ။ အဓိပ္ပာယ်လည်း မရှိဘူးလေ"





ဦးခင်မောင်ကြီးက ခပ်တွေတွေ နားထောင်နေသည်။ ကျွန်ုပ် က ဆက်ပြောသည်။

"ပြီးတော့ ဇော်ဇော်နဲ့ မော်မော်တို့ရဲ့ ဖြောင့်ချက်တွေမှာလည်း တင်မောင်လတ်လက်ရေးနဲ့ လက်မှတ် အမှန်ပါပဲလို့ ထွက်ဆိုထားကြ တယ်မဟုတ်လား။ လက်ရေးကို သိရလောက်အောင် စမ်းသပ်တယ်လို့ တော့ ကျွန်တော် မထင်ဘူး။

ဘာဖြစ်လို့လည်းဆိုတော့ သူတို့ စာကူးရေးနေတုန်း ခဏမှာ သာ တရားသူကြီးက လှမ်းကြည့်တာဗျ။ ရေးလို့လည်းပြီးရော စာရွက် တွေကို ကိုင်တောင်မှမကြည့်ဘဲ ရှေ့ဖတ်စာရေးကို သိမ်းခိုင်းလိုက်တယ် မဟုတ်လား"

"အေးဗျာ ... တော်တော်တော့ စဉ်းစားရကြပ်တဲ့ ကိစ္စပဲ"

ထိုစဉ် ကိုမောင်မောင်စိုးက လိမ္မော်ရည်ပုလင်းများ လာချ ပေးသည်။ ဦးခင်မောင်ကြီးက လိမ္မော်ရည်တစ်ပုလင်း ယူသောက်နေ သည်။ ကျွန်ုပ်က စားပွဲပေါ်တင်ထားသော ဇော်ဇော်တို့၏ အမှုတွဲဆီ အာရုံရောက်သွားသည်။ ကျွန်ုပ်မဖတ်ရသေးသော မှုခင်းဆရာကြီး၏ ထွက်ဆိုချက်ကို သတိရမိသည်။ ထို့ကြောင့် အမှုတွဲကို ဖွင့်ဖတ်ကြည့် လိုက်မိသည်။

မှုခင်းဆရာဝန်ကြီးက သေသူ၏ လက်ဝဲဘက်ရင်အုံပေါ်တွင် အသွားခြောက်လက်မရှိသော မျှော့ကြောင်းပါသော ဓားမြှောင်သည် လုံးလက်မခန့် စိုက်ဝင်နေကြောင်း၊ ဒဏ်ရာမှာ တစ်လက်မသာသာခန့် ရှည်လျားကာ ရင်အုံပေါ်တွင် ကန့်လန့်ဖြတ်အနေအထားဖြင့် တွေ့ရ ကြောင်း၊ ဓားနှောင့်သည် သေသူ၏ လက်ယာဘက်၌ရှိ၍ ဓားသွား



www.burmeseclassic.com

www.burmeseclassic.com



သည် သေသူ၏ လက်ဝဲဘက်၌ ရှိနေကြောင်း၊ ဓားသည် နှလုံးသား အလယ်လောက်မှ ဖြတ်၍ အဓိကသွေးကြောကြီးကို ဖောက်ထွင်းမိ သဖြင့် ထိုဒဏ်ရာရပြီး မိနစ် ၃၀ အတွင်း သေဆုံးခဲ့ခြင်း ဖြစ်နို ကြောင်း၊ သေဆုံးချိန်ကို နံနက် ၆ နာရီနှင့် ၇ နာရီအတွင်း သတ်မှ ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

ထိုခဏ၌ ကျွန်ုပ်စိတ်ထဲ ထင့်ခနဲ ခံစားလိုက်ရသည်။

မော်မော်၏ ဖြောင့်ချက်တွင် ဓားမြှောင်သည် သေသူ၏ လက် ဘက်ရင်အုံတွင် သုံးလက်မခန့် စိုက်ဝင်နေသည်ဟု ပါရှိရာ မှုခင် ဆရာဝန်ကြီး၏ ထွက်ချက်နှင့် တစ်သဝေမတိမ်း တူညီနေလေသည် အစိုးရရှေ့နေကြီးသည် ဤအချက်ကို ပညာရှိ သတိဖြစ်ခဲ ခဲ့ခြင်းပေ လား၊ သို့တည်းမဟုတ် အမှတ်မထင် ကျော်လွှားပစ်ခဲ့ခြင်းပေလော ဤအချက်ကိုသာ ဖော်ထုတ်တင်ပြခဲ့မည်ဆိုပါက မော်မော်၏ အနာဂ ဘဝခရီးအတွက် မတွေးဝံ့အောင်ပင် ခံစားလိုက်မိ၏။

ကျွန်ုပ်သည် ပင့်သက်တစ်လုံး ခိုး၍ ရှိုက်ထုတ်လိုက်ကာ အ တွဲကို အသာအယာ ပြန်ချထားလိုက်သည်။ လိမ္မော်ရည်ပုလင်းကို ယ ကာ သုံးပုံတစ်ပုံခန့် ဝတ်ကျောတန်းကျော်သောက်၍ နေရာမှ ထရပ်လိုက် သည်။

"ဟာ ... ပြန်တော့မလို့လား ဆရာ"

"ဟုတ်ကဲ့ ... အလုပ်ကလေး နည်းနည်းရှိနေသေးလို့ပါ ကဲ ... စီရင်ချက် ချတဲ့နေ့မှပဲ ပြန်ဆုံကြသေးတာပေါ့။ ကံကောင်းကြ ပါစေလို့ ကျွန်တော် ဆုတောင်းလိုက်ပါတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဆရာ"

☼ ☼ ☼

[ ၅ ]

❑

ထိုနေ့က တရားရုံးတစ်ခုလုံး ထုံးစံအတိုင်း ပရိသတ်များဖြင့် ပြည့်လျှံနေလေသည်။ ယခင် ရုံးချိန်းနေ့များထက် အမိန့်ချမည့်နေ့ ဖြစ်၍ နှစ်ဆခန့် ပိုများနေသည်။ နှစ်ဖက်သော ရှေ့နေကြီးများက သတ်မှတ်နေရာများတွင် ရှိနေကာ ဖော်ဖော်နှင့် မော်မော်တို့အား ဝက် ခြံအတွင်း၌ လှမ်းမြင်နေရသည်။

ကျွန်ုပ်က တရားသူကြီး ဖတ်ကြားနေသော စီရင်ချက်ကို အာရုံစိုက် နားထောင်နေသည်။

တရားသူကြီးက အမှုဖြစ်ပေါ်လာပုံ အကျဉ်းချုပ်၊ တရားလိုပြ သက်သေများ၊ ကျွမ်းကျင်သူပါရဂူများ၊ တရားခံတို့၏ ဖြောင့်ချက်များ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် အစစ်ခံထွက်ဆိုချက်နှင့် နှစ်ဖက်သော ရှေ့နေကြီးများ၏ လျှောက်လဲတင်ပြထားပုံကို ဦးစွာ ဖတ်ကြားနေသည်။

ထို့နောက် သုံးသပ်ချက်အပိုင်းတွင် ပြစ်မှု အမှန်ကျူးလွန်သူအား အပြစ်ပေးရသည့်အကြောင်းနှင့် ပတ်သက်၍ ဆက်လက်ဖတ်ကြားရာတွင်ကား ........................................................................................................................................................................................ ဤအမှုသည် ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုကြီး ဖြစ်သော်ငြားလည်း သာမန်ဖြစ်ရိုးဖြစ်စဉ် လူသတ်မှုမျိုးမဟုတ်ဘဲ အလွန်ထူးခြားလှသော ပြစ်မှုကြီးတစ်ရပ် ဖြစ်နေပေရာ ရုံးတော်ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆို၍ အသီးသီး အစစ်ခံထွက်ဆိုခဲ့သော သက်သေခံချက်များ အပေါ်တွင်သာ အခြေပြု၍ စီရင်ဆုံးဖြတ်ရမည်ဆိုပါက အထောက်အထားများ ခိုင်လုံပြည့်စုံမှု မရှိခြင်းကြောင့် တရားခံများကို အမှုမှ အပြီးအပြတ် လွှတ်ပစ်ရမည့် အခြေအနေမျိုးဆိုက်ရောက်ရပေလိမ့်မည်။

"သို့ရာတွင် ယခုအမှု၌ တင်မောင်လတ်ဆိုသော လူရွယ်တစ်ဦးသည် တရားခံတစ်ဦး၊ သို့တည်းမဟုတ် တရားခံနှစ်ဦးတို့၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်ကိုကား အငြင်းပွားရန် အကြောင်းမမြင်ပေ။

ယင်းကြောင့် ရုံးတော်အနေနှင့် သက်သေခံချက်များကို အလီလီအဖန်ဖန် ခွဲခြမ်းစိတ်ဖြာ၍ အနုစိတ် စိစစ်လေ့လာခဲ့နေရာတွင် အရေးကြီးသော အထောက်အထားနှစ်ချက်ကို ပီပြင်ထင်ရှားစွာ တွေ့ရှိခဲ့ရပေသည်။





"ပထမအချက်မှာ တရားခံ မမော်မော်၏ ဖြောင့်ချက်နှင့် ပတ်သက်၍ဖြစ်၏။

"တရားခံမမော်မော်၏ ရုံးတော်ရှေ့မှောက်၌ အလိုအလျောက်ပေးခဲ့သော ဖြောင့်ချက်တွင် ဓားမြှောင်သည် သေသူ၏ လက်ဝဲဘက်ရင်အုံပေါ်တွင် သုံးလက်မခန့် စိုက်ဝင်နေသည်ဟု ပါရှိခဲ့သည်။ (လိုပြ-၅) မှုခင်းဆရာဝန်ကြီး၏ အစစ်ခံ ထွက်ဆိုချက်တွင်လည်း ဓားမြှောင်သည် သေသူ၏ လက်ဝဲဘက် ရင်အုံပေါ်တွင် သုံးလက်မခန့် စိုက်ဝင်နေသည်ဟုပင် ပါရှိနေပေသည်။

"ဤထွက်ဆိုချက်နှစ်ခုသည် မတော်တဆ တိုက်ဆိုင်ခဲ့သည်ဟု ယူဆရန်မှာ အလွန်ပင် ခဲယဉ်းလှပေလိမ့်မည်။ တရားခံ မမော်မော်သည် အချင်းဖြစ်နေရာသို့ အမှန်တကယ် ရောက်ရှိခဲ့ခြင်းကြောင့်သာ ဤမျှ သေသေချာချာ တိတိကျကျ ထွက်ဆိုနိုင်ခဲ့ခြင်း ဖြစ်သည်ကို ယုံမှားသံသယဖြစ်ဖွယ် မရှိပေ။

"သို့သော်ငြားလည်း ပြစ်မှုကြီးတစ်ခုကို ကျူးလွန်ခဲ့သူတို့သည် ကျူးလွန်သည့် အခိုက်အတန့်၌ လွန်စွာ စိတ်လှုပ်ရှားနေကြသည်ဖြစ်ရာ တစ်ဖက်လူအား မိမိ ဓားဖြင့်ထိုးပစ်ခဲ့သော ဒဏ်ရာသည် မည်သည့်နေရာကို ထိုးမိ၍ ဓားသွားအရှည် လက်မ မည်မျှအထိ စိုက်ဝင်သွားသည်ကို တိတိပပ ပြန်ပြောပြနိုင်ရန် လွယ်ကူလိမ့်မည် မဟုတ်ပေ။

မည်သည့်ပြစ်မှု ကျူးလွန်သူမှ ကိုယ်လုပ်ခဲ့သည်ကို စိတ်အေးလက်အေးဖြင့် စိမ်ပြေနပြေ ပြန်ကြည့်ဝံ့မည် မဟုတ်ပေ။ တစ်ဖက်လူ ဒဏ်ရာကြောင့် အော်ဟစ်လဲကျသွားသည်နှင့် တစ်ပြိုင်နက် ပြစ်မှုကျူးလွန်သူသည် အချင်းနေရာမှ တုန်လှုပ်ထိတ်လန့်စွာဖြင့် ထွက်ချီး



www.burmeseclassic.com

www.burmeseclassic.com



တည်း အမြန်ဆုံး ထွက်ပြေးသွားကြမည်သာ ဖြစ်ပေသည်။

"ယခု တရားခံ မမော်မော်၏ ဖြောင့်ချက်နှင့် မှုခင်းဆရာဝန်ကြီးတို့၏ထွက်ဆိုချက် ထပ်တူကျနေခြင်းကို တွက်ချင့်ကြည့်လျှင် အခင်းဖြစ်နေရာသို့ တရားခံမမော်မော် ရောက်ရှိသွားချိန်တွင် သေသူတင်မောင်လတ်သည် သောင်ပြင်ပေါ်၌ ဓားတန်းလန်းဖြင့် ပက်လက်လန်လဲကျနေနှင့်ပြီး ဖြစ်ပေလိမ့်မည်။

မမျှော်လင့်ဘဲ တွေ့လိုက်ရသော မြင်ကွင်းကြောင့် တရားခံမမော်မော် အံ့သြတုန်လှုပ်သွားမည် မှန်သော်လည်း ကိုယ်တိုင် ပြစ်မှုကျူးလွန်သူ မဟုတ်ခြင်းကြောင့် စိတ်တည်ငြိမ်အောင် ထိန်းချုပ်ရင်း သေသူ၏ ဒဏ်ရာအနေအထားကို ကောင်းစွာ တွေ့မြင်မှတ်သားနိုင်ခဲ့ခြင်း ဖြစ်ပေမည်။

"ဒုတိယအချက်မှာ တရားခံ မောင်ဇော်ဇော်နှင့် ပတ်သက်၍ဖြစ်သည်။

"(လိုပြ–၅) မှုခင်းဆရာကြီးက ဓားဒဏ်ရာကို လက်ဝဲတက်ရင်အုံပေါ်တွင် ကန့်လန့်ဖြတ် အနေအထားတွေ့ရပြီး ဓားနှောင့်သည် သေသူ၏ လက်ယာဘက်၌ရှိကာ ဓားသွားသည် သေသူ၏ လက်ဝဲဘက်၌ရှိသည်ဟု ထွက်ဆိုသည်။

"တရားခံ မောင်ဇော်ဇော်၏ ဖြောင့်ချက်တွင် သေသူ၏ လည်ပင်းကို နောက်မှနေ၍ တစ်ထောင်ဆစ်တစ်ဖက် ကွေးလျက်ဆွဲညှစ်ထားကာ ကျန်လက်တစ်ဖက်က ဓားမြှောင်ကိုကိုင်ကာ နောက်မှဝိုက်၍ ထိုးစိုက်ခဲ့သည်ဟု ပါရှိပေသည်။

"သေသူ၏ လက်ဝဲဘက် ရင်အုံပေါ်သို့ ကန့်လန့်ဖြတ်ဒဏ်ရာရစေရန် နောက်မှဝိုက်၍ ထိုးရာတွင် အကယ်၍ ဓားနှောင့်သည် သေသူ





၏ လက်ယာဘက်၌ ရှိနေပါက လက်ဝဲဘက်လက်ဖြင့် ဝိုက်၍ထိုးမှသာ ဖြစ်နိုင်ပေမည်။ အကယ်၍ ဓားနှောင့်သည် သေသူ၏ လက်ဝဲဘက်၌ ရှိမည်ဆိုလျှင် လက်ယာဘက်လက်ဖြင့် ဝိုက်၍ထိုးမှသာ ဖြစ်နိုင်ပေမည်။

"ယခု သေသူ၏ဒဏ်ရာတွင် ဓားနှောင့်သည် သေသူ၏ လက်ယာဘက်၌ ရှိနေသည့်အပြင် ဒဏ်ရာမှာ သေသူ၏ လက်ဝဲဘက် ရင်အုံတွင် ရှိနေခြင်းကို တွက်ဆလျှင် ဓားဖြင့်ထိုးသူသည် လက်ဝဲဘက်သန်သူ (ဘယ်သန်) ဖြစ်ရပေမည်။

"ထို့ကြောင့် ပြီးခဲ့သော ရုံးချိန်းနေ့က တရားခံနှစ်ဦးတို့အား စာတစ်ရွက်စီ ကူးခိုင်းကြည့်ခဲ့ရာ တရားခံ မမော်မော်က ညာလက်ဖြင့်ကူးရေးနေ၍ တရာခံ မောင်ဇော်ဇော်က ဘယ်လက်ဖြင့် ကူးရေးနေသည်ကို ထင်ရှားစွာ တွေ့ခဲ့ရပေသည်။

"သို့ဖြစ်၍ အထက်ဖော်ပြပါ သက်သေခံ အထောက်အထားများအရ ဤအမှုတွင် သေသူ တင်မောင်လတ်အား ဓားမြှောင်ဖြင့်ထိုးသတ်ခဲ့သူမှာ တရားခံ မောင်ဇော်ဇော်မှတစ်ပါး အခြားမရှိနိုင်တော့သဖြင့် အောက်ပါအမိန့်ကို ချမှတ်လိုက်သည်။

"အမိန့် ..."

အဘ–ဦးခင်မောင်ကြီး၏သား တရားခံ မောင်ဇော်ဇော်သည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁) (ခ) ကို ကျူးလွန်ကြောင်း ထင်ရှားသဖြင့် သေဒဏ်ချမှတ်လိုက်သည်။

အဘ–ဦးခင်မောင်ကြီး၏သမီး တရားခံ မမော်မော်အား ဤအမှုနှင့် သက်ဆိုင်သမျှ တရားသေ လွှတ်လိုက်သည်။

တရားသူကြီးသည် စီရင်ချက် ချပြီးသည်နှင့် နေရာမှထကာ



www.burmeseclassic.com

www.burmeseclassic.com



တရားခွင်ပေါ်မှ ဆင်းသွားလေတော့သည်။

ကျွန်ုပ်သည် ပရိသတ်များနှင့်အတူ နေရာမှ ထလိုက်သည်။ ရဲတပ်ကြပ်တစ်ဦးက ဇော်ဇော်အား လက်ထိပ်ခတ်၍ ဝက်ခြံအတွင်းမှ ထုတ်လာသည်။ ထိုစဉ် ရှိုက်ကြီးတငင် ဟစ်အော်ငိုကြွေးလိုက်သံကြောင့် ကျွန်ုပ် အသံလာရာသို့ လှည့်ကြည့်လိုက်မိသည်။

"ကိုကိုရေ ... ကိုကို ... ကိုကို မသေရဘူး။ ကိုကို့အစား ကျွန်တော် သေမယ်။ ကိုကို့သေဒဏ် ကျွန်တော့်ကိုပေးပါ ... ကိုကို ရယ်"

မော်မော်၏ ဝမ်းနည်းပက်လက်ဖြင့် ဆွဲဆွဲငင်ငင် အော်ဟစ်ငိုကြွေးလိုက်သံပါပေ။ သူမ၏အသံက ကြားရသူတို့၏ နှလုံးသည်းပွတ်ကို ချွန်မြသောအပ်ဖြင့် ထိုးဆွလိုက်ရသည့်နှယ် ခံစားကြရပေလိမ့်မည်။

ရဲတပ်ကြပ်က ဇော်ဇော်အား လက်ထိပ်ကြိုးတန်းလန်းဆွဲလျက် ခေါ်သွားရာသို့ မော်မော်က နောက်မှ အတင်းလိုက်၍ ဇော်ဇော်၏ ခြေသလုံးများကိုဆွဲကာ ဖက်တွယ်ထားလေသည်။

"မသွားရဘူး ... ကိုကို မသွားရဘူး။ ကျွန်တော်တစ်ယောက်တည်း ဘယ်သူနဲ့ နေရမှာလဲလို့။ ကျွန်တော်တို့အဖြစ်က ဆိုးလှချည်လား ကိုကိုရယ်။ ခုဟာက ကျွန်တော့်ကြောင့် ကိုကိုခံရတာဆိုတော့ လေ ... ကျွန် ... ကျွန်တော် .... ဘယ် ... ဘယ်လို ဖြေရမလဲ အို ... ကိုကိုရဲ့ ... အိုး ... အိုး ..."

မော်မော်မှာ ပြောနေရင်းက အသံများတိမ်ဝင်သွားကာ ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် ခွေယိုင်လဲကျသွားလေသည်။ ဦးခင်မောင်ကြီးနှင့် ကိုမောင်မောင်စိုးတို့ ကမန်းကတန်း ပြေးလာကာ မော်မော်





အား ပွေ့ထူလိုက်ကြသည်။

"သမီး ... သမီးလေး ... မော်မော် ... မော်မော်"

ဦးခင်မောင်ကြီးက နှုတ်မှ တဖွဖွခေါ်ရင်း အော်ဒီကလုံး ရေမွှေးပုလင်းကို မော်မော်၏နှာဝတွင် တေ့ပေးထားသည်။ ခဏမျှအကြာတွင် မော်မော် လူးလွန့်လှုပ်ရှားလာသည်ကို တွေ့ရ၏။

"သမီး ... မော်မော် ... သမီး ... ဖေဖေလေ ... သတိရလာပြီနော် သမီး"

"အင်း ... အင်း ..."

ကျွန်ုပ်သည် တရားရုံးအပြင်ဘက်သို့ ထွက်ကာ ကားရပ်ထားခဲ့ရာသို့ လျှောက်လာခဲ့၏။ ထိုစဉ် ဇော်ဇော်အား တရားရုံးအချုပ်ခန်းရှိရာဘက်သို့ ခေါ်ဆောင်သွားသည်ကို မြင်လိုက်ရ၏။

ဇော်ဇော်တစ်ယောက် မကြာမီအချိန်အတွင်း အကျဉ်းထောင်၏ ကြိုးတိုက်အတွင်းသို့ ရောက်ရှိလာရပေတော့မည်။

ကျွန်ုပ်က တရားရုံး အဆောက်အဦကို တစ်ချက်မျှ စောင်းငဲ့ကြည့်လိုက်ပြီး ကားစက်ကိုနှိုးကာ အကျဉ်းထောင်ရှိရာဆီသို့ တဖြည်းဖြည်း မောင်းထွက်လာခဲ့တော့၏။

ကမ္ဘာ့အချစ်သမိုင်းတွင် အချစ်ဆုံးဟု စံချိန်ကင်ထားသူများသည် ဤအမြွာမောင်နှမ၏ တုနှိုင်းဖွယ်မရှိသော အချစ်များနှင့် ယှဉ်ပြိုင်ရဲကြပါမည်လား။

မိန်းမမာယာ သဲကိုးဖျာဟုဆိုထို မာယာတစ်သိန်း အပလိမ်းအနန္တဟုပင် ပြောပြော ထိုမာယာများထဲတွင် အစ်ကိုဇော်ဇော်အတွက် ပေးဆပ်ခဲ့သော ညီမမော်မော်၏ မာယာမျိုးသည်ကား ဤလောကဦး ညီသည့်အခါကမှ ရှိခဲ့အံ့မထင်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့တစေလည်း ထိုအချစ်နှင့် မာယာတို့သည် သံမဏိကဲ့သို့ ခိုင်မာသော ဥပေဒကွင်းဆက်များကို အပိုင်းပိုင်း အဆစ်ဆစ် ဖြတ်တောက်၍ အမှန်တရားကို ဖုံးကွယ်ပစ်ရန်ကိုမူ မတတ်စွမ်းနိုင်ခဲ့ကြပါတကား။

☼ ☼ ☼

ဇော်ဂျီဓော



www.burmeseclassic.com

[ ၁ ]

❑

ရေအလျဉ်စီးဆင်းနေသော နားမ္မောင်းကျချောင်းရေက တသွင်သွင် စီးဆင်း၍နေသည်။ ကမ်းပါးပေါ်တွင် ကျောက်တောင်ကြီးများက မိုးထိအောင် မြင့်မားလို့နေသည်။ ကျောက်တောင်ကြီးအောက်ခြေနေရာမှာ အကျဉ်းသူတစ်သိုက် ကျောက်ထုခွဲမှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသည်။

ပုံစံအကျႌအဖြူ၊ ပုံစံထဘီဖြူနှင့်မို့ ထင်ထင်ရှားရှား ပေါ်လွင်နေခဲ့သည်။ မိမိတို့၏ ပြစ်မှုကြွေးကို ချွေးဖြင့် ပေးဆပ်နေရသူများပီပီ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းရွက်လျက်ရှိနေကြသည်။

ယင်းကျောက်ထုတ်လုပ်သည့်နေရာ၏ မျက်နှာချင်းဆိုင်မှာ အဆောက်အဦများ စီရရီညီညာစွာ ဆောက်လုပ်ထားသည်။ ကျောက်





ထုတ်လုပ်နေသော လုပ်ငန်း၏ တစ်ဖက်တစ်ချက်နေရာမှာ စခန်းဆောင်ကို ဆောက်လုပ်ထားခဲ့သောကြောင့် ပြင်ဦးလွင်သွားသော ကားလမ်းမကြီးသော ကြားမှာ ခြားနေသည်။ ယင်းအဆောက်အဦများမှာ အကျဉ်းသူများအတွက် နားနေဆောင်ဖြစ်ပါသည်။

ထိုအဆောက်အဦကြီးများကိုတော့ သံဆူးကြိုးဖြင့် ဝိုင်းပတ်ရံကာထားသည်။ ယင်းသို့ သံဆူးကြိုးဖြင့် အနိုင်အခန့် ကာရံထားသည့် ဆူးကြိုးဝင်းကြီးထဲမှာ မျော၊ ခနီ၊ ဝါးတို့ဖြင့် ဆောက်လုပ်ထားသော အဆောက်အဦများ ရှိလေသည်။

ဝင်းထဲမှာ ဆောက်လုပ်ထားသော အဆောက်အဦးဘားတိုက်လေးလုံးခန့် ဆောက်လုပ်ထားခဲ့သည်။ ယင်းအဆောက်အဦတစ်ဆောင်လျှင် အရှည်ပေလေးဆယ်ခန့်လောက်ရှည်ပြီး အကျယ်မှာ ပေနှစ်ဆယ်ခန့် ကျယ်ဝန်းလေသည်။ ယင်းသို့သော အဆောက်အဦ ဘားတိုက်လေးလုံးခန့် ရှိနေသည်။

အိပ်ဆောင်တစ်ဆောင်နှင့် တစ်ဆောင်ကြားမှာ ငါးပေခန့်လောက်သာကွာဝေးပြီး တစ်ဆောင်နှင့်တစ်ဆောင် ယှဉ်ပြိုင်လျက် ဆောက်လုပ်ထားခဲ့လေသည်။ အလယ်ခေါင် Main Jail လမ်းမကြီးထားလျက် တစ်ဖက်မှာ ရုံးခန်းအဆောက်အဦနှင့် တောင်ယာလုပ်ကိုင်သော စိုက်ခင်းဆောင်များရှိနေသည်။ Main Jail လမ်းမကြီးမှာ အိပ်ဆောင်သို့ဝင်ရောက်သည့် ဘူးတံခါးကြီးနေရာမှာ ပေရှစ်ဆယ်ကျော်ရှည်လျားပြီး အဆုံးမှာ စားဖိုဆောင်ကြီးနှင့် မိလ္လာဆောင်များ ရှိနေသည်။

အမျိုးသမီးများအိပ်ဆောင်အတွက် ရေချိုးရန် ရေကန်ကြီးကို ပေသုံးဆယ်လောက် ရှည်မျောမျောဆောက်ထားပြီး သုံးပေခန့်ကျယ်ပြီး အမြင့်မှာ သုံးပေခွဲလောက်ပဲရှိမည်။ တောင်ယာစိုက်ခင်းဆောင်များ



www.burmeseclassic.com

www.burmeseclassic.com



အစွန်မှာ ဆောက်လုပ်ထားခြင်းဖြစ်သည်။

ညနေပိုင်း အလုပ်သိမ်းပြီး ပြန်လာချိန်မှသာ ရေချိုးခွ ထားခဲ့လေသည်။ အိပ်ဆောင်ထဲမှာတော့ ဝါးကြမ်းခင်းများကို ခင်းထ ပြီး အပေါ်မှာ နှီးချောဖျာကြမ်းများ ခင်းပေးထားခဲ့လေသည်။ အကျ သူများ ညဘက် အိပ်စက်အနားယူရန် နေရာဖြစ်ပါသည်။

နံနက်ငါးနာရီ ထောင်ဖွင့်ပြီးသွားချိန်မှာ အိပ်ဆောင်တွင်း လု ငန်းတာဝန်ကျသော အကျဉ်းသူများသည် မိမိတို့တာဝန်ကျရာ စ ကြီး၊ တောင်ယာ၊ မိလ္လာ၊ ရေကန်များသို့ ဦးစွာ ထွက်ခွင့်ရပြီး အလု လုပ်ကြရသည်။

အထူးသဖြင့် ညဦးပိုင်းကတည်းက ဘုတ်ထုတ်ထားသေ ညမီးလိုက် ခေါ် ညဘက် ထမင်းချက်ပြုတ်သူများနှင့် ဂျူတီချိန သည်။ ညမီးဆိုသည်မှာ နံနက်စောစော ထောင်ဖွင့်ပြီးသွားချိန်သော ရန် ဂံဇီခေါ် ဆန်ပြုတ်ကို ညဘက်ထမင်းပေါင်းပြီး တစ်ခါတည်း ပြု ထားပေးရသည်။

သို့မှသာ ထောင်ဖွင့်ပြီးချိန် အလုပ်ဆင်းသွားကြမည့် အကျ သူများအတွက် အာသာပြေ စားသောက်နိုင်ရန်အတွက် နံနက်စာ စီစဉ်ပေးထားခြင်းဖြစ်ပါသည်။

ယင်းသို့ နံနက်စာ ဂံဇီခေါ် ဆန်ပြုတ်ရည်ကို သောက်ပြ သွားသည်နှင့် လမ်းတစ်ဖက်မှာရှိနေသော ကျောက်ထုတ်လုပ်ငန်းခွ သို့ အလုပ်ဆင်းကြရလေသည်။ ထိုသို့ အလုပ်ဆင်းသွားကြရသည့်အ ကိုယ့်တပ်ခွဲအလိုက် သက်ဆိုင်ရာ ဘုတ်ကိုင်များ အစောင့်လိုက်ပါမည့ ဝန်ထမ်းအမျိုးသမီးများမှ တံခါးကြီးထဲမှာ လက်မှတ်ထိုးပြီး ထုတ် သွားကြရသည်။





ဤသို့ ထုတ်ယူသွားကြသည့် ဝန်ထမ်းအမျိုးသမီး အစောင့်များသည် မိမိတို့တာဝန်ယူ ဘုတ်ထုတ်ထားသော အကျဉ်းသူများအား လုပ်ငန်းခွင်ထဲမှနေ ထွက်ပြေးလွတ်မြောက်မှု မရှိစေရန် တာဝန်ခံပြီး ဘူးဝတံခါးကြီးထဲမှ အပြင်လုပ်ငန်းများသို့ တာဝန်ယူထုတ်ယူခဲ့ရခြင်း ဖြစ်ပါသည်။

အိပ်ဆောင်ထဲမှ ထွက်ခွာလာခဲ့ကြသော လုပ်ငန်းလုပ်ဆောင် ကြမည့် ဘုတ်များကို ဆယ်ယောက်အစုအဖွဲ့လျှင် ဘုတ်ကိုင်တစ်ယောက် စီ ထိန်းသိမ်းနိုင်ရန် တာဝန်ပေးထားသည်။ တပ်ခွဲတစ်ခွဲလျှင် လူငါး ဆယ်ဦးခန့်ရှိသည်။ စုစုပေါင်း တပ်ခွဲ လေးခွဲခန့်ရှိသည်။ တပ်ခွဲတစ်ခွဲ လျှင် ဘုတ်ကိုင်ငါးဦးစီနှင့် အမျိုးသမီးဝန်ထမ်း အစောင့်ငါးဦးခန့်ရှိ သည်။

ယင်းတပ်ခွဲကြီးတစ်ခုလုံး၏ တာဝန်ခံမှာ ပခုံးပေါ်တွင် ငွေ ကြယ်တစ်ပွင့်တပ်ဆင်ထားသော အမျိုးသမီးထောင်မှူးက ကွပ်ကဲစီမံ အုပ်ချုပ်ရလေသည်။ နံနက်ပိုင်း ထောင်ဖွင့်ပြီး နံနက်စာ စားပြီးသွား ကြသည်နှင့် အိပ်ဆောင်ထဲမှ အကျဉ်းသူများကို နှစ်ယောက်တစ်တွဲ တန်းစီပြီး လုပ်ငန်းခွင်ရှိရာ ထွက်လာကြရသည်။

ထိုအချိန်တွင် အကျဉ်းသူလေးများမှာ နေပူဒဏ်ခံနိုင်စေရန် ဝါးဦးထုပ်ကလေးများ ကိုယ်စီဆောင်းထားကြသည်။ ပုံစံအကျီအဖြူ ပုံစံထဘီအဖြူများမှာ ဖျင်ကြမ်းစကို ချုပ်လုပ်ဝတ်ဆင်ထားခြင်းဖြစ် သည်။

ပခုံးမှာ ရေဘူးထည့်ထားသော နှီးတောင်းလေးကို ကြိုးတပ် လွယ်သူလွယ်၊ ကျွတ်ကျွတ်အိတ်ဆွဲသူက ဆွဲပြီး အထဲမှာတော့ သောက် ရန် ရေဘူးနှင့် စားစရာအချို့ ပါလေသည်။ မြို့ကြီးသူ မမများ ရုံးတက်



www.burmeseclassic.com

www.burmeseclassic.com



သွားသလို ရေသနံ့ဘူး၊ ထမင်းချိုင့်၊ ခေါက်ထီးနှင့် ရုံးရောက်လျ အလှပြင်ရန် မိတ်ကပ်ကရင်းပတ်၊ ဘီး၊ မှန်ဝိုင်းတို့တော့ မပါပေ။ မျက် ပြင်ပေါ်မှာ သနပ်ခါးကို ထူထူပျစ်ပျစ်လိမ်းပြီး နေလောင်ဒဏ်ကို က ကွယ်ထားကြသည်က များသည်။

ပင်ပန်းဆင်းရဲလွန်းသော ကျောက်ထုတ်လုပ်ငန်းခွင်မှာ ဒီးဒီးကျအောင် ကျောက်ရိုက်ထုခွဲကြရမည့် လုပ်ငန်းမို့ ချွေးထွက်လျ သုတ်ရန် ထောင်မှထုတ်ပေးသော ချည်မျက်နှာသုတ်ပဝါနှင့် ရေသနံ့ဘ စားစရာလောက်သာ ထည့်သိုလာခဲ့ကြရသည်။

ကျောက်ထုတ်လုပ်ငန်းခွင်ထဲသို့ ရောက်သွားကြသည့်အခါမှ တော့ လူတစ်ဦးချင်းမဟုတ်ဘဲ ဆယ်ယောက်တစ်ဖွဲ့စီ ကျောက်ကျ ပုံစံပြည့်အောင် ထုခွဲပေးကြရသည်။

များသောအားဖြင့် အမျိုးသမီး ကျောက်ထုတ်လုပ်ငန်းခွင်မှ အမျိုးသားများကဲ့သို့ ကျောက်တုံးကျောက်ခဲကြီးများကို ထုခွဲရခြ မဟုတ်ဘဲ ခြောက်ကိုးဟုခေါ်သော အရွယ် အစား (၆" x ၉") လက် ကို (၁" x ၁ ၁/၂") လက်မအရွယ်လောက်နှင့် ချိုပင်ဟုခေါ်သော လမ်းခ ကျောက်လေးများကို ထုခွဲပေးရခြင်းဖြစ်သည်။ တစ်ခါတစ်ရံ လုပ်င ခွင်မှာ လိုအပ်ပါက (၂" x ၄") လက်မအရွယ်အစား ကျောက်လတ်မျာ ကို ခွဲပေးရလေသည်။

ယင်းသို့ ကျောက်များကို ထုခွဲရာတွင် လက်ထဲမှာ နှစ်ပေါ် တူလေးများ ကိုင်ဆွဲလျက် ကျောက်ထုခွဲပေးသူက ထုခွဲနေရသလို တချို့က ကျောက်ထုရန် ကျောက်ဆောင်ကြီးအနီးအနားမှ ကျောက်တုံ များ သယ်ပေးကြရသည်။

တချို့လည်း ကျောက်ဆောင်ကြီးကို မိုင်းခွဲထားသဖြင့် လွ





ငြိနေသော ကျောက်အရွယ်အစားအမျိုးမျိုးကို ကြိမ်ခြင်းတောင်းလေး များဖြင့် ရှာဖွေသယ်ယူပြီး ကျောက်ကျင်းပုံစံ စီပေးရသည်။ ကျောက် ကျင်းပုံစံမှာ ဆယ်ပေပတ်လည်ရှိပြီး အမြင့်တစ်ပေရှိရသည်။

ယင်းကျောက်ကျင်းပုံစံကို ပြည့်မီနိုင်စေရန် တစ်နေကုန်နီးပါး ကျောက်ထုခွဲ၊ ကျောက်သယ်၊ ကျောက်ပုံစီနှင့် အလုပ်ကို ဇယ်ဆက် အောင် လုပ်နေရသည်။ သို့မှသာ ညနေအလုပ်သိမ်းချိန် တာဝန်ခံ ထောင်မှူးမ လာရောက်စစ်ဆေးချိန်တွင် မပြီးစီးနိုင်သော ဘုတ်အား နေတင်အရေးယူခြင်း ခံရလေသည်။

ဒါကြောင့် အကျဉ်းသူ ဆယ်ယောက်တစ်ဖွဲ့လျှင် ကျောက် ကျင်းပုံစံ တစ်ကျင်းပြည့်မီနိုင်အောင် လုပ်ကိုင်ကြရသည်။ ဒီကြားထဲ ဌာနဆိုင်ရာမှ ကျောက်ကားများ ကျောက်လာတင်သည့်အခါ တစ်ဘုတ် လျှင် တစ်ယောက်စ၊ နှစ်ယောက်စ ကျောက်တင်ကားပေါ် ကျောက်တင် ရန် လုပ်အားခွဲပေးရသေးသည်။

ဤကဲ့သို့ အမျိုးသမီးကျောက်ထုတ်လုပ်ရေး စခန်းလုပ်ငန်း ခွင်ထဲမှာ အမျိုးသမီးအကျဉ်းသူများမှာ ပူလောင်ပြင်းပြသော နေရောင် အောက်တွင် မိမိတို့ပန်ဆင်ထားသော ခေါင်းကပန်းခိုင် ပြုတ်ရသည် အထိ အလုပ်ပင်ပန်းဆင်းရဲခြင်းဒဏ်ကို ခံနေကြရသည်။

ဘယ်လိုပဲဖြစ်ဖြစ် မိမိတို့ဘဝတွေက နိုင်ငံတော်က ချမှတ် ထားခဲ့သော တရားဥပဒေကို လောဘ၊ ဒေါသ၊ မောဟစိတ်များဖြင့် ဘက်တစ်လုံးခြား လိမ်လည်လှည့်စားခဲ့ကြလို့ ပြစ်မှုကနေ ပြစ်ဒဏ်ဖြစ် ပြီး ရောက်ရှိလာခဲ့ကြသူများ ဖြစ်ပါသည်။

နေ့ဆယ်နာရီလောက်မှာ လုပ်ငန်းခွင်ကို ခေတ္တရပ်နားခဲ့ကြ ပြီး နံနက်စာထမင်းကို စားသောက်ခဲ့ကြရသည်။ လုပ်ငန်းခွင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်နေကြသော အကျဉ်းသူများအားလုံး ထမင်းစားနားခွင့်ရခဲ့ကြသည်။ ထမင်းစားသောက်ပြီးသွားပါက နေ့လယ် ဆယ့်နှစ်နာရီမှာ လုပ်ငန်းခွင် ပြန်ဆင်းကြရသည်။

ဒါကြောင့် နားချိန်ရသည့်ခိုက် အကျဉ်းသူများသည် စားဖိုကြီးရှေ့ရှိ ထမင်းစားဆောင်မှာ ပုံစံဒန်ပန်းကန်ပြားလေးနှင့် ထမင်းတန်းစီယူရပြီး ဒန်ဇလုံဖြင့် ပဲဟင်းရည်ထည့်ရသည်။ ပြီးမှ ငါးပိတစ်ကောင်စီ ပန်းကန်ပြားနှုတ်ခမ်းတင်ကာ ဝါးကြမ်းရှည်ကြီးခင်းထားသော ထမင်းစားနေရာမှာ မျက်နှာချင်းဆိုင်ထိုင်ပြီး ထမင်းစားကြရသည်။

တချို့ အစပ်အဟပ်ပါမှ ထမင်းစားတတ်သူတွေကတော့ တောင်ယာဘုတ်ကိုင်ထံ ဆေးပေါ့လိပ်နှစ်လိပ်လောက်ပေးပြီး ငရုတ်သီးစိမ်းနှင့် ကန်စွန်းရွက် တို့စရာအတို့အမြှုပ် လုပ်စားနေခဲ့ကြသည်။

ထိုအချိန်တွင် အစိမ်းရောင် တီအီးကားကြီးတစ်စီး ထိုးဆိုက်လာနေခဲ့သည်။ ကားကြီးပေါ်တွင် အထုပ်အပိုးကိုယ်စီနှင့် အကျဉ်းသူများ ပါလာခဲ့လေသည်။ အကျဉ်းသူအများစုမှာ ထောင်မကြီးထဲကနေ အလုပ်စခန်းဆီသို့ အလုပ်လုပ်ဆောင်ရန် ရဲဘက်အကျဉ်းသူအဖြစ် ရောက်ရှိလာခဲ့ကြခြင်းဖြစ်ပါသည်။

မည်မျှ အကျဉ်းထောင်ကြီးထဲမှာ နေထိုင်ကြစဉ် အနေချောင်ကြဟန်တူသည် အကျဉ်းသူများ၏ မျက်နှာပြင်ဝယ် ပန်းနုရောင်သန်းနေသလို မိတ်ကပ်အလှ ဆင်ယင်ထုံးမွှန်းထားခဲ့ကြသည်။ အဝတ်အစားမှာလည်း တက်ထရွန်စဖြင့် ချုပ်လုပ်ထားသော ရင်ဖုံးအင်္ကျီလက်ရှည်ဝတ်ဆင်ထားသူနှင့် လက်တိုဝတ်ဆင်ထားသည့် အကျဉ်းသူ စုံလင်စွာပါရှိလာသည်။ သူမတို့ ခေါင်းပေါ်မှာလည်း အလှအပကြိုက်တတ်သော မိန်းမတို့ဘာသာ သဘာဝ စံပယ်၊ နှင်းဆီ၊ ငွေပန်း၊ ရွှေပန်း စသည့်





အလှပန်းများဖြင့် ဆင်ယင်ထုံးဖွဲ့ထားကြသည်။

တချို့အကျဉ်းသူများကလည်း တီအီးကားကြီးပေါ်မှ အထုပ်ဆွဲဆင်းလာနေကြစဉ် သံဆူးကြိုးကာရံထားသည့်ကြားမှ လှမ်းမြင်နေသော ညစ်ပတ်ပေတူးနေပြီး မျက်နှာပြင်ပေါ်ဝယ် အဆီပြောင်ဝင်းနေသူများ။ သနပ်ခါးဘဲကြား လိမ်းထားသူများကို ကြည့်ပြီး နှာခေါင်းရှုံ့သွားခဲ့ကြသည်။ အားလုံးပေါင်း ငါးဆယ်ယောက်ဖြစ်လေသည်။

"အားလုံး လူပေါင်း ဘယ်နှစ်ယောက်လဲ"

"ငါးဆယ့်ယောက်ပါ ဆရာမ"

ထောင်မှူးနဲ့ ဒေါ်မြသူဇာ၏အမေးကို တံခါးတာဝန်ကျ ဝန်ထမ်းမလေးက သတင်းပို့လိုက်သည်။ ဒေါ်မြသူဇာမှာ ထောင်ကျုံး တာဝန်ခံ ထောင်မှူးတစ်ဦးဖြစ်ပြီး ထိုနေ့အတွက် တာဝန်မှူးတာဝန်ထမ်းဆောင်နေရသူဖြစ်သည်။

ထို့နောက် အကျဉ်းသူများကို ဘူးတံခါးကြီးထဲမှာ ပါလာသော ပစ္စည်းများအား တလာစီ (ရှာဖွေခြင်း) ခဲ့ကြလေသည်။ အကျဉ်းသူ ငါးဆယ်ဦးကို တန်းစီးဖြစ်သူ ဒေါ်သက်မေက ရှာဖွေခြင်းလုပ်ငန်းကို လုပ်ဆောင်မီ ကြိုတင်စကားပြောနေခဲ့သည်။

"ကဲ . . . ဟေ့ . . . ဒီမှာ ခဏနားထောင်ကြမယ်။ ညည်းတို့ဆီမှာပါလာတဲ့ ရွှေငွေပစ္စည်းအားလုံး ဒီတံခါးကြီးထဲမှာ တရားဝင် အပ်ထားရမယ်။ ပါလာလျက်နဲ့ မအပ်သူတွေ ရှာလို့ဖွေလို့တွေ့ရင် သိမ်းဆည်းခံရမယ်။

အကယ်၍ ပါလာတဲ့ ရွှေငွေပစ္စည်းတွေကို တရားဝင်အပ်ထားရှိလျှင် တရားဝင်စာရင်းတင်သွင်းပြီး နောင်တစ်ချိန်ချိန် ထောင်လွတ်သွားတဲ့အခါမှာ ပြန်ထုတ်ယူသွားလို့ရမယ်။ ဒါကြောင့် ခု ဒီခါး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဟောဒီထောင်မှူးမမဆီမှာ ပါလာခဲ့ရင် တစ်ခါတည်းအပ်ကြ ကြားရဲ့လားဟေ့''

''ကြားပါတယ်ရှင့်''

မိမိတို့မှာ ပါလာသော ရွှေငွေပစ္စည်းမရှိသဖြင့် ဒေါ်သက်မေ၏အမေးကို အားလုံးက ငိုင်းဝန်းဖြေကြားနေသည်။ တချို့အကျဉ်းသူများမှာ မိမိတို့ကိုယ်မှာ ဝတ်ဆင်ထားသော လက်ဝတ်လက်စားများကို များသောအားဖြင့် အဖမ်းခံရစဉ်ကတည်းမှ ရဲစခန်းတွင် မိမိတို့အိမ်မှ သက်ဆိုင်သူများထံ အပ်နှံခဲ့ကြပြီးဖြစ်သည်။ ဒါကြောင့် ခုလို ရဲဘက်စခန်းတွင် အပ်စရာပစ္စည်း ဘာမျှမရှိသည်က များသည်။ တန်းစီး ဒေါ်သက်မေက ဆက်လက်ပြီး ...

''ဟောဒီအလုပ်စခန်းကို ရောက်လာခဲ့ပြီဆိုတာနဲ့ ငါဘာကောင်မဲ ညာကောင်ပဲဆိုတဲ့ အဆောင်အယောင်ဆိုတာ လုံးဝမရှိတော့ဘူး။ အားလုံးဟာ ပြစ်ဒဏ်ကျခဲ့လို့ ရောက်လာခဲ့တဲ့ အကျဉ်းသူတွေပဲဖြစ်တယ်။

ဒီတော့ အကျဉ်းထောင်က ချမှတ်ထားပေးတဲ့ ဥပဒေစည်းမျဉ်း စည်းကမ်းတွေကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ တိတိကျကျ လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်။ ရောမကိုရောက်ရင် ရောမလိုပဲ ကျင့်ရမယ်ဆိုတဲ့စကားလို ထောင်ရဲ့အုပ်ချုပ်မှုအောက်မှာ ဆင့်ကဲဆင့်ကဲ တာဝန်တွေပေးထားတော့ အားလုံးရဲ့အမိန့်ကို နာခံကြရမယ်။ ကြားရဲ့လား''

''ဟုတ်ကဲ့ ... ကြားပါတယ်''

''အဲဒီလို ချမှတ်ထားတဲ့ စည်းကမ်းဘောင်တွေကတော့ ထမင်းစားနေတဲ့အခါ၊ ရေချိုးတဲ့အခါ၊ ညအိပ်တဲ့အခါ အဲဒါတွေကို စည်းကမ်း





တကျနဲ့ လိုက်နာဆောင်ရွက်ကြဖို့ လိုပါတယ်။

အထူးသဖြင့် စခန်းတာဝန်ခံ ထောင်ပိုင်မကြီးနဲ့ တွေ့ဆုံကြတဲ့အခါ အပြောအဆို၊ အနေအထိုင် ဆင်ဆင်ခြင်ခြင် ပြောတတ် နေတတ်ဖို့ လိုတယ်။ ထောင်ပုံစံဆိုတာကတော့ ထောင်ထဲမှာ နေလာခဲ့ပြီဆိုတော့ ထပ်မံသင်ကြားပြသပေးဖို့ မလိုတော့ပါဘူး။ အားလုံးသဘောပေါက်ရဲ့လား''

''ပေါက်ပါတယ်''

''အစိုးရအကြီးဆုံးက ဒါဟာ ကျောက်ထုတ်အလုပ်စခန်း ဖြစ်တာကြောင့် လှုမ့်ငန်းခွင်ကို ဝင်တဲ့အခါမှာ ပင်ပန်းမယ်၊ ဆင်းရဲမယ်။ အဲဒီဒုက္ခတွေကို မခံနိုင်လို့ စခန်းထဲကနေ ထွက်ပြေးဖို့ ကြံစည်တာတို့၊ လုပ်ငန်းခွင်ထဲကနေ ထွက်ပြေးတာတို့ကို လုံးဝ ခွင့်မလွှတ်နိုင်ပါဘူး။ မိန်းမသားတွေချည်းမို့ ညှာတာလိမ့်မယ် မထင်နဲ့။ အားလုံးကို တရားဥပဒေကနေ အရေးယူခြင်း ခံကြရမယ်။ ကြားကြရဲ့လားဟေ့''

''ကြားပါတယ်''

''အေး ... ဒါကြောင့် နောက်ဆုံးပြောလိုတာကတော့ ထောင်ထဲကို ရောက်လာပြီဆိုတာနဲ့ အပြင်မှာ ရှေ့ထီးဆောင်လာခဲ့တယ်ဆိုတဲ့ အမူအကျင့်တွေကို ဖျောက်ဖျက်ပစ်ကြပါ။ ထောင်ထဲမှာ အဆင့်အတန်းဆိုတာတွေ မရှိဘူး။ ဂုဏ်မနေတွေနဲ့ ဟန်ရေးပြနေရမယ့် နေရာမဟုတ်ဘူးဆိုတာကိုတော့ နားလည်သဘောပေါက်ထားစေချင်တယ်။

အဆိုးဆုံးအပြစ်ဒဏ်ကတော့ ထောင်ထဲမှာ ခိုက်ရန်ဖြစ်ပွားတာကို လုံးဝ လက်မခံပါဘူး။ တန်းတူရည်တူ ဘဝတူခြင်း၊ ရဲဘော်ရဲဘက်စိတ်မွေးပြီး ကူညီစောင့်ရှောက်ကြပါ။ ထောင်ထဲမှာ မိန်းမသားချင်း ပစီဝစပ်များပြီး စောင်းမြောင်းပြောတာတို့၊ အတင်းပြောတာတို့



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမလုပ်ကြပါနဲ့။ နားလည်တယ် မဟုတ်လားဟေ့''

''နားလည်ပါတယ်''

တန်းစီးဒေါ်သက်မေ၏ အောင်မြင်ခဲ့ညားသော သြဇာတိက္ကမ ရှိသော အသံကြောင့် အကျဉ်းသူအသစ်များမှာ ငြိမ်ကုပ်နားထောင်နေခဲ့ကြသည်။ အိပ်ဆောင်ထဲမှာ တန်းစီးလုပ်လာခဲ့တဲ့ နှစ်သက်တွေကလည်း ရှည်နေခဲ့ပြီ။ အတွေ့အကြုံကလည်း ရင့်ကျက်နေပြီမို့ အိပ်ဆောင်ဝင်းကြီးထဲရှိ အကျဉ်းသူနှစ်ရာကျော်ကို အုပ်ချုပ်စီမံ ကွပ်ကဲနိုင်ခဲ့သည်။

တကယ်တော့ ဒေါ်သက်မေဟုသာ ခေါ်နေရသည်။ အကျဉ်းသူများထဲတွင် အသက်အရွယ်အကြီးဆုံး။ ငါးဆယ်ကျော် ခြောက်ဆယ်နားနီးရော့မည်။ သူမကိုယ်တိုင် အကျဉ်းသူအဖြစ် ထောင်ဒဏ်ကျခံနေခဲ့ရသည့် (၁၀) နှစ်မှာ နေသားချည်း ငါးနှစ်ကျော်ခဲ့ပြီ။ သူမအမှုက ပုဒ်မ ၃၀၂/၂၀၁ ဖြင့် ထောင်ကျလာခဲ့သူဖြစ်သည်။

ယခုလို တန်းစီးဒေါ်သက်မေသည် နှစ်ကြီးအကျဉ်းသူဖြစ်နေသောကြောင့် သူမ စခန်းကိုရောက်သည့်နေသား သုံးပုံတစ်ပုံ ကျော်လွန်နေပြီဖြစ်၍ (၈) မှတ် ဘာရာအဆင့်မှ ကျော်လွန်လာခဲ့သည်။

နောက်ဆုံး လုပ်ရည်ကိုင်ရည်ရှိခြင်း၊ ပေါင်းသင်းဆက်ဆံမှုပြေပြစ်ခြင်း၊ ဝန်ထမ်းများအပေါ် ကျိုးနွံစွာဆက်ဆံတတ်ခြင်း၊ တာဝန်သိတတ်ခြင်း၊ သစ္စာရှိခြင်းတို့ကြောင့် (၁၂) ဘာရာအဆင့်သို့ တိုးမြှင့်ခန့်ထားပေးလိုက်သည်။ (၁၂)မှတ်လို့ခေါ်တဲ့ ဘာရာတန်းစီးဆိုတဲ့ရာထူးက ဘုတ်ကိုင်ဘာရာများအပေါ်မှ ချုပ်ကိုင်ထားသော ဘာရာချုပ်။ တစ်နည်းအားဖြင့် တန်းစီးချုပ်ဖြစ်သည်။

အလုပ်စခန်းထဲမှာ ရှိနေကြသော အကျဉ်းသူအားလုံးအပေါ်





သြဇာညောင်းနိုင်သည့်အပြင် အကျဉ်းသူအားလုံး၏ကိုယ်စား ထောင်မှူး၊ ထောင်ပိုင်များနှင့် ထိတွေ့ဆက်ဆံ ပြောဆိုရသူဖြစ်သည်။ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံ လူတန်းစားကြားမှ ပေါင်းကူးသံတမန်ဖြစ်သည်။

အကျဉ်းသူများဘက်မှ လိုအပ်မှုမှန်သမျှဖြစ်သော အစားအစာမကောင်းမွန်ညံ့ဖျင်းမှု၊ ထောင်ဝင်စာ လာရောက်တွေ့ဆုံကြသည့်အခါ အချိန်ကြာကြာ တွေ့ဆုံရမှု၊ အကျဉ်းသူတိုင်း ရပိုင်ခွင့်ရှိသော လျှော့ရက်စည်းမျဉ်းအရ လျှော့ရက်များ မှန်ကန်စွာရရှိနိုင်ရန် စသည့် ကိစ္စရပ်များကို ရှေ့နေဆောင်ရှေ့ထွက်ပြု၍ တင်ပြပေးခဲ့သည်။

ဝန်ထမ်းများဘက်မှ အနေဖြင့်လည်း မိမိတို့ပြစ်ဒဏ်ဖြင့် ထောင်ကျလာနေစဉ်အတွင်း ထောင်စည်းကမ်းဥပဒေများကို မဖောက်ဖျက်ရန်နှင့် တားမြစ်ပိတ်ပင်ထားသော ပစ္စည်းများဖြစ်သည့် (ဘိန်း၊ ကင်း၊ ကဖော်၊ အရက်၊ ငွေ) တရားမဝင်မသွင်းကြရန် ဝန်ထမ်းများထံ အချိန်မီ သတင်းပေးပို့ ဆောင်ရွက်ပေးခဲ့သည်။ ဒီလို နှစ်ဖက်ပြေလည်အောင် ဆက်ဆံနိုင်ခဲ့ခြင်းကြောင့် တန်းစီးဒေါ်သက်မေအပေါ် စခန်းထဲရှိ လူအားလုံးက ချစ်ခင်ယုံကြည်နေခဲ့သည်။

ထို့နောက် ဆူးကြိုးဝင်းထဲရှိ ထောင်မှူးရုံးမှာ လူသစ်မှတ်ပုံတင်ခဲ့သည်။ ထောင်မှူးဒေါ်မြသူဇာက လူသစ်မှတ်ပုံတင်စာအုပ် (ထောင်ပုံစံ ၂၁) ပေါ်မှာ အကျဉ်းသူတစ်ဦးချင်းစီ၏ အမည်၊ အဘအမည်၊ အမိအမည်၊ ခင်ပွန်း ရှိ/မရှိ၊ အသက်၊ မှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာများကို တစ်ခုချင်းစီမေးပြီး မှတ်တမ်းတင်နေခဲ့သည်။ ပြီးမှ ထောင်ကျဝရမ်းပေါ်မှ ပြစ်မှုအမျိုးအစား၊ ပြစ်ဒဏ်နှင့် အမိန့်ချနေ့စွဲတို့ကို မေးမြန်းမှတ်သားနေသည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## | ၂ |

ကျောက်ထုတ်လုပ်ရေး အလုပ်စခန်းသို့ ရောက်ရှိလာခဲ့ကြသော အကျဉ်းသူအသစ်များကို စတင်ရောက်ရှိသည့်နေ့မှာ လုပ်ငန်းတာဝန်မချသေးဘဲ တစ်ရက်အနားပေးထားသည်။ နောက်တစ်နေ့မနက် အလုပ်ဆင်းချိန်မှသာ လုပ်ငန်းခွင်သို့ အလုပ်ဆင်းနိုင်ရန် ထောင်မှူးကြီးက တာဝန်ခွဲဝေပေးလေသည်။

တကယ်တမ်း ကျောက်ဆိုဒ်လုပ်ငန်းခွင်ထဲသို့ အလုပ်ဆင်းကြရပြီဆိုသောအခါ နုနယ်သော မိန်းမသားတို့၏ဘဝမှာ နဖူးတွေ့ ဒူးတွေ့ကြုံရမှ ချုံးပွဲချငိုချင်စိတ်များ ပေါက်လာခဲ့ကြသည်။ သည်လို ဒုက္ခမျိုးစုံနှင့် မျက်ဝါးထင်ထင် ကြုံတွေ့ရပြီဆိုသောအခါ မိမိတို့ကျူးလွန်လာခဲ့မိသော ပြစ်မှုတွေအတွက် နောင်တအခါခါ ရနေခဲ့တော့သည်။





ဘာဖြစ်လို့လဲဆိုတော့ မိမိတို့ထုခွဲနေရသည့် (၆" x ၉")လက်မ အရွယ်အစားကျောက်တုံးကြီးမှာ မကြီးမားလှသော်လည်း ဂရင်းနိုက် အမျိုးအစား ကျောက်ဖြစ်နေသောကြောင့် လွန်စွာ မာကြောလှသည်။ ထုခွဲရသည့်အခါ လက်ထဲတွင် ကိုင်စွဲထားသော နှစ်ပေါင်တူလေး၏ ထုချက်ဖြင့် လက်ဖဝါးတော်နုနုမှာ သွေးခြေဥသည်အထိ ခံစားသွားရသည်။

တစ်ခါ ကျောက်သယ်ယူရသည့် အကျဉ်းသူများမှာလည်း ကောက်မ,လိုက်စဉ်တော့ အနည်းငယ်ပေါ့သည်ဟု ထင်ရပြီး သယ်ယူရသည့်နေရာ အကွာအဝေး ဝေးလာသောအခါ ပင်ပန်းမောဟိုက်၍ လဲသေချင်စိတ် ပေါက်လာခဲ့သည်။

ဒီလိုမှ မသယ်၊ မထုလို့ကလည်း မဖြစ်ပြန်ပေ။ မိမိတို့ဆယ်ယောက်တစ်ဖွဲ့ ပုံစံတစ်ကျင်းပြည့်မိနိုင်ဖို့ဆိုတာ အလုပ်ကို ဇယ်ဆက်သလိုလုပ်နိုင်ပါမှ တန်ကာကျပေမည်။ ညနေပိုင်း အလုပ်သိမ်းချိန်မှ မပြီးမစီးနိုင်လျှင် ပြစ်ဒဏ်ချ၊ အရိုက်အနှက်ခံရဦးမည်။ ဒီတော့ မိမိတို့တာဝန် ကျေပွန်စေဖို့ ကျောက်နံရံကြီးအောက်ခြေမှာ မိုင်းခွဲထား၍ စုပုံနေသော ကျောက်တုံးကျောက်ခဲ အရွယ်အစားအမျိုးမျိုးကို သူများဘုတ်တွေနှင့်အပြိုင် လုကောက်နေကြရသည်။

ထိုကဲ့သို့ တစ်နေ့တာလုံး နေပူကျဲကျဲအောက်မှာ ခေါင်းပေါ်ပါးခမောက်လေးတွေ ဆိုယ်စီဆောင်းလို့ ပင်ပန်းဆင်းရဲစွာ အလုပ်လုပ်နေကြရသည်။ နဖူးမှချွေး ခြေမကျသည်အထိ ပင်ပန်းနွမ်းနယ်လာသောအခါ အလွယ်တကူ ခါးမှာဝတ်ထားသောထဘီဖြင့် သုတ်လိုသုတ်၊ တချို့လည်း လည်ပင်းမှာပတ်ထားသော မျက်နှာသုတ်ပဝါဖြင့် သုတ်နေကြရသည်။ ဒါကြောင့် အကျဉ်းသူတိုင်းလိုလို လုပ်ငန်းခွင်ထဲမှာ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဆိုင်းနှင့်ကိုယ် အချိန်မီ အလုအယက် လုပ်ဆောင်နေကြရ
သည်။

ညနေ အလုပ်သိမ်းချိန် ခရာမှုတ်မည့်အချိန်ကိုပဲ စိတ်မော
စွာ စောင့်စားနေကြရသည်။ အဲဒီခရာသံ ကြားပြီဆိုတာနှင့် မိမိတို
လုပ်လက်စအလုပ်များကို ရပ်ပြီး ကိုယ့်တပ်ခွဲအလိုက်ကိုယ် တန်းစီ
အိပ်ဆောင်ဆီပြန်ပြီး ရေကို တစ်ဝကြီးချိုးချင်စိတ်များ လူတိုင်းအသ
သီး၏ရင်မှာ ဖြစ်ပေါ်နေခဲ့သည်။

ထိုကဲ့သို့ တစ်နေ့တာလုံး ပင်ပန်းလာခဲ့ကြသူများမှာ အိ
ဆောင်ဆီရောက်သောအခါ မိန်းမသားချည်း အိပ်ဆောင်ထဲမှာရှိနေကြ
တော့ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ အပေါ်အင်္ကျီကိုချွတ်ပြီး အောက်ထ
ကို ရင်လျားလို့ ရေကန်ဆီ နေရာလုဖို့ အပြေးသွားရသည်။

ရေကန်ဘေး ပတ်ပတ်လည်မှာ တစ်ကြိမ်လျှင် လူဆယ်ဦး
ခန့် တန်းစီထားပြီး အုတ်ရေကန်လေးပတ်ပတ်လည်မှာ နေရာယူထ
ကြရသည်။ အုတ်ရေကန်ဘောင်ပေါ်မှာရပ်နေတဲ့ ရေကန်ဘာရာက တုတ်
တစ်ချောင်း ကိုင်ထားပြီး အမိန့်ပေးနေသည်။

"ခပ် ... တစ်ခွက်"

"နောက်တစ်လှမ်းဆုတ်"

"ချိုး ..."

အဲဒီလိုခိုင်းစေသည့်အတိုင်း အကျဉ်းသူအားလုံးက လိုက်န
ကြရသည်။ ထိုသို့ မလိုက်နာပါက လက်ထဲမှာကိုင်ထားသော တုတ်
ဖြင့် ရိုက်နှက်ခြင်း ခံရမည်ဖြစ်ပါသည်။ ရေကန်ထဲမှရေကို ခပ်ချိုးရ
ထမင်းစားသော ပုံစံဒန်ပန်းကန်ပြားလေးများကိုယ်စီ ကိုင်ထားပြီး ရေ
ကန်ဘာရာအမိန့်ပေးမှ ခပ်ချိုးခွင့်ရကြသည်။





ပန်းကန်ပြားခွက်ရေ ငါးခွက်လောက်မှာ ချေးတွန်းခိုင်းပြီး ရှစ်
ခွက်မှာ ဆပ်ပြာတိုက်ခွင့်ပေးသည်။ အားလုံးပေါင်း ခွက်ရေ ဆယ်ခွက်
ဆယ့်ငါးခွက်လောက်သာ ချိုးခွင့်ရှိလေသည်။ ထောင်ဆိုတာကလည်း
နေရာတကာ ပုံစံနှင့်ချုပ်ကိုင်ထားသည့် နေရာမျိုးဆိုတော့ ရသမျှနှင့်
ပဲ ရောင့်ရဲတင်းတိမ်လိုက်ကြရသည်။

ပထမတစ်သုတ် ရေချိုးပြီးသွားသူများက လက်ကျန်လက်ဝါး
ပြင်ပေါ်မှ ချေစက်စက်မှာ သနပ်ခါးခဲလေးကို တင်သွေးပြီး သနပ်ခါး
ပါးကွက်လေးများ ကွက်ထားကြသည်။ တချို့ ထောင်ဝင်စာတတ်နိုင်
သူ အကျဉ်းသူဈေးများကတော့ အိမ်ကပါလာသော မိတ်ကပ်၊ နှုတ်ခမ်း
နီဆိုးပြီး အလှဆင်ခဲ့ကြသည်။

ညနေပိုင်းအချိန် အိပ်ဆောင်မပိတ်မီမှာ အိပ်ဆောင်ဝင်းထဲ
ရှိ Main Jail လမ်းဘေးတစ်လျှောက်မှာ အလှစိုက်ထားသော ပန်းမာ
လာများကြားမှာ အုပ်စုဖွဲ့ လမ်းသလားနေခဲ့ကြလေသည်။ ပန်းစုံပေါ်
သည့် တောအလယ်မှ လိပ်ပြာငယ်လေးများလို အလှချင်း ပြိုင်နေကြ
သည်။ ဒီလို အလှအပမက်မောတတ်သည့် မိန်းမတို့ဘာသာဘာဝ
ရောက်သည့်အရပ်မှာပဲ မိမိတို့ ပင်ကိုယ်အလှကိုယ်စီ ထုတ်ပြပြီး အလှ
ချင်း ပြိုင်နေကြသည်။

ညနေစောင်း ထမင်းကျွေးချိန်ရောက်ပြန်တော့ ထမင်းစား
ရန် ပန်းကန်ပြားနှင့်ဇလုံကို ပန်းကန်ဂိတ်က စနစ်တကျ တောင်းယူ
ပြီး ထမင်းဘုတ်ကိုင် မင်းမင်းဆိုတဲ့ ယောကျ်ားလျာမက သံဂေါ်ကြီး
နဲ့ တိုင်ကီပြွတ်ထဲက ထမင်းတွေကို တစ်ယောက်တစ်ပုံစံ ခပ်ထည့်ပေး
နေသည်။ ပြီးမှ တာလပေါ်ရည်ဟင်းချိုခေါ်တဲ့ သောက်သုံးရည်ကို ဇလုံ



www.burmeseclassic.com

www.burmeseclassic.com



လေးမှာထည့်လို့ ထမင်းစားရမည့်နေရာ ခုံတန်းလျားမှာ သွားထိုင်စား ကြရသည်။

အဲဒီလို အစားအစာ ချို့တဲ့သည့်နေရာမှာ အမျိုးသမီးအကျဉ်း သူတွေ ဘယ်လိုလုပ်စားနိုင်မှာလဲ။ ဟင်းချိုခေါ်တဲ့ တာလပေါ်ဟင်းရည် ကလည်း ရေနွေးဆူဆူမှာ ရရာဟင်းရွက်တစ်မျိုးမျိုး (ဥပမာ–ကန်စွန်း ရွက်၊ ချဉ်ပေါင်၊ ဟင်းနုနွယ်) စသည်တွေထည့်ပြီး ဆားခပ်ပေးလိုက် တာ များပါသည်။

ဒီလိုဟင်းမျိုးနှင့် ညနေစာထမင်းကို ဘယ်သူစားဝင်ပါ့မလဲ မိမိအိမ်ကလာတွေ့မည့်သူ မရှိလို့ကတော့ ငတ်ပေရောပဲ။ ထောင်ဝင် စာလာမှ အခြောက်အခြမ်းပါမှာလေ။ ငါးပိကြော်၊ ချဉ်ပေါင်ကြော်၊ အသား ကြော်လေးတွေ လာပို့ထားနိုင်မှ စားလို့ရနိုင်ကြမှာမဟုတ်လား။

ဒီကြားထဲ ထောင်ပိတ်ပြီးသွားလို့ ညအိပ်ချိန်ပေးထားတဲ့ အချိန် မှာ ကျောခင်းကလည်း ဝါးကြမ်းခင်းကြီးပေါ်မှာ ဖျာကြမ်းတွေခင်းထား ပြီး အပေါ်က အိပ်ရာခင်းဂုံနီစလေး ခင်းအိပ်ကြရတာ။

ချည်စောင်ပါး လေးတစ်ထည် ခြုံဖို့ထုတ်ပေးထားတာ။ ချမ်း ရင်ခြုံဖို့နေနေသာသာ လူငါးဆယ်ကျော် အိပ်ဆောင်ထဲမှာ လူငွေ့တွေ ပြန့်လို့ ဘယ်မှာချမ်းနိုင်မလဲ။ လူစော်က နံသေး။ အဲဒီလို အိပ်မပျော်နိုင် လို့ ဘယ်လူညာလိုမ့် လုပ်နေကြပြန်တော့ ဝါးကြမ်းခင်းတွေ ဂျိုးဂျိ ဂွျတ်ဂွျတ်သံက ညအိပ်ရာဝင်ချိန် တေးဂီတသံတွေလား မှတ်နေရတယ်။

တန်းစီးဒေါ်သက်မေအတွက် ဒါတွေက ရိုးနေခဲ့ပြီ။ စခန်းထဲ ကိုရောက်လာကတည်းက ထောင်သက်ရှည်ကြာနေသူဆိုတော့ ညတို ကြုံတွေ့နေကြအသံတွေက နားမှာ ယဉ်ပါးနေခဲ့ပြီ။ မိမိအဖို့တော့ ဖြစ်





ာရသည့်ဘဝမှာ ဟိုဆောင်ပုဒ်လေးလိုပေါ့။ ရောက်တဲ့အရပ်မှာ ပျော် အောင်နေ၊ တွေ့တဲ့လူနဲ့ တည့်အောင်ပေါင်းနေရတယ်။

ဘာပဲဖြစ်ဖြစ် လူငယ်တွေကြားထဲမှာ အသက်အရွယ်ကြီးသူ ိုလို့ မိမိတစ်ယောက်တည်းရှိတာ။ ဒီတော့ မိမိအသက်အရွယ်အရ ာသာတရားကိုပဲ ဖောက်ချလုပ်ကိုင်လာခဲ့တယ်။

မိမိအလုပ်အအားရတာနဲ့ ဘာသာရေးကိစ္စတွေဖြစ်တဲ့ ပုတီး ပ်ခြင်း၊ တရားမှတ်ခြင်းကိုပဲ နိစ္စပတ် မပျက်မကွက် ကျင့်ကြံနေလာ တယ်။ ခုလို အိပ်ချိန်ပေးထားချိန် ညကိုးနာရီကျော်မှ မိမိတာဝန်ယူ ုပ်ချုပ်နေရတဲ့ အိပ်ဆောင်ကြီးထဲမှာ အကျဉ်းသူများ၏ လုံခြုံရေးကို ောင့်ရှောက်ရင်း တရားမှတ်နေခဲ့တယ်။

အိပ်ချိန်ပေးထားချိန်မို့ အလုပ်ပင်ပန်းကြသူများကတော့ အိပ် ္ဘိရအောင် ဖြစ်သလို ကြိုးစားအိပ်နေကြတယ်။ တချို့များဆို ဟောက် ောင် ဟောက်နေကြသေးတယ်။

အဲ ...မအိပ်နိုင်လို့ပဲလား၊ အိပ်မပျော်ကြလို့ပဲလား မသိ ။ ဒေါ်သက်မေ၏ အိပ်ရာနေရာအနီး ခပ်လှမ်းလှမ်းနေရာမှာ အိပ်ရာ ါ လှဲအိပ်နေကြတဲ့ လူသစ်အကျဉ်းသူနှစ်ဦးကတော့ အိပ်မပျော်နိုင် ယ့်အတူတူ တစ်ညလုံး စကားပြောနေသလား မှတ်ရတယ်။ တစ်ဦးနဲ့ စ်ဦး တီးတိုးတီးတိုးနဲ့ သဖန်းပိုးထိုးနေကြတာများ တိတ်ဆိတ်နေ ဲ့ ညအခါ အိပ်ဆောင်လေးထဲမှာ ပြောကြားနေသံက ကြားတစ်ချက် ကြားတစ်ချက် ပေါ်ထွက်နေတယ်။

"နေစမ်းပါဦးအေ ...ညည်းက ဘာအမှုဖြစ်ပြီး ထောင်ကျ ာခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပါဘူးရှင် ..။ ကျွန်မတို့ကို တည်းခိုခန်းမှာ ဧည့်စာရင်း မတိုင်လို့ဆိုပြီး ရဲစခန်းခေါ်သွားရာက နောက် ဧည့်စာရင်းတိုင်ပျက်ကွက်မှုနဲ့ ထောင်တစ်နှစ် ချမှတ်လိုက်တာပဲ"

ယနေ့မှ အလုပ်စခန်းသို့ ရောက်ရှိလာသော အကျဉ်းသူနှစ်ဦး ရေနံဆီမီးအိမ် အလင်းရောင်မှိန်ဖျော့ဖျော့အောက်မှာ ခေါင်းချင်းဆိုင်ပြီး တီးတိုးပြောဆိုနေကြသည်။

"ဟင် ... ညည်းဟာကလည်း ဘယ်လိုဖြစ်ရတာလဲ။ တည်းခိုခန်းမှာများ မှတ်ပုံတင်မပါဘဲ တစ်ယောက်တည်း သွားတည်းနေတယ်လို့"

"မဟုတ်ပါဘူး ...။ လာကြတုန်းက နှစ်ယောက်အတူပေါ့။ အမျိုးသားတစ်ယောက်နဲ့ ခရီးအတူတူ ထွက်လာခဲ့ကြတာ။ တည်းခိုခန်းမှာ ညဘက်တည်းနေကြတုန်း ဧည့်စာရင်းလာစစ်လို့ မှတ်ပုံတင်မပါတော့ ရဲစခန်းကို ဖမ်းသွားတာပေါ့"

"ဒါဆို ညည်းနဲ့ပါတဲ့ ညည်းယောကျ်ားက ပြောမပြဘူးလား"

"ဟင်း ... ဟင်း ... ကျွန်မယောကျ်ားမှ မဟုတ်ဘဲ။ ကျွန်မက သူ့အတွက် တစ်ညတာအဖော်အဖြစ် ခေါ်လာလို့ လိုက်လာခဲ့တာပါ"

"အလိုတော် ... ညည်းတို့ဥစ္စာကလဲ"

အံ့ဩထိတ်လန့်စွာရေရွတ်လိုက်တဲ့ အကျဉ်းသူက နားမလည်စိတ်ရှုပ်ထွေးသွားဟန်တူပါတယ်။ ဘာဖြစ်လို့များ ဘာမှသွေးသားမတော်စပ်သူ တစ်ဦးတစ်ယောက်နဲ့ တည်းခိုခန်းထဲ အတူတူတည်းရတယ်လို့ အံ့ဩသွားဟန်တူတယ်။





"ဒါနဲ့ နေစမ်းပါဦး။ အမှုမဖြစ်ခင်တုန်းက ညည်းက ဘယ်မှာနေလဲ"

"ကျွန်မက ရန်ကုန်မြို့မှာ နေတာပါ။ အခု အမှုက မန္တလေးကို အလည်လာရင်း အမှုဖြစ်သွားခဲ့တာပါ"

"ညည်းနာမည် ဘယ်လိုခေါ်လဲ။ ယောကျ်ားကော ရှိလား"

"ကျွန်မနာမည် ဂျူးဂျူးပါ။ ယောကျ်ားက အရင်တုန်းကတော့ရှိပါတယ်။ ကျွန်မကို အငယ်အနှောင်းအဖြစ် တိတ်တိတ်ပုန်းထားတာက သူ့မယားကြီးသိသွားလို့ ကတောက်ကဆဖြစ်ကြရင်း သူ့မယားကြီးသတ်လို့ သေပြီး"

"ဖြစ်မှ ဖြစ်ရလေဟယ်။ မယားကြီးက သူ့ယောကျ်ားကြီး ငယ်ရာမှာဖောက်ပြန်နေတာကို မကျေနပ်လို့ သတ်ပစ်လိုက်တာ နေမှာပေါ့"

ထိုသို့ အကျဉ်းသူနှစ်ဦး တိုးတိုးတိတ်တိတ် ကြိတ်ပြီး စကားပြောနေသံက မိမိနှင့် သိပ်မကွာ[illegible]သော နေရာဆီမှ ပြောနေကြခြင်းဖြစ်၍ နားထဲသို့ ဝင်တစ်ချက် မဝင်တစ်ချက် ဖြစ်နေတယ်။ သည်ကြားထဲ လူသစ်အကျဉ်းသူရဲ့ ပြောစကားထဲမှ သူ့မယားကြီးက သူ့လင်ကို သတ်လိုက်သည်ဆိုသောစကား နားထဲမှာ ကောင်းစွာကြားလိုက်ရတော့ ခေါင်းနားပန်းကြီးသွားတယ်။ သည့်နောက် စကားသံက ဆက်ပြောနေသံ ကြားနေရတယ်။

"ဟိုတုန်းကတော့ ကျွန်မက စားသောက်ဆိုင်မှာ ကာရာအိုကေဆိုပြီး ပန်းကုံးအစွပ်ခံနေရတယ်။ အဲဒီလို ညစဉ် ပန်းလိပ်ပြာ စားသောက်ဆိုင်မှာ ကိုကို ... နေ့တိုင်းလာနော်ဆိုတဲ့ သီချင်းလေးကို ဖြိုးပွဲတောင်းပြီး သောင်းတန်ပန်းကုံး အမြဲစွပ်နေကျလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ကျွန်မရဲ့ ခရာတာတာ၊ ညျတုတု အမူအရာလေးတွေ ကို ခုံမင်နှစ်ခြိုက်သွားတဲ့ လုပ်ငန်းရှင်သူဌေးကြီး ဦးမြတ်မင်းဆိုသူဟာ ကျွန်မကို အရူးအမူး စွဲလမ်းနှစ်ခြိုက်သွားတယ်''

အကျဉ်းသူမက သူ့ဆီ အမြဲလာနေကြ ဖောက်သည်ကြီးရဲ့ နာမည်ကို ထည့်သွင်းပြောပြနေတော့မှ မိမိအဖြစ်နှင့် ဆင်ဆင်တူ မှန်း သတိထားမိလာခဲ့တယ်။ မိမိစိတ်အလျဉ်ကို သတိနှင့် ဆင်ခြင် မှတ်နေရာမှ သတိလက်လွတ် ဖြစ်သွားခဲ့တယ်။

''နောက်ဆုံးတော့ အဲဒီအဘိုးကြီးကို ကျိုးသွင်းပြီး ချူစား ခဲ့ရာက ကျွန်မဆီ တစ်ရက်မလာရရင် မနေနိုင်အောင် ဖြစ်လာတော့ ကာရာအိုကေကအပြန်မှာ သူ့ကားနဲ့ ကျွန်မနေတဲ့ ဘော်ဒါဆောင်ကို ညမိုးချုပ်ကြီးမှာ လိုက်လိုက်ပို့ပေးခဲ့တယ်။

ကျွန်မကလည်း အပိုင်ချည်လွှတ်လိုက်တာပေါ့။ ကျွန်မကို အိမ် တစ်ဆောင် မီးတစ်ပြောင်နဲ့ အငယ်အနှောင်းပဲဖြစ်ဖြစ်၊ အတည်တကျ ထားပေးရင် လက်ထပ်ပေါင်းသင်းမယ်လို့ ပြောလိုက်တယ်''

''အဲဒီနောက် ဘယ်လိုဖြစ်သွားကြလဲ။ အိုကေသွားလား''

''ဘယ်အိုကေမလဲ ... ပွဲပျက်သွားခဲ့တယ်လေ။ ဒီကိစ္စနဲ့ပတ် သက်ပြီး သူ့မိန်းမကြီးနဲ့ အပြတ်ဆွေးနွေးမယ်လို့ပြောပြီး ပြန်သွားခဲ့ တာ။ သူ့မိန်းမကြီးက လက်မခံတော့ စကားများ ခိုက်ရန်ဖြစ်ပွားရာ က သူ့မိန်းမကြီးက သူ့ကို လက်လွန်သွားလို့ထင်တယ်။ နောက်နေ့မှာ သူသေဆုံးသွားကြောင်း ကြားလိုက်ရတာပဲ။ အဲဒီလူသတ်မှုနဲ့ သူ့မိန်းမ ကြီးဟာ ထောင်ဆယ်နှစ် ကျသွားခဲ့တယ်''

သူမကတော့ သူ့အကြောင်းတွေကို အားပါးတရ ဖောက်သည် ချပြီးသွားလို့ မောသွားဟန်တူတယ်။ ရေသန့်ဘူးထဲကရေကို မော့သောက်





နေတယ်။ ဒေါ်သက်မေတစ်ယောက် သူမရဲ့ အဆုံးသတ်စကားကို ပီပီ ပြင်ပြင် ကြားလိုက်ရတော့မှပဲ ခေါင်းတစ်ခုလုံး အိုးထိန်းစက်လို လည် သွားခဲ့တော့တယ်။

''ဘုရား ... ဘုရား ... ကံကြံလို့များ ပြန်ဆုံရလေသလား။ အခြေအနေတွေက ထောင်ကျနေတဲ့ ဘဝတူတွေ ဖြစ်နေပါပေါ့လား။ ဟုတ်ပါစေနဲ့။ ဖွဟဲ့ ... လွဲပါစေ ... ပယ်ပါစေတော်''

ဒေါ်သက်မေ ရင်ထဲနှလုံးသားမှာ ပြောင်းဆန်သွားအောင် ခံ ခဲ့ရတယ်။ ဒီစကားတွေကို မကြားချင် မသိချင်လို့ တရားရှုမှတ်နေ ခဲ့တာတောင်မှ မကြားချင်လျက် ကြားနေခဲ့ရတယ်။ စိတ်တွေပုံ့လွင့် သွားပြီး သတိလက်လွတ် ဖြစ်သွားမိတယ်။

တကယ်တော့ မိမိတို့မိသားစု၏ သာယာကြည်နူးဖွယ်ကောင်း သော အသိုက်အမြုံဘဝလေးကို တစ်စစီ ကျိုးပဲ့ကြေမွသွားအောင် ဖျက် ဆီးသွားခဲ့သူနှင့်မှ အတူတူ လာဆုံတွေ့နေရတဲ့အဖြစ်က ရင်နာစရာ ကောင်းတယ်။

မိမိဘဝကို ဖျက်ဆီးသွားခဲ့သူကို ပစ္စက္ခတ်အခြေအနေမှာ မိမိ ဆို တန်းစီးတစ်ယောက်အနေဖြင့် ကောင်းကောင်းကြီး လက်စားချေ နိုင်ခွင့်ရှိနေချိန်မှာ မိမိ ဘာလုပ်မလဲ။ ဒီလိုနေရာမျိုးမှာ ကောင်းကောင်း ကြီး လုပ်ကိုင်နိုင်ခွင့် အခွင့်အရေးတွေ ရှိနေခဲ့ပြီပဲ။

မိမိဘဝကို ပြည်ဖုံးကားချပြီး ဖြစ်လေရာဘဝမှာ ရန်ကိုရန် ချင်း မတုံ့နှင်းချင်ပေ။ မိမိပြုကျင့်နေသော ဘာသာတရားထဲမှ ဗုဒ္ဓ၏ အဆုံးအမတွေကို နာယူမှတ်သားခဲ့ပြီးပြီ။ မိမိစိတ်နှလုံးကို ဖြူစင်အောင် ထားပြီး မိမိလက်အောက်က အကျဉ်းသူလေးတွေအပေါ် မိမိရိုင်ဝယ်



www.burmeseclassic.com

www.burmeseclassic.com



သားလို သဘောထားပြီး စိမ့်အုပ်ချုပ်နေတဲ့ မိမိရဲ့ ဂုဏ်ဒြပ်တွေကို အပွန်းအပဲ့ ခံနိုင်မလား။ ဝေးပါသေးတယ်။

မိမိနာမည်ကောင်းသတင်း ကျော်ဇောနေချိန် လူအများရဲ့ ကြည်ညိုလေးစားသူတစ်ယောက်အဖြစ် နာမည်မပျက်အောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရမှာက မိမိတာဝန်ပဲလေ။

ဒီလောက သံသရာနယ်ထဲမှာ ငါးနှစ်လုံးလုံး မိမိဘဝကြီးကို စတေးခဲ့ပြီးပြီပဲ။ နောက်ထပ် သံသရာ မလည်ချင်တော့ပါဘူးလေလို့ စိတ်ကို ဆုံးဖြတ်ချက် ဒုန်းဒုန်းချလိုက်တယ်။ မိမိဘဝရဲ့ အမဲစက်ကြီးကို ချေဖျက်နိုင်အောင် ငါးနှစ်တာ မေ့ပျောက်နေခဲ့တဲ့ အကြောင်းအရာတစ်ရပ်ကို အကျဉ်းသူမလေးက ပြန်လည်ပြီး အစဖော်ပေးလာခဲ့တာကြောင့် အတိတ်က အရိပ်မည်းကြီးက စိတ်သဏ္ဍာန်မှာ ပြန်လည်ထင်ဟပ် လာနေခဲ့တော့တယ်။

ဘယ်လိုပဲ စိတ်ကို တင်းကြပ်ချုပ်နှောင်ထားပြီး မေ့ပျောက်အောင် ကြိုးစားနေခဲ့ပေမယ့် မိမိတစ်သက်မှာ ဘယ်လိုမှ ဆုံနိုင်စရာ မရှိလောက်ဘူး ထင်မှတ်ထားခဲ့ရာမှ ခု ပြန်ဆုံတွေ့နေခဲ့ရပြီ။ မိမိဘဝကို ဖျက်ဆီးသွားခဲ့သူနှင့် ပြန်လည်ဆုံတွေ့နေရချိန်မှာ အတိတ်က အကြောင်းအရာများက မျက်စိထဲမှာ တဝဲလည်လည် ပေါ်လာနေခဲ့ပြန်တော့တယ်။

❋ ❋ ❋

[ ၃ ]

❑

ရန်ကုန်မြို့ .........ရပ်ကွက်လေးတွင် ဦးမြတ်မင်းနှင့် ဒေါ်သက်မေတို့ အကြင်လင်မယားသည် သားသမီးနှစ်ဦးနှင့်အတူ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပေါင်းဖက်နေကြပြီး သာယာပျော်ရွှင်ဖွယ် ဘဝလေးဖြစ်နေသည်။ သွင်းကုန်လိုင်စင် သူဌေးကြီးဦးမြတ်မင်းမှာ စီးပွားရေး အောင်မြင်မှုများရကာ ကြီးပွားချမ်းသာနေခဲ့သည်။

ဦးမြတ်မင်းမှာ ဖော်ဖော်ရွေရွေ ခင်ခင်မင်မင် ဆက်ဆံတတ်ပြီး သဘောကောင်းသူတစ်ယောက်ဖြစ်သည်။ ဇနီးဖြစ်သူ ဒေါ်သက်မေနှင့်အတူ ဆယ်နှစ်အရွယ် သားယောကျ်ားလေးတစ်ဦးနှင့် ရှစ်နှစ်အရွယ် သမီးကလေးနှင့်အတူ မိသားစု ပျော်ရွှင်စွာ နေထိုင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လို မိသားစုဘဝလေးက သီရိဂေဟာသဖွယ် ပျော်ရွှင် ချမ်းမြေ့နေခဲ့သလို၊ စီးပွားရေးလုပ်ငန်းကလည်း ကောင်းမွန်လာသဖြင့် ဒီရေအလား တိုးတက်အောင်မြင်နေခဲ့သည်။ ရပ်ကွက်ထဲရှိ အလှူ အတန်း၊ မင်္ဂလာပွဲများတွင်လည်း ဂုဏ်သရေရှိ လူကြီးလူကောင်းစာရင်း ဝင်ပြီး ရပ်ရွာအကျိုး သယ်ပိုးပေးနေသဖြင့် မြို့မျက်နှာဖုံးများ ဖြစ်နေ ကြသည်။

သို့သော်လည်း လူဆိုသည်မှာ အောင်မြင်မှုတွေ ရလာနေ ချိန်မှာ အဖျက်အမှောင့်ပယောဂသည်လည်း ဒွန်တွဲ ပေါ်လာစမြဲမို့ သာ ယာချမ်းမြေ့နေသော မိသားစု အသိုက်အမြုံလေးကို မုန်တိုင်းရိုက်ခတ် ဖျက်ဆီးပစ်ဖို့ ကံကြမ္မာက ဖန်တီးလာခဲ့လေတော့သည်။

ယင်းမှာ ဦးမြတ်မင်းတစ်ယောက် အောင်မြင်မှုတွေနှင့် သရေ ဆောင်းနေချိန်ဝယ် လုပ်ငန်းရှင်များနှင့် ဆက်ဆံပေါင်းသင်း သွားလာ နေခဲ့ရာမှ ဗွေဖောက်လာခဲ့လေသည်။ မိမိပျော်ရွှင်ချမ်းမြေ့မှု တစ်ခုတည်း ကိုကြည့်ပြီး ကိုယ်ကျိုးသုံးစွဲသည့် အလေ့အကျင့်တစ်ခုကို နောက်ကွယ် မှာ ဖောက်ပြန်လာခဲ့သည်။

အစပထမတော့ လုပ်ငန်းသဘော ဆွေးနွေးတိုင်ပင်ညှိနှိုင်း စကားပြောဆိုရန် စားသောက်ဆိုင်မှာ အချိန်းအချက်လုပ်ပြီး သောက် ပွဲစားပွဲများ မကြာခဏ ပြုလုပ်လာခဲ့သည်။ ထိုအခါ စားသောက်ဆိုင် မှာ လာရောက်စားသုံးသူများ အပန်းဖြေနှစ်ခြိုက်စွာ ပျော်ရွှင်စေရန် စင်တင်တေးဂီတလေးကို ဖျော်ဖြေပေးခဲ့လေသည်။ အစတော့ မိမိ အပေါင်းအဖော်တွေရဲ့ လုပ်ဆောင်ချက်များကို ဘေးမှ ကြည့်ရှုအားပေး နေရင်း ကိုယ်တိုင် စိတ်ပါဝင်စားလာခဲ့တော့သည်။





ယင်းမှာ ပန်းလိပ်ပြာစားသောက်ဆိုင်မှ အဆိုတော်မလေး ဂျူးဂျူးရဲ့ ခရာတာတာ ချစ်ကျီစယ်စကားလေးများနှင့် ညှုတုတု အပြုံး လေးများပေါ် စိတ်အာရုံ ဝင်စားလာခဲ့သည်။ သီဆိုဧည့်ခံပြီးသည်နှင့် မိမိတို့စားပွဲဝိုင်းဘေးမှာ ကိုယ်တိုင်ကိုယ်ကျ ဧည့်ခံပေးလာတော့ အထိ အတွေ့များလာသည်နှင့်အမျှ သာယာပျော်ရွှင် စွဲလမ်းနှစ်ခြိုက်လာတော့ သည်။

ဒီလိုနှင့် မောင်ကြီးမပြန်နိုင်တယ်အဆင့်သို့ စွဲစွဲလမ်းလမ်း ဖြစ်သွားခဲ့ကြလေသည်။ သို့သော်လည်း မိမိမှာ မယားကြီးငုတ်တုတ် နှင့် သားသမီးလေးတွေရဲ့ သံယောဇဉ်ကြိုးက ရစ်ပတ်ချည်နှောင်ထား တော့ မလွတ်မလပ်အခြေအနေမှာ ရောက်နေသည်။

တစ်ဖက်ကလည်း မိမိလို သက်ကြားအိုအရွယ်ကြီးကို နှစ်နှစ် ကာကာ ချစ်လေဟန်ပြနေတော့ နှစ်ဖက်ကြား အားပြိုင်မှုတွေ ဖြစ်ပေါ် ခံစားနေရသည်။ ဇနီးသည် ဒေါ်သက်မေကတော့ မိမိအသက်အရွယ် အနေအထားအရ အရွယ်လွန်နေပြီမို့ ဘာသာတရားကို ကိုင်းရှိုင်းကာ ဘာသာရေးမှာပဲ ပျော်မွေ့နေခဲ့သည်။

လင်ဖြစ်သူ ဦးမြတ်မင်းနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ် နေသည်။ ဦးမြတ်မင်းကတော့ ကြီးမှဝက်သက်ပေါက်တယ်ပြောရမလို ဖြစ်နေသည်။ မိမိအသက်အရွယ် ငါးဆယ်ကျော် ခြောက်ဆယ်နားရောက် နေသည့်တိုင် အသိတရားမရှိဘဲ အသောက်အစား၊ အပျော်အပါးမှာပဲ နှစ်ခြိုက်ပျော်မွေ့နေခဲ့သည်။ ဒီတော့ တဏှာရမ္မက်ကို မထိန်းချုပ်နိုင် ဘဲ ဖောက်လွှဲဖောက်ပြန်စိတ်များ ဖြစ်ပေါ်လာမှုကို ချုပ်တည်းမရနိုင် သော တစ်နေ့မှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... သက် ... မင်းကို ကိုယ်တစ်ခုပြောမယ်။ ကိုယ် ဒီစကားကိုပြောဖို့ အကြိမ်ကြိမ် ကြိုးစားကြည့်ပေမယ့် မင်းတို့မိသား အပေါ် တာဝန်မကျေသူဖြစ်မှာစိုးလို့ ပြောမထွက်ဘူးဖြစ်နေတယ်"

ဦးမြတ်မင်း၏နှုတ်မှ ထုတ်ဖော်ပြောဆိုလာသော စကားမျ ကို နားထောင်နေသော ဒေါ်သက်မေ၏စိတ်ထဲဝယ် အထူးအဆန်းဖြ ပေါ်နေသည်။

"အဲဒါ ... ဘာလဲဆိုတော့ မင်း ကိုယ့်ကို ကွာပေးဖို့ပဲ"

"ရှင် ..."

ဒေါ်သက်မေပါးစပ်များမှ အာမေဋိတ်သံထွက်ပြီး အံ့ဩထိတ် လန့်သွားခဲ့သည်။ မိမိနားကို မိမိ မယုံကြည်နိုင်အောင် ဖြစ်ပေါ်ခံစာ သွားရတယ်။ ဟုတ်တယ်လေ ...။ မိမိမှာ ဘာအပြစ်များ ရှိနေလို လဲ။

လင်ယောကျ်ားအပေါ်မှာ မယားဝတ္တရားကျေပွန်အောင် အပြ မပြတ် စီစဉ်ပေးခဲ့တယ်။ ခုမှ ဘယ်လိုစိတ်ရိုင်းတွေများ ဝင်လာခဲ့လို ငယ်လင်ငယ်မယားရယ်ဆိုပြီး ရာသက်ပန် ရိုးမြေကျ ပေါင်းဖက်ကြ ဆုံးဖြတ်လာခဲ့ကြတာ။ ခုတော့ ဒင်းက ဘယ်လိုစိတ်ကူးတွေပေါက်လာ ပြီး မယားကြီးငုတ်တုတ် သက်ရှိထင်ရှားရှိနေပါလျက် အတင်းအကြ ကွာဖို့တောင်းဆိုလာခဲ့ရတာလဲ။ ခက်တော့နေပြီပဲ။

"ဒီလိုပါကွာ ...။ ကိုယ့်ပါတနာ ကောင်မလေးက မင်းတို ကွာပေးပြီးမှ သူနဲ့ လက်ထပ်ပေါင်းသင်း နေထိုင်မယ်လို့ အရေးဆိုလာ လို့ပါ။ ခု ကိုယ်တို့ပိုင်တဲ့ ဒီအိမ်ကြီးနဲ့ အတွင်းပစ္စည်းတွေ၊ မင်းတို မိသားစု ဆက်လက်လုပ်ကိုင်စားနိုင်ဖို့ ကိုယ်ပေးခဲ့ပါ့မယ်။ မင်းကသာ ကိုယ့်ကို ကွာရှင်းစာချုပ်ပေါ်မှာ လက်မှတ်ရေးထိုးပေးလိုက်ရုံပါပဲ"





"ဖြစ်မှဖြစ်ရလေ ... ကိုမြတ်မင်းရယ်။ ရှင့်ကိုယ်ရှင် သတိ လေးများ ရှိစမ်းပါဦးရှင်။ ကျွန်မ ရှင့်အပေါ်မှာ အတူတကွ ပေါင်းသင်း လာခဲ့ကြတဲ့ ကာလတစ်လျှောက် ဘာတွေများ ပျက်ကွက်ခဲ့တာရှိလဲ။ ပြောစမ်းပါ"

"အေး ... မင်းဘက်က ဘာမှပျက်ကွက်တာမရှိတာ မှန်ပါ တယ်။ လောလောဆယ်အခြေအနေမှာ ငါ့အတွက် သူလေးနဲ့ လက်ထပ် ပေါင်းသင်းနိုင်ဖို့ အရေးကြီးနေတယ်ကွ"

ကျွန်မရင်ထဲမှာ ယုံတောင် မယုံချင်နိုင်အောင် ဖြစ်သွားတယ်။ ဒီလို သက်ကြားအိုအရွယ်ကြီးကိုများ လက်ထပ်ပေါင်းသင်းနေမယ်ဆို တဲ့ မိန်းကလေးအပေါ် အံ့ဩနေမိတယ်။ မိမိယောကျ်ားရဲ့ ကြွယ်ဝ ချမ်းသာမှုအပေါ် သာယာမိန်းမူးနေခဲ့တာပဲဖြစ်မယ်။

တကယ်မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်ခင်နှစ်သက်လို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးလေ။ ဒင်းရဲ့ လော်မာတဲ့ မာယာကွန်ယက် အောက်မှာ ရုန်းမထွက်နိုင်အောင် မလှုးသာ၊ မလွန့်သာအောင် ရစ်ပတ် ချည်နှောင်ထားခဲ့ပြီဆိုတာ သေချာပါတယ်။

"စဉ်းစဉ်းစားစားလည်း ဆုံးဖြတ်ပါ ကိုမြတ်မင်းရယ်။ ကျွန်မ မျက်နှာ မထောက်ချင်နေပါ။ ကလေးတွေမျက်နှာကိုတော့ ထောက် သင့်ပါတယ်"

"ဟော့ ... ဒီမှာမိသက်၊ မင်း အပိုတွေ လျှောက်ပြောမနေ နဲ့ ငါလည်း မင်းတို့ကို ခုချိန်ထိ ရှာဖွေကျွေးမွေးလာခဲ့ပြီးပြီ။ ခုဟာက ငါ့ဘဝ စိုပြေလန်းဆန်းဖို့ သူနဲ့အတူ ပေါင်းသင်းပြီး တစ်အိုးတစ်အိမ် ထူထောင်ဖို့ လိုအပ်နေပြီကွ။ ဒါပေမဲ့ ငါ မင်းတို့တွေကို လုံးလုံးလျား



www.burmeseclassic.com

www.burmeseclassic.com



လျှားကြီး ပစ်ပယ်မထားပါဘူး။ ငါလည်း မကြာမကြာ လာခဲ့မှာပါ။
ဟာက အခြေအနေအရမို့ ပြောနေရတာ''

''ဒီမှာ ကိုမြတ်မင်း . . . ရှင်နားလည်ထားဖို့က ကျွန်မတို့
မိန်းမသားဆိုတာ မုန့်ကိုသာ ဝေစားလို့ရချင်ရမယ်၊ အချစ်ကိုတော့ ခွဲ
ဝေမယူနိုင်ဘူး။ ဟိုတုန်းက ရှင့်ကိုစုံမက်လို့၊ မြတ်နိုးလို့ ချစ်လာခဲ့ရပေ
မယ့် ဒီလို ဘာမှအဆင့်အတန်းမရှိတဲ့ မိန်းမတစ်ယောက်နဲ့ အချစ်ကို
ခွဲဝေယူရမှာ သိပ်အောက်တန်းကျတယ်။ အဲဒီလို အဆင့်အတန်းမျ
ကျွန်မ မပါဘူးဆိုတာ ရှင် မြဲမြဲမှတ်ထားလိုက်ပါ''

''ကဲ . . . ဟေ့ . . . ငါ ရှည်ရှည်ဝေးဝေးတွေ ထပ်ပြီး ပြော
မနေချင်တော့ဘူး။ မင်း ဟောဒီစာချုပ်ပေါ်မှာ လက်မှတ်ထိုးပေးဖို့သာ
စဉ်းစားထား။ ငါ မနက် ကုမ္ပဏီသွားတဲ့အခါ အဆင်သင့်ဖြစ်ပါစေ''

''တော် . . . နွားလောက်မှ အသုံးမကျတဲ့ လူကြီး''

ဒေါ်သက်မေတစ်ယောက် ခံပြင်းဒေါသစိတ်တွေနဲ့ တောက်
တစ်ချက် ပြင်းပြင်းခေါက်လိုက်တယ်။ ဦးမြတ်မင်းက မိမိမယားအပေါ်
ငယ်နိုင်မှု ဘာမျှအလေးထားဟန်မတူဘဲ စကားနည်းရန်စဲလုပ်ပြီး နှစ်
ယောက်အိပ်ခုတင်ကြီးပေါ်မှာ တက်အိပ်နေခဲ့တယ်။

ဘယ်လိုပဲတွေးတွေး စိတ်မသာသာနိုင်စရာ အတွေးများက
သာ ခေါင်းထဲမှာ ချာချာလည်နေခဲ့တယ်။ မိမိကိုယ်ကိုမိမိ ယူကျုံးမရ
ခြင်း၊ ဝမ်းနည်းခြင်းများဖြင့် အတွေးသံသရာမှာ ဝဲလည်လှည့်နေမိ
တယ်။ မိမိဘဝလက်တွဲဖော်က လမ်းခုလတ်မှာ လက်တွဲဖြုတ်ချခံထား
ရချိန်မှာ ကလေးနှစ်ဦးနှင့် အထီးကျန်ဆန်နေရမည့်အရေး တွေးမိပြန်
တော့ ရင်မအေးနိုင်အောင် ဖြစ်ပေါ်ခံစားနေရတယ်။

သူ့ရိုန်စာပေ



ညဉ့်က နက်လာခဲ့ပြီမို့ စိတ်အတွေးတွေကို ဖြတ်လို့ အိပ်ခန်း
ထဲ ဝင်လာခဲ့တယ်။ လင်တော်မောင် ဦးမြတ်မင်းတစ်ယောက်ကတော့
သူပြောချင်ရာ ပြော၊ လုပ်ချင်တာ လုပ်ခွင့်ရှိတယ်ဆိုသည့် သဘောနှင့်
ခုတင်ကြီးပေါ်မှာ စိတ်ချလက်ချ အိပ်မောကျနေတယ်။ ဟောက်နေသံ
များက အိပ်ခန်းလေးထဲ ပျံ့လွင့်နေတယ်။

ဒေါ်သက်မေမှာတော့ အတွေးတွေ ယောက်ယက်ခတ်နေလို့
အိပ်မပျော်နိုင်ရှာဘဲ တငေးငေး တငိုင်ငိုင်နဲ့ ဆုံးဖြတ်ချက်ချဖို့ ခက်
နေခဲ့တယ်။ နောက်ဆုံးမှာတော့ ချစ်လင်၏ အစွန့်ပစ်ခံဘဝနှင့် လောက
ကြီးအလယ်မှာ မျက်နှာငယ်နေရမည့်အစား ကိုယ့်လင်ကို သူများလက်
တွက်မအပ်ချင်တာကြောင့် စိတ်ဆုံးဖြတ်ချက်' ချလိုက်တယ်။

''အား . . .''

နောက်ဖေးမီးဖိုချောင်ထဲ ဝင်ရောက်သွားခဲ့ပြီး တွေ့မြင်ရာ
ဆူညီးတစ်ခုခု ရှာဖွေနေရာမှ ငရုတ်ဆုံကြီးကို ကိုင်းမှ ဆွဲယူလာခဲ့
တယ်။ မိမိတို့ဘဝအသိုက်မြုံ ဖျက်ဆီးသွားရက်သူများအား လက်စား
ချေ သတ်ဖြတ်ချင်စိတ် ဖြစ်ပေါ်လာခဲ့တာကြောင့် အနီးမှာရှိနေသူ ရက်
စက်စိမ်းကားလွန်းသူ လင်တော်မောင် ဦးမြတ်မင်းကိုသာပဲ ငရုတ်ဆုံ
နှင့် ခေါင်းကို အချက်ပေါင်းများစွာ ထုပြီး တမလွန်ကို ပို့ဆောင်ပေး
လိုက်တယ်။

ညဉ့်နက်သန်းခေါင်ယံ အချိန်ကြီးမှာ နာကျင်လွန်းသော
ကြောင့် ကြောက်မက်ဖွယ်ရာ အသံနက်ကြီးဖြင့် အော်ဟစ်သံကြီးက
ကျယ်လောင်ဆူညံသွားတယ်။ နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ အိပ်ရာ
ခင်းတစ်ခုလုံး သွေးနီတွေ ဖုံးလွှမ်းသွားခဲ့တော့တယ်။

သူ့ရိုန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသည့် ညဥ့်အခါသမယအချိန်မှာ ကြောက်မက်ဖွယ်ရာ အသံကြီးကို ကြားလိုက်ရသဖြင့် အိမ်နီးနားချင်းများ ရောက်ရှိလာပြီး ပိုင်းဝန်းကြည့်ရှုသောအခါ အိပ်ရာခုတင်ကြီးပေါ်မှာ အသက်ဝိညာဉ် ကင်းမဲ့နေသောအဖြစ်ကို တွေ့မြင်သွားခဲ့ကြတယ်။

နောက်ဆုံးမှာတော့ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာခဲ့ပြီး အမှုဖြစ်စဉ်မေးမြန်းကာ ဒေါ်သက်မေကို ရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ ဤသို့ မိမိလင်ကြီးဖြစ်သူ ဦးမြတ်မင်းကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့မှုဖြင့် ရုံးတင်တရားစွဲဆိုခဲ့ရာမှ ထောင်ဒဏ် (၁၀) နှစ် ကျခံလာခဲ့ရခြင်းဖြစ်ပါသည်။

☼ ☼ ☼

[ ၄ ]

❑

ယမန်နေ့ ညနေပိုင်းအချိန်မှာ ယောက်ျားကျောက်ထုတ်စခန်းဘက်မှ လွန်ကိုင်ယမ်းကိုင်အဖွဲ့မှ အမျိုးသမီးကျောက်မိုင်းနေရာမှာ ယမ်းအားဖြင့် မိုင်းခွဲချထားပေးခဲ့သည်။ ယမ်းဖောက်ခွဲမှု အားနည်းသွားခြင်းကြောင့်လားမသိ ကျောက်နံရံမှ ပေါက်ကွဲထွက်လာသော ကျောက်တုံးကျောက်ခဲများမှာ မြေပြင်ဝယ် တိုစိတုံးအရွယ်ကြီးများသာ လွင့်စင်ကျသာနေသည်။

ယင်းအဖွဲ့မှပဲ နံရံပေါ်မှာ မိုင်းနာပြီး ကျန်နေသော ကျောက်ဆိုင်ကျောက်တုံးကြီးများကို ဂျပလီခေါ် သံချောင်းရှည်ဖြင့် ကလန်ဆုံးပြီး ကျောက်ကွင်းရှင်းလင်းပေးထားခဲ့သည်။

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး အလုပ်ဆိုဒ်တာဝန်ခံ ထောင်မှူးဒေါ်တင်တင်ဇေ သည် အကျဉ်းသူအသစ်များကို လုပ်ငန်းခွင်ထဲမှ တာဝန်ပေးခိုင်းစေ နိုင်ရန်အတွက် ဘုတ်အသီးသီးသို့ ခွဲဝေပေးခဲ့သည်။ ကျောက်ကွင်းနယ် မြေထဲတွင် ကျောက်ထုခွဲနေကြသူများသည် မိမိတို့ဘုတ်အလိုက်၊ တပ် ခွဲအလိုက် ကျောက်တုံးများကို သယ်ယူရိုက်ခွဲနေခဲ့ကြလေသည်။

ယင်းလုပ်ငန်းခွင်ထဲတွင် အလုပ်လုပ်နေကြသူများ မိမိတို့ လုပ်ငန်းခွင်မှာ အားကျိုးမာန်တက် လုပ်ဆောင်နေကြသည်ကို တန်းစီး ဒေါ်သက်မေတစ်ယောက် လိုက်လံစစ်ဆေး ကြပ်မတ်ပေးနေခဲ့သည် လုပ်ငန်းခွင်ထဲမှာ အလုပ်လုပ်နေစဉ် ထိခိုက်ဒဏ်ရာရမှုမဖြစ်စေရန် သတိ နှင့် လုပ်ကိုင်ဆောင်ရွက်ကြဖို့ လိုက်လံဆော်ဩ ပြောကာ ခိုင်းစေနေ ရသည်။

အကျဉ်းသူလေးများသည် ကျောက်ဆောင်ကြီးနံရံအောက်ခြေ မှ မိုင်းခွဲထားပြီး ပြိုကျနေသော ကျောက်တုံးကျောက်ခဲများကို မိမိတို့ ဘုတ်အတွက် အသီးသီး ကောက်ယူသယ်မနေကြသည်။ ကျောက်ထုခွဲ နေသူတွေကလည်း သတ်မှတ်စံချိန်ပြည့်ရန် နှစ်ပေါင်တူလေးများဖြင့် သယ်ယူချပေးထားသော ကျောက်တုံးများကို ထုခွဲနေခဲ့ကြသည်။

ထိုစဉ် ကျောက်နံရံကြီးပေါ်မှ ဝေါခနဲ ပြုတ်ကျလာသည့်အသံ ကို ရုတ်တရက် ကြားလိုက်ရသည်။ တန်းစီးဒေါ်သက်မေသည် လုပ် သက်အတွေ့အကြုံ ရင့်နေသူတစ်ယောက်ဖြစ်နေသောကြောင့် ယင်း အသံကို ကြားလိုက်ရစဉ်မှာပဲ အန္တရာယ်တစ်စုံတစ်ခု ဖြစ်ပေါ်လာနိုင် သည်ကို သတိထားမိလိုက်သည်။

ဒါကြောင့် မိမိနှင့် လက်တစ်ကမ်းအကွာမှာရှိနေသော အကျဉ်း သူအသစ်များ ကျောက်သယ်ယူနေသည့် ကျောက်ဆောင်နံရံဆီ အပြေး





သွား သွားလိုက်သည်။ အတွေ့အကြုံမရှိသေးသော အကျဉ်းသူသစ် မှာ နံရံပေါ် ချိတ်တွယ်နေသော ကျောက်တုံးကြီး မြေပြင်ဆီ ပြုတ် လာနေသဖြင့် ကြောက်အားလန့်အား ဘယ်ပြေးလို့ ပြေးရမှန်းမသိ တုတ်ငိုင်လျက် အသက်ရှူရပ်သွားသလို အခြေအနေက ဖြစ်ပေါ် သည်။

ဒီလိုအခြေအနေဆိုးကို လှမ်းမြင်လိုက်ရသော ဒေါ်သက်မေ သည် ယင်းအကျဉ်းသူမလေးနား လျင်မြန်စွာ ပြေးသွားလိုက်ပြီး ကျောက် ပေါ်မှာ မှင်သက်မိ ရပ်နေသူအား လက်ကိုဖမ်းဆွဲပြီး တစ်ဖက်မြေ ဆီ တွန်းလွှတ်လိုက်သည်။

“ဝုန်း”

အပေါ်မှ ပြုတ်ကျလာနေသော ကျောက်တုံးကြီးမှာ အမြင့်မှ အရှိန်ဖြင့် အောက်သို့ ပြုတ်ကျလာနေရာမှ မြေပြင်ပေါ်ရှိ ကျောက် ကြီးပေါ် ဝုန်းခနဲ ပြုတ်ကျကာ ကျောက်ချင်းထိခိုက်မိရာမှ ကျောက် သေးတစ်တုံးက ဒေါ်သက်မေ၏ခြေဖမိုးပေါ် ထိခိုက်မိသွားသည်။

“အား ...”

မိမိခြေထောက်ပေါ် ကျောက်ချင်းရိုက်မိပြီး လွင့်စင်လာသော ကျောက်တုံး ထိခိုက်မိသွားသဖြင့် ဒေါ်သက်မေ နာကျင်စွာ အော်ဟစ် ခြင်းဖြစ်ပါသည်။ သူမ၏ ခြေဖမိုးနေရာဆီမှ သွေးများ ဖြာကျစီး နေပြီး ချင်းချင်းနီနေသည်။

“ဟာ ... တန်းစီးကို ကျောက်ထိသွားပြီ”

“ဟေ့ ... ဘာလုပ်နေကြတာလဲ။ တန်းစီးကို ဝိုင်းရွှေ့ကြ

“ဆေးမှူးကို အမြန်အကြောင်းကြားပါ”



www.burmeseclassic.com

www.burmeseclassic.com



ဘေးနားမှ ဝိုင်းအုံကြည့်နေကြသော အကျဉ်းသူများ၏ ထ
ယောက်တစ်ပေါက် ပြောဆိုနေသံများ ဆူညံသွားခဲ့သည်။ ဒေါ်သက်
မှာ ဒဏ်ရာရသွားသောနေရာဆီ လက်ဖြင့်အုပ်ကာ စုတ်တသတ်သ
ညည်းနေရှာသည်။

ထိုစဉ် ထောင်တာဝန်ခံထောင်မှူး ဒေါ်မြင့်မြင့် ရောက်ရှိ
ပြီး ဒဏ်ရာရသွားသူ ဒေါ်သက်မေကို အကျဉ်းသူများအား ဝိုင်းမသ
စေကာ အိပ်ဆောင်ထဲရှိ ဆေးခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။

ဤကဲ့သို့ တန်းစီးဒေါ်သက်မေ၏ အချိန်မီ ကယ်တင်ပေ
ခြင်းကြောင့် အကျဉ်းသူ ဂျူးဂျူးတစ်ယောက် အသက်နှင့်ကိုယ်
စားကွဲမည့်ဘေးမှ သီသီလေး လွတ်သွားခဲ့လေသည်။ မိမိကိုယ်စား ကြ
ကနေ ဓားစားခံဖြစ်သွားရသော ဒေါ်သက်မေ၏ ဒဏ်ရာအနာထ
ရရှိသွားခြင်းကို မြင်ပြီး အကြောက်ကြီး ကြောက်သွားမိသည်။

ယခုထက်တိုင် ခုန်နေသောရင်ကို လက်နှစ်ဖက်ဖြင့် ဖိ
စိတ်မသက်သာစွာ ကျောက်သယ်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ဆော
နေရသည်။ မိုင်းခွဲသွားပြီးသည့်အခါ နံရံပေါ်မှာ မိုင်းနာပြီး ကျန်ေ
သော ကျောက်ဆိုင်ကျောက်တုံးကြီးများမှာ ဂျဗလီအဖွဲ့မှ ထိုးချ
လင်းပေးခဲ့သော်လည်း အောက်သို့ ပြုတ်မကျဘဲ ချိတ်တွယ်ကျန်ခဲ့
မှ အခန့်မသင့်၍ ပြုတ်ကျလာခဲ့ခြင်းဖြစ်သည်။

☀ ☀ ☀

[ ၅ ]

ညကား တိတ်ဆိတ်ငြိမ်သက်၍နေသည်။ ကောင်းကင်တစ်ခု
မှာ မဲမှောင်နေပြီး မိုးသက်လေများတိုက်ကာ မိုးက တဖွဲဖွဲ ရွာသွန်း
လေသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး မဲမဲမှောင်နေသည့်အတွက် ည
င်းစောင့်နေသူများမှာ မိုးအေးအေးနှင့် ငိုက်မြည်းနေခဲ့ကြသည်။
ကျဉ်းသူများမှာ ညအိပ်ချိန်ပေးထားသောကြောင့် မိုးအေးအေးနှင့်
တို့အိပ်ရာနေရာလေးများပေါ်ဝယ် ပုံစံစောင်လေး ကိုယ်စီခြုံကာ
ပ်မောကျနေခဲ့သည်။

ထိုစဉ် မငြိမ်မသက်နိုင်ဘဲ လှုပ်လှုပ်ရွရွ လှုပ်ရှားနေသော
ကျဉ်းသူမနှစ်ဦးကား ရှိနေပါသည်။ ယင်းတို့မှာ အကျဉ်းထောင်မှ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ထုတ်စခန်းသို့ ပြောင်းရွှေ့ရောက်ရှိလာကြသည့် အကျဉ်းသူသ နှစ်ဦးဖြစ်သည်။ ၎င်းတို့မှာ ဂျူးဂျူးဆိုသူနှင့် ခင်စုလှိုင်တို့နှစ်ဦး ဖြစ် သည်။ စခန်းပတ်ဝန်းကျင်တစ်ခုလုံး မှောင်မဲပြီး မိုးများသည်းထန် ရွာသွန်းနေချိန်ဝယ် အလုပ်စခန်းတစ်ခုလုံး ငြိမ်သက်လို့နေသည်။

စခန်းဘားတိုက်ဆောင်ထဲမှာတော့ ရေနံဆီ မှန်အိမ်အလ ရောင်နှင့် အောက်လင်းဓာတ်မီးတစ်လုံးစီအား ဘားတိုက်ထိပ်မှာ အလ ရောင်ရအောင် ထွန်းညှိထားလေသည်။

ဒီလို မီးရောင်မှုန်ဝါးဝါး အလင်းရောင်ကို အကာအကွ ယူကာ မိုးသည်းသည်းကြားမှာ ဘားတိုက်ထဲက ဝါးကြမ်းခင်းနှီးချ ကိုဖြတ်ကာ ကြမ်းဖြဲပြီး ထွက်ပြေးလွတ်မြောက်ရန် ကြံစည်နေခဲ့ သည်။ အလုပ်စခန်းထဲမှ ကောက်ယူလာခဲ့သော သံပြားစလေးဖြင့် ထွ ပြေးရန် ကြံစည်စဉ်ကတည်းက နှီးချက်များကို လှီးဖြတ်ထားခဲ့ခြင်းဖြ ပါသည်။

ယင်းသို့ နှီးချက်ကို ဖြုတ်ထွက်ရန် ကြိုးစားနေသူနှစ်ဦး၏ လှု ရှားသံကြောင့် ကျောက်ထိဒဏ်ရာဖြင့် အိပ်ရာထဲမှာ အနာကိုက်ခဲ ၍ အိပ်မပျော်နိုင်သူ တန်းစီးဒေါ်သက်မေ၏နားထဲ ချိုးချိုးချွတ်ချွတ် ကြားနေရသည်။ လေပြင်းများ တိုက်ခတ်နေသဖြင့် မိုးသည်းထန် ရွာနေစဉ် မိုးစက်မိုးပေါက်ကျသံဟု အစပထမတွင် မှတ်ထင်နေခဲ့သည ထိုစဉ် အိပ်ဆောင်အပြင်ဘက်နားမှ . . .

"ဟော့ . . . ဘယ်သူတွေလဲ"

ဟူသော မျှော်စင်ကင်းဆီမှ မေးမြန်းအော်ဟစ်သံကို ကြ လိုက်ရသည်။ အိပ်ဆောင်အပြင်ဘက်နေရာ ခပ်လှမ်းလှမ်းဆီရော နေပြီး ကာရံထားသောဆူးကြိုးကို ဖြဲပြီး ထွက်ပြေးရန် ကြံစည်နေ





နှစ်ဦးမှာ အခြေအနေမဟန်မှန်း သိသွားသောအခါ အိပ်ဆောင်ထဲ ကမန်း ကတန်း ပြန်ပြေးဝင်လာခဲ့ကြသည်။

အိပ်ဆောင်နောက်ဘက်နေရာဆီသို့ လုံခြုံရေးဝန်ထမ်းများ နှင့်အတူ ညတာဝန်မှူး ထောင်မှူးဒေါ်မြသူဇာတို့အဖွဲ့မှ လက်နှိပ်ဓာတ်မီး များထိုးကာ လိုက်လံရှာဖွေလျက်ရှိနေသည်။ အိပ်ဆောင်ကြီးအပြင်ဘက် နေရာတစ်ဝိုက်ဆီမှ ကင်းတာဝန်ကျမှူး လိုက်လံရှာဖွေနေသောအသံကို တန်းစီးဒေါ်သက်မေ ကြားနေရသည်။

"ဟော့ . . . ဒီနားလေးတစ်ဝိုက်မှာတင် ပျောက်သွားတယ်။ ရှာ ကြစမ်း"

အဆောင်နောက်ဘက်နားဆီမှ လှုပ်လှုပ်ရှားရှားနှင့် အစောင့် ဝန်ထမ်းများကို အမိန့်ပေးခိုင်းစေနေသော ထောင်မှူးမအသံကို ကြား လိုက်ရသဖြင့် တန်းစီးဒေါ်သက်မေတစ်ယောက် ခြေထောက်ဒဏ်ရာမှ အနာရှိန်ကြောင့် ကောင်းစွာ နေမကောင်းသည့်ကြားမှ ခေါင်းထောင် နားစွင့်ကြည့်လိုက်သည်။

ထိုစဉ် အိပ်ဆောင်ဘားတိုက်ထဲသို့ အမှောင်ကြားမှ ကတိုက် ကရိုက် ပြေးဝင်လာနေသော အကျဉ်းသူနှစ်ဦးကို ဝိုးတိုးဝါးတား လှမ်း မြင်နေရသည်။ သူမတို့နှစ်ဦးစလုံးမှာလည်း ကြောက်ကြောက်လန့်လန့် ဖြင့် အိပ်ဆောင်ထဲမှာရှိသော မိမိတို့အိပ်ရာနေရာဆီ အခြေမပျက် ပြန်နေ နိုင်ရန် ပြေးဝင်လာခြင်းဖြစ်သည်။ အိပ်ဆောင်ထိပ်နေရာမှ ခေါင်းထောင် ကြည့်နေသော ဒေါ်သက်မေကိုမြင်သွားမှ ကိုယ်ရှိန်သပ်လျက် . . .

"ဒီမှာ အဒေါ်ကြီး . . . ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ ပါးစပ်ပိတ် ထားနော်။ ရှင်ဖော်လိုက်လို့ကတော့ ဟောဒီဓားနဲ့ အသေသတ်မယ်။ သတိထား"



www.burmeseclassic.com

www.burmeseclassic.com



တန်းစီးဒေါ်သက်မေစိတ်ထဲ ထောင်းခနဲ ဒေါသဖြစ်သွားသည်
မိမိလို အကျဉ်းသူအားလုံးအပေါ် အုပ်ချုပ်နေသောလူကို အကျဉ်း
ဂျူးဂျူးက ဓားထောင်ပြပြီး ကြိမ်းမောင်းခြိမ်းခြောက်နေသဖြင့်
ဆီမီးအလင်းရောင်အောက်မှာ အကျဉ်းသူဂျူးဂျူးကို မနှစ်မြို့စွာ
စိုက်ကြည့်နေလျက် ...

"ညည်းကများ ... ကျုပ်ကို သတ်မယ်လို့ ခြိမ်းခြောက်ကြိမ်း
မောင်းနေရသေးလား။ ညည်းက ငါ့ဘဝတစ်ခုလုံးသေအောင် သတ်
ပြီးတာ ကြာခဲ့ပြီပဲ။ ခုတစ်ခါ ငါ့အသက်ကိုတောင်သတ်မယ်ဆိုပြီး ကြိမ်း
နေသေးတယ်ပေါ့။ အေး ... ငါ့အဖို့ သေလည်းမထူးပါဘူး။ နေလို့လည်း
မထူးပါဘူးလေ။ သတ်ပါ"

ထိုသို့ အချီအချပြောနေကြစဉ် အိပ်ဆောင်အပြင်ဘက်ဆီ
ပြေးလာနေသော ခြေသံများက ပိုမိုနီးကပ်လာသံ ကြားလိုက်ရသဖြ
အကျဉ်းသူမနှစ်ဦးသည် အိပ်ဆောင်ပေါ် လျှင်မြန်စွာ ပြေးတက်က
စောင်ခြုံအိပ်နေခဲ့ကြသည်။ မကြာမီ တာဝန်မှူးဒေါ်မြသူဇာနှင့် အမျိုး
သမီးဝန်ထမ်းများ လက်နှိပ်ဓာတ်မီးများနှင့် တုတ်များကိုင်ဆောင်က
အိပ်ဆောင်အဝမှ ဝင်လာခဲ့ကြလေသည်။

ထို့နောက် အိပ်ဆောင်ထဲရှိ အကျဉ်း ... များကို တစ်ဦးချင်း
လိုက်လံရေတွက် စစ်ဆေးနေခဲ့ကြသည်။ အိပ် ... င်ထဲတွင်တော့ အကျဉ်း
သူများ လူပေါင်းစာရင်း ကိုက်ညီ ... ဖြင့် ဇဝေဇဝါ ဖြစ်သွားခဲ့
သည်။ အိပ်ဆောင်ထိပ်နေရာ ... နေသော တန်းစီးဒေါ်သက်မေ
ကို ဒီအနီးအနားတစ်ဝိ ... ရိပ်လူယောင် ဖြတ်သွားဖြတ်လာ ရှိ
မရှိ စစ်ဆေးမေး ... ည်။

"ဒီ ... မေ ... ရှင့်အဆောင်ထဲကနေ အကျဉ်းသူ





စ်ယောက် ထွက်ပြေးဖို့ကြံစည်တာ မမြင်မတွေ့ဘူးလား။ ဒီအိပ်ဆောင်
တစ်ဝိုက်နားမှာပဲ လူရိပ်လူယောင် ပျောက်သွားခဲ့တာပဲ"

တာဝန်မှူးဖြစ်သူ ဒေါ်မြသူဇာ၏ မေးမြန်းနေခြင်းအပေါ်
အမှန်အတိုင်း မိမိက ဖော်ကောင်လုပ်လိုက်ချင်သော်လည်း မိမိကြောင့်
တစ်ပါးသူတွေ ဒုက္ခမရောက်စေလိုပေ။ မိမိဘဝကို ဖျက်ဆီးသွားခဲ့သူ
လူယုတ်မာမကို အခါအခွင့်သင့်တုန်း ကလဲ့စားချေလိုစိတ်က ရင်မှာ
ဖွားဖွားပေါ်လာသည်။

သို့သော်လည်း နှစ်ရှည်လများ ကျင့်ကြံပွားများလာခဲ့သော
မြတ်ဗုဒ္ဓ၏ အဆုံးအမဩဝါဒစကားများက နားထဲမှာ ပြန်လည်ကြား
ယောင်လာနေသည်။ ရန်ကိုရန်ချင်း မတုံ့နှင်းနဲ့။ ရန်များလို့ အမုန်း
တရားတွေနဲ့ သံသရာလည်နေသမျှ ဘယ်လိုမှ အာဃာတတရားတွေ
ပျက်ပြယ်မှာမဟုတ်ဘူးဆိုတာကို နားလည်သဘောပေါက်လာခဲ့သည်။

ဘာပဲဖြစ်ဖြစ် ကိုယ်ပြုသောကံ ပဲ့တင်သံက ကိုယ့်ထံပြန်ရောက်
လာမှာ မလွဲကေန်ပါပဲ။ ကမ္မဖလအကျိုးကို ကိုယ်တိုင် ခံစားနားလည်
ကြတာ အကောင်းဆုံးဖြစ်မည်ဆိုသည်ကို သဘောပေါက်လာခဲ့သည်။

"ကျွန် ... ကျွန်မ ... ဘာမှ မသိရပါဘူး ဆရာမရယ်။ လူ
ကလည်း ကောင်းကောင်းနေမကောင်းတော့ ညညဆို အဖျားတက်ပြီး
အိပ်မပျော်နိုင်တာ ကြာပါပြီ။ ဆရာမတို့တွေ အပြင်ဘက်မှာ ပြဿနာ
တစ်စုံတစ်ခုဖြစ်ပွားလို့ ဆူဆူညံညံအသံတွေကြားမှ ခေါင်းထောင်ထ
ကြည့်နေတုန်း ဆရာမတို့ ရောက်လာတာပဲ"

"ကဲ ... ဒါဆိုလည်း ပြီးတာပဲ။ ဒေါ်သက်မေအနေနဲ့ အကျဉ်း
သူတွေအားလုံးအပေါ်မှာ အုပ်ချုပ်နေတဲ့ တန်းစီးတစ်ယောက်မှာ တာဝန်
ရှိပါတယ်။ ကိုယ့်လက်အောက်မှာနေထိုင်ကြတဲ့ အကျဉ်းသူတွေရဲ့ စည်း



www.burmeseclassic.com

www.burmeseclassic.com



ကမ်းဖောက်ဖျက်မှုမှာ တန်းစီးမှာ တာဝန်ရှိတယ်။

ကိုယ်ကိုယ်တိုင်က ကျွန်မတို့အုပ်ချုပ်သူတွေရဲ့ မေတ္တာစေတ ကို တန်ဖိုးမထားဘဲ ကျွန်မတို့ရဲ့ ဌာနအပေါ်မှာ ယုံယုံကြည်ကြည် တာဝန်သိသိ၊ သစ္စာရှိရှိ မထမ်းဆောင်နိုင်ဘဲ အကျိုးသူတွေဘက် နေ ခုခံကာကွယ် ပြောဆိုနေမယ်ဆိုရင်တော့ တန်းစီးတစ်ယောက် ရာထူးနဲ့ မထိုက်တန်ပါဘူး။ နက်ဖြန်မနက်မှာ ဒီကိစ္စနဲ့ပတ်သက် ထောင်ပိုင်ထံကို ဆက်လက်အစီရင်ခံရပါမယ်''

ထောင်မှူး ဒေါ်မြသူဇာတစ်ယောက် အိပ်ဆောင်ဖောက် ထွက်ပြေးရန် ကြံစည်ခဲ့သူများကို လက်မတင်လေး အိပ်ဆောင်နား ပျောက်သွားခဲ့မှုအပေါ် လုံးဝ ကျေနပ်ဟန်မတူဘဲ ခပ်ပြတ်ပြတ် ပြေ ဆိုနေသည်။

တာဝန်မှူးထောင်မှူး ဒေါ်မြသူဇာ၏ စကားများကို ကြား ရသော ဒေါ်သက်မေ၏စိတ်များ ရှုပ်ထွေးနောက်ကျိသွားခဲ့လေသည်။

''အင်း ...ငါ့ဘဝကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွ အောင် ဖျက်ဆီးသွားတဲ့ ဒီမိန်းကလေးအပေါ်မှာ ငါဘာကြောင့်မျ ခုခံကာကွယ် ပြောဆိုခဲ့ရတာလဲ။ တကယ်ဆို သူဟာ ငါ့ရန်သူပဲလေ

သက်ဆိုင်ရာ တာဝန်ရှိသူတွေထံမှာ အမှန်တရားအတိုင်းဖြ အောင် ငါ ဘာကြောင့်များ ဖွင့်ဟမပြောရဲတာလဲ။ ငါ့နှုတ်ကသာ တစ်ချက် လေး ဖော်ကောင်လုပ်လိုက်တာနဲ့ အရာရှိနဲ့ ဝန်ထမ်းတွေလက်ထဲ ဝကွက်အပ်ပြီးသားဖြစ်သွားမယ်။ ဒါဆို ငါလည်း ကလဲ့စားချေပြီးသာ ဖြစ်သွားရမှာ။

အို ...မဖြစ်သေးပါဘူးလေ။ သူတို့လေးတွေက ငယ်ရွယ် တော့ ဘယ်အသိတရားရှိပါဦးမလဲ။ အလုပ်ထဲမှာ ပင်ပန်းဆင်းရဲမှုဒဏ်





ကို မခံနိုင်တော့ လွတ်မြောက်ဖို့ ကြိုးစားချင်ကြမှာပေါ့လေ။ ဘာပဲဖြစ်ဖြစ် ငါ့အဖို့တော့ ဝဋ်ကြွေးရှိတယ်လို့ပဲ မှတ်လိုက်ပါတယ်။ ငါ့ရဲ့စိတ်ရင်းအမှန်နဲ့ မေတ္တာရှေ့ထားပြီး ခွင့်လွှတ်လိုက်တာ အကောင်းဆုံးပါပဲလေ''

လို့ ဒေါ်သက်မေစိတ်ထဲမှာ တွေးပြီး စိတ်လက်ပေါ့ပါးသွားခဲ့ သည်။ လူတစ်ယောက်၏အသက်ကိုတောင် ကယ်တင်ပေးခဲ့ပြီးမှ ခုလို ရန်သူဖြစ်နေလင့်ကစား ခွင့်လွှတ်အနစ်နာခံစိတ်ကို မွေးပြီး မေတ္တာ ရှေ့ထားပြီး ခွင့်လွှတ်ပေးခဲ့တာဟာ အကောင်းဆုံး လက်စားချေနည်း တစ်ရပ်ရယ်လို့ ခံယူထားလိုက်လေသည်။

တန်းစီး ဒေါ်သက်မေတစ်ယောက် ခြေထောက်နေရာမှာ ကျောက်ထိခိုက်မိပြီး ဒဏ်ရာရသွားကတည်းက အနာရင်းပြီး အိပ်ရာ ထဲမှာ လဲနေခဲ့တာ ရက်ကြာညောင်းလာခဲ့သည်။ ထိုအခါ ကျောက် ထုတ်လုပ်ငန်းခွင်ထဲမှာ စီမံကွပ်ကဲအုပ်ချုပ်နိုင်မည့် တန်းစီးမရှိဘဲ ဖြစ်နေ ခဲ့လေသည်။

ဒါကြောင့် အလုပ်စခန်းတာဝန်ခံ ထောင်ပိုင်က အခြားလူ တစ်ယောက်ကို တန်းစီးနေရာမှာ ယာယီခန့်အပ်ထားရသည်။ ဒေါ်သက် မေ၏အနာရောဂါ မသက်သာရသည့်အထဲ ရင်ထဲမှာ ကြေမွပျက်ကြေ မြွန်းအောင် မိမိကိုယ်တိုင် ကိုယ်ထိလက်ရောက်သတ်မိခဲ့သည့်အပြစ် က ဘယ်လိုမှ ဖြေဖျောက်၍မရနိုင်ဘဲ ရင်ထဲအသည်းနှလုံးမှာ တမြည့် မြည့် ခံစားနေရသည်။ ဘယ်လိုမှ အစားထိုးချေဖျက်လို့ မရနိုင်သည့် ပြစ်မှုအမှားက အရိပ်မည်းကြီးလို ထက်ချပ်လိုက်ပါလာနေပြီး မေ့ပျောက် ရနိုင်အောင်ဖြစ်နေသည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

ထိုကဲ့သို့သော အဖြစ်အပျက်များ ဖြစ်ပွားသွားခဲ့ပြီးနောက် တစ်ပတ်ခန့်အကြာမှာ ညဘက်အိပ်ဆောင်ထဲတွင် အိပ်ချိန်ပေးပြီးသော အခါ ဒေါ်သက်မေတစ်ယောက် ကျန်းမာရေးအခြေအနေက တစ်စ တစ်စ ဆိုးရွားလာနေသည်။ မိမိခံစားနေရသော ရောဂါဝေဒနာကို သက် သာလိုသက်သာငြား တရားရှုမှတ်နေလျက် အိပ်ရာလေးပေါ်မှာ မိန်းမော ခံစားနေစဉ် ...

"အန်တီ ... သမီးကို ခွင့်လွှတ်ပါလို့ သမီးတောင်းပန်ပါ တယ်"

မိမိနားနေရာမှ ကပ်ပြီး တိုးညင်းစွာ ပြောဆိုလာနေသော စကားသံကြောင့် တရားရှုမှတ်နေရာမှ ဖျတ်ခနဲ မျက်လုံးလေးကို အား





ယူဖွင့်ကြည့်လိုက်သောအခါ အကျဉ်းသူ ဂျူးဂျူးကို ရုတ်တရက် တွေ့ မြင်လိုက်သည်။

"ဘာကိစ္စကြောင့် ညည်းကို ငါက ခွင့်လွှတ်ပေးရမှာလဲ"

"ဒီလိုပါ ... အန်တီ။ ကျွန်မတို့ကို ဟိုတစ်ညတုန်းက ဖြစ် ပျက်ခဲ့တာတွေ ကူညီပေးခဲ့လို့ပါ။ သမီးတို့အပေါ်မှာ သားသမီးတွေလို သဘောထားပြီး စောင့်ရှောက်ကူညီ ကာကွယ်ပေးခဲ့လို့ သမီးတို့နှစ် ယောက် သက်သာခွင့်ရသွားခဲ့ရတာပါ။

ကျွန်မတို့လည်း ကိုယ်ကျူးလွန်ကြဲစည်ခဲ့တဲ့အပြစ်ကို သိသွား မှာစိုးရိမ်နေခဲ့လို့ အန်တီ့အပေါ်မှာ အထင်လွဲပြီး ပြောမှားဆိုမှားရှိခဲ့ တာတွေအတွက် ခွင့်လွှတ်ပါလို့ အနူးအညွတ်ရှိခိုးပြီး တောင်းပန်ပါ တယ်"

ဒေါ်သက်မေကို လက်အုပ်လေးချီပြီး ရှိခိုးတောင်းပန်နေကြ သော အကျဉ်းသူနှစ်ယောက်ကို ခွင့်လွှတ်အပြုံးနှင့် ငေးပြီး ကြည့်နေ ခဲ့သည်။ နောက်ဆုံး အကျဉ်းသူဂျူးဂျူးနှုတ်ဖျားမှ ဖွင့်ဟဝန်ခံလာသော စကားများကို ကြားလိုက်ရစဉ်မှာတော့ အံ့ဩထိတ်လန့်စိတ် ဖြစ်ပေါ် သွားခဲ့လေသည်။

"တကယ်တော့ အန်တီဟာ ကျွန်မရဲ့ အသက်သခင် ကျေးဇူး ရှင်ပါ။ ကျေးဇူးရှင်ကို စော်ကားမိခဲ့သလို ဖြစ်ခဲ့ရတဲ့ အကြောင်းတွေ ကို ဒီနေ့မှ အလုပ်ထဲမှာ သမီး ကြားသိလာခဲ့ရတာပါ။ အမှန်တော့ အန်တီ့ဘက်က တွေးမယ်ဆိုရင် သမီးဟာ အန်တီ့ရန်သူတစ်ယောက် ပါ။

အစ်ကိုကြီးဦးမြတ်မင်းကိုလည်း အန်တီ့ရဲ့ယောက်ျားမြီးမှန်း မသိခဲ့ရိုးအမှန်ပါ။ ပန်းလိပ်ပြာဆိုတဲ့ စားသောက်ဆိုင်မှာ သီချင်းသီဆို



www.burmeseclassic.com

www.burmeseclassic.com



ဖျော်ဖြေရင်း ရင်းနှီးကျွမ်းဝင်လာခဲ့တာပါ။ အစကတော့ ပိုက်ဆံချမ်းသာတဲ့ ဘော့စ်တစ်ယောက်ဆိုပြီး ချဉ်းကပ်ခဲ့တာပါ။

နောက်မှ မယားကြီး ငုတ်တုတ်ရှိမှန်း သိခဲ့ရတော့ မဖြစ်နိုင်မှန်းသိခဲ့တာကို စိတ်စမ်းလိုတာကြောင့် တောင်းဆိုခဲ့ရာက လင်မယားတွေ ကတောက်ကဆဖြစ်ကြပြီး မမျှော်လင့်ဘဲ အသတ်ခံရတယ်ဆိုတော့မှ သူများအသိုက်အမြုံတစ်ခုကို ကိုယ့်ပယောဂကြောင့် ဖျက်ဆီးလိုက်သလို ဖြစ်သွားခဲ့တယ်''

''အေးလေ ... ညည်းက ဒီအချိန်မှသိလို့ နောင်တရတယ် ပြောနေခဲ့ပေမယ့် အခြေအနေ အချိန်အခါက လွန်သွားခဲ့ပြီပဲ။ ငါ့ယောက်ျားပေါ်မှာ ငါ့အနေနဲ့ အချစ်ကြီးခဲ့လို့ အမျက်ကြီးသလို ဖြစ်သွားခဲ့ရပြီ။ ငါ့ရဲ့ ရက်ရက်စက်စက် ပြုကျင့်ခဲ့တဲ့ အပြုအမူကို သူကတမလွန်ကနေ ဘယ်လိုမှ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် လူတိုင်းလူတိုင်းဟာ ကိုယ်ပြုခဲ့တဲ့ ကိုယ်ပြုသောက် ပဲ့တင်သံက ကိုယ့်ထံ ပြန်လာစမြဲဆိုတာ ဓမ္မတာပါပဲ''

''ကျွန်မကြောင့် မိသားစုတွေ ခုလို တကွဲတပြားဖြစ်သွားခဲ့ရတာ စိတ်မကောင်းပါဘူး။ ကျွန်မအပေါ် အနူးအညွတ် ခွင့်လွှတ်ပေးစေချင်ပါတယ်။ နောက်ကို လိုအပ်တာရှိရင် သမီးကို ခေါ်နိုင်းပါ။ ကိုယ့်ရဲ့ကျေးဇူးရှင်တစ်ယောက်အပေါ်မှာ ပြစ်မှားမိခဲ့တဲ့ အပြစ်တွေကို ကြေအောင် ပေးဆပ်ပါရစေ အန်တီရယ်''

''အေး ... အေး ... ကောင်းပါပြီကွယ်။ ဘယ်သူမပြု မိမိမှုဆိုသလိုပါပဲ။ အဲဒီ နိယာမသဘောတရားလေးကို နှလုံးမှားသွင်းပြီး စိတ်ထားဖြူစင်အောင်မွေးပြီး ကိုယ်ချင်းစာတရားထားနိုင်ပါစေလို့ အန်တီဆုတောင်းပေးပါတယ်''

သူရိန်စာပေ



''ဟုတ်ကဲ့ပါ အန်တီ''

''သာဓု ... သာဓု ... သာဓု ... ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေကွယ်''

အကျဉ်းသူ ဂျူးဂျူးကတော့ သူမ ပြုခဲ့မိလေသော အမှားများအတွက် ပုဆစ်ဒူးတုပ်ထိုင်ကာ ရှိခိုးဦးချနေခဲ့သည်။ ဒေါ်သက်မေကလည်း မိမိရန်သူပင်ဖြစ်လင့်ကစား လက်နက်ချလာလျှင် ကျေအေးရစမြဲဖို့ ကြည်ဖြူခွင့်လွှတ်စိတ်ကိုမွေးပြီး လုံးဝ ခွင့်လွှတ်ပေးလိုက်လေတော့သည်။

ဘဝဆိုတာ ဒီလိုပါပဲလေ ...။ ကံကြမ္မာ၏ လှည့်စားချက်ကို ဗုဒ္ဓ သိုလ်ကံနိမ့်ကျချိန်မှာ လူတိုင်းခံစားရစမြဲဆိုတာ နားလည်သဘောပေါက်နေခဲ့သည်။ မိမိတို့မိသားစု ဘဝအသိုက်အမြုံလေးကို ရက်ရက်စက်စက် နင်းချေဖျက်ဆီးသွားခဲ့သော ရန်သူအပေါ် စိတ်ကောင်းနှလုံးကောင်းမွေးပြီး ဆက်ဆံလာခဲ့ရသည်။ မိမိအပေါ် ကောက်ကျစ်ယုတ်မာစွာ ဆက်ဆံလာခဲ့သော်လည်း မိမိကိုယ်တိုင်က မသိစိတ်ဖြင့် အသက်အန္တရာယ်ကိုပင် စောင့်ရှောက်ကာကွယ်ပေးခဲ့လေသည်။

ဒါကြောင့်လည်း တန်းစီးတစ်ယောက်အနေဖြင့် စောင့်သိရှိသေရမည့် သစ္စာတရားကိုဖောက်ဖျက်ကာ ဌာနအတွက် အမည်းစက်ကြီးဖြစ်ပေါ်စေမည့် ထွက်ပြေးရန် ကြံစည်ခဲ့မှုတွင် တရားခံဘက်မှ ဖေးမကူညီပေးခဲ့မိသည့် မိမိအမှားအတွက် ဘယ်လိုမှခွင့်မလွှတ်နိုင်ဘဲ ဖြစ်နေသည်။ ယခုတော့ မိမိကိုယ်တိုင်ကလည်း မကျန်းမာနေတော့ တန်းစီးရာထူးနဲ့ မထိုက်တန်တော့ပေ။

☀ ☀ ☀

www.burmeseclassic.com

www.burmeseclassic.com

## [ ၇ ]

❏

တန်းစီးဒေါ်မေသက်လို အလုပ်အပေါ်တွင် မရိုမကပ်ဘဲ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သူဖြစ်သောကြောင့် ဝန်ထမ်းများက ကြည်ညိုလေးစားခဲ့ကြသည်။ ကျောက်ထုတ်လုပ်ငန်းခွင်ထဲမှာ မိမိ တာဝန်ကို ကျေပွန်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သဖြင့် လုပ်ငန်းများလည်း တိုးတက်အောင်မြင်လာခဲ့သည်။ တစ်နေ့တာလုံး မနေမနားဘဲ အကျဉ်းသူများ၏ လုံခြုံရေးတာဝန်ကိုလည်း မျက်ခြေမပြတ် လှည့်လည်စစ်ဆေးနေတတ်သည်။

ယခုတော့ တန်းစီးဒေါ်သက်မေ ကျန်းမာရေး မကောင်းမွန်သဖြင့် အိပ်ဆောင်ဘားတိုက်ထဲမှာပဲ ဆေးနားယူကာ နားနေရသော





အခါ လုပ်ငန်းခွင်ထဲမှာ မအုပ်ချုပ်မကိုင်တွယ်တတ်သော တန်းစီးအသစ်လက်ထက်မှာ အုပ်ချုပ်ရေးတွင် ဖရိုဖရဲဖြစ်လာခဲ့သည်။

ပိုးဆိုသည်မှာ နေ့လယ်ဘက်အချိန်လောက်မှာ လုပ်ခန်းခွင်ထဲ အလုပ်လုပ်နေကြစဉ် အကျဉ်းသူနှစ်ဦး မည်သည့်အချိန်က ပျောက်ဆုံးသွားခဲ့မှန်း မည်သူမှ မသိလိုက်ပေ။ အလုပ်ဆိုဒ်ထဲသို့ နေ့တစ်ရှူဝ ကျောက်လာတင်နေသော ကျောက်သယ်ကားအောက်မှ တွဲလွဲခိုကာ အကျဉ်းသူနှစ်ဦး ရုတ်တရက် ထွက်ပြေးသွားခဲ့လေသည်။

ယင်းအကျဉ်းသူနှစ်ဦးကတော့ အမြဲတမ်းထွက်ပြေးဖို့ရန် ကြံစည်နေကြသော အကျဉ်းသူ ဂျူးဂျူးနှင့် ခင်စုလှိုင်တို့နှစ်ဦး ဖြစ်လေသည်။ တကယ်တော့ ခွေးမြီးကောက် ကျည်တောက်စွပ်သူနှစ်ဦးမှာ မည်သို့ပင် ပဲ့ပြင်ဆုံးမပြောဆိုပေမယ့် နားမဝင်ကြပေ။

ပြီးတော့ ထောင်ကျခဲ့ကြသည့် ပြစ်ဒဏ်မှာလည်း တစ်နှစ်တည်းဖြစ်သည်။ နှစ်ရှည်ထောင်ကျနေသူများက အလုပ်ပင်ပမ်းဆင်းရဲမှုဒဏ်ကို မခံနိုင်ဘဲ ထွက်ပြေးကြရမည့်အစား နှစ်တိုထောင်ဒဏ်ကျနေသူနှစ်ဦးမှာတော့ ခံနိုင်ရည်မရှိကြသောကြောင့် မိုက်လုံးကြီးကာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြလေသည်။

နေ့စဉ် ကျောက်ဆိုဒ်ထဲသို့ ကျောက်ကားကြီးများ ဝင်ရောက်လာပြီး ချိုပင် ခေါ် ကျောက်သေးလေးများကို ကြိမ်ခြင်းတောင်းလေး ကိုယ်စီရွက်သယ်ပိုးပြီး တစ်နေကုန်နီးပါး ကားပေါ်တင်နေရသဖြင့် အလုပ်ရှုပ်နေခဲ့ကြသည်။

ယင်းအခွင့်အရေးကို အသုံးချသွားသူနှစ်ဦးကတော့ ကြိုတင်ကြံစည်ထားသည့်အတိုင်း ကားအောက်ပိုင်းနေရာမှာ နိုတွယ်ပြီး ကား



www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်သွားစဉ် ပါသွားခဲ့လေသည်။ ညနေစောင်း အလုပ်သိမ်းချိန် လူစစ်ရေတွက်ကြည့်သောအခါမှ အဖြစ်မှန်ကို သိရှိခဲ့ကြသည်။

သို့သော်လည်း မည်သို့ပင် ထွက်ပြေးစေကာမူ ရာဇဝတ်ဘေး ဆိုတာ ပြေးလွတ်ရိုး ထုံးစံမရှိပေ။ အလုပ်စခန်းနှင့်ဝေးကာ လှမ်းသော နေရာမှာ နယ်မြေမကျွမ်းကျင်သဖြင့် ယောင်လည်လည်ဖြစ်နေစဉ် ရဲ တပ်ဖွဲ့မှ စစ်မေးရာမှ ရဲဘက်ပြေးများဖြစ်ကြောင်း သိရှိသွားကာ ဖမ်း ဆီးခြင်း ခံရလေတော့သည်။

ယင်းသို့ အကျဉ်းသူနှစ်ဦး ထွက်ပြေးသွားကြောင်း သိလျှင် သိခြင်း ကျောက်ထုတ်လုပ်ရေးစခန်းမှ ရဲဘက်ပြေး(ထောင်ပုံစံ–၅)ကို ဖွင့်လှစ်ပြီး သက်ဆိုင်ရာနယ်မြေရဲစခန်းနှင့် တရားခံများ၏ အိမ်လိပ်စာ ရှိရာ ရ ‌. ဝ ‌. တ ရုံးများဆီသို့ ပေးပို့ထားလိုက်သည်။ မကြာမီ နိုင်ငံ တော်မှနေ၍ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်စခန်းသို့ ရောက်ရှိလာခဲ့လေ သည်။ စခန်းတာဝန်ခံ ထောင်ပိုင်မကြီးမှ ဖွင့်ဖတ်ရှုလိုက်သောအခါ..

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)
ရက်စွဲ – ၂၅–၃–၉၅

နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ကို ဂုဏ်ပြုသောအား ဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ–၄၀၁ အရ ၎င်းတို့ကျခံနေရ သည့် ပြစ်ဒဏ်သုံးပုံတစ်ပုံကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်။

ပုံ ×××
(ဝန်ကြီး)

သူရိန်စာပေ



အထက်ပါ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြော်ငြာစာ ဝင်လာ ပြီးနောက် ထောင်ကျရုံးတာဝန်ခံ ထောင်မှူးဒေါ်မြသူဇာတစ်ယောက် အလုပ်ရှုပ်နေခဲ့တော့သည်။ လွတ်ငြိမ်းခွင့်နှင့် အကျုံးဝင်သည့် အကျဉ်း သူများ၏ ထောင်ကျဝရမ်းများကို ရွေးထုတ်စီစစ်နေရသည်။ တချို့ ခန်းရောက်ကာစများပင် ဖြစ်သော်လည်း ထောင်ထဲမှာ ထောင်ဒဏ် ခံရသော ပြစ်ဒဏ်ကာလများကို ထည့်သွင်းတွက်ချက်ပြီး အကျုံး ဝင်နေသူများကိုလွှတ်ဖို့ စီစဉ်ပေးရသည်။

ထိုသို့ ထောင်ကျဝရမ်းများကို ဘီရိုထဲရှိ ခိုပေါက်ထဲမှ တစ် ခုချင်းစီထုတ်ပြီး အထဲမှ လျှော့ရက်ကဒ်ပြားများပေါ်မှ ရရှိပြီးသော လျှော့ရက်များကို စစ်ဆေးကြည့်ရှုနေခဲ့သည်။

ထောင်ကျနေခဲ့သော အကျဉ်းသူတစ်ဦးသည် မိမိကို တရားရုံး ထောင်ဒဏ်တစ်နှစ် ချမှတ်လိုက်သည့်အခါ ယခုလွတ်ငြိမ်းချမ်းသာ အရ ပြစ်ဒဏ်သုံးလ လျှော့ပေးလိုက်ခြင်းဖြစ်၍ ထောင်ကျနေသား စ်လသာ ပြစ်ဒဏ်ခံရပြီးလျှင် ထောင်မှ လွတ်မြောက်သွားနိုင်လေ သည်။

ထောင်မှူး ဒေါ်မြသူဇာတစ်ယောက် ထောင်ကျဝရမ်းများထဲမှ လျှော့ရက်ကဒ်ပြားများကို စီစဉ်နေခဲ့စဉ် ထောင်ဒဏ်တစ်နှစ်ကျခံလာ သော ရဲဘက်ပြေးအကျဉ်းသူ ဂျူးဂျူး၏ဝရမ်းကို တွေ့မြင်ခဲ့သည်။ ၏ ဝရမ်းထဲမှ လျှော့ရက်ကဒ်ပြားကို ထုတ်ယူကြည့်ရှုလိုက်သော ခါ ထောင်ကျနေသော ခုနစ်လခန့်ရှိနေခဲ့သဖြင့် လွတ်ငြိမ်းခွင့်နှင့် အကျုံးဝင်နေသည်။

သို့သော်လည်း လွတ်ငြိမ်းခွင့်မရောက်မီ အလုပ်စခန်းကနေ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြသဖြင့် အကျိုးခံစားခွင့် မရှိတော့ပေ။

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရရှိပြီးသော လျှော့ရက်အားလုံးကို မှင်နီတားပြီး ပယ်ဖျ
ပစ်လိုက်ရသည်။ မိမိတို့မိုက်ပြစ်ဒဏ်များအတွက် တရားဝင်နည်းလ
ဖြင့် အလုပ်စခန်းထဲမှနေ လွတ်မြောက်ကြရမည့်အစား တရားမဝ
နည်းလမ်းကို သုံးစွဲပြီး စခန်းမှထွက်ပြေးမိခဲ့သော ရလဒ်အကျိုး ခံစ
သွားကြရသည်။

ယခုလို ထွက်ပြေးသွားခဲ့မှုကြောင့်လည်း မူလကျခံနေရသေ
ပြစ်ဒဏ်အပြင် ရဲဘက်ပြေးမှု (ပုဒ်မ – ၂၂၄) အရလည်း နောက်ထ
ပြစ်ဒဏ်တိုးဦးမည့် နောက်မှုထပ်တိုးသွားခဲ့ကြလေသည်။

ယင်းကဲ့သို့ ထောင်ကျဝရမ်းများကို စစ်ဆေးကြည့်ရှုနေခဲ့ရ
မှ အကျဉ်းသူ ဒေါ်သက်မေ၏ ထောင်ကျဝရမ်းကို ကောက်ယူဖတ်
ကြည့်လိုက်စဉ် စခန်းမှ လွတ်မြောက်ရမည့် အနေအထားမှာရှိနေ
သည်။

လျှော့ရက်ရရှိမှုအပေါ် တွက်ချက်ကြည့်လိုက်သောအခါ ယ
ထုတ်ပြန်ပေးသည့် လွတ်ငြိမ်းချမ်းသာခွင့်နှင့် အကျုံးဝင်နေသည်။
ကြောင့် မကျန်းမာဖြစ်ပြီး နေထိုင်မကောင်းနေသော ဒေါ်သက်မေ ဝမ်
သာသွားစေရန် သတင်းကောင်းပြောကြားဖို့ အိပ်ဆောင်ထဲ ဝင်ရော
သွားခဲ့သည်။

သို့သော်လည်း တန်းစီးဒေါ်သက်မေတစ်ယောက်မှာတော့ သူ
အိပ်စက်နေသော ဝါးကြမ်းခင်းလေးပေါ်က အိပ်ရာပေါ်ဝယ် ထာ
မနိုးနိုင်သော အိပ်စက်ခြင်းဖြင့် သူမဘဝလေး ငြိမ်းချမ်းသွားခဲ့ရှာလေ
သည်။ သူမကိုယ်တိုင် နှုတ်မှ တဖွဖွပြောကြားနေသော စကားများထ
နားမှာ ပြန်လည်ကြားယောင်နေမိသည်။

---

သူရိန်စာပေ



"ဆရာမရယ် ... ကျွန်မဘဝမှာ အမည်းစက်ကြီး စွန်းထင်းသွားခဲ့ပြီမို့ ကျွန်မ ထောင်ကလွတ်သွားခဲ့ရင်တောင် အားလုံး သံယောဇဉ်တွေဖြတ်ပြီး စစ်ကိုင်းတောင်သွားပြီး သီလရှင်ဝတ်လို့ ဘဝရဲ့ နောက်ဆုံးအချိန်ကို ဖြတ်သန်းသွားတော့မှာပါရှင်"

ဒေါ်သက်မေတစ်ယောက် ဆန္ဒတွေ ပြည့်ဝမသွားနိုင်ခဲ့တော့
သူမဖြစ်ချင်သော ဆန္ဒကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးခဲ့ပါသော်
ည်း သူမ၏ဘဝလေးမှာ အကျိုးခံစားခွင့် ရမသွားတော့ပေ။ တကယ်
တော့ ကံကြမ္မာဆိုတာ ကိုယ်ပျော်ရွှင်ချမ်းမြေ့နေခဲ့ရတဲ့ ဘဝလေးမှာ
ငြိမ်းချမ်းမြေ့စရာအဖြစ်မျိုးနဲ့ ကြုံတွေ့ခဲ့ရအောင် မာယာများခဲ့သည်
ကောင်းစွာ နားလည်သဘောပေါက်နေခဲ့လေတော့သတည်း။ ။

☀ ☀ ☀

**မိုးဝေ**

www.burmeseclassic.com




[ ၁ ]

❑

စာရေးသူ သရက်ထောင်ကြီးရောက်တာ တစ်နှစ်တောင် မရှိ သေးပါဘူး၊ မန္တလေးထောင် ပြောင်းရမယ်တဲ့။ မန္တလေးထောင်ပြောင်း ရမယ်ဆိုတော့ ကျွန်တော်လန့်သွားတယ်။ မန္တလေးထောင်မှာ အကျဉ်း သားတွေကို မထိန်းနိုင်ကြဘူး၊ လုံခြုံရေးလည်းမရှိဘူး၊ စည်းကမ်းလည်း မရှိဘူး။ ရိုက်မှု၊ လူသတ်မှုတွေဟာ မကြာမကြာဖြစ်နေတယ်။

ထောင်အုတ်ရိုးကျော်ပြေးတာတွေကလည်း တစ်နှစ်တစ်ခါ လောက်ဖြစ်တယ်။ ၁၉၇၈ ခုနှစ်ထဲမှာဆို တစ်နှစ်ထဲ နှစ်ကြိမ်တောင် ဖြစ်ခဲ့တယ်တဲ့ဗျာ။ ဒီလိုထောင်မျိုးမှာဘယ်သူမှ ထောင်ပိုင်မလုပ်လိုကြ ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ထောင်ထဲကို နံပါတ်ဗိုးလို့ခေါ်တဲ့ ဘိန်းဖြူ
ကလည်း ရောက်နေတယ်။ မပြတ်ရှိနေတယ်၊ ဆေးမှုနဲ့ရောက်နေ
လူတွေကလည်း အများကြီးပဲ။ အဲဒီအချိန်တုန်းက မန္တလေးဟာ မူးယ
ဆေးဝါး သယ်ပို့ဖြန့်ဖြူးရာမှာ အဓိကကျတဲ့ လမ်းဆုံမှာရှိနေတယ်

ရှမ်းပြည်ဘက်ကဘိန်း၊ မြစ်ကြီးနားပို့ရင်လည်း မန္တလေး
ဖြတ်ရတယ်။ ကချင်၊ ချင်း ပို့ရင်လည်း မန္တလေးက မဖြတ်လို့မရ
လမ်းဆုံလမ်းဝ လမ်းလေးခွမှာရှိတော့ မူးယစ်နဲ့ စီးပွားရှာနေကြတဲ့
တွေဟာ မန္တလေးမြို့ပေါ်မှာတော့ ခြေချင်းရှုပ်နေကြတာပဲ။ စီးပွားလည်
ဖြစ်ကြတယ်၊ ထောင်ထဲလည်း ရောက်ကြတယ်။

ထောင်ထဲရောက်တဲ့ မူးယစ်အမှုတွေကတော့ ရောင်းသူ၊
သူ၊ သယ်ယူပို့သူတွေနဲ့ ဆေးသုံးတဲ့ သူတွေဖြစ်ကြတယ်။

ထောင်ထဲမှာ အကျဉ်းသား၊ အချုပ်သား (၅၀၀၀) လော
တာ နှစ်ထောင်လောက်က အဲဒီအမှုတွေပဲ မန္တလေးမြို့ပေါ်မှာရှိတဲ့
ကွက်တိုင်းက လူဆိုးတွေဟာ ထောင်ထဲမှာရောက်နေကြတယ်။ မူးယ
နဲ့ထောင်ထဲရောက်နေတာ၊ လွတ်တဲ့ရပ်ကွက်ရယ်လို့မရှိဘူးတဲ့။ အမျ
အားဖြင့်ကတော့ ရှမ်းတရုတ်တွေ၊ ကချင်၊ ရှမ်းတွေ နောက်မြို့ပေါ
ဆို ကုလားဒိန်တွေများကြတယ်။

ထောင်ထဲမှာကလည်း ဓားပြတွေ၊ သူခိုးတွေ မုဒိမ်းကော
တွေက ထောင်ကို အုပ်ချုပ်နေကြတယ်ဆိုပဲ။ မန္တလေးထောင်ကို အ
ဒုစရိုက်အကျဉ်းသားတွေက ခွဲဝေပိုင်းခြားပြီး သူနယ်နဲ့သူ သူ့နေရာ
သူ အပိုင်စားယူပြီးထားကြတယ်။

အဲဒီလို နယ်ပါယ်ခွဲဝေအပိုင်စားယူပြီး ဗိုလ်လုပ်နေတဲ့ အကျဉ်း
သားတွေက ဓားပြဗိုလ်တွေ၊ ကိုယ့်အဖွဲ့နဲ့ကိုယ် သူတို့က ထောင်ထဲ





ဘိန်းဖြူရောင်းတယ်၊ အရက်ရောင်းတယ်၊ ဖဲဝိုင်းထောင်တယ်၊ မတရား
ခနိုင်ကျင့်တယ်၊ ချုတ်ယူတယ်၊ ခွာယူတယ်။

ဒီလောက်ဆိုးတဲ့ထောင်မှာ ဘယ်သူကသွားပြီး ထောင်ပိုင်လုပ်
ချင်မှာလဲဗျာ။ ကျွန်တော့်ညွှန်ချုပ်ကြီး ဗိုလ်မှူးကြီးဘခင်နဲ့တွေ့ပြီး ပြန်
လာတော့ ကျွန်တော်တို့ဒုညွှန်ချုပ် ဗိုလ်မှူးမောင်မြင့်က သရက်မှာ မြန်
မြန်အလုပ်လွှဲပြီး မန္တလေးကို မြန်မြန်သွားဖို့ ထပ်ပြီးအမိန့်ပေးလိုက်
သေးတယ်။

ကျွန်တော့် သရက်ထောင်မှာ ဒုတိယတာဝန်ခံအရာရှိကို အလုပ်
တွေ လွှဲပေးပြီး မန္တလေးတက်ခဲ့တယ်။ မန္တလေးကို အမြန်ဆုံးခရီး
စဉ်းကန်လုံးစီးပြီး ထွက်ခဲ့တယ်။ ကားနဲ့လည်းမဟုတ်ဘူး၊ လေယာဉ်နဲ့
လည်းမဟုတ်ဘူး၊ သင်္ဘောနဲ့။ သင်္ဘောဆိုတာတောင် အမြန်သင်္ဘော
လေးတွေမဟုတ်ဘူး အညာဆန်ရှေးသင်္ဘောကြီးနဲ့။ ကဲ . . . မှတ်ရော။

လမ်းမှာ (၁၀) ရက်ကြာခဲ့တယ်။ ရောက်တဲ့မြို့တက်လည်
တယ်။ ဘုရားစုံလိုက်ဖူးတယ်။ ပုဂံရောက်တော့ တန်ခိုးကြီးဘုရားတွေ
တက်ဖူးတယ်၊ ဟိုရောက်ရင် ဘာဖြစ်မယ်ဆိုတာ မပြောနိုင်ဘူး။ ဒီလောက်
ဆိုးတဲ့ထောင် သွားလည်းမသွားချင်ဘူး။ တစ်ရက်စောရောက်ရင် တစ်
နှစ်အသက်တိုမယ့်ထောင်။

မင်းလှမှာ တစ်ညအိပ်ရတယ်။ သရက်မှာ အညာဆန်သင်္ဘော
စောင့်ရတာကလည်း တစ်ရက်ပုပ်သွားတယ်။ မင်းလှမှာ တစ်ညအိပ်
ပြီးနောက်တစ်နေ့ မနက်ပြန်ထွက်တယ်။ သင်္ဘောနဲ့ အထက်အညာကို
တစ်ခါမှ ခရီးမသွားဖူးဘူး။ မှအူ ိုင်ကနေ သရက်ပြောင်းတုန်းကလည်း
အညာဆန်ရှေးသင်္ဘောနဲ့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခု သရက်ကနေ မန္တလေးကိုတက်တော့လည်း အညာဆ ဈေးသင်္ဘောနဲ့ပဲ။ မင်းလှမှာ တစ်ညအိပ်တုန်းက သင်္ဘောဆိပ်နဲ့မလှမ်း မကမ်းမှာ မြန်မာဘုရင်လက်ထက်က မင်းလှခံတပ်ကို တွေ့ခဲ့ရတယ် လေ့လာခဲ့ရတယ်။

မင်းလှကထွက်ပြီး မကြာပါဘူး။ ဧရာဝတီမြစ်ကြီးရဲ့ ဘေး ယာမှာ ခပ်လှမ်းလှမ်းက ရွာတွေ တောအုပ်တွေ၊ လယ်တွေကို အုံ့ ဆိုင်းဆိုင်း ညို့ညို့မှိုင်းမှိုင်းတွေ့ရတော့ လွမ်းသလိုလို၊ ဆွေးသလိုလို ကိုယ့်ရပ်ရွာဇာတိကိုပဲ လွမ်းမိတယ်။ မိဘနဲ့ညီအစ်ကိုမောင်နှမ ဆွေမျိုး သားချင်း မိတ်ဆွေအပေါင်းအသင်းတွေကိုလည်း သတိရလွမ်းမိတယ်

နေ့လယ်လောက်ရောက်တော့ ကျွန်တော်တို့ အညာဆ သင်္ဘောကြီးပေါ်ကနေ မြစ်ကမ်းနှဖူးပေါ်မှာရှိတဲ့ ရွာကြီးကြီးတစ်ရွာ လှမ်းမြင်ရတယ်။ သွပ်မိုးအိမ်တွေနဲ့ ဘုန်းကြီးကျောင်း၊ ဘုရားပုထိုး စေတီတွေနဲ့ တော်တော်ကြီးတဲ့ရွာပဲ။ သွားလာလှုပ်ရှားနေကြတာတွေ လယ်ထွန်၊ ကိုင်းထွန် နေကြတာတွေလည်း တွေ့ရတယ်။

သင်္ဘောမာလိန်မှူးကြီးနဲ့ကလည်း ခင်မင်ရင်းနှီးနေတော့ သူ က အနားရောက်လာပြီး ထောင်ပိုင်ကြီး အခုမြင်နေရတဲ့ရွာမှာပေါ့ ဇာတ် မင်းသားရွှေမန်းတင်မောင် ဇာတ်ကရင်း ကွယ်လွန်သွားတာတဲ့။ သူ ပြောတော့မှ ရွှေမန်းတင်မောင် ဇာတ်ကနေရင်း ဆုံးသွားတာကို သွား သတိရမိတယ်။

'ဩော် ... ဒီရွာမှာ ဆုံးပါလားကိုး' လို့ အဲဒီရွာကို သင်္ဘောပေါ် ကပဲ အကြာကြီးကြည့်နေမိတယ်။ ရွှေမန်းတင်မောင်ဇာတ်ကို နောက်ဆုံး ကြည့်ခဲ့တာ မအူပင်မှာပေါ့။ အဲဒါကိုလည်း သွားသတိရမိသေးတယ်။ နောက်ပိုင်း သူက,သွားတဲ့ဇာတ်ကြည့်ဒ 'ရွှေစုန်သည်' ဇာတ်တုပ်။ မျက်မိ





ထဲမြင်ပြီး စိတ်မကောင်းဖြစ်ရှိမိတယ်။ နှမြောတမ်းတလည်း ဖြစ်မိတယ်။ နိုင်ငံကျော် ဇာတ်မင်းသားကြီးပဲဗျာ။

ကျွန်တော်တို့ အညာဆန်သင်္ဘောကြီးဟာ မိုးချုပ်တော့ မကွေး ရောက်တယ်။ အဲဒီညမကွေးမှာ မအိပ်ဘူး။ မကွေးကို လှမ်းမြင်ရုံမြင်နေ ရတယ်။ မင်းဘူးမှာ ညအိပ်နားတယ်။ ကျွန်တော် သရက်က မန္တလေး သင်္ဘောနဲ့သွားတုန်းက မိုးဦးကျ၊ လေဦးကျ။ မေလထဲမှာ မိုးမရွာပေမဲ့ မြစ်ရေက တိုးနေတယ်။

ဧရာဝတီမြစ်ကြီးဟာ ရေစီးအလွန်သန်ပြီး မြစ်ရေတွေဟာ ရွှံ့နှစ်ရောင်ပေါက်နေတယ်။ မင်းဘူးဝင်တော့ မြို့ရဲ့အလှအပ မီးရောင် တွေနဲ့ ဘုရားစေတီတွေမှာလည်းထွန်းထားတဲ့ လျှပ်စစ်မီးတွေကလည်း ရောင်စုံဖူးမြော်ကြည်ညိုလို့ မဝအောင်ပါပဲ။

ကျွန်တော်တို့သင်္ဘောကြီးကနေ မင်းဘူးကို နေဝင်မိုးချုပ် မီး ထွန်းကာစအချိန်မှာ လှမ်းမြင်နေရတယ်။ လူလုံးကွဲအောင် မြင်နေရ တယ်။ ဒီတော့ ကျွန်တော်ကထင်တယ်။ နောက်နာရီဝက်ဆို မင်းဘူး ဆိပ်ကမ်းကပ်ပြီပေါ့

မြစ်ရေတိုးပြီး ရေစီးသန်လို့ အညာဆန်သင်္ဘောကြီးဟာ ဆိပ် ကမ်းနားရောက်လိုက်၊ ပြန်ပြီးလန်ကျလာလိုက် တက်လို့ကိုမရဘူး၊ ကပ်လို့ကိုမရဘူး။ ည(၉)နာရီ (၁၀)နာရီလောက်မှပဲ မင်းဘူးဆိပ်ကမ်း ကို ကပ်လို့ရတော့တယ်။

အတွေ့အကြုံမရှိတော့ လန်လန်ကျနေတာကို ရင်တမမ အသည်းတထိတ်ထိတ်နဲ့။ သင်္ဘောကမာလိန်မှူးကြီးနဲ့ သင်္ဘောသားတွေ ရဲ့ကျွမ်းကျင်မှုကြောင့် ဘေးဘယာ ကင်းဝေးခဲ့ပါတယ်ဗျာ။ သူတို့ကို ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်းဘူးမှာ အဲဒီညအိပ်ရတယ်။ မနက်မိုးလင်းတော့ သင်္ဘော မာလိန်မှူးကြီးက ကျွန်တော်တို့ သင်္ဘောနေ့လယ်လောက်မှာမှ ထွက် ဖြစ်မယ်၊ ထောင်ပိုင်ကြီးတို့ ဘုရားတက်ဖူးလို့ရပါတယ်ဆိုတာနဲ့ ဘုရား တွေတက်ဖူးခဲ့တယ်။ မင်းဘူး နဂါးပွက်တောင်ဖရောက်တယ်။ စက်တော်ရာ ကိုတော့ မရောက်တော့ဘူး။ ဘုရားတက်ဖူးရင်း ဈေးဝယ်ကြရတာပေါ့။ သင်္ဘောဆိုက်ရင် ဈေးတက်ဝယ်ရတာရယ်၊ ဘုရားစုံတက်ဖူးရတာရယ်၊ သင်္ဘောပေါ်မှာ ချက်ပြုတ်စားကြရတာလောက် အရသာရှိတာ ပီတိဖြစ် မိတာ မရှိတော့ပါဘူး။

ကျွန်တော်တို့ အညာဆန်သင်္ဘောကြီးဟာ မင်းဘူးက နေ့လယ် ထွက်ခဲ့တယ်။ စလေမှာ ညအိပ်တယ်။ စလေကိုရောက်တော့ မိုးချုပ် နေပြီ။ ဘယ်မှမရောက်တော့ဘူး။ မနက်ဆက်ထွက်တော့ ညမိုးမချုပ်မီ ဆင်ဖြူကျွန်းရောက်တယ်။ ဆင်ဖြူကျွန်းရောက်တော့လည်း မင်းဘူး မှာလိုပဲ သင်္ဘောက ကမ်းကပ်လို့မရ။ မြစ်ရေတိုးပြီး ရေစီးသန်အား ကြီးလို့ အနားရောက်လိုက်၊ လန်ကျလိုက်နဲ့ အဲဒီအဖြစ်မျိုးနဲ့ ထပ်ကြုံ တွေ့ခဲ့ရသေးတယ်။

နောက်တစ်နေ့ ညနေဘက် ချောက်ကိုရောက်တယ်။ မြို့တက် ပြီး ဈေးဝယ်တယ် တက်ကြည့်တယ်။ မနက်မိုးလင်းတော့ မာလိန်မှူး ကြီးက ကျွန်တော်တို့ကို ပုဂံ ဘုရားဖူးမယ်ဆိုရင် ကားနဲ့ပုဂံလိုက်သွား ကြပါတဲ့။

ကားတွေရှိပါတယ်တဲ့ ကျွန်တော်တို့ သင်္ဘောက ဆီဖြည့်ရမှာ မို့ ချောက်ကနေ နေ့လယ်လောက်မှထွက်ဖြစ်မယ်။ ပုဂံညောင်ဦးကို ညမိုးအတော်ချုပ်မှရောက်မှာ သင်္ဘောနဲ့လိုက်ရင်တော့ ပုဂံမှာ ဘုရားဖူး





ရမှာမဟုတ်ဘူးဆိုတာနဲ့ ကျွန်တော်တို့မိသားစု ပုဂံကို ကားနဲ့သွားပြီး ဘုရားဖူးဖို့ စီစဉ်ကြတယ်။

တချို့ခရီးသည်တော်တော်များများလည်း သင်္ဘောမစောင့်ကြ တော့ဘူး။ ပုဂံ–ညောင်ဦးကို ကားနဲ့ကြိုသွားပြီး ညောင်ဦးက စောင့်ကြ တယ်။ ကျွန်တော်တို့ ကားနဲ့ကြိုသွားမယ်ဆိုတော့ ရန်ကုန်က ပါလာတဲ့ သားအမိ (၄)ယောက်နဲ့ကလည်း သင်္ဘောပေါ်မှာ ရင်းနှီးပြီးခင်မင်လာ ကြတော့ သူတို့လည်း အတူလိုက်ပါရစေတဲ့ မခေါ်လို့မကောင်းတော့ ဘူး။

သူတို့ကို့ မိန်းမသားတွေချည်းပဲ အမေနဲ့ သမီးချည်း သုံး ယောက်။ ပေါင်း လေးယောက်။ ကျွန်တော်တို့ မိသားစုကလည်း ငါး ယောက်။ ပေါင်းလိုက်ရင် ကိုးယောက်။ အညာဒေသမှာက ခရီးသွား ရင် ကိုးယောက်ဆို ခရီးသွားရမှာ ဝန်လေးကြတယ်၊ ကြောက်ကြတယ်။ လန့်ကြတယ်။ ဒီလို ကိုးယောက်ဖြစ်နေရင် လမ်းဘေးက ကျောက်ခဲ တစ်ခဲယူပြီး မောင်ကျောက်ခဲ တို့နဲ့လိုက်ခဲ့ဆိုပြီး(၁၀)ယောက်ဖြစ်အောင် တင်သွားကြတယ်တဲ့။

ကျွန်တော်တို့မိသားစုကငါးယောက်၊ ခရီးသွားဖော်သားအမိ က လေးယောက်ဖြစ်နေလို့လားတော့မသိဘူး။ ချောက်က ကားစစီးတာ မြို့ပြင်ရောက်တာနဲ့ ကားရပ်သွားတယ်။ စိတ်တထင့်ထင့်နဲ့ စီးခဲ့ရတော့ ကားရပ်ရင်ပဲ ဘာဖြစ်တာလဲပေါ့ ကားဆရာတွေမေးရတယ်။ ကားရှုပ် ကြိုးသွားလို့တဲ့ ကြာမလားဆိုတော့ ကြာမယ်။ ချောက်ပြန်ပြီး ရှပ်ယူရ မယ်၊ ဖြုတ်ရမယ်၊ သွားရမယ်၊ တပ်ရမယ်၊ ကြာမယ်တဲ့။

လာတဲ့ကားတွေ တားပြီးစီးလို့လည်းမရဘူး လူတွေကပြည့်။ တစ်ယောက်နှစ်ယောက်ဆိုရတယ်။ ခုဟာက ကိုးယောက်။ ဒီတော့ ကား



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပြီးတဲ့အထိ စောင့်စီးရတော့တာပေါ့။ လမ်းမှာတော့ စဉ့်ကူးမြို့မှာ ထမင်းစားကြတယ်။ နေ့လယ် (၂)နာရီလောက်မှပဲ ပုဂံရောက်တယ်။ ဘုရားစုံဖူးကြတယ်။

ပုဂံမှာ ဘုရားဖူးပြီး ညနေမိုးချုပ်တော့ ညောင်ဦးကို မြင်းလှည်းငှားလာခဲ့ကြတယ်။ ညောင်ဦးမှာ ညစာစားကြတယ်။ သင်္ဘောဆိပ်သွားပြီး ကျွန်တော်တို့စီးလာတဲ့ အညာဆန်သင်္ဘောကြီးကို စောင့်တယ်။ သင်္ဘောကြီးက တော်တော်နဲ့ရောက်မလာဘူး။ ည(၁၁)နာရီမှပဲ ရောက်လာတော့တယ်။

မနက်ဆက်ပြီးထွက်တယ်။ ညနေလောက် ပခုက္ကူကိုရောက်တယ်။ ပခုက္ကူမှာ သင်္ဘောကညအိပ်တော့ ဘုရားတက်ဖူးကြတော့တယ်။ ဘုရားတွေစုံအောင်ဖူးပြီးမှပဲ ပခုက္ကူထောင်ကိုသွားပြီး ထောင်ပိုင်ကြီး ဦးစိန်မောင်ကိုတွေ့တယ်။ သူနဲ့ကလည်း ထောင်မှူးလေးဘ၀ ပုသိမ်ထောင်မှာတုန်းက အတူတူ။ နောက် ကျိုင်းတုံမှာ ကျွန်တော်က ထောင်ပိုင်၊ သူက မိုင်းဆတ်ရဲဘက်စခန်းမှာ တာ၀န်ခံဆိုတော့ မကြာခဏ တွေ့ခဲ့ကြရတယ်။ ခု မတွေ့တာကြာတော့ စကားတွေ ဖောင်ဖွဲ့ပြီးပြောကြတာ ည(၁၀)နာရီထိုးရောပဲ။

ကျွန်တော်တို့သင်္ဘောကြီး ချောက်ရောက်တော့ သင်္ဘောမာလိန်မှူးကြီးက ထောင်ပိုင်ကြီး ချောက်ကနေ မန္တလေးကားတွေရှိတယ်။ ကားစီးသွားရင် ညနေရောက်သွားမှာတဲ့။ ပစ္စည်းတွေစိတ်ချပါတဲ့။ ကျွန်တော့်ကို တိုက်တွန်းသေးတယ်။ ကျွန်တော်ကလည်း မန္တလေးကို မြန်မြန်မရောက်ချင်ဘူး။ မြင်းမူရောက်တော့ တစ်ခါထပ်ပြောသေးတယ်။ မြင်းမူနဲ့ မန္တလေး သိပ်မဝေးဘူး။ ကားတွေရှိတယ်ဆိုတော့လည်းပဲ ကျွန်တော်က သင်္ဘောနဲ့ပဲလိုက်မယ် ကိစ္စမရှိပါဘူး ရပါတယ်ပေါ့။

---

သူရိန်စာပေ



အဲဒီည သင်္ဘောက မြင်းမူမှာအိပ်တယ်။ နောက်တစ်နေ့ ဆက်ထွက်ခဲ့တာ စစ်ကိုင်းကို အစောကြီးရောက်တယ်။ မနက် (၁၀)နာရီ ကျော်ကျော်။ မန္တလေးနဲ့စစ်ကိုင်း ဆယ့်လေးငါးမိုင်ပဲဝေးတာ။ ကားစီးသွားရင် ခဏပဲ။ မသွားဘူး။ စစ်ကိုင်းမှာ သင်္ဘောပေါ်မှာပဲ ညအိပ်လိုက်သေးတယ်။

ကျွန်တော်တို့ အညာဆန်သင်္ဘောကြီးနဲ့ သစ်လုပ်ငန်းဖောင်ဖွဲ့ရေးက ကြိမ်တွေကြိုးတွေ အများကြီးပါလာတယ်။ အဲဒီကုန်တွေချနေတာ၊ ညနေ (၄)နာရီထိုးတော့လည်း မပြီးသေးဘူး။ သိပ်တော့မကျန်ဘူး။ ဒါပေမဲ့ (၄)နာရီထိုးတော့ အလုပ်သမားတွေက ဆက်မလုပ်တော့ဘူး။ ရပ်ပစ်လိုက်ကြလို့ သင်္ဘောဟာ စစ်ကိုင်းမှာ ညအိပ်လိုက်ရတာ။

၁၉၇၈ ခု၊ ဇွန်လ၊ (၁)ရက်နေ့မှာ ကျွန်တော်တို့ စီးလာတဲ့ အညာဆန် ဈေးသင်္ဘောကြီးဟာ ဂေါ်ဝိန်ဆိပ်ကမ်းကို မနက်(၁၀)နာရီလောက်ရောက်သွားတယ်။ ကျွန်တော်နဲ့မန္တလေးထောင်နဲ့လည်း အဆက်ပြတ်သွားတယ်။ ရုံးချုပ်နဲ့လည်း အဆက်ပြတ်သွားတယ်။

လမ်းခရီး ညအိပ်တဲ့မြို့တွေကနေပြီး ဖုန်းဆက်သတင်းပို့ရင်ရတယ်။ ကျွန်တော်မလုပ်ဘူး။ မန္တလေးဂေါ်ဝိန်ဆိပ် သင်္ဘောကြီးဆိုက်တော့မှပဲ ဖုန်းဆက်ပြီး သတင်းပို့တယ်။ ဆရာဦးအုန်းကျော်ကိုယ်တိုင် ကားနှစ်စီးနဲ့ ချက်ချင်းရောက်လာတယ်။

ရောက်ရောက်ချင်းပဲ ဆရာဦးအုန်းကျော်က ခင်ဗျားကိုရုံးချုပ်က သိပ်ဒေါပွနေတယ်။ ညွှန်ချုပ်ကြီးကတော့ သိပ်မပြောဘူး။ ခင်ဗျားအစ်ကိုတော် ဒုချုပ်ကြီး ဗိုလ်မှူးအောင်မြင့်ကတော့ အကြီးအကျယ်ဒေါပွနေတယ်တဲ့။

---

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သရက်ထောင်လှမ်းမေးတော့လည်း ထွက်သွားပြီတဲ့။ မန္တလေး မေးတော့လည်း မရောက်သေးဘူးတဲ့။ တစ်နေ့ နှစ်ခါသုံးခါလောက် မေးမေးနေတယ်လို့ စိတ်ညစ်စရာက စပြောတယ်။ ကျွန်တော်ကတော့ ပြုံးနေလိုက်တော့တယ်။ အရှည်ခွဲထူနေပြီ။ ထောင်အလုပ်ဆိုတာ ပူတတ် ရင် နေစရာတောင်ရှိမှာမဟုတ်ဘူး။ ဒီတော့ မှန်မှန်နဲ့အေးအေးပဲ။

အဲဒီနေ့ ကျွန်တော်တို့မိသားစုကို ထောင်မှူးကြီး ဦးလှဖေနဲ့ ဒေါ်သန်းဌေးတို့က သူတို့အိမ်ဖိတ်ပြီး ထမင်းကျွေးတယ်။ ဦးလှဖေနဲ့ ကျွန်တော်က ထောင်မှူးလေးဘဝ ပုသိမ်မှာ အတူတူ။ နောက် ကိုကိုး ကျွန်းမှာ အတူတူလုပ်ခဲ့ကြတော့ ညီအစ်ကိုတွေလိုဖြစ်နေတယ်။

၂-၆-၇၈ နေ့မှာတော့ အလုပ်ဆင်းတယ်။ ဆရာဦးအုန်းကျော် ထံက ထောင်ပိုင်တာဝန်ဝတ္တရားတွေ လွှဲယူရမယ်။ ကျွန်တော် ရုံးခန်း ထဲရောက်ရင်ပဲ ဖုန်းဝင်လာတယ်။ ဆရာဦးအုန်းကျော်က ကောက်ကိုင် လိုက်တယ်။ ဘယ်သူ့ဆီကလည်းလို့တော့မသိဘူး 'ဟုတ်ကဲ့ .. ဗိုလ်မှူး' 'ဟုတ်ကဲ့ ... ဗိုလ်မှူး' ဆိုတာတွေကတော့ အခွန်းပေါင်း မနည်းတော့ ဘူး။ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ရောက်ပါပြီ။ မနေ့က ရောက်ပါတယ်တဲ့။ ကျွန်တော့်မေးတာဖြစ်မယ်လို့ ကျွန်တော်တွက်မိတယ်။ ဆရာဦးအုန်း ကျော်က သူပြောနေတဲ့ဖုန်းကို ကျွန်တော်လှမ်းပေးပြီး ... ရော့ .. ဒုချုပ်ဖုန်းတဲ့။

ကျွန်တော်ဖုန်းကိုင်ပြီး ကျွန်တော် ဦးစိန်ဌေးပါ ဗိုလ်မှူးလို့ ပြောလိုက်တယ်။ ကျွန်တော့်ကို ဒုချုပ်ဖုန်းထဲကနေ ဆူလိုက်တာ။ ကြိမ်း မောင်းလိုက်တာဗျာ၊ မပြောပါနဲ့တော့။ မင်းကို မန္တလေးထောင် မြန်မြန် သွားပါလို့ အခါခါမှာလိုက်တာကို မင်းက အညာဆန်သသော်၊ ဈေး





သဘော်နဲ့မှသွားတယ် ... စသည်ဖြင့် ဆူတာတွေကတော့ စုံနေတာပဲ။ ရေရေလည်လည်ကို ဆူတော့တာပဲဗျာ။

ကျွန်တော်လဲ ဆရာဦးအုန်းကျော်လိုပဲ 'ဟုတ်ကဲ့ ဟုတ်ကဲ့' နဲ့ပြီးသွားတယ်။ ဒုချုပ်ဒေါပွပြီး ဆူလို့အားရတော့ ဖုန်းချပစ်လိုက်တယ်။ မကြာဘူး ဖုန်းပြန်လာတယ်။ ဆရာဦးအုန်းကျော်က ကောက်ကိုင်တယ်။ ဒုချုပ်က ဦးစိန်ဌေးဆီပေးဆိုတာနဲ့ ဆရာဦးအုန်းကျော်က ဖုန်းကို ကျွန် တော့်ဆီကမ်းတယ်။ ကျွန်တော်ယူပြီး ကိုင်လိုက်တယ်။ 'ဟုတ်ကဲ့ပါ ... ဗိုလ်မှူး' ဆိုတော့ 'မင်း ဦးအုန်းကျော်ဆီက မြန်မြန်အလုပ်လက်ခံပြီး သူ့ကို မြန်မြန်လွှတ်လိုက်' တဲ့။ မန္တလေးထောင်ရောက်ရောက်ချင်း အလုပ် တောင်လက်မခံရသေးဘူး အကြိမ်းအမောင်းဆူဆူပူပူနဲ့ စဖွင့်ခဲ့တယ်။ ရှေ့ ဘာတွေနဲ့ကြုံပြီး ဘာတွေဖြစ်မယ်ဆိုတာ စောင့်ကြည့်ရတော့မှာပဲ ဗျာ။

ကျွန်တော် မန္တလေးထောင် ရောက်လာရတဲ့အကြောင်းက လည်း ရှိတယ်။ မန္တလေးထောင်မှာက အကျဉ်းသားတွေကို မနိုင်ဘူး။ ထိန်းလို့မရဘူး။ အုပ်ချုပ်လို့မရဘူး။ အုပ်ချုပ်ရေးစက်ယန္တရားက ပျက် သွားပြီး လူမိုက်အကျဉ်းသားတွေ ဗိုလ်လုပ်အုပ်ချုပ်နေကြတယ်။ မန္တလေး ထောင်ကို အစိတ်အစိတ်အမြွှာမြွှာလုပ်ပြီး သူ့နယ်နဲ့သူ အပိုင်စားယူ ပြီး အုပ်ချုပ်နေကြတယ်။

သူတို့လက်အောက်မှာ အကျဉ်းသားတွေဟာ အမျိုးမျိုးအနှိပ် စက်ခံနေကြရတယ်။ ထောင်ထဲမှာ စူးထိုးမှု ဓားထိုးမှု၊ လူသတ်မှုတွေ မကြာခဏဖြစ်တယ်။ ဓားထိုးမှု ရိုက်မှုတွေကတော့ နေ့တိုင်းရှိတယ်။ လူမိုက်အကျဉ်းသားဗိုလ်တွေက ဘိန်းဖြူရောင်းတယ်။ အရက်ရောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဖဲဝိုင်းဒိုင်ခံတယ်၊ အကျဉ်းသားအချင်းချင်း အနိုင်ကျင့်တယ်၊ ချွတ်ယူတယ်၊ ခွာယူတယ်။ အပြင်မှာ ဘိန်းဖြူဆိုတာ၊ ဖြူသလား၊ မဲသလားတောင် မမြင်ဖူး မတွေ့ဖူးတဲ့သူဟာ ထောင်ထဲရောက်မှ ဘိန်းဖြူစွဲသွားတယ်။ ဆေးသမားဖြစ်သွားတယ်။

ထောင်ပိုင်ကြီး ဆရာဦးအုန်းကျော်ကိုလဲ ရုံးချုပ်ကို ပြန်မခေါ်လို့မဖြစ်ဘူး။ ရုံးချုပ်မှာ ဆရာဦးအုန်းကျော်လို ထောင်သန္တေ အတွေ့အကြုံရှိတဲ့သူ ရှေ့မီနောက်မီပုဂ္ဂိုလ်ကလည်း မရှိမဖြစ်ဘူး။

ညွှန်ချုပ်ကြီး ဗိုလ်မှူးကြီးဘခင်ကတော့ ကျွန်တော့်ကျိုင်းတုံထောင်မှာတုန်းက သုံးခါထောင်လာစစ်ဖူးတယ်။ နောက်မအူပင်ထောင်ကို ဝန်ကြီးဗိုလ်မှူးကြီးကိုကို ဝင်စစ်တုန်းကလည်းပါလာတယ်။ သဘောကျသွားသလားတော့မသိဘူး။ မအူပင်မှာတင် နှစ်ကျော်ကျော်နဲ့ သရက်ထောင်ကြီးပို့တယ်။ ထောင်ကြီးမှာလည်း တစ်နှစ်တောင်မရှိသေးဘူး မန္တလေးပို့ပြန်တယ်။

မန္တလေးထောင်က ဆရာဦးအုန်းကျော်ကို ရုံးချုပ်ပြန်ခေါ်မယ်ဆိုတော့ ဦးအုန်းကျော်နေရာပို့မဲ့ ထောင်ပိုင်ရွေးကြတယ်။ ညွှန်ချုပ်ကြီးက ဒု–ချုပ်ကိုပြောသတဲ့။ ကျွန်တော် သရက်ရောက်နေတဲ့ ကိုစိန်ရွှေကိုပို့ချင်တယ်။ ဗိုလ်မှူးရော ဘယ်လိုသဘောရသလဲတဲ့။ အဲဒီမှာ ညွှန်မှူးတွေလည်းပါတယ်။ ဝိုင်းပြီးပင့်ပေးကြတာနဲ့ ကျွန်တော် မန္တလေးထောင်ရောက်လာရတာပါ။

ကျွန်တော်မရောက်ခင် တစ်နှစ်လောက်က မန္တလေးမှာ ဟံသာဝတီသတင်းစာရှိသေးတယ်။ အဲဒီသတင်းစာကနေ ဆောင်းပါးရှင်ခင်သီက မန္တလေးထောင်အကြောင်းတွေကို သေသေချာချာလေ့လာပြီး ဆောင်းပါးတစ်စောင် ရေးထည့်လိုက်တယ်။ ထောင်မှာ အုပ်ချုပ်ရေး





မရှိတော့ဘူး။ ထောင်အာဏာပိုင်တွေ၊ အကျဉ်းသားတွေအပေါ် ဩဇာအာဏာမရှိတော့ဘူး။ ခုတော့ ထောင်ထဲမှာ အကျဉ်းသားအချင်းချင်း အုပ်ချုပ်နေတယ်။ ရိုက်မှုတွေ၊ ဓားထိုးမှုတွေကလည်း နေ့စဉ်လိုလိုဖြစ်နေတယ်။ လူသတ်မှုတွေလည်း မကြာခဏဖြစ်တယ်။ ထောင်ဖောက်ပြေးမှုတွေလည်း ခဏခဏပဲတဲ့။

ထောင်ထဲမှာ ဆီမီးဖြူရတယ်။ အရက်ရတယ်။ ဖဲဝိုင်းတွေလည်း မှိုလိုပေါက်နေတယ်တဲ့။ အကျဉ်းသားတွေလည်း ဘိန်းဖြူစွဲကုန်ပြီ။ ဝန်ထမ်းတွေလည်း အကျင့်ပျက်ကုန်ပြီ။ ထောင်ထဲမှာ ဘိန်းဖြူနဲ့အရက်အပြင် အဲဒီထဲကအကျဉ်းသားတွေလိုတာမှန်သမျှ ဝန်ထမ်းတွေကသွင်းပေးတယ်။ ထောင်အာဏာပိုင်အရာရှိတွေနဲ့ အဆင်ပြေရင် ထောင်ထဲမှာ ဘာမဆိုလိုတာအကုန်ရတယ်လို့ ခရေစေ့တွင်းကျ နှိုက်နှိုက်ချွတ်ချွတ်ရေးထည့်လိုက်တယ်။

အဲဒီဆောင်းပါးဟာ မိုးမီးလောင်တာပဲ ပြည်ထဲရေးဝန်ကြီးထံ ရောက်သွားတယ်။ ညွှန်ချုပ် ဗိုလ်မှူးကြီးဘခင်ကိုခေါ်ပြပြီး ခင်ဗျား မန္တလေးသွားပြီး ရှင်းလိုက်တဲ့ တာဝန်ရှိတဲ့လူတွေကိုလည်း အရေးယူမယ်တဲ့။ ဗိုလ်မှူးကြီးဘခင်ဟာ မန္တလေးထောင်ကိုလည်း အကြောင်းကြားဖူး။ တပည့်တစ်ယောက်ကိုခေါ် ရထားနဲ့တက်လာပြီး ရဲရိပ်သာမှာတည်းတယ်။

နောက်တစ်နေ့မနက်အစောကြီး (၄)နာရီလောက် ရဲတွေတစ်တွေရဲ့အကူအညီနဲ့ ထောင်ကိုရောက်လာကြတယ်။ ကားလေးငါးစီးနဲ့ ထောင်ရောက်တော့ ထောင်ကလူတွေ အိပ်အားသင့်နေကြတာပေါ့။ ရောက်တော့ ထောင်ပိုင်ကြီးကိုနှိုးပြီး ထောင်ဝင်စီးကြတယ်ဆိုပါတော့။ ဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင်လုံး မြေလှန်ပြီးရှာဖွေကြတာ ဥပဒေနဲ့ဆန့်ကျင်တဲ့ပစ္စည်
တွေ ကား(၄ ၊ ၅) စီး တိုက်ထုတ်ရတယ်။

ထောင်ထဲဝင်ပြီး အထူးရှာဖွေရေးလုပ်တာ ရဲနဲ့တပ်က ရဲဘေ
တွေ အရာရှိတွေနဲ့လုပ်တာ ထောင်ကဝန်ထမ်းတွေကိုမယုံလို့ တစ်ယော
မှ မခေါ်ဘူး။ နာမည်ကြီး လူဆိုးလူမိုက် ဒုစရိုက်သမားတွေလည်း တို
ထဲရောက်ကုန်ကြတယ်။

ဘိန်းဖြူ၊ ဘိန်းမဲ၊ အရက် စတာတွေလည်း အတော်များမျ
ရှာဖွေတွေ့ရှိသွားတယ်။

ဗိုလ်မှူးကြီးဘခင် မန္တလေးကပြန်သွားပြီး ဝန်ကြီးကို အသေ
စိပ်တင်ပြတော့ ထောင်ပိုင်ကြီးကိုတော့ မန္တလေးကရွှေ့ပေးလိုက်တယ်
အဲဒီနေရာကို ရုံးချုပ်က ဆရာဦးအုန်းကျော်ကို ခဏပို့ထားပြီး (၃
လရှိတော့ ပြန်ခေါ်တယ်။ ဒါကြောင့် ကျွန်တော် မန္တလေးရောက်လာ
ရတာပါဗျာ။

ကျွန်တော် ဆရာဦးအုန်းကျော်ထံက (၉–၆–၇၈) နေ့မှာ အလု
တွေ လက်ခံယူခဲ့ပါတယ်။ နောက်တစ်နေ့ ကျွန်တော်နဲ့ ထောင်မှူးကြ
ဦးလှဖေတို့နှစ်ယောက် ထောင်မကြီးထဲဝင်ပြီး လျှောက်ကြည့်ကြတယ်
ညစ်ပတ်နေတာကတော့ မပြောနဲ့တော့။ အမှိုက်တွေကလည်း ထောင်
ရာပုံအကျဉ်းသား (၅၀၀၀)လောက်ရှိတာ မိလ္လာတွေကိုလုံအောင် မမြ
ကြဘူး သိမ်းမဲ့လူလည်း မရှိဘူး။ အနံ့တစ်ထောင်းထောင်းနဲ့ နှာခေါ်
ပိတ်ဝင်ရတယ်။ ကျွန်တော်တို့နှစ်ယောက် လျှောက်ကြည့်တာ ရှေ့ဆ
မသွားနိုင်ဘူး။ ညစ်ပတ်နေတာနဲ့ နှာခေါင်းပိတ်ပြီး ပြန်ထွက်ခဲ့ရတယ်

နောက်တစ်နေ့ကျတော့ ကျွန်တော်နဲ့ဦးလှဖေ တွဲဖက်ထော
ကို သွားကြည့်ကြတယ်။ အဲဒီမှာ အကျဉ်းသား (၂၀၀)ရှိတယ်။ ဗကာ





န်မြူနစ်အကျဉ်းသား (၄၀)လောက်လည်း တွေ့ခဲ့တယ်။ မြို့ပေါ်က
ကျက်သမားအကျဉ်းသား (၂၀)လောက်လည်းတွေ့တယ်။

ကွန်မြူနစ်အကျဉ်းသား (၄၀) ထဲမှာတော့ (၇၄) ခု၊ ဦးသန့်
ရေးအခင်းက ကျောင်းသားတွေလည်းတွေ့တယ်။ မှိုင်းရာပြည့်နဲ့ပတ်
က်လို့ ထိန်းထားတဲ့ ကျောင်းသားတွေလည်း တွေ့တယ်။ ဗကပ
န်မြူနစ် U.G တွေလည်းတွေ့တယ်။

မန္တလေးက သီးသန့်တွဲဘက်ထောင်ကို ၁၉၆၆ ခုနှစ်က
ဆောက်တာ တစ်ထပ်အဆောင်တွေ ထောင်အဆောက်အဦနဲ့ မတူဘူး။
ဘက်တွေနေတဲ့ စစ်တန်းလျားမျိုးတွေ ဘော်ဒါဆောင်မျိုးတွေ၊ သင်
န်းသား အိပ်ဆောင်မျိုးတွေ၊ အဲဒီမှာနေကြတဲ့ အကျဉ်းသားတွေက
ခင်နဲ့မွေ့ယာနဲ့ ခြင်ထောင်နဲ့ စားပွဲနဲ့ကုလားထိုင်နဲ့ အပျံစားနေကြ
။ ကျောက်မှုနဲ့ ရောက်နေတဲ့အကျဉ်းသား (၂၀)လောက်ကလည်း
ဗွေးတွေ သူတို့ကို တစ်ဆောင်သပ်သပ်ထားတယ်။ ဗကပကွန်မြူနစ်
ကျဉ်းသားတွေက တစ်ဆောင်သပ်သပ်ထားတယ်။

သူတို့ကုတင်ဘေးမှာ စားပွဲနဲ့ကုလားထိုင်နဲ့ စားပွဲပေါ်မှာ ခွက်
တွေနဲ့ မုန့်ပုံးတွေနဲ့ ဟောလစ်တို့၊ မိုင်လိုတို့ ပုလင်းတွေကလည်း
ယ်စီနဲ့ အကျဉ်းသားတွေပါ ပြောရမှာတောင်ခက်တယ်။ ဘော်ဒါကျောင်း
းတွေဂိုက်၊ သင်တန်းသားတွေဂိုက်။

ဒီလိုအဆင့်မြင့်မြင့်ထားရင် ထောင်ထဲ ကောင်းကောင်းနေကြ
လား။ သူတို့က ဒီလိုမဟုတ်ဘူး။ သူတို့စည်းရုံးထားတဲ့ ဝန်ထမ်း
ွက သူတို့လိုတာ သွင်းပေးတယ်။ ညဆို အရက်ဘီယာသောက်ပြီး
နေကြတယ်။ သောင်းကျန်းနေကြတယ်။ ထောင်အရာရှိတွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးရဲ့မှန်း လေးစားရမှန်းမသိဘူး။ မထီလေးစားနဲ့ ရိုင်းတော့အ… ရိုင်းကြတဲ့သူတွေ။

သူတို့အဆောင်တွေမှာလည်း ညစ်ပတ်နေတာပဲ။ စားပြီးသ… ထမင်းကျန်ဟင်းကျန်တွေ စည်းကမ်းမဲ့ စွန့်ပစ်ထားကြတယ်။ စ… စုတ်နဲ့ အမှိုက်သရိုက်တွေကလည်း လှဲမဲ့သူမရှိဘူး။ မိလ္လာချောင်… ဟာ အနံ့တထောင်းထောင်းနဲ့ သူတို့ခုတင်အောက်တွေမှာလည်း ရှု… နေတာပဲ။

သူတို့ လွန်အားကြီးတာကတော့ သူတို့အဆောင်တွေထဲ… သူတို့အိပ်ရာဘေးတွေမှာ ကွန်မြူနစ်ကြွေးကြော်သံတွေ သီချင်း… ဆောင်ပုဒ်တွေ၊ ကျကျနန ရေးထားကြတယ်။ မော်စီတုန်းတို့ လီနင်… စတာလင်တို့စတဲ့ ကွန်မြူနစ်ခေါင်းဆောင်ကြီးတွေရဲ့ ရုပ်ပုံတွေကိုလ… ဆွဲပြီးကပ်ထားကြတယ်။ သခင်သန်းထွန်း၊ သခင်စိုးပုံတွေလည်းရှိတ…

ညဆို တော်တော်နဲ့မအိပ်ကြဘူး။ (၁၂)နာရီ၊ နာရီပြန်… ချက်လောက်ထိဆူပြီး သောင်းကျန်းနေကြတယ်။ တာဝန်ကျဝန်ထ… တွေက (၁၅)မိနစ်ကိုတစ်ကြိမ် နာရီမောင်းခေါက်ပြီး 'အားလုံးကော… လို့ သတင်းပို့ရတယ်။ အဲဒါကို ဆူတယ်တဲ့၊ အိပ်ရေးပျက်တယ်… မအော်ရဘူးတဲ့။ နာရီမောင်း မခေါက်ရပါဘူးတဲ့ဗျာ။ အကျဉ်းသား… ဘယ်လောက်လူပါးဝကြသလဲလို့။

တာဝန်အရ နာရီမောင်းခေါက်ရင် အော်ပြီးသတင်းပို့ရင် … ဝန်ထမ်းကို ငါနဲ့ကိုင်ပြီး ကလော်တုတ်တယ်ဆဲတယ်။ သေးနဲ့ကျင်… ရေနဲ့ ပက်တယ်တဲ့ဗျာ။ ထောင်ထဲလာပြီး ဗိုလ်ကျနေကြတာ။

နောက်ပြီး ထောင်မှာက ညနေထောင်ပိတ်နဲ့ မနက်ထော… ဖွင့်တဲ့အခါ အကျဉ်းသားတိုင်း ထောင်စည်းကမ်းထောင်ပုံစံအတိုင်း …





…ောက်စီထိုင်ပေးရတယ်။ သူတို့က မထိုင်ဘူး။ မထိုင်တော့ ထောင်ဖွင့် …စစ်တဲ့အမှုထမ်းက ခြင်ထောင်ထဲမှာရှိမရှိ ခြင်ထောင်မကြည့်တာကို …ပ်ရေးပျက်တယ်၊ လန့်နိုးရတယ်ဆိုပြီး ဝန်ထမ်းကို ဆဲသေးတယ် …ာ။

ကျွန်တော်နဲ့ ထောင်မှူးကြီးဦးလှဖေတို့ လှည့်ပတ်ကြည့်ပြီး …တို့ကိုမှာခဲ့တယ်။ လီနင်တို့ စတာလင်တို့ပုံတွေဖြုတ်ပါ။ သခင်စိုး၊ …ခင်သန်းထွန်းပုံတွေ ဖြုတ်ပါ။ ရေးထားတဲ့စာတွေ ဖျက်ပစ်ပါ။ ထောင် …မှာ သန့်သန့်ရှင်းရှင်းနေပါ။ အမှိုက်သရိုက်တွေ ရှင်းပစ်ပါ။ ထောင် …ရာရှိတွေ အမှုထမ်းတွေရဲ့စကားကို နားထောင်ပါ၊ ထောင်စည်းကမ်း၊ …ာင်ဥပဒေအတိုင်းနေပါ။ ထောင်ပိတ်၊ ထောင်ဖွင့်ထောင်စည်းကမ်း …တိုင်း ပုံစံအတိုင်းပေးပါလို့ ပြောပြီး ပြန်ထွက်ခဲ့ကြတယ်။

ကျွန်တော်ရောက်ပြီး တစ်ပတ်အတွင်း သူတို့ ဗကပ (ဗကပ) …န်းကို စဖြိုရတော့တာပဲ။ အဲဒီ သီးသန့်ထောင်ကို တာဝန်ပေးထား …ာက တပ်ကနေ အကျဉ်းဦးစီးဌာနကို ပြောင်းလာတဲ့၊ အရာခံဗိုလ် …ရာကြီးဗဟားဒူးပွန်း နှစ်ပွင့်ထောင်မှူးကြီးနဲ့ပေါ့။ သူ့အောက်မှာလည်း …ာင်မှူးတစ်ယောက်နဲ့ ဝန်ထမ်း (၂၀)လောက်ရှိတယ်။

ကျွန်တော့်ဆရာကြီး ဗဟားဒူးပွန်းကို မှာခဲ့တယ်။ ထောင်စည်း …မ်းအတိုင်းအုပ်ချုပ်။ ရုပ်ပုံတွေ၊ စာတမ်းတွေ ဖျက်ပစ်၊ ဖြုတ်ပစ်။ …န့်ရှင်းရေးလုပ်ခိုင်း။ မနက်ထောင်ဖွင့် ညနေထောင်ပိတ်ပုံစံအတိုင်း …ယောက်စီထိုင်ခိုင်း။ မလိုက်နာရင် ကျွန်တော့်ကို သတင်းပို့လို့မှာပြီး …သန့်ထောင်က ပြန်ထွက်ခဲ့ကြတယ်။

ကျွန်တော်ပြောပြီး နောက်တစ်နေ့ကစပြီး ဆရာကြီး ဗဟား …ွန်းက သတင်းပို့တယ်။ မလိုက်နာဘူး။ ဒီအတိုင်းပဲတဲ့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ဒေါပွသွားတယ်။ ကျွန်တော် (၃)ရက်တိတိ စောင့်ကြည့်တယ် ထောင်ပိုင်ထောင်အရာရှိအမိန့် ထောင်ထဲရောက်နေတဲ့ အကျဉ်းသ က နားမထောင်ရအောင် သူတို့က ဘာကောင်တွေလဲပေါ့။ အပြင်မှ သမ္မတသားဖြစ်ဖြစ်၊ ဗိုလ်ချုပ်ကြီးသားဖြစ်ဖြစ် အပြင်မှာတော့ ဟု မယ်၊ ထောင်ထဲမှာကတော့ အကျဉ်းသားဟာ အကျဉ်းသားပဲ။

(၃၊ ၄)ရက်ရှိတော့ ကျွန်တော်နဲ့ ထောင်မှူးကြီး ဦးလှဖေ သီးသန့်ထောင်လိုက်သွားတယ်။ အဲဒီမှာ အစည်းအဝေးခန်းမတစ် တယ်။ စားပွဲနဲ့၊ ကုလားထိုင်နဲ့၊ ခုံတန်းရှည်တွေလည်းရှိတယ်။ လူ ငါးဆယ်ဆန့်တယ်။ အဲဒီ ဗကပ ကွန်မြူနစ်အကျဉ်းသားတွေကို ဒီအ ထဲခေါ်ခဲ့လို့ ဆရာကြီးပွန်းကို အခေါ်ခိုင်းလိုက်တယ်။

ကျွန်တော်နဲ့ ဦးလှဖေကတော့ စားပွဲထိပ်မှာ ကုလားထ ကိုယ်စီနဲ့ ထိုင်နေတယ်။ နောက်မကြာဘူး ကွန်မြူနစ်အကျဉ်းသား ရောက်လာတယ်။ တစ်ခန်းလုံး ပြည့်သွားတာပဲ။ ကျွန်တော်က ဘာ မပြောရသေးဘူး။ သူတို့က စပြီး တစ်ယောက်တစ်ပေါက်ပြောကြတယ် ကျွန်တော်က သူတို့ကို လက်ပြလိုက်တယ်။ ထိုင်ခိုင်းလိုက်တယ်။ တ ကထိုင်တယ်။ တချို့က မထိုင်ဘူး။ သူတို့ပြောချင်တာ ဆက်ပြော ကြတယ်။

ကျွန်တော်က 'ငါလာတာ မင်းတို့ပြောတာ နားထောင်ဖို့ တာမဟုတ်ဘူး။ မင်းတို့ကို ပြောစရာရှိလို့ ငါလာတာ။ မင်းတို့ဘာ မပြောနဲ့ထိုင်ကြ' လို့ ဒေါလေးပွပွနဲ့အော်ပြီး အမိန့်ပေးလိုက်တယ်။ ပျော့လေးပေးတဲ့ အမိန့်မဟုတ်မှန်းသိတော့ သူတို့ ငြိမ်ပြီးထိုင်ကုန် တယ်။





'ငါဟာ အခု မန္တလေးထောင်ပြောင်းလာတဲ့ ထောင်ပိုင်။ မင်း သို့အကျဉ်းသားတွေကို အုပ်ချုပ်ဖို့လာခဲ့တာ။ ငါ့မှာ မင်းတို့နဲ့ပတ်သက် ပြီး ကျန်းမာရေး၊ လုံခြုံရေး၊ စားရေးသောက်ရေးအားလုံး တာဝန်ရှိ တယ်။ မင်းတို့ကလည်း ထောင်အာဏာပိုင်တွေစကား နားထောင်ရ မယ်။

ထောင်ဥပဒေစည်းကမ်းအတိုင်း ငါအုပ်ချုပ်မှာ မင်းတို့က လည်း ထောင်ဥပဒေစည်းကမ်းအတိုင်း နေရမယ်။ ထောင်ပိုင်စကား နားထောင်ရင် ထောင်ဥပဒေစည်းကမ်းအတိုင်းနေရင်း ငါ့မိဘအရွယ် ဆိုရင် ငါ့မိဘလိုသဘောထားမှာ။ ငါ့အရွယ်ဆို ညီအစ်ကိုတွေလိုသဘော ထားမယ်။ သားသမီးအရွယ်တွေဆို သားသမီးလိုသဘောထားမယ်။

ဟိုနေ့က မင်းတို့အဆောင်တွေ အခန်းတွေ ဝင်ကြည့်တယ်။ ညစ်ပတ်နေတာပဲ။ တွေ့ကရာတွေလည်း ရေးထားကြတယ်။ ပုံတွေကို လည်း ဆွဲပြီးချိတ်ထားတယ်။ ကပ်ထားကြတယ်။ ဒါတွေကို ဖျက်ပစ်။ ဖြုတ်ပစ်ကြလို့ ငါမှာခဲ့တယ်။ ထောင်ပိုင်စကား မင်းတို့နားမထောင် ဘူး။ ဒီအတိုင်းထားတယ်။ ထောင်ပိုင်စကားကို အကျဉ်းသားနား မထောင်လို့ မရဘူး။ ဒါ ထောင်ကွ။ မင်းတို့အိမ် မှတ်နေသလား။ မင်း တို့ ပဲခူးရိုးမစခန်းဌာနချုပ်' မှတ်နေသလားပေါ့။

မနက်ထောင်ဖွင့် ညနေထောင်ပိတ်တဲ့ အချိန်တွေမှာလည်း ထောင်စည်းကမ်းအတိုင်း နှစ်ယောက်စီ ပုံစံထိုင်မပေးကြဘူး။ စည်း ကမ်းမလိုက်နာကြဘူး။ ငါ အခု အချိန်ပေးမယ်။ ဒီနေ့ကစပြီး (၃)ရက် အတွင်း ငါပြောတဲ့အတိုင်း ငါအမိန့်ပေးတဲ့အတိုင်း လိုက်နာကြပါ။ နား ထောင်ကြပါ။ မလိုက်နာရင် လိုက်နာအောင်ငါလုပ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ထောင်စည်းကမ်းဥပဒေအတိုင်း ငါလုပ်မှာ၊ နောက်တော့ ငါ့
အဆိုးမဆိုနဲ့။ ခပ်တင်းတင်း ခပ်မာမာပြောပြီး ပြန်လွှတ်လိုက်တယ်
တချို့ကတော့ ကုပ်ကုပ်ကလေး ပြန်သွားကြတယ်။ တချို့ကတော့ ခေါ
မော့ရင်ကော့ပြီး ပြန်သွားကြတယ်။

ကျွန်တော် (၃)ရက် အချိန်ပေးထားပေမဲ့ ဝင်မကြည့်နိုင်သေ
ဘူး။ ထောင်မကြီးမှာကလည်း ဘိန်းဖြူကိစ္စတွေ အဲဒီဘိန်းဖြူနဲ့ပ
သက်ပြီး ရိုက်မှုတွေ၊ ဓားထိုးမှုတွေကလည်း အပြည့်။ ဒါတွေလည်
ကိုင်နေရသေးတယ်။

ကျွန်တော့်ဆီကိုတော့ အဲဒီက ထောင်မှူးကြီးဆရာကြီး ဗဟ
ဒူးပွန်းကတော့ အခြေအနေကို အမြဲနေ့စဉ် သတင်းပို့နေတယ်။ တ
က စည်းကမ်းလိုက်နာလာကြတယ်။ တချို့ကတော့ မလိုက်နာကြ
ဒီအတိုင်းပဲတဲ့။ မလိုက်နာတဲ့လူတွေက ပိုများတယ်တဲ့ဗျာ။

အဲဒီ ဗကပ ကွန်မြူနစ်အကျဉ်းသားတွေကတော့ စောလွ
မောင်အေး၊ ဂလိတင်ဝင်း၊ နဂါးနီတင်ဝင်း၊ ကျော်မြင့်(ခ)တန်ကျင်မ
ကျော်မင်းဟန်၊ ခင်မောင်သိန်း၊ သန်းထွန်း၊ မေမြို့ဝင်းမြင့်၊ မုံရွာ
မြဦး၊ ရှေ့နေမုံရွာတင်ရွှေတို့တွေပဲ သူတို့တစ်တွေခေါင်းဆောင်ပြီး ထော
ထဲမှာ ထင်သလိုကြဲနေကြတာ။

**တစ်ပတ်လောက်ရှိတော့ ဝန်ထမ်းအင်အား (၅၀)လောက်**
သီးသန့်တွဲဘက်ထောင်ထဲမှာ ထင်တိုင်းကြဲ ထင်တိုင်းဗိုလ်ကျနေကြ
ဗကပကွန်မြူနစ်အကျဉ်းသား (၄၀)လောက်ကို ထောင်စည်းကမ်းလို
နာအောင်၊ ထောင်မှန်းသိအောင် ထောင်ပုံစံတွေပြပြီး ထောင်ပိုင်ထော
ဝန်ထမ်းတွေရဲ့အမိန့်တို့ စကားကိုနားထောင်တဲ့ အကျဉ်းသားတွေ





အောင် ဆုံးမလိုက်ရပါတယ်ဗျာ။ စိတ်တော့ မကောင်းပါဘူး။ ကိုယ့်ညီ
ကိုယ့်သားသမီးအရွယ်တွေလေ။

ခေါင်းဆောင်တွေ ရွေးထုတ်ပြီး တိုက်ထဲထည့်သင့်တဲ့လူကို
တိုက်ထဲထည့်၊ ဆရာဝန်နဲ့ဆေးမှူးခေါ်ပြီး ထိပ်ပေါက်ခေါင်းကွဲသွားတဲ့
လူတွေကို ဆေးထည့်ချုပ်ပေးရမယ်သူတွေကျတော့ ချုပ်ပေးရတာပေါ့။
ကျိုးတာပဲ့တာတွေ မရှိပါဘူး။ ဒီတော့မှပဲ ငြိမ်သွားကြတော့တယ်။ ထောင်
မှန်းသိသွားကြတော့တယ်။ ထောင်ထဲမှာ ကောင်းကောင်းနေကြတော့
တယ်။ ထိုနေ့ကစပြီး သူတို့တစ်တွေထောင်ထဲမှာ ထောင်ပုံစံကျကျ နေ
ထိုင်သွားကြတော့တယ်ဗျာ။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

မန္တလေးထောင်ကြီးမှာက စာရေးသူရောက်သွားတော့ အကျဉ်းသား (၅၀၀၀)ကျော်ရှိတယ်။ အဲဒီအထဲမှာ အမှုစစ်ဆေးဆဲ အချုပ်သားတွေက (၂၀၀၀)ကျော်ရှိတယ်။ အဲဒီအထဲမှာတော့ မူးယစ်ဆေးဝါးမှုတွေနဲ့ ရောက်နေကြတာက တစ်ဝက်ကျော်တယ်။ ရောင်းတဲ့သူ၊ သယ်တဲ့သူ၊ ရှူတဲ့သူ၊ သုံးတဲ့သူတွေပေါ့။ ထောင်ထဲမှာ ရှူတဲ့သူတွေပါရောက်နေတော့ ရောင်းတဲ့သူတွေကလည်း ထောင်ထဲအထိ ယူရောင်းကြတယ်ဗျာ။

သယ်တဲ့လူတွေကလည်း နည်းအမျိုးမျိုးနဲ့ ထောင်ထဲအထိ သယ်ကြတယ်။ ဝှက်ယူလာကြတယ်။ ပါးစပ်ထဲ ငုံလာကြတယ်။ စအိုထဲ ထည့်ယူလာကြတယ်။ ရှာဖွေရေးလုပ်တော့ မိတဲ့အခါလည်း မိတာပေါ့။





မမိလို့ လွတ်သွားတဲ့အခါကြတော့ ထောင်ထဲအထိ ရောက်တော့တာပေါ့။

အထူးသဖြင့် တရားရုံးထွက်ပြီး အမှုစစ်ဆေးနေတဲ့ အချုပ်သားတွေက များများသယ်လာကြတယ်။ နောက် ထောင်အပြင်ထွက်ပြီး အလုပ်လုပ်ရတဲ့ အကျဉ်းသားတွေကလည်း အလုပ်ကအပြန် ခိုးဝှက်ယူလာကြတာတွေလည်းရှိတယ်။

နောက်ပြီးတော့ သစ္စာမရှိတဲ့ အကျင့်ပျက်ဝန်ထမ်းတွေကလည်း နည်းအမျိုးမျိုးနဲ့ သွင်းကြတယ်။ ဂျူတီအဝင်မှာ ပါလာတယ်။ မျှော်စင်ပေါ်မှာတာဝန်ကျတဲ့ ဝန်ထမ်းတွေကလည်း မျှော်စင်အပေါ်ကနေ အောက်ချပေးတယ်။ ဒီတော့ ထောင်ထဲမှာ နံပါတ်ဖိုးလို့ခေါ်တဲ့ ဘိန်းဖြူဟာ ပြတ်တယ်မရှိဘူး။ သစ္စာမရှိ အကျင့်ပျက်ဝန်ထမ်းတွေက လူများစု ဒီအလုပ်မလုပ်တဲ့ ဝန်ထမ်းရယ်လို့ မရှိသလောက်ဖြစ်နေတယ်။

အပင်ပန်းခံ၊ အမုန်းခံပြီးလုပ်မဲ့ ထောင်အရာရှိတွေကလည်း မရှိသလောက်။ သူဖြစ်သူခံ၊ တို့နဲ့က အနေသာကြီး၊ လူလိမ္မာလုပ်နေကြတာက များတယ်။

ဒီတော့ ထောင်ထဲမှာ သုံးတဲ့လူတွေကလည်း အပြင်မှာလိုပဲရနေတယ်။ အပြင်မှာက တစ်ခါတလေ ရှာရတာခက်တယ်။ စီမံချက်ရှိတယ်ဆိုရင် ရဲတွေခြေချင်းလိမ်နေတော့ မရတော့ဘူး။ နယ်ထိန်းရဲတွေလိုက်နေတယ်ဆိုရင် ရောင်းတဲ့လူတွေ ပျောက်ကုန်တယ်။ အဲဒီအခါ မရတော့ဘူး။ ထောင်ထဲမှာကတော့ ဘာစီမံချက်မှရှိတာမဟုတ်ဘူး။ နယ်ထိန်းရဲလည်း မရှိဘူး။ အချိန်မရွေးရတယ်။ လိုတာဆိုတော့ ပိုက်ဆံပဲ။ ပိုက်ဆံကလည်း ထောင်ထဲမှာ ပလူပုံနေတာပါပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားပြီး စီးပွားရှာနေကြတဲ့ သူတွေကတော့ အများအားဖြင့် ရှမ်းတရုတ်တွေနဲ့ မူဆလင်တွေများ တယ်။ ကျွန်တော်တို့ဗမာတွေက သူတို့လို စီးပွားရေးမျက်စိမရှိကြဘူး။ အဲဒီအလုပ်ကို ဗမာတွေမလုပ်ဘူး။

ဗမာတွေက ရှူတဲ့နေရာက သုံးတဲ့နေရာက တချို့ဆိုရင် မိသားစုလိုက် ထောင်ထဲရောက်နေကြတယ်။ အပြင်မှာ အမေပဲကျန် တယ်။ ဖအေပဲကျန်တယ်။ အဲဒါမျိုး (၃၊ ၄) ဦး တွေ့ခဲ့ရတယ်။ ညီ အစ်ကိုမောင်နှမတွေ သမီးယောက်ဖတွေ တစ်အုပ်ကြီးပဲ။

ကျွန်တော် ထောင်မှူးကြီး ဦးလှဖေနဲ့တိုင်ပင်ပြီး ထောင်တွင်း မူးယစ်ဆေးဝါးပပျောက်ရေးနဲ့ ဒုစရိုက်နှိမ်နင်းရေးစီမံချက်တွေ ရေးတယ်။ ဆွဲတယ်။ အောက်ကအရာရှိ ထောင်မှူးတွေလည်း ခေါ်တယ်။ အခြား အဆင့်ထဲက အတွေ့အကြုံရှိတဲ့ လုပ်သက်ရင့်တဲ့ အမှုထမ်းတွေကိုလည်း ခေါ်တယ်။ တိုင်ပင်ကြတယ်။ ဆွေးနွေးကြတယ်။ ပြီးတော့ စီမံချက်ရေး ဆွဲကြတယ်။ ညဆို နာရီပြန်တစ်ချက်နှစ်ချက်ထိပဲ။ တစ်ပတ်လောက် ကြာတယ်။

ထောင်အရာရှိတွေ၊ ထောင်မှူးတွေ တင်ပြတာကိုလည်း နား ထောင်တယ်။ လက်ခံတယ်။ အခြားအဆင့်ဝန်ထမ်းတွေ တင်ပြတာ ကိုလည်း နားထောင်တယ်။ သူတို့က တင်ပြတာက ဖဲဝိုင်းဆို သူတို့က ကင်းအထပ်ထပ်ချပြီးမှ ကစားကြတာပေါ့။ ဖမ်းမိဖို့ကတော့ မလွယ် ဘူးတဲ့။

မူးယစ်ဆေးဝါး ဘိန်းဖြူတို့၊ ဘိန်းညိုတို့၊ ဘိန်းမဲတို့၊ အရက် တို့ဆိုရင် အဖွဲ့နဲ့ရောင်းတာတဲ့။ အဲဒီအဖွဲ့တွေဟာ တစ်ဖွဲ့တစ်ဖွဲ့ဆို လူ အင်အား လေးဆယ်ငါးဆယ်ရှိတယ်။ လူမိုက်တွေ၊ မဖမ်းရဲဘူး။ သတင်း





ပေးလို့ထင်တဲ့အကျဉ်းသားဆို စူးနဲ့ထိုး ဓားနဲ့ထိုးတယ်။ အမှုထမ်းတွေ က အခုလိုတင်ပြကြတယ်။

ကျွန်တော်က ထောင်ထဲမှဗျာ . . . ဖဲဝိုင်းဖမ်းတာတို့ ဘိန်း ရောင်းတာသိလို့ ဝင်ဖမ်းတာတို့ဆိုတာ သက်သေလူကြီးတွေ မလိုပါ ဘူး။ ရှာဖွေပုံစံတွေလည်း မလိုပါဘူး။ သက်သေခံ ပစ္စည်းမရရင် သူတို့ ကို အရေးယူလို့မရတော့ဘူးလား။ ဒါ ထောင်။ အပြင်မှာလို အဲဒါတွေ မလိုပါဘူး။

ကျွန်တော်လိုတာက အကျဉ်းသားတွေရဲ့ စာရင်းပဲ။ ထောင်ထဲ ဘိန်းဖြူရောင်းတဲ့ အကျဉ်းသားတွေ၊ အရက်ရောင်းတဲ့ အကျဉ်းသား တွေ၊ ဖဲဒိုင်ခံပြီး အကောက်ကောက်စားနေတဲ့ အကျဉ်းသားတွေ၊ ဖဲ သမားတွေ၊ နောက်ပြီး ထောင်ထဲမှာ အကျဉ်းသားအချင်းချင်း ဓား ထောက်လုတဲ့လူဆိုးတွေ၊ လူငယ်အကျဉ်းသားလေးတွေကို အနိုင်ကျင့် ပြီး မတော်မတရား အိုးစားလုပ်တဲ့လူတွေ ဒီအကျဉ်းသားဆိုးတွေရဲ့ စာရင်း ကျွန်တော်လိုချင်တယ်။

မနေ့တစ်နေ့ကမှရောက်လာတဲ့ ကျွန်တော် တချို့သိနေပြီ။ ဒီ မှာအနေကြာတဲ့ ခင်ဗျားတို့ မသိစရာ အကြောင်းမရှိဘူး။ ကျွန်တော့် ကိုတော့ ကူညီကြပါဆိုတော့ အားလုံး ဝိုင်းကူညီကြတယ်။ နောက် ထောင်ထဲကို ဘိန်းဖြူတွေ၊ ပစ္စည်းတွေ ခိုးသွင်းပေးနေတဲ့ အကျင့်ပျက် ဝန်ထမ်းတွေရဲ့စာရင်းကိုလည်း လိုတယ်။ အဲဒီစာရင်းတွေပြုစုပြီး ကျွန် တော့်ထံ အမြန်ပို့လို့ဆိုတော့ မကြာဘူး စာရင်းတွေရောက်လာတယ်။

ရွှေဘိုနယ်၊ ရေဦးသားဓားပြမှုဗိုလ်၊ ဓားပြမှု ၃/၄ မှုနဲ့ ထောင် (၁၅)နှစ်ကျနေတဲ့ စိုးမောင်ကတစ်ဖွဲ့။ သူ့မှာ တပည့်တပန်း အကျဉ်း သား (၅၀) လောက်ရှိတယ် မွေးထားတာ။ သူက အရင်ပြေးက ရွာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာမှာ ကျောင်းဆရာ။ အသားဖြူဖြူ၊ အရပ်အမောင်းက ခပ်ကောင်းကောင်း၊ ဥပဓိရုပ်က ကောင်းတယ်။

တောဘက်မှာ ကျောင်းဆရာလုပ်ရင်း သူ့ကို ဓားပြတွေက ဖမ်းသွားတယ်။ အပြောကောင်း၊ အဆိုကောင်း၊ ဥပဓိရုပ်ကောင်းတော့ ဓားပြတွေနဲ့ အပေးအယူမှုပြီး ဓားပြဖြစ်သွားတယ်။ ကြံရေဖန်ရေကောင်းတယ်။ အဆက်အသွယ်ကောင်းတယ်။ ဒီတော့ အဲဒီဓားပြအဖွဲ့မှာ သူက ဓားပြဗိုလ်ဖြစ်သွားတာတဲ့။ နောက်ပိုင်း သူ့တပည့်တွေက သူ့နာမည်နဲ့ ရွာတွေလိုက် ဓားပြတိုက်တာ သူလိုလို နာမည်ကြီးသွားတာတဲ့။

နောက်ကန့်ဘလူနယ်က ဓားပြဗိုလ် ဗိုလ်စိုးတဲ့။ သူကလည်း ထောင်ထဲမှာ။ သူ့နယ်သားရပ်သားတွေ၊ တပည့်တွေနဲ့ တစ်ဖွဲ့။ သူ့မှာလည်း အင်အား (၅၀)လောက်ရှိတယ်။ အသက်က (၅၀)လောက်။ ထူးတာက သူက သျှောင်ကြီးနဲ့ဗျ။ ထောင်ထောင်မောင်းမောင်း။ သူလည်း ဥပဓိရုပ်ကောင်းတာပဲ။

ရေဦးက ဓားပြဗိုလ်။ စီမောင်လိုတော့ အသားမဖြူဘူး။ ညိုညိုတုတ်တုတ်။ ပိုလို့တောင်ကြည့်ကောင်းသေးတယ်။ ကျွန်တော် မန္တလေး ရောက်တော့ ထောင်ထဲလှည့်ပတ်ကြည့်တော့ ထောင်ကျဆောင်အပေါ် ထပ် အခန်း (၁)မှာတွေ့တယ်။ အဲဒီအခန်း ဘုရားစင်အောက်မှာ ထိုင်နေတယ်။ ကျွန်တော်ရောက်တော့ မတ်တတ်ရပ်ပြီး ပုံစံအနေအထားနဲ့ ဘုရားလူကြီးလုပ်နေတယ်တဲ့။

နောက်တစ်ယောက်က မတ္တရာနယ်က ဓားပြဗိုလ်မောင်ညွန့် (ခ) ကုလားညွန့်တဲ့။ သူ့ကို ကုလားနဲ့တူလို့ ကုလားညွန့်လို့ခေါ်တာတဲ့။ ကုလားတော့မဟုတ်ဘူး ဗမာစစ်စစ်။ ဓားပြမှု (၃၊ ၅) မှုနဲ့ ထောင် အနှစ် (၂၀)ကျနေတာတဲ့။ အမှုတွေကလည်းများ၊ တပည့်တွေကလည်း





များ၊ တပည့်တွေလည်း သူနဲ့အတူ ထောင်ကျနေကြတာ (၁၀)ယောက်လောက်ရှိတယ်။ သူက အင်အားအတောင့်ဆုံးပဲတဲ့။

မူးယစ်ဆေးဝါး၊ ဘိန်း၊ ဘိန်းဖြူ စတာတွေကို ထောင်ထဲရောက်အောင်သွင်းပြီး ရောင်းနေကြတဲ့ အဖွဲ့ကြီးတွေပေါ့။ ဂိုဏ်းဖွဲ့ပြီး အကြီးအကျယ်လုပ်နေကြတာ သူတို့အဖွဲ့တွေပဲ။

အသေးအမွှားအဖွဲ့လေးလည်း ရှိသေးတယ်။ ဆေးရုံတန်းစီးလုပ်တဲ့ အကျဉ်းသားကျော်ငြိမ်းကလည်း အနည်းအကျဉ်းလုပ်တယ်။ အချုပ်တန်းစီး မြလိုင်ဆိုတဲ့အကျဉ်းသားကလည်း လုပ်တယ်။ တိုက်တန်းစီးအောင်ထွန်းကလည်း လုပ်တယ်။ ရောကန်ဘာယာတို့၊ မိလ္လာဘာယာတို့ စတာတွေကလည်း လုပ်ကြတယ်တဲ့။

ထောင်ထဲမူးယစ်ဆေးဝါးမှုနဲ့ ရောက်လာတဲ့လူသစ်ကို သူတို့အဖွဲ့တွေက အလုအယက်ခေါ်တယ်။ ဆွယ်တယ်၊ ထောင်ထဲမှာလည်း ဆေးမှုနဲ့ ရောက်နေကြတဲ့သူတွေကလည်း အများကြီး။ မိကောင်းဖခင်သားမီးတွေလည်း ပါတယ်။ မြို့ပေါ်က ချမ်းသာတဲ့မိဘတွေရဲ့ သားသမီးတွေလည်းပါတယ်။

လူ့ဂုဏ်တန်သားသမီးတွေ၊ အရာရှိကြီးတွေရဲ့ကလေးတွေ မိဘတွေကမနိုင်လို့ ရဲနဲ့တိုင်ပင်ပြီး ထောင်ထဲလာထည့်ထားတာတွေကလည်း အများကြီး။ အဲဒီကလေးတွေ လူဆိုးအကျဉ်းသားတွေနဲ့တွေ့တော့ ဒုက္ခရောက်နေကြရတယ်။

ဘိန်းဖြူ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ထောင်ထဲမှာ လူသတ်မှုတွေ၊ ရိုက်မှုတွေ၊ ဓားထိုးမှုတွေက မကြာခဏဖြစ်တယ်။ အဲဒီအသံတွေကြားတော့ အပြင်ကမိဘတွေ စိုးရိမ်ရ၊ စိတ်ပူရ၊ ရင်တမမနဲ့ ဒိ[illegible]မနဲ့ ထောင်ထဲရောက်လို့ကတော့ ထည့်တုန်းကထည့်ကြပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်နှုတ်လို့ မရကြတော့ဘူး။ ဒီလိုမှန်းမသိလို့ ထောင်ထဲပို့ထားတာပါ။ သိလို့ကတော့ ဘယ်ပို့မလဲလို့ နောင်တရတဲ့ မိဘတွေကလည်းရှိတယ်။

ဘိန်းဖြူသုံးတဲ့သူဟာ စွဲသွားရင် အပြတ်မခံနိုင်ဘူး။ ယင်းထတယ်လို့ခေါ်တယ်။ အပြင်မှာဆို မရရအောင်ရှာရတယ်။ အခု ထောင်ထဲရောက်လာတော့ ဘိန်းဖြူက အဆင်သင့်။ မပူရတော့ဘူး။ ပိုက်ဆံပဲလိုတယ်။ ပိုက်ဆံကို ထောင်ထဲမရောက်ရောက်အောင် နည်းမျိုးစုံနဲ့သွင်းကြတယ်။ ထောင်ထဲမှာ ဘိန်းဖြူဟာ ပြတ်တယ်မရှိဘူး။ ပိုက်ဆံတွေကလည်း ထောင်ထဲ ပလူပျံနေတာပဲဗျာ။

ပိုက်ဆံမရှိတဲ့အကျဉ်းသားက အစားအသောက်ပစ္စည်းတွေ အဝတ်အထည်တွေ စောင်ကိုတောင်မချန်ဘူး၊ ဘိန်းဖြူနဲ့ အလဲအလှယ်လုပ်ပြီးသုံးကြတယ်။ တချို့ဆို အဝတ်အစားမရှိတော့လို့ စောင်ခြုံနေရတယ်။ စောင်မရှိတော့ ချောင်မှာ သွားကုပ်နေရတယ်။ ရုံးထွက်တော့အဝတ်အစားမရှိလို့ မထွက်နိုင်ကြဘူးတဲ့။

ကိုယ့်မှာပါလာတဲ့ အင်္ကျီတွေ၊ ပုဆိုးတွေ၊ ဘောင်းဘီတွေ စောင်တွေမရှိတော့ နေကလည်း မနေနိုင်ဘူး။ ထောင်ဝင်စာလာရင် ပေးပါ့မယ်။ ရုံးထွက်ရုံးက ပြန်ရင်ပေးပါ့မယ်ဆိုပြီး အကြွေးယူကြတယ်။ အပြင်က မိဘဆွေမျိုးတွေကလည်း ကြာတော့ ဒဏ်မခံနိုင်ကြတော့ဘူး။ မပေးနိုင်ကြတော့ဘူး။

ဒီတော့ အဲဒီအကျဉ်းသားကို အကြွေးမရလို့ ဓားနဲ့ထိုးတယ်၊ စူးနဲ့ထိုးတယ်၊ ထိုးတာလက်လွန်သွားရင်တော့ သေတော့တာပဲ။ အထိုးခံရတဲ့ အကျဉ်းသားကလည်း ထိုးတဲ့သူကိုသိတယ်။ မပြောရဲဘူး။

ကျွန်တော် သီးသန့်ထောင်က စည်းကမ်းပျက် အကျဉ်းသားတွေ၊ သောင်းကျန်းနေတာတွေ ဖြိုလိုက်တယ်ဆိုတာဟာ ထောင်မကြီး





...က် က အကျဉ်းသားတွေဆီ ချက်ချင်းသတင်းတွေ ရောက်လာတယ်။ ထောင်ပိုင်ကြီး မလွယ်ပါလားတဲ့။ လန့်လာကြတယ်။ ရွံ့လာကြတယ်။ ကြောက်လာကြတယ်။ တချို့ဆို ဆက်မလုပ်ကြတော့ဘူး။ ကိုယ်ရှိန်သတ်နေကြတယ်။ ဟန်မပျက်နေကြတယ်။

ကျွန်တော့်လက်ထဲကို အကျဉ်းသားဆိုးတွေရဲ့ စာရင်းရောက်လာတယ်။ အကျင့်ပျက်ဝန်ထမ်းတွေရဲ့ စာရင်းလည်း ရောက်လာတယ်။ ...ထမ်းတွေဘက်ကို ကျွန်တော်မလှည့်သေးဘူး။ အကျဉ်းသားတွေကို ...ိုင်တယ်။ အဲဒီလို စနေတုန်း ရုံးပြန်မှာ အကျဉ်းသားတစ်ယောက် ...မှ လျှို့ဝှက်ယူခဲ့တဲ့ ဘိန်းဖြူ (၃၊ ၄)ထုပ်မိတယ်။

အဲဒီအကျဉ်းသားကို ထောင်မကြီးမှာ မထားတော့ဘူး။ တွဲ...က်သီးသန့်ဆောင်ပို့ပြီး ချက်ချင်း ကျွန်တော်နဲ့ ထောင်မှူးကြီးဦးလှဖေ ...သွားစစ်တယ်။ ထောင်ထဲမှာ ဘိန်းဖြူရောင်းတဲ့ အကျဉ်းသားဒုစရိုက် ...ကျဉ်းသားတွေရဲ့ စာရင်းပေါ့။ ဓားထောက်လုတဲ့ အကျဉ်းသားဆိုး ...၊ အကျဉ်းသားအချင်းချင်းပေါ်မှာ မတရားအနိုင်ကျင့် မိုက်ကြေးခွဲ...ကျနေတဲ့ စာရင်းပေါ့။ အဲဒီအကျဉ်းသားက အားလုံးအစစ်ခံတယ်၊ ...န်တော်ရတဲ့ စာရင်းနဲ့မကွာဘူး။

အကျဉ်းသားဆီကရတဲ့ စာရင်းနဲ့ ထောင်မှူးတွေ ဝန်ထမ်း...တွေဆီကရတဲ့ စာရင်းတွေပေါင်းပြီး ထောင်တွင်းဘိန်းဖြူပပျောက်ရေး ...ဒုစရိုက်နှိမ်နင်းရေးလုပ်ငန်းတွေ စရတော့တာပေါ့။ ကျွန်တော်နဲ့ ထောင်...ကြီးတိုင်ပင်ပြီး စာရင်းအရ ခေါင်းဆောင်ပိုင်းက စမခေါ်ဘူး။ အောက်...နေ စခေါ်တယ်။ ခေါင်းဆောင်ပိုင်းဗိုလ်တွေက စခေါ်လို့မရရင် ရှေ့...က်ပြီး။ဘာလုပ်မလဲ၊ ကြည့်နေလို့ရမလား အကိုင်ရခက်သွားမယ်။ ...ကြောင့် အောက်ကတပည့်တွေက စခေါ်တယ်။

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပထမ (၅)ယောက်စာရင်းလုပ်ပြီး တပ်ကြပ်သန်းဝင်းနဲ့ ဥ
စိန်အောင်တို့ နှစ်ယောက်ကို အခေါ်ခိုင်းလိုက်တယ်။ ကျွန်တော်ခေါ်ခိုင်း
တဲ့ အကျဉ်းသား (၅)ယောက် ကျွန်တော့်ရှေ့မှောက် ချောချောချ
နဲ့ရောက်လာကြတယ်။ ဟိုတုန်းက အပြစ်ရှိတဲ့အကျဉ်းသားကို သွ
ခေါ်ရင် မလိုက်ဘူး။ အဲဒါ ထောင်မှူးအရာရှိကိုယ်တိုင် သွားခေါ်တာ
ခုတော့ မနေရဲကြတော့ဘူး။ အာမခံရဲကြတော့ဘူး။

ကျွန်တော်ခေါ်ခိုင်းတဲ့ အကျဉ်းသားတွေ ဟုတ်၊မဟုတ်
ဆေးပြီး ခြေချင်းခတ်ခိုင်းလိုက်တယ်။ သီးသန့်ထောင်က တိုက်ခ
ထဲ သွားထည့်ခိုင်းလိုက်တယ်။ ဒီ(၅)ယောက်ကို ကျွန်တော်တို့ တစ်
လုံး တစ်ညလုံးစစ်ကြတယ်။ ချော့စစ်လို့ရတာမဟုတ်ဘူး။

ဒုတော်တော်ကလေးကို ခပ်ကြမ်းကြမ်းကိုင်ပြီး စစ်ယူရတယ်
ဒိုင်ခံသူ၊ မားထောက်လုပ်တဲ့သူ ဒုစရိုက်သမား၊ အကျဉ်းသားဆိုး စာရ
တွေရတယ်။ အတော်ဖော်ထုတ်ရတယ်။ အကျင့်ပျက်ဝန်ထမ်းတွေ
စာရင်းဘိန်းဖြူသွင်းပေးတဲ့ ဝန်ထမ်းပိုက်ဆံသွင်းပေးတဲ့ ဝန်ထမ်းစာရ
တွေပေါ့။ ဒီစာရင်းတွေလည်းရတယ်။

ကျွန်တော် သူငယ်ချင်းအကျဉ်းသားတွေကို သီးသန့်ထောင်
ခေါ်စစ်နေတာ။ ခပ်ကြမ်းကြမ်းစစ်နေတာကို ထောင်မကြီးက အကျ
သားအားလုံးသိကြတယ်။ အပြစ်ကျူးလွန်ထားတဲ့ အကျဉ်းသားတွေ
ကတော့ ငါ့အလှည့်ဘယ်တော့ရောက်မလဲလို့ စိတ်တထင့်ထင့်နဲ့ စော
နေကြတယ်။ ငါးယောက်စစ်ပြီးတော့ နောက်ထပ်ငါးယောက်ခေါ်စစ်တယ်
နေ့ရော၊ ညရောစစ်ကြတာ လူနှစ်ဆယ်အစိတ်စစ်ပြီးတော့မှ မိုလ်လု
နေတဲ့အကျဉ်းသား သူတို့ဆရာကြီးတွေကိုခေါ်တယ်။ ကောင်းကော
မွန်မွန် အေးအေးဆေးဆေးနဲ့မှ လိုက်ပါ့မလားလို့ စိတ်ပူနေကြတယ်





ကျွန်တော်ကတော့ ပြောလိုက်တယ်။ သွားခေါ်တဲ့အမှုထမ်းနှစ်ယောက်
ကို 'မလိုက် ရိုက်ခေါ်ခဲ့လို့'။

ဘုရင်တို့ဘုန်း မိုးသို့ချွန်း လူပုန်းတောမှာမနေသာတဲ့ ရှေး
လူကြီးသူမတွေရဲ့စကားကလည်းရှိတယ်။ ကျွန်တော်က ဘုရင်မဟုတ်
ပါဘူး။ ဘုရင်ကခိုင်းလို့လုပ်တာဆိုတော့ လူဆိုးတွေ၊ တောကြောင်တွေ
ပုန်းနေလို့မရကြဘူးပေါ့။ အားလုံးထွက်လာကြတယ်။ နာမည်ကြီးဓားပြ
တိုက်လူဆိုးကြီးတွေကိုလည်း ကုပ်သွားအောင်ဖြိုလိုက်တယ်။

ထောင်ထဲမှာ ဒုစရိုက်မှုမှန်သမျှ မကောင်းတာမှန်သမျှလုပ်နေ
ကြတဲ့ အကျဉ်းသားဆိုးအားလုံးကို ကောက်သင်းကောက်သလို ရွေးရွေး
ထုတ်ပြီး တစ်နေ့လုံးစစ်၊ တညလုံးစစ်လိုက်တာ နှစ်လလောက်ရှိတော့
အကျဉ်းသားဆိုးနှစ်ရာကို စစ်ဆေးပြီးအရေးယူလိုက်ရတယ်။ ထောင်မ
ကြီးမှာလည်း အတော်ငြိမ်ကုန်ပြီ။ မလှုပ်ရဲတော့ဘူး။ စစ်ဆင်ရေးကို
လည်း ရပ်လိုက်တော့တယ်။ ဆက်စစ်နေရင် တစ်ထောင်လုံးကုန်သွား
မယ်။

စစ်ဆေးဖော်ထုတ်ချက်တွေကြောင့် အကျင့်ပျက်ဝန်ထမ်းတွေ
ရဲ့ စာရင်းကိုလည်းရတယ်။ သူတို့က ထောင်ထဲကို အားလုံး လိုတာ
သွင်းပေးနေကြတာ။ ဘိန်းဖြူ၊ အရက်၊ ဖဲထုပ်၊ ငွေ စတာတွေကို
မျှော်စင်ပေါ်က ချပေးတယ်။ ဂျူတီဝင်ရင် ဝှက်ယူလာကြပြီး သွင်းပေး
နေကြတယ်။ အကျဉ်းသားထောင်ဖောက်ထွက်ပြေးဖို့ သံဖြတ်လွှတောင်
သွင်းပေးနေကြတယ်ဆိုပဲ။ ဘယ်လောက် သစ္စာမဲ့နေကြသလဲလို့ နောက်
ကျော ဓားနဲ့ထိုးနေကြတဲ့ ဝန်ထမ်းတွေပေါ့။

ကျွန်တော် ဝန်ထမ်းတွေဘက်ကို မလှည့်သေးဘူး၊ အရေး
ယူသေးဘူး။ အစည်းအဝေးခေါ်ပြီးတော့ သတိပေးနေတယ်။ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းအတော်များများဟာ အတော်အကျင့်ပျက်နေကြတယ်။ အကျဉ်းသားတွေနဲ့ပေါင်းပြီး ကိုယ်ကျိုးရှာနေကြတယ်။ ထောင်ထဲကို ဘိန်းဖြူ၊ တောင် မင်းတို့သွင်းပေးနေကြတယ်။

ကုန်ကုန်ပြောရရင် မင်းတို့ ထောင်ထဲ သံဖြတ်လွှတောင် သွင်းပေးနေတယ်လို့ ငါသိရတယ်။ ဒါထက်က ကမ်းကုန်တာတော့ မရှိတော့ဘူး။ အရက်၊ ဖဲထုပ်၊ ပိုက်ဆံတွေလည်း မင်းတို့သွင်းပေးနေတယ်။ မျှော်စင်ပေါ်က ချပေးတယ်။ ဂိတ်မကြီးပေါ်က ချပေးတယ်။ အချိန်းအဆက်လုပ်ပြီး အပြင်ကနေ အထဲကို အုတ်ရိုးကျော်ပြီး ပစ်သွင်းတယ်။

ဒီလိုလုပ်စားနေတဲ့ အကျင့်ပျက်ဝန်ထမ်းတွေရဲ့စာရင်း ငါ့မှာရှိတယ်။ ငါရထားပြီ။ ဟိုတုန်းက မင်းတို့ ထောင်ဥပဒေကို ချိုးဖောက်ပြီး ပြစ်မှုတွေကျူးလွန်ခဲ့တာကို အခု ငါ အရေးယူရရင် မင်းတို့တွေ တစ်ယောက်မှကျန်မှာမဟုတ်ဘူး။

အရင်ကလုပ်ခဲ့တာတွေကိုတော့ ငါ့လက်ထက်ကိုတော့ ယူမလာကြနဲ့။ ဟိုတုန်းကဟာတွေကို ငါ နောက်ကြောင်းပြန်ပြီး အရေးမယူတော့ဘူး။ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်တယ်ဆိုပါတော့။ အခု ငါရောက်တဲ့အချိန်ကစပြီး မင်းတို့အကျင့်ဆိုးတွေ ပြင်ကြ။ မပြင်ရင်တော့ ငါ လုံးဝသည်းမခံဘူး။ မင်းတို့သတ္တိရှိ စမ်းကြည့်။ ထောင်ထဲပြန်ရောက်ကုန်မယ်မှတ်။

အပြင်ကလူတွေ ထောင်ထဲရောက်ဖို့ဆိုတာ သိပ်မလွယ်ဘူး။ ထောင်ကအမှုထမ်းတွေ ထောင်ထဲရောက်ဖို့က သိပ်လွယ်တယ်။ အမှုထမ်းဘဝက အကျဉ်းသားဘဝရောက်သွားမယ်လို့ တော်တော်ကြိမ်းမောင်းရတယ်။ မလွယ်ဘူးဗျာ ...ထမင်းတစ်လုပ်စားဖို့ အပင်ပန်းခံရ၊ မုန်းခံရ၊ အငတ်ခံရနဲ့။





အကျင့်ပျက်ဝန်ထမ်းတွေကတော့ အများကြီးပဲ။ နာမည်ကြီးတဲ့ဝန်ထမ်းတွေကတော့ သန်းထိုက်၊ တင်မောင်၊ စိန်ဝင်း၊ ညီမောင်၊ ရွှေကျော်၊ ကျော်ငြိမ်း၊ သန့်စင်၊ မှတ်ရင်၊ သန်းထွန်း၊ စိုးလွင်၊ ဘခင်နဲ့ ညိုဝင်းတို့ဖြစ်ကြတယ်။

ကျွန်တော် နှစ်လလောက် ဘိန်းဖြူပပျောက်ရေးနဲ့ ဒုစရိုက်နှိမ်နင်းရေးလုပ်ပြီး အကျဉ်းသားဆိုးနှစ်ရာကျော်ကို ထောင်မကြီးကနေ တွဲဘက်သီးသန့်ထောင်ဘက်ရွှေ့ပြီး တိုက်ထဲမှာ ခွဲထားလိုက်တာ ထောင်မကြီးမှာ အတော်ကို ငြိမ်သွားတယ်။

ဘိန်းဖြူရောင်းမဲ့သူလည်း မရှိတော့ဘူး။ အရက်ရောင်းမယ့်သူလည်း မရှိတော့ဘူး။ မတရားအနိုင်ကျင့်တာတွေလည်း မရှိတော့ဘူး။ ဒီသတင်းဟာ အပြင်လောကက အကျဉ်းသားမိသားစုတွေထဲ ရောက်သွားတာပေါ့။ ဒီထောင်ပိုင်ကြီးရောက်မှ ထောင်ထဲမှာ ခားထိုးမှုတွေ၊ နှိုက်မှုတွေ၊ လူသတ်မှုတွေ မရှိတော့ဘူး။ ဘိန်းဖြူလည်း အထဲမှာမရတော့ဘူး။

ဟိုတုန်းက မူးယစ်ဘိန်းဖြူကြောင့် ညီအစ်ကိုအရင်းချင်း လူသတ်မှုဖြစ်တယ်ဆိုပြီး ဝမ်းသာအားရ ဖြစ်ကုန်ကြတယ်။ သူတို့သားတွေ၊ သင်တွေ၊ အစ်ကိုတွေ ဘယ်နေ့ ခားထိုးခံရမလဲ၊ ဘယ်နေ့အသတ်ခံရမလဲနဲ့ ပူပူပင်ပင်နဲ့ စိတ်တထင့်ထင့်နဲ့ ထောင်ထဲရောက်နေတဲ့လူတွေအတွက် ဘာသံများကြားမလဲလို့ စိတ်ပူနေကြရတာ။

ထောင်ဝင်စာလာတွေ့ကြတဲ့အခါမှာလည်း အထဲကအကျဉ်းသားတွေက သူတို့မိဘဆွေမျိုးတွေကို အားရပါးရ ဝမ်းသာစွာနဲ့ပြောကြတယ်။ အခု ထောင်ထဲမှာ လူဆိုးလူမိုက် အကျဉ်းသားတွေ မရှိတော့ဘူး။ အခုရောက်တဲ့ ထောင်ပိုင်ကြီးက တစ်ယောက်မကျန် အခါထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သီးသန့်ထောင်က တိုက်တွေထဲ၊ အခန်းတွေထဲမှာ ခြေချင်းတွေ
ခတ်ပြီးထားလိုက်တာ အခု သူတို့မရှိတော့ဘူး။

ခုမှပဲ ကျွန်တော်တို့ထောင်ထဲမှာ ကောင်းကောင်းမွန်မွန် အေး
အေးချမ်းချမ်းနေရတော့တယ်။ ကျွန်တော်တို့ကို စူးနဲ့ထိုးမဲ့သူလည်း မ
တော့ဘူး။ မားနဲ့ထိုးပြီး မတရားအနိုင်ကျင့်မဲ့လူတွေလည်း မရှိဘော
ဘူး။ စိတ်ချလက်ချနဲ့ ခုမှပဲ နေရတော့တယ်လို့ အားရဝမ်းသာနဲ့ ပြေ
ကြလို့ မိဘဆွေမျိုးတွေလည်း ဝမ်းသာအားရနဲ့ ဖြစ်ကုန်ကြတယ်။

ဒီသတင်းဟာ တစ်မြို့လုံးပျံ့သွားတယ်။ တိုင်းကောင်စီ၊ မြို
နယ်ကောင်စီကလည်း ထောင်သတင်း နားစွင့်နေကြတာ။ နောက်ရော
လာတဲ့ထောင်ပိုင်ကြီး မန္တလေးထောင်ကို နိုင်ပါ့မလားပေါ့။ ဒီသတ
ကြားတော့ သူတို့က ဒီထောင်ပိုင်ကြီးကို တွေ့ချင်ကြတယ်။ မြင်
ချင်ကြတယ်။ ဝမ်းသာအားရနဲ့ ကျေးဇူးတင်စကား ပြောချင်ကြတယ်
ထောင်ရှေ့မှာ ကျွန်တော့်ကို လာလာကြည့်ကြဆိုပဲ။

တစ်နေ့တော့ ကျွန်တော်က အပြင်ထွက် ထောင်ရှေ့မှာ သပ်သ
ယပ်ယပ်နဲ့ အမျိုးသမီးကြီးတစ်ဦးက ကျွန်တော့်ကိုနှုတ်ဆက်တယ်
ထောင်ပိုင်ကြီးရှင် . . . ကျွန်မ ထောင်ထဲက ဘယ်သူ့အမေပါတဲ့။ အကျ
သား ၅၀၀၀ ကျော်ရှိတာ ကျွန်တော်ဘယ်သိမလဲ။ ကျွန်မ ထောင်ပို
ကြီးကို ကျေးဇူးတင်လွန်းလို့ပါတဲ့။ ဒီအချိန်မှာ လူ ၁၄/၅ ယောက်
မယ်။ သူတို့ကလည်း ဝိုင်းလာကြတယ်။ နားထောင်ကြတယ်။

ဟိုတုန်းက ကျွန်မသားလေးအတွက် တစ်နေ့မှ စိတ်မအေး
ရဘူး။ ဘယ်နေ့အသတ်ခံရမလဲ၊ ဓားထိုးခံရမလဲနဲ့ နေရတာ။ ဒီခု
တွေကနေ ထောင်ပိုင်ကြီးက ကျွန်မတို့ကို ကယ်တာပါတဲ့။ ဘေးကို





ထာကြတဲ့လူတွေကလည်း တစ်ယောက်တစ်ပေါက်နဲ့ ကျေးဇူးတင်လို့
တဲ့ ဝိုင်းပြောကြတာ အတော်ကလေး ရှုန်းထွက်ခဲ့ရတယ်။

ကျွန်တော် မန္တလေးစရောက်တော့ ဝန်ထမ်းတွေက ကျွန်တော့်
ကြည့်ပြီး အားမရကြဘူး။ လူကပိန်ပိန်၊ ပျော့စိစိ ပျော့တော့တော့
ယောင်းကတောင် သူ့ထက် မာဦးမယ်တဲ့။ ဒီပုံကတော့ ဒီလောက်ဆိုး
တဲ့ အကျဉ်းသားတွေကို နိုင်မယ်မထင်ပါဘူးတဲ့။ မကြာခင် သူလည်း
ရင်လူတွေလို အိပ်ရာလိပ်ထမ်းပြန်ရဦးမှာတဲ့။

ဒီလောက်ဆိုးတဲ့ထောင်က အကျဉ်းသားတွေကို ဒီပုံနဲ့ ဘယ်လို
ချုပ်ချုပ်မလဲတဲ့။ ဖိဝဖန်ကြ၊ ကဲ့ရဲ့ကြ၊ စောင့်ကြည့်ကြနဲ့။ ခုတော့ ကျွန်
တော့်ကို ဝေဖန်သုံးသပ်ကြပြန်ပြီ၊ မလွယ်ပါလားတဲ့။ ပျော့တော့တော့
ဖယောင်းလို့ထင်ပြီး အထင်သေးမိတာ ဖယောင်းမဟုတ်ဘူးဗျို့ . .
သံချောင်း . . . သံချောင်းတဲ့။ သံချောင်းမှ ရိုးရိုးသံချောင်းမဟုတ်ဘူး
တီးသံချောင်းတဲ့။

ကျွန်တော် အမျိုးသမီးထောင်ကို ဝင်စစ်တယ်။ ရောက်ခါစက
ပဲ့၊ အမျိုးသမီးထောင်တာဝန်ခံက ထောင်မှူးကြီးဒေါ်တင်ရီ။ သူက
ည်း ဟင်္သာတက။ ရပ်ဆွေရပ်မျိုးတွေ လာတွေ့နေတယ်။ အမျိုးသမီး
ထောင်မှူးခေါ်တော့ သူလုပ်ချင်လို့တဲ့ ဟင်္သာတထောင်ကိုလာပြီး စုံစမ်း
တယ်။

အဲဒီတုန်းက ကျွန်တော်က ဟင်္သာတထောင်မှာ ထောင်မှူး
လေး။ သူ့ကို လျှောက်ပုံလျှောက်နည်းတွေ ပြောပြလိုက်တယ်။ သူ
ထောင်မှူးရသွားတယ်။ ခု ကျွန်တော် သူ့ကို မန္တလေးထောင်မှာ လာ
တွေ့နေတယ်။ ကျွန်တော်က ထောင်ပိုင်။ သူက မိန်းမထောင် ထောင်
ကြီး။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမထောင်မှာ အကျဉ်းသူက တစ်ထောင်လောက်ရှိတ
အဲဒီအထဲမှာ ငါးရာကျော်က မူးယစ်ဆေးဝါးမှုတွေ၊ ရောင်းသူ၊ ဝယ်
သုံးသူတွေပေါ့။ မိန်းမတွေကတော့ သုံးတာနည်းတယ်။ ရောင်းတ
သယ်တယ်၊ စီးပွားရေးလုပ်တယ်။ ဒီအလုပ်က မိရင်တော့ ခံပေါ့။
လို့ လွတ်သွားရင် မျက်မျက်ကလေးစားရတယ်။ နေ့ချင်းညချင်း စီး
ဖြစ်တယ်။ ချက်ချင်း ကားနဲ့တိုက်နဲ့ ဖြစ်သွားတယ်။

မိန်းမထောင်မှာက ရုမ်းတရုတ်မတွေက များတယ်။ အ
အထဲမှာ ဖြူဖြူချောချော အသက်အစိတ်လောက် ရှမ်းတရုတ်မ
ယောက်ကိုတွေ့တယ်။ ဟိုတုန်းက ရုပ်ရှင်မင်းသမီး နာမည်ကြီး
မြင့်နဲ့တူတယ် ဝတ်ထားတာ၊ ဖီးလိမ်းထားတာတွေကတော့ အရပ်
တွေ။ ထောင်အဝတ်အစားမဟုတ်ဘူး။ ရုပ်ရှင်ရိုက် (Shooting) သ
မယ့်မင်းသမီးနဲ့ တူနေတယ်။ နှုတ်ခမ်းနီ၊ ပါးနီ၊ လက်သည်းခြေသ
တွေကလည်း ဆိုးထားတယ်။ မိတ်ကပ်လိမ်းထားတာကလည်း အပြ
နဲ့။

သူ့ကို အများက ထောင်ထဲကအကျဉ်းသူတွေက ဘိန်းဘုရ
တဲ့။ ငွေကလည်း သုံးနိုင်တယ်။ အခြေအရံတွေကလည်း သူ့သော
ဝိုင်းလို့။ ရေကိုတောင် ထသောက်စရာမလိုဘူး။ အဲဒီအမျိုးသမီး
လည်း အကျဉ်းသူနဲ့တူအောင် အတော်လုပ်ယူရတယ်။

ကျွန်တော်မရောက်ခင် ၁၈–၅–၇၉ နေ့က ထောင်ဆေးရုံ
နေ အချုပ်ဆောင်အထွက်တံခါးပေါက်မှာ ထွန်းထွန်းဆိုတဲ့အကျဉ်းသ
ကုလားဒိန် အသက်အစိတ်လောက်ရှိမယ်။ စူးထိုးခံရတယ်တဲ့။ တရာ
မပေါ်ဘူး။ တွေ့တဲ့သူ၊ မြင်တဲ့သူ၊ အထိုးခံရတဲ့သူအားလုံး ဘယ်သူ





တာသိတယ်။ မပြောရဲကြဘူး။ ဒီအထိ အကျဉ်းသားဆိုးတွေ ထောင်ထဲမှာ မတရားဗိုလ်ကျနေကြတယ်။

အခု ကျွန်တော်ရောက်တာ မကြာသေးဘူး။ ၁၂–၆–၇၈ နေ့မှာ အေးမောင်ဆိုတဲ့အကျဉ်းသား အသက် ၃၀ လောက် စူးထိုးခံရတယ်တဲ့။ ထောင်ဆရာဝန်က မန္တလေးသား ဒေါက်တာဦးမျိုးဝင်း။ ကျွန်တော်နဲ့ ထောင်မှူးကြီးဦးလှဖေတို့နှစ်ယောက် ထောင်ဆေးရုံလိုက်သွားတယ်။ စူးထိုးခံရတဲ့အကျဉ်းသားက ဆေးခန်းထဲမှာရောက်နေတယ်။ ဆရာဝန်က ရှင်းပြတယ်။ စူးနဲ့ထိုးတဲ့ဒဏ်ရာဟာ သွေးမထွက်ဘူး၊ အထဲမှာလှည့်နေတယ်။ အမြန်ဆုံး အပြင်မန္တလေးဆေးရုံပို့ပြီး ခွဲစိတ်ကုရမယ်တဲ့။

ကျွန်တော် စူးထိုးခံရတဲ့ အကျဉ်းသား သွားကြည့်တယ်။ မူးယစ်ဆေးဝါးမှုနဲ့ ထောင် ၅ နှစ်ကျနေတယ်။ မန္တလေးမြို့ပေါ်က ဆေးကို အကြွေးယူပြီးသုံးနေတာ အကြွေးမဆပ်နိုင်လို့ စူးနဲ့အထိုးခံရတာတဲ့။ ထိုးတဲ့သူသိလားဆိုတော့ မသိဘူးတဲ့။ အမှန်မှာတော့ သိတယ်။ နောက်ရန်က အေးမှာမဟုတ်တော့ မသိဘူးလို့ပြောတာ။ ဆရာဝန်က ကျွန်တော့်ကို ရှင်းပြတယ်။ စူးထိုးခံရတဲ့အကျဉ်းသားကို မြန်မြန်သာ အပြင်ဆေးရုံထုတ်လိုက်ပါလို့ပြောပြီး ကျွန်တော်တို့ ပြန်တက်ခဲ့တယ်။

ကျွန်တော် အဲဒီအကျဉ်းသားတွေစစ်တုန်းက ကျွန်တော်တို့ ဟိုတုန်းကလုပ်တာပါတဲ့။ ဆရာကြီးရောက်တဲ့အချိန်ကစပြီး ကျွန်တော်တို့ မလုပ်တော့ပါဘူးတဲ့။ ကောင်းကောင်းနေကြပါတယ်တဲ့။ ကျွန်တော်တို့ကို ချမ်းသာပေးပါတဲ့ ရှိခိုးတောင်းပန်ကြတယ်။

ကျွန်တော်က ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ အခု မင်းတို့ကို ဆုံးမနေတာ။ ငါ့လက်ထက်မှာ ဆိုးလို့မဟုတ်ဘူး။ ဟိုတုန်းက ကမ်းကုန်အောင်ဆိုးခဲ့လို့ မန္တလေးထောင်ကြီးရဲ့ ကျက်သရေ၊ မန္တလေးထောင်ကြီးရဲ့ ဂုဏ်တွေကို ညစ်ညမ်းသွားအောင်လုပ်ခဲ့ကြလို့ ငါဆုံးမနေတာ။ အဲဒီအကြွေးကို မင်းတို့ ပေးဆပ်နေရတာ။ မင်းတို့အကြွေးတွေကို ပြန်ဆပ်ခိုင်းနေတာ။ နောက်ကြွေးမတင်အောင် နေကြ။ မင်းတို့ သတ္တိရှိရင် စမ်းကြည့်။

ငါ ထောင်မှာလုပ်လာတာ အနှစ် (၂၀) (၃၀) ရှိပြီ။ သစ္စာရှိရှိလုပ်ခဲ့တာ မင်းတို့ကိုမကြောက်လို့ သတ္တိရှိရှိလုပ်တာ။ မင်းတို့ကိုမနိုင်ရင် ငါ ထောင်ပိုင်မလုပ်တော့ဘူး။ ငါ အလုပ်ကထွက်သွားမယ်"

ကြိမ်းလည်းကြိမ်း၊ ပြောလည်းပြော၊ ဆုံးမလည်း ဆုံးမပေါ့။

ကျွန်တော့်ပင်ကိုစိတ်အမှန်က လူအေးလူပျော့ပါ။ အေးအေးနေချင်တယ်၊ ထမင်းကြမ်း ယပ်ခတ်စားချင်တယ်၊ ဆူညံပူညံအသံတွေမကြားချင်ဘူး။ ကျွန်တော် ပုသိမ်ထောင်မှာ ထောင်မှူးနဲ့တုန်းက ကျွန်တော့်အိမ်အောက်မှာ အမှုထမ်းလိုင်းရှိတယ်။

အဲဒီအမှုထမ်းလင်မယား ခဏခဏရန်ဖြစ်တယ်။ ယောကျ်ားက လက်ပါတယ်။ ထင်းစတွေ့ ထင်းစနဲ့ရိုက်တယ်။ မိန်းမက ကျွန်တော့်အိမ်ပေါ် ပြေးပြေးတက်လာတယ်။ လင်မယားရန်ဖြစ်သံကြားရင် ကျွန်တော် နေလို့မရဘူး။ အတင်းသွားဆွဲတယ်။ ဒါတွေ မကြားချင်ဘူး၊ မတွေ့ချင်ဘူး။ သူတို့လင်မယားတွေရန်ဖြစ်ပြီဆို ကလေးတွေက ငိုကြတော့တာပေါ့။

ကျွန်တော်က အေးအေးနေချင်တာ ပြိုင်လာလျှင် အရှုံးပေးနှလုံးအေးတဲ့ဆေးဆိုသလို အဲဒီလိုလူမျိုး။ မိန်းမနဲ့ စကားများရင်တောင်





ကိုယ်က အလျှော့ပေးလိုက်တာ။ အလုပ်နဲ့တာဝန်နဲ့ကြတော့ ဖယောင်းလို ပျော့လို့မရတော့ဘူး။ သံချောင်းလို မာနိုင်မှ တော်ကာကျမှာ။

ရုံးချုပ်က ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဘခင်နဲ့ လူကြီးတွေကလည်း ကျွန်တော် မန္တလေးရောက်ကတည်းက နားစွင့်နေကြတာ။ အသံနားထောင်နေကြတာ။ ရောက်ပြီး (၁၀) ရက်အတွင်း သီးသန့်ထောင်က ဗကပ ယူဂျီနဲ့အဖွဲ့ကို ဝင်ပြီးနှိမ်လိုက်တာ။ ပြီးသွားတော့ ကျွန်တော် မန္တလေးရုံးစိုက်ညွှန်ကြားရေးမှူး ဗိုလ်မှူးအောင်လင်းကို သွားသတင်းပို့တယ်။

အဲဒီဗိုလ်မှူးက 'အင်းဗျာ ... ထောင်ကအလုပ်ကတော့ ထောင်ပိုင်ကြီးတို့ကပဲ နားလည်တာ။ ထောင်ဥပဒေအတိုင်းတော့ လုပ်ကြပေါ့။ ကျွန်တော် အပြင်ကိစ္စတွေ ဘာလုပ်ပေးရမလဲ။ ညွှန်ချုပ်ကိုတော့ အကျိုးအကြောင်း သတင်းပို့ရမယ်။ အဲဒါ ဗိုလ်မှူးပို့ပေးပါဆိုတော့ ကျွန်တော်ကလည်း ရောက်စ၊ ဟိုဟာမေး ဒီဟာမေးနဲ့ မေးနေရင်ခက်မယ်။ ခင်ဗျားကိုယ်တိုင်ပို့ ကောင်းပါတယ်ဆိုတာနဲ့ ကျွန်တော်ကိုယ်တိုင် ညွှန်ချုပ်ဆီ ဖုန်းနဲ့သတင်းပို့လိုက်တယ်။

ကျွန်တော် ဒုချုပ်ထံ အရင်သတင်းပို့တယ်။ ဒုချုပ်က မင်း ညွှန်ချုပ်ကြီးဆီကိုပဲ တိုက်ရိုက်သတင်းပို့လိုက်။ သူ့အနားမှာ ငါရှိမယ် ဆိုတာနဲ့ ညွှန်ချုပ်ဆီ တိုက်ရိုက်သတင်းပို့လိုက်တယ်။ မန္တလေးထောင်က ဒီလိုမလုပ်ရင် မရဘူးဆိုတာ တို့သိတယ်။ ကောင်းတယ် ... မင်းဆက်သာလုပ်။ နောက်ပြီး မန္တလေးမှာ ညွှန်ကြားရေးမှူးပို့ထားတယ်။ ရောက်ပြီလားတဲ့။

ဟုတ်ကဲ့ ... ရောက်ပါပြီဆိုတော့ ဘာမဆို သူနဲ့တိုင်ပင်လုပ်၊ သူ့ကိုတင်ပြတဲ့။ ကျွန်တော်က ဟုတ်ကဲ့ဆိုတော့ မင်း မန္တလေးတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်စီကိုလည်း သွားတင်ပြလိုက်ဆိုတာနဲ့ ကျွန်တော် သွားတင်ပြရသေးတယ်။

တိုင်းကောင်စီဥက္ကဋ္ဌက ဒုဗိုလ်မှူးကြီးတင်လှ၊ ကျွန်တော်တင်ပြတော့ ခင်ဗျားတို့ မန္တလေးထောင်ကတော့ ဖြစ်ချင်တိုင်းဖြစ်၊ ပျက်ချင်တိုင်းပျက်နေတာပဲ။ ခင်ဗျားနိုင်အောင်ထိန်းပါတဲ့။ လိုတဲ့အကူအညီရှိရင် လာခဲ့ပါတဲ့။ ကျွန်တော် တိုင်းဥက္ကဋ္ဌကြီးနဲ့တွေ့ပြီး ပြန်လာတယ်။

ကျွန်တော် မန္တလေးရောက်တော့ မန္တလေးထောင်မှာ ညွှန်ကြားရေးမှူး မရှိတော့ဘူး။ ၁၉၇၆ လောက်က မန္တလေးညွှန်ကြားရေးမှူး ဗိုလ်မှူးမောင်မြင့်၊ ရန်ကုန်ရုံးချုပ်ကို ဒုညွှန်ချုပ်နဲ့ ပြောင်းသွားတယ်။ သူပြောင်းသွားကတည်းက မန္တလေးထောင်မှာ ညွှန်ကြားရေးမှူး မရှိတာ ကျွန်တော် မန္တလေးရောက်ပြီး နှစ်ပတ်လောက်ရှိတော့မှ ထောက်လှမ်းရေးက ဗိုလ်မှူးအောင်လင်းပြောင်းလာတယ်။ သူနဲ့ကျွန်တော်နဲ့ တွဲပြီး (၆)ခြောက်လလောက် လုပ်လိုက်ရတယ်။ သူ ရန်ကုန်မဟိုထောက်လှမ်းရေးကို ရာထူးတိုးပြီး ဒုဗိုလ်မှူးကြီးနဲ့ ပြောင်းသွားတယ်။

အဲဒီဗိုလ်မှူးက စည်းကမ်းရှိတယ်။ သူ့အလုပ်သူ့တာဝန် သူသိတယ်။ လူကြီးလူကောင်း ပီသတယ်။ ပြောတာဆိုတာ ဆက်ဆံတာ ထောင်ပိုင်ကို အတော် လေးလေးစားစား ဆက်ဆံတယ်။ ထောင်ပိုင်အလုပ်ထဲ ဝင်မပါဘူး။ ဝင်ပြီး မစွက်ဖက်ဘူး။ အတော်လေးစားထိုက်တဲ့ ပုဂ္ဂိုလ်။ နောက် သူ လဝကမှာ ဒုချုပ်ချုပ်နဲ့ ၄/၅ နှစ်လုပ်ပြီး အနားယူသွားတယ်။

သူရောက်လာတော့ ထောင်မှူးကြီးဦးလှဖေနဲ့ တိုင်ပင်ပြီး အိမ်ကို ဆန်၊ ဆီ၊ ဆား ပို့ထားတာပေါ့။ ဗိုလ်မှူးအတွက် ဘီယာဖာလိုက်ပို့ပေးတယ်။ နောက်တစ်နေ့ကျတော့ ကျွန်တော်နဲ့ ထောင်မှူးကြီးခေါ်





ပြီး အကုန်ပြန်ပေးတယ်။ ကျွန်တော့်အတွက်လည်း ရှာပေးစရာ၊ ပို့ပိုးစရာမလိုဘူး။ ခင်ဗျားတို့လည်း ရှာမစားကြနဲ့၊ ဖြတ်မစားနဲ့ အကျဉ်းသားတွေကို ရိက္ခာပြည့်ပြည့်ဝဝ ထုတ်ပေးပြီး ဝအောင်ကျွေးလှအောင်ကျွေးတဲ့။

ကျွန်တော်ရောက်ပြီး တစ်လတောင်မရှိသေးဘူး မန္တလေး တိုင်းတရားသူကြီးဥက္ကဋ္ဌနဲ့အဖွဲ့ ထောင်လာစစ်တယ်။ ၂၃-၆-၇၈ ရက်နေ့မနက် ၈ နာရီလောက် တိုင်းတရားသူကြီးဥက္ကဋ္ဌက ဗိုလ်မှူးကြီးလှမြင့်အဖွဲ့ဝင်တွေကတော့ ဦးသိန်းလှိုင်၊ ဦးကြည်၊ ဦးတင်လှနဲ့ ဦးမြတ်ကျော်တို့ ဖြစ်ကြတယ်။

အဲဒီတုန်းက မန္တလေးမှာ ဟံသာဝတီသတင်းစာက ရှိသေးတယ်။ ဓာတ်ပုံဆရာတွေနဲ့ သတင်းစာ ဆရာတွေလည်း ပါလာကြတယ်။ ကျွန်တော့်ရုံးခန်းမှာ ခဏထိုင်ကြပြီး ထောင်အကြောင်းတွေမေးတယ်။ သူတို့ကြားတာတွေလည်း လျှောက်မေးတယ်။ ထောင်ကို တော်တော်လေးရှင်းထားတော့ စည်းကမ်းတို့၊ သန့်ရှင်းရေးတို့တွေလည်း အတော်လေး ကောင်းနေတယ်။

တိုင်းတရားသူကြီးအဖွဲ့နဲ့ ဥက္ကဋ္ဌကြီးတို့ ထောင်ထဲဝင်ကြည့်မယ်ဆိုတာနဲ့ လိုက်ပြရသေးတယ်။ အကျဉ်းသားအိပ်ဆောင်တွေအားလုံး တစ်ခန်းမကျန် ဝင်ကြည့်တယ်။ ထမင်းချက်ဖိုကြီးလည်း ဝင်ကြည့်တယ်။ တွေ့တဲ့အကျဉ်းသားတွေကိုလည်း မေးတယ်။ ထောင်ထဲမှာ ဓားထိုးမှုတွေ၊ လူသတ်မှုတွေ ရှိသေးလားတဲ့။

ဘိန်းဖြူလည်း ထောင်ထဲမှာ ရတယ်လို့ကြားတယ်။ အခုရောရှိသေးလားတဲ့။ ထမင်းဝအောင် စားကြရသလားတဲ့။ သိချင်တာတွေမေးပြီး လှည့်ပတ်ကြည့်တယ်။ တော်တော်ကြာတယ်။ ထောင်ထဲမှာ ၂



www.burmeseclassic.com

www.burmeseclassic.com



နာရီ ကျော်ကြာတယ်။ နေ့လယ် ၁၂ နာရီလောက်မှပဲ ပြန်ထွက်သွားကြတယ်။ ပါလာတဲ့ သတင်းစာဆရာတွေ၊ ဓာတ်ပုံဆရာတွေကလည်း ရေးကြမှတ်ကြ၊ ဓာတ်ပုံတွေ ရိုက်ကြနဲ့။

အထဲက ပြန်ထွက်လာကြပြီး ကျွန်တော့် ထောင်ပိုင်ရုံးခန်းမှာ ပြန်ထိုင်ကြတယ်။ ထောင်ပိုင်ကြီး ပြောင်းလာတာကြာပြီလားတဲ့။ ကျွန်တော်က တစ်လတောင် မရှိသေးပါဘူးဆိုတော့ မန္တလေးထောင်က အတော်ပျက်နေတာနော်တဲ့။ တော်ရုံတန်ရုံလောက်နဲ့ကတော့ ရမှာမဟုတ်ဘူးတဲ့။ ကျွန်တော့်ကို မသိမသာ မြှောက်ပေးသွားတယ်။

ဥက္ကဋ္ဌကြီးက ဟိုတလောက ထောင်ထဲမှာ ညီအစ်ကိုအရင်းချင်း သတ်ကြတယ်ဆိုပါလား။ ဘယ်လိုဖြစ်တာလဲတဲ့။ အဲဒါ ကျွန်တော် မရောက်ခင်ကပါ။ ညီအစ်ကိုနှစ်ယောက်စလုံး ဆေးသမားတွေ၊ ထောင်ထဲမှာလည်း ဘိန်းဖြူက လွယ်လွယ်နဲ့ရတော့ ဆက်လုပ်ကြတယ်။ ညီဖြစ်သူက တားတာ မရဘူး။ ထောင်ဝင်စာလာတော့ ညီဖြစ်တဲ့သူက သူတို့ အမေကိုတိုင်တယ်။ အဲဒါကို တိုင်ရမလားဆိုပြီး အစ်ကိုလုပ်တဲ့သူက ညီအရင်းကို ဓားနဲ့ထိုးတာ သေသွားပါတယ်လို့ ရှင်းပြလိုက်ရတယ်။

ထောင်ကိုတော့ စည်းကမ်းတကျဖြစ်အောင် လုပ်ပါတဲ့။ အထူးသဖြင့် ဘိန်းဖြူတွေ ထောင်ထဲမရောက်စေနဲ့ဗျာတဲ့။ ထောင်ထဲမှာ ဓားထိုးမှု၊ ရိုက်မှု၊ လူသတ်မှုတွေဖြစ်တာ ဒီဘိန်းဖြူကြောင့်ဖြစ်ရတာတဲ့။ ကျွန်တော်က ဟုတ်ကဲ့ပါ။ ကျွန်တော် ကြိုးစားပါ့မယ်ဆိုတော့ လိုတာရှိလည်း ကျွန်တော်တို့ကိုတင်ပြပါ။ ကျွန်တော်တို့ ကူညီပါ့မယ်။ ဒါနဲ့ ခင်ဗျား တိုင်းကောင်စီဥက္ကဋ္ဌနဲ့ရော တွေ့ပြီးပလားတဲ့။ ဟုတ်ကဲ့။ ကျွန်တော်တွေ့ပြီးပါပြီ။ သတင်းပို့ပြီးပါပြီ။ ဥက္ကဋ္ဌကြီးကလည်း ထောင်ထဲ





ဘိန်းဖြူကင်းအောင်လုပ်ဖို့ အဓိကထား အမိန့်ရှိပါတယ်ဆိုတော့ ကောင်းတာပေါ့ဗျာတဲ့။

ပြန်ကြမယ်လုပ်ပြီး ကုလားထိုင်ကအထမှာ နေပါဦး၊ ရှမ်းတရုတ်မတစ်ယောက် ဘိန်းဖြူမှုနဲ့ ထောင်ထဲမှာ ရောက်နေတယ်။ တော်တော်ဆိုးဆိုပဲ။ ဟိုတလောက တရားရုံးမှာ တရားသူကြီးကို မဆိုးမခံ့၊ မချေမငံ၊ ထဘီစွန်တောင်ဆွဲပြီး ပြောဆိုသွားတယ်လို့ ကြားလိုက်တယ်။ ထောင်ထဲမှာရော ကောင်းကောင်းနေရဲ့လားတဲ့။ တဖြည်းဖြည်းတော့ ထောင်ပုံစံကျကျဖြစ်သွားအောင်တော့ ကြိုးစားပြီးလုပ်ပေါ့ဗျာဆိုပြီး ပြန်သွားကြတယ်။

တစ်ချိန်က မန္တလေးထောင်အကြောင်း အတွေ့အကြုံတွေကို ဆက်လက်ရေးသားတင်ပြပါမည်။

BURMESE CLASSIC .com

**သတ္တဝါများအားလုံး ကျန်းမာချမ်းသာကြပါစေ။**

☼ ☼ ☼

**အငြိမ်းစားထောင်အရာရှိတစ်ဦး**

www.burmeseclassic.com